www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# လမ်းပေါ်က နန်းတော်

လွန်း⋆⋆တာရို



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

“ဟော … ဒီဘက်ဝိုင်းက ဝက်ပုန်းရည်နော် … ”

“ကြက်ဆီပြန်တစ်ပွဲဟော့ … ”

“ဟဲ့ … ထမင်းလိုက်ပွဲမှာထားတာ မရသေးဘူးလား”

“လာပြီ … လာပြီ … ”

“ဒီလေးယောက်ဝိုင်းက ကြက်တစ်ပွဲ၊ ငါးဖယ်တစ်ပွဲ၊ ငါးကြော်နှပ်နဲ့ ဝက်ကလီစာတစ်ပွဲဆိုတော့ အားလုံးလေးထောင်ကျတယ်နော် … ”

ရန်ကုန်မြို့ရဲ့ နယ်နိမိတ်အစွန် …

မြို့သစ်တစ်ခုရဲ့ ဈေးရှေ့က ထမင်းဆိုင်ကလေး …

ဒေါ်ထက်ထိပ်ဖျားဆိုသည့် အသားမည်းမည်း၊ ခပ်ဝဝဆိုင်ရှင်မိန်းမကြီးတစ်ယောက်သည် လက်ထဲက နှီးယပ်တောင်ကြီးကို တဖျတ်ဖျတ်ယမ်းခါလျက် ဆိုင်အတွင်းထောင့်တစ်နေရာက မီးခိုးမှိုင်းတွေစွဲလျက်ရှိသော စားပွဲဟောင်းတစ်လုံးမှာထိုင်ကာ တစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



လုံးကို အော်ဟစ်အမိန့်ပေးခိုင်းစေနေတာက စူးရှကျယ်လောင်လွန်းလှသည်။

ခိုင်းတာကလည်း မကြားဝံ့ မနာသာ ခိုင်းနေတာမျိုး။

ဒေါ်ထက်ထိပ်ဖျားအသံကစူးသလို နှုတ်မှထွက်လာသည့်စကားသံတွေက နူးညံ့သိမ်မွေ့ပြီး ယဉ်ကျေးတာတွေ တစ်ခုမှမပါ။

"ဟဲ့ … ငပျင်းမ မိပိန် … နင့်ကို ဟိုဘက်ဝိုင်းက စားပြီးသားပန်းကန်တွေ သိမ်းခိုင်းထားတာ နင်နားပင်းနေသလား"

"မျိုးဖိုးဆိုဖိုးကျတော့ တတ်တယ် … "

"အလုပ်ကျတော့ … မလုပ်ချင်ကြဘူး"

"ဟဲ့ … ဟိုသေနာကောင်၊ လက်ပိုက်ကြည့်ပြီး နင်ဘာလုပ်လုပ်နေတာလဲ … စားပြီးသားဝိုင်းက စားပွဲတွေကိုလိုက်သုတ်လေ"

"ငါ … ရေသန့်ဗူးနဲ့ကောက်ပစ်မိတော့မယ် … "

"ဘယ်လောက်ရိုက်ရိုက် အမှတ်မရှိတဲ့ဟာတွေ … "

"ဆန်ကုန်မြေလေးတွေ … "

"ဟွန်း … "

"ဟင်း … "

ကြားရသူအပေါင်း နားလည်းမခံသာ စိတ်လည်းမချမ်းသာ။

ဒါပေမယ့် … ဘာတတ်နိုင်ကြမှာလဲ။

ဒီမြို့သစ်၊ ဒီရပ်ကွက်၊ ဒီဈေးရှေ့မှာ …

ထက်ထိပ်ဖျားထမင်းဆိုင်ရယ်လို့ နာမည်ကျော်တာ၊ ဒီတစ်ဆိုင်တည်းရှိတဲ့ဥစ္စာ။ ဒေါ်ထက်ထိပ်ဖျား ဘယ်လောက်ပဲနှုတ်ကြမ်းကြမ်း၊ အာကြမ်းကြမ်း ထမင်းစားချိန်တန်ပြီဆိုတာနှင့် တဖွဲဖွဲရောက်လာကြသည့် အထမ်းသမားတွေ၊ အလုပ်သမားတွေ၊ တက္ကစီမောင်း





သမားတွေ၊ ခေါင်းရွက်ဗျတ်ထိုး ဈေးသည်တွေကအစ ဆိုင်မှာစည်ကားနေတော့တာပါ။

ထမင်းဆိုင်ကရောင်းကောင်း၍ စီးပွားတက်နေသည့်ကြားထဲ။

နေ့တိုးပေးစား၊ လတိုးပေးစား၊ အပေါင်ခံစားနှင့် … ဘေးပေါက်က ဝင်လာသည့်ငွေကပဲ ဒေါ်ထက်ထိပ်ဖျားအတွက် သောက်သောက်လဲ။

ပိုက်ဆံတွေဝင်တာများလာတော့ ဒေါ်ထက်ထိပ်ဖျား မျက်နှာထားက နှစ်ဆ၊ သုံးဆ ပိုမာလာသည်။ ဘယ်သူ့ကိုမှ အညှာအတာမရှိ။ အထောက်အထားမရှိ။ ဒေ့ါချင်သလိုဒေါ်၊ ဆဲချင်သလိုဆဲနေတာက ဒေါ်ထက်ထိပ်ဖျားရဲ့ ထုံးစံတစ်ခုလိုဖြစ်နေသည်။

ငွေမျက်နှာတစ်ခုမှလွဲလျှင် ဘယ်မျက်နှာကိုမှ ဒေါ်ထက်ထိပ်ဖျား မကြည့်။

ဒါကိုသိနေပေမယ့် ဒေါ်ထက်ထိပ်ဖျားဆီက အကူအညီတစ်ခုကိုရဖို့ မျက်နှာငယ်ငယ်လေးနဲ့လာခဲ့ရတဲ့ ဒေါ်နုနုဝေကတော့ ဘာမှမတတ်နိုင်ခဲ့ပါ။ အစစအရာရာ အဆင်မပြေရသည့်ဘဝမှာ ပေါင်စရာ နှံစရာကလည်း ကိုယ့်မှာမရှိတာမို့ အိမ်က မွေးစားသမီးအငယ်မလေးကိုပဲ ဒေါ်ထက်ထိပ်ဖျား ထမင်းဆိုင်မှာ ခိုင်းချင်ရာခိုင်းဖို့ လက်ဆွဲခေါ်လာရသည့်အဖြစ်က ရင်မနာရဘဲ နေပါတော့မလား။

ကိုယ့်သမီးအရင်း ခက်မာမာ တက္ကသိုလ်တက်နိုင်ဖို့ မွေးစားသမီးလေးကို ထမင်းဆိုင်ပို့ရတာကို ပတ်ဝန်းကျင်သိရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ဝေဖန်ရှုံ့ချနေလိုက်ကြမလဲ။

ဒါကိုသိပေမယ့် ပြင်ဆင်ပြောင်းလဲခွင့်တွေက ဒေါ်နုနုဝေဆီမှာရှိမနေခဲ့။

ခက်မာမာကပဲ ဒါကိုဖြောင်အတိအလင်း ဆုံးဖြတ်ခဲ့တာဖြစ်သည်။

"သမီးကတော့ရှင်းတယ်အမေ ... သူ့ကို မွေးကင်းစအရွယ်လေးကတည်းက အမေ မီးရထားသံလမ်းပေါ်က ကောက်ရလို့မွေးစားခဲ့တာ၊ တစ်ရပ်ကွက်လုံးသိတယ် ... သမီးတို့မောင်နှမအရင်းအချာတွေ စားမဲ့အထဲက သူ့ကိုခွဲကျွေးပြီး ဒီအရွယ်ရောက်အောင် အမေမွေးခဲ့ရတာ၊ အခုဘယ်လိုလုပ်မလဲ ... သမီးတို့မှာ အဖေလည်းမရှိတော့ဘူး၊ အမေစက်ချုပ်တဲ့ဝင်ငွေကလည်း အိမ်မိသားစုစားဖို့တောင် အနိုင်နိုင်ဖြစ်နေတာဆိုတော့ သမီးကဘယ်လိုလုပ်ပြီး တက္ကသိုလ်တက်နိုင်တော့မှာလဲ ... အကောင်းဆုံးက အမေ့မွေးစားသမီးကို ဒေါ်ထက်ထိပ်ဖျားထမင်းဆိုင်ကိုပို့လိုက် ... ပြီးရင် အပေါင်သဘောမျိုးလေးနဲ့ ငွေတစ်သိန်းလောက်ပေးထားပါ၊ သူ့ကိုလည်း ခိုင်းချင်သလိုခိုင်းပါ၊ အချိန်တန်ရင် ငွေတစ်သိန်းပေးပြီး သူ့ကိုပြန်လာခေါ်ပါ့မယ်ဆိုရင် ဒေါ်ထက်ထိပ်ဖျားကလည်း လက်ခံမှာပဲ ... သမီးတို့ကို ရက်စက်တယ်ပြောပြော ... အရေးကြီးတာ သမီးတက္ကသိုလ်တက်ရဖို့ပဲ ... "

ဒီလိုနဲ့ပဲ သမီးငယ်မလေးကို လက်ဆွဲခေါ်လာခဲ့ရတဲ့ ဒေါ်နုနုဝေ။

သမီးလေးက တဟင့်ဟင့်နဲ့ရှိုက်ရင်း အထုတ်ကလေးပိုက်ကာ နောက်မှာရပ်လို့။ နုညက်သော ပါးပြင်လေးနှစ်ဖက်မှာ





ပါးကွက်ကြားလေးတင်ပြီး နှစ်ခွကျစ်ဆံမြီးလေးကို ဘေးနှစ်ဖက်မှာ ခွဲချလို့ ... သမီးငယ်လေး လိုက်လာခဲ့ရတာ ... ပြောရရင် ဒီသမီးလေးဟာ သိပ်ကိုချစ်ဖို့ကောင်းတဲ့ သမီးငယ်လေးပါ ... မျက်တောင်ရှည်စင်းစင်းကော့ကော့ကြီးတွေနဲ့ ... မျက်နက်ဝန်းကြီးတွေက တောက်ပကြည်စင်ကာ စိုရဲရဲနှုတ်ခမ်းလေးတွေကို ပိုင်ထားတဲ့သမီးငယ်လေးရဲ့မျက်နှာထားလေးဟာ သိပ်ကိုစွဲမက်ဖို့ကောင်းနေတော့တာပါ။

ဆိုင်ရှေ့ကိုရောက်တော့လည်း အထဲကို ရုတ်တရက်မဝင်ရဲသေးပါ။

"ဟဲ့ ... အကောင်၊ ဟိုမှာ နင့်ကို ရှေ့သန့်တစ်ပူးမှာနေတယ်လေ ... နင်မကြားဘူးလား၊ နင်တို့နားတွေ ပင်းကုန်ကြပြီလား"

"အလုပ်သမားတွေ ... "

"ငါ့ဆိုင်ကို နင်တို့အဖေရဲ့ မယားငယ်ဆိုင်များအောက်မေ့နေကြလားဟင် ... "

"လုပ်ကြစမ်း ... "

"လင်ပစ်မတွေ၊ ဘာခိုင်းခိုင်း ငေးငေးငိုင်ငိုင်နဲ့ ... "

"သွက်သွက်လက်လက်လုပ်တာ တစ်ယောက်မှမရှိဘူး"

ဆိုင်ထဲက ဆဲသံဆိုသံတွေက ဆီးကြိုခုန်ပေါက်ပြီးတော့ ရောက်လာ၏။ ဒေါ်နုနုဝေ မျက်နှာပျက်သွားသည်။

သမီးငယ်လေးကလည်း ... မျက်နှာလေးဖြူဖျော့ကာ ဒေါ်နုနုဝေရဲ့လက်မောင်းတစ်ဖက်ကို အားကိုးတကြီးဆုပ်ကိုင် ဖက်တွယ်ထားလျက် ... သူတို့နှစ်ယောက်နောက်မှာ ဆံပင်တိုလေးနဲ့ခက်မာမာက မျက်မှောင်လေးကုတ်ကာ ရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေနော် ... အမေ့မွေးစားသမီးမက တလမ်းလုံး တရှုံ့ရှုံ့နဲ့ငိုလာတာ ... တော်ကြာ ဒေါ်ထက်ထိပ်ဖျားက မကြိုက်လို့လက်မခံရင် သမီးတို့ပဲဒုက္ခရောက်မယ် ... အဲဒါ ... အမေပြောထား"

ခက်မာမာက ထုံးစံအတိုင်း မျက်စောင်းလေးတရွယ်ရွယ်။

အရွယ်မရောက်ခင် ကလေးဘဝကတည်းက မတည့်လာတဲ့ သမီးအရင်းနဲ့မွေးစားသမီး၊ အဝတ်အစားဆိုလည်း သမီးရင်းခက်မာမာ ဝတ်ပြီးသားအကျအနွမ်း၊ အပြဲအစုတ်လေးတွေကိုပဲ မွေးစားသမီးငယ်လေးက ဝတ်ခဲ့ရတာပါ။

ထိပ်ခေါက်ပါးရိုက်၊ နားရွက်ဆွဲ၊ ထိုင်ထလုပ်ခိုင်းလာတာလည်း ဒီနေ့အထိ ... ဒေါ်နုနုဝေက သမီးချင်းအတူတူပဲရယ်လို့ သဘောထားလာခဲ့ပေမယ့် ဒါကို ... ခက်မာမာက ခွင့်မပြုခဲ့ပါ။

ဒေါ်နုနုဝေ သက်ပြင်းရှိုက်သည်။

ဒါကို ခက်မာမာက ဖျတ်ခနဲ နှုတ်ခမ်းလေးမဲ့ကာ ...

"ဟွန်း ... နင့်ကြောင့်ပဲပျက်သွားရင် သေဖို့ပြင်ထား၊ ဒီမှာ နင်သိထားဖို့က ဒီထမင်းဆိုင်မှာ သူတို့ခိုင်းသမျှအလုပ်တွေကို နင်လုပ်ရမယ် ... မလုပ်နိုင်ပါဘူးဆိုပြီး အိမ်ကိုပြန်ထွက်ပြေးလာဖို့ နင်မကြိုးစားနဲ့ ... အသေရိုက်ပြီး ပြန်ပို့ပစ်မယ်၊ နင့်မိဘအရင်းတွေကတောင် ရက်ရက်စက်စက်နဲ့နင့်ကို မီးရထားလမ်းပေါ်မှာ အနှီးထုတ်ကလေးနဲ့ပစ်သွားခဲ့သေးတာ ငါတို့က အနေသာကြီး ..."

ပြောပြီးတာနဲ့ ဆံပင်တိုတွေကိုခါလျှက် မျက်နှာကိုပြန်လွှဲသည်။

ဒေါ်နုနုဝေ သမီးငယ်လက်ကိုဆွဲကာ ဒေါ်ထက်ထိပ်ဖျားရှေ့မှာသွားရပ်တော့ ...





"ဟဲ့ ... ကြည့်စမ်း၊ နင် ... နင် နုဝေမဟုတ်လား ..."

"ဟုတ်ပါတယ် ... ဒေါ်ထက်ရယ် ..."

ဖြေလိုက်ရတာ မဝံ့မရဲ အသံကလေးနဲ့ ...

"ဟဲ့ ... နုဝေ၊ နင့်နောက်မှာ ခေါင်းငုံ့ရပ်နေတာ ဘယ်သူလဲ"

"သူ ... သူက ကျွန်မရဲ့ မွေးစားသမီးလေးပါ ဒေါ်ထက်၊ သူ့နာမည်က မောင့်သခင်ပါ ..."

"မောင့်သခင် ... ဟုတ်လား ..."

တအံ့တဩ ရေရွတ်လိုက်သံနဲ့အတူ မျက်မှောင်တွေက ပါကျုံ့တက်သွားသည်။

"ကဲ ... ပြောပါဦး နုဝေ ... နင်လာတဲ့ကိစ္စကို ..."

"ဟိုလေ ... ဒေါ်ထက်ဆီက အကူအညီလေးတစ်ခုကို တောင်းချင်လို့ ကျွန်မလာခဲ့တာပါ ..."

"အကူအညီ ဟုတ်လား ... ဘာအကူအညီလဲ ..."

မျက်နှာကိုတင်းနေအောင်လည်း ဒေါ်ထက်ထိပ်ဖျားကမဲ့သည်။ နှုတ်ခမ်းတွေကိုတွန့်ပြီး ကြည့်လိုက်တာလည်း အထင်သေးမှုပေါင်းများစွာနဲ့။ စားပွဲပေါ်က နှီးယပ်တောင်ကြီးကိုပြန်ကောက်ကိုင်ကာ တဖျတ်ဖျတ်ခတ်သည်။

ဒေါ်နုနုဝေ ... ဘာကိုပြန်ဖြေရမှန်းမသိပါ။

ကြောက်ပြီး ... ဒူးတွေတုန်နေတာ ရပ်နေလို့တောင်မရ။

"ဟဲ့ ... နုဝေ ပြောလေ ..."

ဒေါ်ထက် အော်တော့မှ သတိရကာ ကပျာကယာ မျက်တောင်ပင့်ကြည့်ရသည်။

"ဟို ... ဟိုလေ ... ဒေါ်ထက် ..."



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုထိန်း အားကိုတင်းကာ ပြောရ၏။

"ဒီ … ဒီလိုပါ ဒေါ်ထက်ရယ်၊ အခု … ဟိုအနောက်မှာရပ်နေတဲ့ ကျွန်မရဲ့သမီးအရင်း ခက်မာမာက သုံးနှစ်ဆက်တိုက် ဆယ်တန်းစာမေးပွဲဖြေတာ ဒီနှစ်မှအောင်သွားလို့ သူ့ကိုတက္ကသိုလ်ပို့ချင်တာ အခက်အခဲဖြစ်နေလို့ပါ … အဲဒါ ငွေအသုံးလိုနေလို့၊ ဒေါ်ထက်ခိုင်းချင်တာ ခိုင်းလို့ရအောင် ကျွန်မရဲ့မွေးစားသမီးအငယ်မလေးကို ဒေါ်ထက်လက်ထဲ ကျွန်မအပ်ပါတယ် … အဲဒီအတွက် ဒေါ်ထက်ဆီက ငွေတစ်သိန်းလောက် ကျွန်မထုတ်သွားချင်ပါတယ် … သူ့ကိုလည်း လခ,မပေးပါနဲ့၊ ကျွန်မအဆင်ပြေတဲ့နေ့ကျမှ ငွေတစ်သိန်းပေးပြီး ကျွန်မသမီးလေးကို ကျွန်မ ပြန်လာခေါ်ပါ့မယ် … "

"နုဝေရယ် … ညည်း တော်တော်ရက်စက်တာပဲ … "

"ရှင် … ဒေါ်ထက် … "

"သမီးအရင်း တက္ကသိုလ်တက်ချင်တာနဲ့ပဲ မွေးစားသမီးကို ငါ့ဆိုင်လာပို့ရတယ်လို့၊ ညည်း … ညည်း တော်တော်လူစိတ်ပျောက်နေပါလားဟင် … နုဝေ၊ ညည်းမွေးစားသမီး အငယ်မလေးကို ငါ့ဆိုင်မှာ သနပ်ခါးအဖွေးသားလေးနဲ့ ဘော်ကျော့နေ့ရလိမ့်မယ်လို့များ ညည်းထင်ထားလို့လား၊ ပန်းကန်ဆေးရမယ်၊ ကြော်လှော်ချက်ပြုတ်တဲ့နေရာမှာ ဝိုင်းလုပ်ရမယ် … ချိုင့်ဆွဲထမင်းတွေလည်း လိုက်ပို့ရမယ်၊ စားပွဲလည်းထိုးရမယ် … အိပ်ရင်လည်း နောက်ဖေးမီးဖိုခန်းမှာပဲ ကြုံသလို ကျသလို ဖြစ်သလို အိပ်ရမယ် … "

"ရှင် … "

ဒေါ်ထက်ပြောတာကိုနားထောင်ပြီး … ဒေါ်နုနုဝေ တစ်ကိုယ်လုံးအေးစက်လျှက် …





ခက်မာမာက နောက်ကနေဝင်ပြောသည်။

"ဟာ … ရပါတယ်အန်တီ၊ သူကအိမ်မှာလည်း နောက်ဖေးမီးဖိုခန်းမှာအိပ်ရတဲ့ဥစ္စာ … ရိုးနေပါပြီ … ဟင်း ဟင်း … "

"ဘာလဲဟင် … တက္ကသိုလ်တက်မှာ ညည်းလား … "

ဒေါ်ထက်ထိပ်ဖျား နောက်ဆုံးထိ ကျော်ကြည့်ကာမေးသည်။

"ဟုတ်ကဲ့ပါအန်တီ … သမီးက အမှတ်ကောင်းတော့ အီကိုဝင်တယ်လေ … ဘွဲ့ရရင်လည်း ကုမ္ပဏီမှာ မန်နေဂျာစာရင်းကိုင်ဝင်လုပ်မှာ … "

သူ့ကျတော့ တခမ်းတနား။

"နုဝေနော် … ငါ့ဆိုင်ကိုလာပြီး ရှုတ်ရှုတ်ယှက်ယှက်လုပ်ဖို့တော့ … ညည်း မစဉ်းစားနဲ့၊ ငါကတော့ အလုပ်လုပ်ရင်၊ ရှေ့ပတ္တမြား … ရှေ့နဂါး၊ ခပ်ရှင်းရှင်းပဲလုပ်တတ်တယ်၊ ဟောဒီမှာစာချုပ် … ညည်းတစ်သိန်းပေးနိုင်တဲ့နေ့ ညည်းသမီးကိုပြန်လာခေါ်နိုင်တယ်၊ ပလဲပလဲလုပ်ပြီးတော့ … လက်ချည်းပဲပြန်လာခေါ်ဖို့ မကြိုးစားနဲ့ … ထက်ထိပ်ဖျားဆိုတဲ့မိန်းမက စကားကိုအပိုမပြောဘူး"

"သိပါတယ် ဒေါ်ထက်ရယ် … ကျွန်မ ကတိတည်စေရပါ့မယ်"

"ဟင်း … ညည်းလေးကရော၊ ငါ့ဆိုင်မှာလုပ်နိုင်ပါ့မလား"

"အဟင့် … သခင်လုပ်ပါ့မယ်အန်တီ … "

သခင် မရှိုက်ဘဲလည်း မနေနိုင်။

"ဟော … တွေ့လား … နုဝေ၊ ညည်းသမီးက အခုကတည်း



www.burmeseclassic.com

www.burmeseclassic.com



က ငိုယိုနေတာ … ငါကဖြင့် ဘာမှတောင် မခိုင်းရသေးဘူး၊ မဖြစ်ဘူး ထင်တယ်နော် … ”

“ဟာ … ဖြစ်ပါတယ်အန်တီထက် … ”

ခက်မာမာ ရှေ့တက်လာပြီး ဝင်ပြောသည်။

“သူငိုတာကို အန်တီထက် … ဂရုစိုက်မနေနဲ့၊ ခိုင်းစရာရှိတာ အန်တီထက်ခိုင်း … ပန်းကန်ဆေး၊ ထမင်းချက် အဝတ်လျှော်၊ သူ အကုန်တတ်တယ် … မလုပ်ရင်ရိုက် … ကိစ္စမရှိဘူး … ”

သခင့်ကို ညှာတာနားလည်ပေးဖို့ မကြီးခက်မာမာ စဉ်းစားထားပုံမရ။

“အမလေး … ဆိုင်ကိုရောက်လာပြီး မလုပ်ဘဲနေကြည့်ပါလား၊ အရိုးတခြား အရည်တခြားတောင်ဖြစ်သွားဦးမယ် … ဟွန်း”

နှုတ်ကကြမ်းသလို၊ စိတ်ကမြန်သည်။

“ဟဲ့ … ပုတက်မ,လာစမ်း … သူ့ကို အခုလောလောဆယ် ပန်းကန်ဆေးတဲ့နေရာကိုပို့ထားလိုက် … အေး … ပန်းကန်တွေတော့ မကွဲစေနဲ့နော်၊ ပန်းကန်တချပ်ကွဲလို့ကတော့ ပါးတစ်ချက်ရိုက်ပြီးသားပဲ … ”

ခပ်နွမ်းနွမ်းအင်္ကျီလေးကိုဝတ်ထားသည့် သခင်နှင့်ရွယ်တူကောင်မလေးတစ်ယောက်က သခင့်လက်ကလေးကိုလာဆွဲခေါ်သည်။

“အဟင့် … သခင် … သွားတော့မယ်နော် မေကြီး”

“သွား … သွား၊ ပြီးတော့မှ … သမီးလေးဆီကို မေကြီးလာခဲ့မယ်”

နှုတ်ဆက်ပြီး မျက်နှာလေးကိုလှည့်လိုက်စဉ်မှာ သခင့်မျက်





ရည်စက်လေးတစ်စက်က ဖျတ်ခနဲ လွင့်ထွက်သွားသည်။

“အမလေး နုဝေရယ် … မွေးစားသမီးကိုတောင် ညည်းက စိတ်မချသလိုနဲ့ မျက်စေ့တဆုံးကြည့်နေလိုက်တာ … ငါ့ဆိုင်မှာလာပြီး အလွမ်းသယ်မနေနဲ့ … ညည်းမျက်နှာနဲ့ငါတမင်ကူညီလိုက်တာ၊ ဆိုင်မှာလည်းလူလိုနေလို့ … ဘာပဲပြောပြော ခိုင်းစရာရှိရင်တော့ ငါက ပက်ပက်စက်စက်ခိုင်းမှာနော် … ”

“ခိုင်း … ခိုင်းပါ ဒေါ်ထက်ရယ် … ”

စိတ်ကောင်းရှိသည့် နုဝေမျက်ရည်မဝဲဘဲ နေနိုင်ပါတော့မလား။

“ရော့ … ဒီမှာ၊ ညည်းလိုတဲ့ငွေတစ်သိန်း … ကျေနပ်သဘောတူကြောင်း ဟောဒီစာချုပ်မှာ ညည်းလက်မှတ်ထိုး … ငွေယူပြီးတော့မှ ညည်းပြဿနာရှာဖို့ မကြိုးစားနဲ့ … ထက်ထိပ်ဖျားက ငွေနဲ့ ပဲရှင်းမှာ … ”

ငွေတွေမြင်တော့ … မျက်နှာလေးဝင်းလက်သွားတာ ခက်မာမာ။

“နေပါဦး နုဝေ … ညည်းကရော အခုဘာလုပ်နေလဲ၊ ကလေးတပြုံတမကြားထဲမှာ တကုတ်ကုတ်နဲ့စက်ချုပ်နေတုန်းပဲလား”

“ချုပ်ရတာပေါ့ ဒေါ်ထက်ရယ် … အခုလည်း ငွေကလေးပိုလျှံလာတော့မှ ကျွန်မသမီးလေးကို ကျွန်မပြန်လာခေါ်နိုင်တော့မှာ၊ ကျွန်မသမီးလေးက မွေးစားသမီးလေးပေမယ့် တစ်အိမ်လုံးအပေါ်မှာ အန္တအတာခံရှာခဲ့တဲ့သမီးလေး၊ လမ်းဘေးကကောက်ပြီးမွေးစားခဲ့တယ်လို့ မထင်ရလောက်အောင် အသားအရည်လေးက



www.burmeseclassic.com

www.burmeseclassic.com



ဝင်းနှစ်ပြီး သိပ်ကိုချစ်ဖို့ကောင်းတဲ့သမီးငယ်လေး … သူ့ကို ခဏ လောက်ဝင်တွေ့ပြီး … မှာစရာရှိတာလေးတွေ မှာပါရစေနော် ဒေါ်ထက် … ”

“ညည်းအရစ်တွေရှည်ပြီး ငါ့ဆိုင်ထဲမှာ တငိုငိုတရီရီတွေလုပ် မနေနဲ့နော် … ”

ဒေါ်ထက်ထိပ်ဖျား လှမ်းအော်နေတာက မျက်နှာကိုမဲ့ ကာရွဲ့ကာ။ နုဝေ ခွင့်တောင်းပြီး ဆိုင်နောက်ဖေးခန်းထဲ လှမ်းဝင် လိုက်တော့ နောက်ဖေးက ရေတိုင်ကီဟောင်းလေးဘေးမှာ ပုဆစ် တုတ်လေးထိုင်ပြီး မျက်ရည်ဝဲဝဲလေးနဲ့ ပန်းကန်တွေ ဆေးနေရှာတဲ့ သမီးငယ်လေး။

“သခင် … သမီးလေး … ”

“အဟင့် … ”

မေကြီးကိုမြင်တော့ သခင်ပိုရှိုက်သည်။

နုဝေကိုယ်တိုင်လည်း မျက်ရည်မဝဲဘဲမနေနိုင်။

“သမီး … သမီးလေးကို ငွေယူပြီး ဒီဆိုင်မှာထားခဲ့ရလို့ မေကြီးတို့ကို သမီးလေးက မမုန်းနဲ့နော် … သမီးမကြီး ခက်မာ တက္ကသိုလ်တက်ပြီး ဘွဲ့ရသွားရင် ကုမ္ပဏီမှာ မန်နေဂျာမကြီးဖြစ် သွားမှာလေ … သူမန်နေဂျာမကြီးဖြစ်သွားရင် သမီးလေးကပါ ကုမ္ပဏီစာရေးမလေးဖြစ်သွားမှာ … အဲဒီအခါကျမှ ကုမ္ပဏီယူနီ ဖောင်းလှလှလေးဝတ်ပြီး သမီးလေးကပါ ကိုယ့်မကြီးနဲ့အတူတူ အလုပ်ဆင်း … ကဲ ဘယ်လောက်ပျော်ဖို့ကောင်းလိုက်မလဲဆိုတာ အခုကတည်းက သမီးလေးတွေးကြည့်စမ်း … ”

“အဟင့် … သမီးက ကုမ္ပဏီစာရေးမလေး တကယ်လုပ်ရ





မှာလား မေကြီးရဲ့ … ”

“အို … လုပ်ရမှာ … လုပ်ရမှာ … အဲဒီကျရင် ကုမ္ပဏီ ဝန်ထမ်း ဝတ်စုံလှလှလေးနဲ့ သမီးလေးဘယ်လောက် ကျက်သရေ ရှိပြီး လှနေလိုက်မလဲ … ”

“အဟင့် … ဟင့် … ဟင့် … ”

“အဟင့် … ဟင့် … ဟင့် … ”

မေကြီးစကားကိုနားထောင်ပြီး သခင်ပိုပြီးတော့ ဝမ်းနည်း လာရသည်။

ပြောရမယ်ဆိုရင် သခင် … မေကြီးနဲ့မခွဲနိုင်ပါ။

မေကြီး ဒုက္ခရောက်အောင် သားသမီးအရင်းတွေနှိပ်စက်နေ ကြတာ သခင်အသိဆုံး။ မေကြီးနေမကောင်းဖြစ်ရင် ဘယ်သူက ပြုစုမှာလဲ။ မကြီးခက်မာဆိုရင် မှန်ရှေ့မှာ တစ်နေကုန်ရပ်ပြီး အလှပဲ ပြင်နေတာ။

တကုတ်ကုတ်နဲ့ စက်ချုပ်ရတော့လည်း … မေကြီးတစ် ယောက်တည်း။ ခုတော့ … မကြီးခက်မာမှာ တက္ကသိုလ်တက်နိုင်ဖို့ ငွေယူပြီး … သခင့်ကို မေကြီး ဒီဆိုင်မှာထားခဲ့တော့မည်။

တစ်နေကုန်စက်ချုပ်မှ နှစ်ထောင်လောက်ပဲရတဲ့ မေကြီးက ငွေတစ်သိန်းရအောင်ပြန်ရှာပြီး သခင့်ကို ဘယ်လိုလုပ်ပြန်ရွေးလာခေါ် နိုင်တော့မှာလဲ မေကြီးရယ်။

“အဟင့် … ဟင့် … ဟင့် … ”

ပုဆစ်တုတ်လေးထိုင်ကာ ပန်းကန်တွေဆေးရင်း ဝမ်းနည်း စွာရှိုက်ငိုနေတဲ့ သခင့်ဆီက … ရှိုက်သံလေးကိုလည်း ဒေါ်နုနုဝေ မကြားရက်တော့ပါ။ သခင်က ရှိုက်လည်းရှိုက်၊ မျက်ရည်လေးတွေ ကိုလည်း လက်မောင်းစ,အင်္ကျီလေးနဲ့မ,သုတ်လိုက်တာ မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတော့ စိတ်ကောင်းရှိသည့် နုဝေ မျက်ရည်ကျသည်။

နှစ်ခွကျစ်ဆံမြီးလေးက တလှုပ်လှုပ်တယမ်းယမ်း။

မျက်တောင်ကြီးတွေက ကော့ကော့ရှည်ရှည်။

အမြဲကြည့်လိုက်လေတိုင်း ... ဝင်းနှစ်သောအသားအရည်ကလေးနှင့် အသက်ကပင် ဆယ့်ရှစ်နှစ်ပြည့်တော့မည့် သခင်ဆိုသော ကံဆိုးရှာခဲ့သည့်မိန်းကလေး။ သူမလေးကို ဝေလီဝေလင်းဈေးရောင်းထွက်ချိန်မှာ ရထားသံလမ်းပေါ်ကနေ နုဝေကောက်ရခဲ့တာပါ။

ခုတော့ ... အပျိုဖားဖားလေးဖြစ်အောင် မွေးခဲ့ပြီးတော့မှ

ဒေါ်ထက်ထိပ်ဖျားရဲ့ အအော်ခံအငေါက်ခံ အခိုင်းခံဘဝနဲ့ ဒီထမင်းဆိုင်မှာ ထားခဲ့ရတော့မည်။

ဘယ်ဘဝက ကြွေးမွှာဆိုးတွေလဲ။

ဘယ်ဘဝက ဝဋ်ကြွေးတွေမကုန်နိုင်သေးလို့ ဒီလောက်ထိပေးဆပ်နေရတာလဲ။

သခင်ဆိုသည့်မိန်းကလေးအတွက် တရားမျှတမှုရှိခဲ့ပါရဲ့လား။

သခင့်ကို လိမ်လိမ်မာမာနေဖို့ပြောပြီး ငွေထုပ်ကို ပိုက်လျက်နှုတ်ဆက်ထွက်လာခဲ့ချိန်မှာတော့ ...

"အမေနော် ... အဲဒီ တစ်သိန်းထဲကနေ သမီးလိုချင်တဲ့ အဝတ်အစားသစ်တွေ ဝယ်ဦးမှာနော် ... ပြီးတော့ ... သမီးစီးချင်တဲ့ ကြိုးသိုင်းဒေါက်မြင့်ကလေးရယ်၊ သမီးလွယ်ချင်တဲ့ ကျောပိုးအိတ်ကလေးရယ် ... အဲဒါလည်းဝယ်မယ် ..."

"အဲဒါ ... အဲဒါ ... သခင့်ကို ညည်း ... ကျေးဇူးတင်ရမှာလေ အခု ... ဆိုင်နောက်ဖေးမှာ ပန်းကန်တွေဆေးရင်း ကျန်ခဲ့တဲ့သခင့်





မျက်နှာလေးက အမေ့မျက်လုံးထဲကတောင် မထွက်တော့ဘူး"

"ဟာ ... အဲဒါ ... သူ့ထိုက်နဲ့သူ့ကံလေအမေရဲ့ ... သူ့ကိုမွေးခဲ့တဲ့ အဖေအရင်း၊ အမေအရင်းတွေကတောင် မညှာမတာနဲ့ လမ်းဘေးမှာပစ်သွားသေးတဲ့ဟာ၊ အမေ ဘာမှစိတ်မကောင်းဖြစ်မနေနဲ့ ... သနားလည်းမသနားနဲ့၊ မွေးစားသမီးကို မွေးစားသမီးလို့ပဲအမေသဘောထားလိုက် ... အဲဒါ ရှင်းတယ် ... အမေကြည့်နေ တစ်နေ့ကျရင် အဲဒီထမင်းဆိုင်က စုတ်ပြတ်နေတဲ့ အလုပ်သမားကောင်လေးတွေနဲ့ညားမလား၊ ဆိုက္ကားသမား၊ ကုန်ထမ်း ငါးထမ်း အလုပ်ကြမ်းသမားနဲ့ပဲညားမလား၊ အဲဒီအဆင့်လောက်နဲ့ပဲညားပြီး သူ့ဇာတ်လမ်းက အဆုံးသတ်သွားလိမ့်မယ် ..."

"ခက်မာရယ် ... အမေ့သမီးငယ်လေးကို ဒီလောက်ထိနှိမ်နှိမ်ချချတော့ ညည်းမပြောပါနဲ့"

တလက်လက်ဖိတ်တောက်သော ဒေါ်နုဝေရဲ့မျက်ဝန်းတွေထဲမှာ သမီးငယ်လေးအတွက် မခံစားနိုင်ခြင်းတွေက ရင်နဲ့အပြည့်။

ခက်မာကိုလှည့်ကြည့်လိုက်တော့လည်း ... တက္ကသိုလ်ကျောင်းသူဖြစ်လာတော့မယ့် ခက်မာမာက နှုတ်ခမ်းကလေးမဲ့လို့။

ပြောရရင် ...

သခင့်ရိုက်သံလေးကိုမှ ခက်မာကြားနိုင်ပါတော့မလား။

ခုတော့ ... ထိုရှိုက်သံလေးက ...

အဝေးတစ်နေရာဆီမှာပဲ ... တိုးတိတ်စွာကျန်နေခဲ့ရပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ခွမ်း ..."

လက်ထဲက ပန်းကန်ပြားတစ်ချပ် လျှောခနဲကျကွဲသွားတော့မှ မျက်ဝန်းကလေးဝိုင်းကာ ဟယ်ခနဲ ... အော်မိ၏။

"သွားပြီ ... ငါ့ပန်းကန်တွေတော့ ကျကွဲကုန်ပြီ ..."

ဒေါ်ထက်ထိပ်ဖျားထံမှ စိတ်ပျက်စွာ လှမ်းအော်လိုက်သံက ပန်းကန်ကျကွဲသံနောက်မှာ တဆက်တည်း ကပ်ပါလာ၏။

ဆိုင်ကို စ,ရောက်လာကတည်းက ပုဆစ်တုတ်လေးထိုင်ကာ ပန်းကန်ဆေးရင်း စိတ်အတွေးပုံရိပ်တွေက ဟိုရောက်သည်ရောက်နှင့်။ ခြောက်သွားလိုက် ပြန်စိုလိုက်ဖြစ်လာနေသည့် မျက်ရည်တို့က သုတ်လို့ပင်မနိုင်။

အထိတ်တလန့်နှင့်ကြည့်လိုက်တော့ ဆပ်ပြာရည်တွေနှင့်စိုစွတ်နေသည့် ပန်းကန်အကွဲအစတွေက ရေတိုင်ကီလေးဘေးမှာ ပြန့်ကျဲကျလျှက် ... ။ ဆပ်ပြာခဲလေးကတော့ မြေပြင်အထက်မှာ သည်အတိုင်း။





"ကြည့်စမ်း ... ငါထင်တဲ့အတိုင်းပဲ ..."

ခြေသံနှင့်အတူ ကပ်ပေါ်လာတာ ဒေါ်ထက်ထိပ်ဖျားရဲ့ မိုးထစ်ချုန်းသံတစ်ခုလို အာခေါင်ကွဲမတတ် အော်ပစ်လိုက်သည့်အသံပါ။ သည်အဖြစ်အပျက်ကြောင့် ဆိုင်အလုပ်သမားတွေ၊ စပ်စုသလို အပြေးအလွှား လာကြည့်ကြသည့်အထဲမှာ ပိုဆိုးတာက နှာခေါင်းပြားပြား အသားမည်းမည်းနှင့် ... အလုပ်သမားခေါင်းဆောင် မတင်စန်း။

"ဟဲ့ ... ဟိုမှာ နင့်ကိုအန်တီထက် ပြောနေတယ်လေ၊ အန်တီထက်ရှေ့မှာ လက်ပိုက်ပြီးတော့ နင်ခေါင်းငုံ့ရပ်နေစမ်း"

တစ်ယောက်ကအော်လိုက်၊ တစ်ယောက်ကမာန်မဲလိုက်နှင့် ဝိုင်းအုံကြည့်နေသူတွေများလာသည်။ ဘာပဲပြောပြော သခင်ဆိုတာ ဒီနေ့မှ ... အသစ်ရောက်လာတဲ့ အလုပ်သမားမို့ ဒေါ်ထက်ထိပ်ဖျားရှေ့မှာ လက်ကလေးပိုက်ပြီးတော့ ခေါင်းကလေးကိုပါ ငုံ့ထားလိုက်ရ၏။

"မောင့်သခင် ..."

သခင် မျက်ရည်ကျရပါသည်။

သခင့်ဘက်ကနေ ထောက်ထားငဲ့ညှာ စာနာသနားမယ့်သူတွေမရှိတဲ့အရပ်ကို ရောက်နေခဲ့ပြီဆိုတာ အလိုလိုနေရင်း သခင်နားလည်လာလို့ပါ။

"အဲဒါ ... နမော်နမဲ့လုပ်ဦး ..."

"ဖြန်း ..."

"အား ..."

"ရိုက် ... ရိုက် အန်တီထက် ... မငိုနဲ့ပြောတာလည်း မြေ



www.burmeseclassic.com

www.burmeseclassic.com



လို့မရဘူး၊ ဒီမှာ ... ပန်းကန်တွေထိုင်ဆေးနေကတည်းကငိုနေတာ၊ ဟင်း ... ပန်းကန်တွေအထပ်လိုက်ကျကွဲမသွားတာ ကံကောင်း၊ ကြည့်ပါဦး ... ရွှေနားရစ်ကလေးနဲ့ အကောင်းစားကြွေပန်းကန်ကြီး ကျကွဲသွားတာ၊ ကောက် ... ကောက် ... အခုချက်ချင်း တစ်ခု မကျန် ညည်းပြန်ကောက် ... "

လက်မောင်းကို အတင်းဆောင့်ဆွဲပြီးတွန်းတော့ ... သခင့် ကိုယ်လေး ယိုင်ထွက်သွားရ၏။

"အဟင့် ... "

မျက်နှာလေးကို အုပ်ချလိုက်ပြီး ... ဝမ်းနည်းစွာ သခင်ရှိုက် လိုက်စဉ်မှာ ဆံပင်ရှည်တွေကို ဆောင့်ဆွဲတာခံလိုက်ရပြန်သည်။ မေကြီးရယ် ... သခင့်ကိုလာကြည့်ပါဦး ... ပန်းကန်လေးတစ်ချပ် မတော်တဆ ကျကွဲတာနဲ့ပဲ သခင့်ကို ဝိုင်းနှိပ်စက်နေကြပြီ မေကြီး ရဲ့ ... ။

"အဟင့် ... ဟင့် ... ဟင့် ... "

သခင်ကြောက်နေတာမို့ ဘယ်သူ့မျက်နှာကိုမှ သခင်မော့ မကြည့်ရဲပါ။

"ဟဲ့ ... နင့်ကို မငိုနဲ့လို့ပြောနေတယ်လေ ... "

ဒေါ်ထက်ထိပ်ဖျားရှေ့မှာ နောက်တစ်ယောက်က အမှတ် ဝင်ယူပြန်သည်။

"အဲဒါ ... ညည်းမှတ်ထား၊ ညည်းအမေ ညည်းကိုလာအပ် ကတည်းက ပန်းကန်တစ်ချပ်ကွဲရင် ပါးတစ်ချက် အရိုက်ခံရမယ်ဆို တာ ... ပြောစမ်းပါဦး ... ငါ့ဆိုင်မှာ အလုပ်လုပ်နေတာကိုပဲ ငရဲ ကြီးရှစ်ထပ်ရောက်နေတယ်ထင်ပြီး ညည်းငိုနေတာလား ... ကျက်





သရေယုတ်တယ် ... လာဘ်တိတ်တယ် ... ညည်း ... အခုတိတ်"

"ဟဲ့ ... ပန်းကန်ကွဲစတွေ ပြန်ကောက်လေ ... "

မျက်လုံးကြီးပြူးလျှက် မတင်စန်းက လက်ညှိုးထိုးခိုင်း သည်။

သခင် ... ဒူးကလေးထောက်ကာ ခေါင်းငုံ့ကောက်တော့ ကျစ်ဆံမြီးလေးနှစ်ခုက မြေပြင်ပေါ် ရှပ်တိုက်ပြေးသွားသည်။

"မရဘူးနော် အန်တီထက် ... ဒီကောင်မလေးကို အခုက တည်းက ပုံစံပေးထားမှဖြစ်မှာ၊ ဟွန်း ... လမ်းဘေးက ကောက်ရ လို့ မွေးစားခဲ့တယ်လို့သာပြောတာ၊ နာမည်က စီးစီးပိုးပိုးနဲ့ မောင့် သခင်တဲ့ ... သခင်လား ကျွန်လားဆိုတာသိအောင် နှိပ်ကွပ်ထားမှ ဖြစ်မယ် ... "

မျက်စောင်းထိုးကြည့်လျှက် နှုတ်ခမ်းကိုပါ မတင်စန်းမဲ့ သည်။

"သွား ... သွား ... ပန်းကန်ကွဲတွေကောက်ပြီးတာနဲ့ ဟို အမှိုက်ပုံးထဲသွားထည့် ... "

သခင် ... ပါးပြင်လေးတစ်ဖက်ပေါ်က နာကျင်မှုတွေကိုပင် ဂရုမထားနိုင်တော့ဘဲ မျက်ရည်ဝဲဝဲလေးနှင့် အမှိုက်ပုံးဆီသွားရသည်။ သခင့်အပြစ်ပါ။ ဒီဆိုင်ကို စ,ရောက်ကတည်းက အထိတ်တလန့် မျက်နှာငယ်ကလေးနှင့် ဝမ်းနည်းရတာ၊ ကြေကွဲရတာတွေပေါင်းပြီး မျက်ရည်တွေ ဘယ်လောက်ထိသွန်ချပစ်မိမှန်းပင် သခင်မသိတော့ ပါ။

သခင့်ပုံစံလေးက တခြားအလုပ်သမားကောင်မလေးတွေ နှင့် ယှဉ်လိုက်လျှင် နုနုနယ်နယ် ဝင်းဝင်းထင်းထင်းကလေးမို့ အ



www.burmeseclassic.com

www.burmeseclassic.com



လုံးထဲမှာ ထူးထူးခြားခြားကလေး ပေါ်လွင်နေရသည်။

ဒါကို … ဒေါ်ထက်ထိပ်ဖျားက ခပ်စူးစူးစိုက်ကြည့်ကာ …

"ညည်းနော် … ငါ့ဆိုင်ကိုလာပြီး တရှုံ့ရှုံ့နဲ့လာလုပ်မနေနဲ့ ညည်းအမေနဲ့အစ်မက ငါ့ကိုအကုန်လွဲသွားတာ၊ ညည်းအမေ ငွေတစ်သိန်းနဲ့ပြန်လာမခေါ်မချင်း ငါ့ဆိုင်မှာ ညည်းအလုပ်လုပ်ရမယ်"

"အဟင့် … သခင်လုပ်ပါ့မယ်အန်တီ … "

"မတင်စန်း … ညည်းကိုယ်တိုင် သူ့ကိုသေသေချာချာ ကြီးကြပ်ပြီးတော့ခိုင်း … အပါးခိုတာ၊ အချောင်ခိုတာ၊ လုံးဝမဖြစ်စေနဲ့ … ပြီးတော့ … 'ကျစ်ဆံမြီးရှည်ကြီးနှစ်ဖက်နဲ့ အလုပ်,လုပ်နိုင်းရတာ … အဆင်မပြေရင် အဲဒီဆံပင်ရှည်တွေဖြတ်ပစ် … "

"ဟင် … "

သခင်ကိုယ်လေး ဖျဉ်းခနဲတောင် တုန်သွားရသည်။

ဆံပင်ရှည်တွေကို သခင်ဖြတ်ရမတဲ့။

"အဟင့် … မလုပ်ပါနဲ့အန်တီ … အလုပ်လုပ်ရင် အနှောက်အယှက်မဖြစ်အောင် သခင် … သေသေချာချာစည်းထားပါ့မယ်၊ ဒီဆံပင်အရှည်ကြီးကို သခင်နှမြောလို့ပါ … "

"ဟွဲ … "

ဒါကိုမခံမရပ်နိုင် မတင်စန်းက ဝင်ပါသည်။

"ညည်းကိုပြောနေတာ အန်တီထက်ပြောနေတာလေ၊ မထုံတပ်တေးပုံစံနဲ့ … ညည်း … အန်တီထက်ကိုပြန်ခံမပြောနဲ့၊ ဒီဆိုင်မှာ အလုပ်သမားက အလုပ်သမားလိုနေရတာထုံးစံ မော်ဒယ်ဂဲလ်လုပ်ချင်လို့မရဘူး … "

ပြောလည်းပြော သခင်ပခုံးလေးကိုလည်း နောက်တစ်ကြိမ်





ဆောင့်တွန်းသည်။

သခင် ဘာတတ်နိုင်မှာလဲ။

ပြောဆိုကြိမ်းမောင်းပြီး အားလုံးပြန်ထွက်သွားချိန်မှာ ပန်းကန်တွေဆက်ဆေးရင်း ရေတိုင်ကီလေးနားမှာ သခင်တစ်ယောက်တည်းကျန်ခဲ့သည်။

"မောင့်သခင် … "

"ဟင် … "

နာမည်လေးကိုခေါ်ရင်း သခင့်အနားကို မဝံ့မရဲကလေး တိုးကပ်ရပ်လာတာ သခင်နဲ့ရွယ်တူ ကောင်မလေးတစ်ယောက်။

"ဒီဆိုင်ကို မင်းစရောက်လာကတည်းက တို့မင်းကို စောင့်ကြည့်နေတာ သိလား … မောင့်သခင် မင်းအားမငယ်ပါနဲ့ကွာ"

အို … ဘုရားရေ …

ဒီလို ကြင်နာတတ်သူ ဒီဆိုင်ကလေးထဲမှာ ရှိသေးတယ်တဲ့လား။ သခင် မျက်တောင်လေးကော့ကာ ကပျာကယာလေး လှည့်ကြည့်မိသည်။

"မင်းအံ့သြသွားလား မောင့်သခင် … တို့က ရင့်ကျူးပါ၊ မင်းနဲ့ဘဝတူ အလုပ်သမားတစ်ယောက်ဆိုလည်း မမှားဘူးပေါ့"

ဆံပင်ဂုတ်ဝဲလေးနဲ့သဘောကောင်းပြီး … ခင်မင်နှစ်လိုဖွယ်ရာ မျက်နှာထားလေးကိုပိုင်ထားတဲ့ရင့်ကျူး … အသားလေးက အညိုဘက်ကိုယိမ်းပေမယ့် ကိုယ်လုံးသွယ်လျလျလေးနဲ့ အရပ်ကလေးကမြင့်တော့ ကြည့်လို့ကောင်းသည်။

သူက ပခုံးချင်းထိကပ်သွားအောင်ယှဉ်လျှက် … သခင့်အနားမှာလာရပ်၏။



www.burmeseclassic.com

www.burmeseclassic.com



"စောစောက မင်းအနှိပ်အစက်ခံနေရတာကိုတွေ့ပြီး တို့စိတ်မကောင်းလို့ပါ၊ ဒီဆိုင်မှာ ... အန်တီထက်ကို မျက်နှာလုပ်ချင်နေတဲ့လူတွေအများကြီးရှိတယ်ဆိုတာ မင်းသတိထား ... နောက်တစ်ပတ်လောက်နေလိုက်ရင် အားလုံးကို မင်းသဘောပေါက်သွားလိမ့်မယ် ... အခုလောလောဆယ် ... မင်းသိပ်ကြောက်ပြီး အားငယ်နေတာသိလို့ လာအားပေးတာ ... ဒေါ်ထက်ထိပ်ဖျားဆိုတာ ငွေမျက်နှာတစ်ခုကလွဲရင် ဘယ်မျက်နှာကိုမှ မကြည့်တတ်တဲ့မိန်းမ၊ မတင်စန်းက ဒေါ်ထက်ထိပ်ဖျားရဲ့တူမအရင်းခေါက်ခေါက်ဆိုတော့ ပိုဆိုးတယ် ... ဒါပေမယ့် ... မင်းမကြောက်ပါနဲ့၊ ဒီဆိုင်မှာ မင်းသတိထားရှောင်ရမှာက တည်ရတုပဲ ..."

"တည်ရတု ဟုတ်လား ... တည်ရတုဆိုတာ ဘယ်သူလဲ"

"ဒေါ်ထက်ထိပ်ဖျားရဲ့ တစ်ဦးတည်းသောသား ..."

"ဟင် ..."

တည်ရတုတဲ့ ...

တည်ရတုက ဘာဖြစ်နေလို့ သခင်သတိထားရမှာလဲ။

"တည်ရတု အရမ်းဆိုးတယ်သိလား ... မောင့်သခင် ..."

"ဆိုးတယ် ..."

သခင် သံယောင်လိုက်ကာ ပြန်မေးမိသည်။

"ရှူး ... တိုးတိုးပြော ..."

ရင့်ကျူး မျက်ဝန်းလေးတွေ ဘယ်ညာထောင့်လေးနှစ်ဖက်ကိုကပ်ကာ ထိတ်လန့်သွားဟန်ကလေးနှင့် ဝေ့ဝေ့ဝဲဝဲလေးတော့ဖြစ်သွားရ၏။ ရင့်ကျူးကလည်း ကြောက်ပါသည်။ ဒီဆိုင်မှာ စိတ်မထင်ရင်မထင်သလို ကြီးတောင်ကြီးမားအရှယ်တွေရောက်မှ နား





ရွက်ဆွဲပြီး ထိုင်ထ လုပ်ခိုင်းတာ။ မျက်နှာမှာ အိုးမည်းသုတ်လျှက်တစ်နေကုန် ဒဏ်ပေးတာ။ ခြင်ထောင်,ထောင်ခွင့်မပေးဘဲ ခြင်တွေတဝီဝီကြားထဲမှာ အိပ်ခိုင်းတာ။

ဒါတွေကို ရင်ဆိုင်ဖြတ်သန်းခဲ့ရဖန်များတော့ ရင့်ကျူးအရည်ထူလာသလို ကိုယ့်ဘဝပဲလေလို့ သဘောထားပြီး ရင်နာစရာတွေကို ရင့်ကျက်သောအပြုံးတွေကြားထဲမှာပဲ ထားပစ်ကာ မထူးစိတ်ပိုက်လို့ နေလာခဲ့တာပဲ ခြောက်လ ... ။

ထမင်းဆိုင်အလုပ်သမားဘဝဆိုတာ ဒီလောက်တော့လည်းရှိဦးမှာပေါ့။

ဒီကြားထဲမှာမှ တည်ရတုက မိန်းမချောမြင်ရင် ထိကပါးရိကပါးလုပ်ချင်တာ။ အသားလေးကဖြူဖြူ၊ အလည်ခွဲနှစ်ခြမ်းတင်ဆံပင်ရှည်တွေနဲ့၊ ပေါင်းတော့လည်း ဒီဈေးနားတဝိုက်က လူဆိုးလူမိုက်တွေ။

ညစဉ်ညတိုင်း ... ဂစ်တာသံတွေ တဒေါင်ဒေါင် တဒင်ဒင်ကြားနေရတာ တည်ရတုတို့ရဲ့ လမ်းဘေးအုတ်ခုံဂစ်တာဝိုင်း။

အသံသေးအသံကြောင်မျိုးစုံနှင့် အော်ကြဟစ်ကြ ဆိုကြတီးကြတာ ဒီဈေးနားတစ်ဝိုက်မှာတော့ ဘယ်သူမှနားမခံနိုင်ကြ။ ပြောမယ်တားမယ်ဆိုတော့လည်း ဒေါ်ထက်ထိပ်ဖျားကိုကြောက်လို့ ဘယ်သူမှ မပြောရဲမတားရဲ။

ဒီကြားထဲကမှ ကံကောင်းထောက်မစွာ နှစ်စဉ်ဆယ်တန်းစာမေးပွဲကျခဲ့သည့် တည်ရတုက ဆယ်တန်းအောင်ခဲ့လေတော့



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထက်ထိပ်ဖျားမှာ တပျော်ပျော်တပြုံးပြုံးနှင့် ဂုဏ်ယူလို့မဆုံး။

ဒါတွေကိုပြောပြီး သခင်ဆိုတဲ့ကောင်မလေးကို ရင့်ကျူး သတိပေးနေမိတာ စေတနာအရင်းခံလေးနဲ့ပါ။ ဒါဟာလည်း သခင်ဟာ မောင့်သခင်ဆိုသည့် နာမည်လေးနဲ့လိုက်ဖက်အောင် သိပ်ကို ချစ်ဖို့ကောင်းနေလို့ပါ။

အခုလည်း ... မခြောက်တတ်သေးသည့် မျက်ရည်လေးတွေကို သခင်ကသုတ်ကာ ...

"ကျေးဇူး ... ကျေးဇူးပဲနော် ... ရင့်ကျူး၊ ရင့်ကျူးပြောတာကို သခင်မှတ်ထားပါ့မယ်"

"ဟဲ့ ... ဟိုနှစ်ကောင်၊ တိုးတိုး ... တိုးတိုးနဲ့ ဘာတွေပြောနေကြတာလဲ ... ကိုယ့်အလုပ်ကိုယ်လုပ်ကြလေ ... ရင့်ကျူးလာစမ်း ... ဒီနောက်ဖေးက ရှုပ်ပွနေတဲ့ အမှိုက်တွေ၊ တံမြက်စည်းတစ်ချောင်းနဲ့လာလှဲစမ်း ... ပြီးတာနဲ့ မနက်အတွက် ကြက်သွန်တွေလှီးထား၊ ဂျင်းတက်တွေလည်း အခွံနွှာထား ..."

နားတာတော့ ဘယ်သူမှ မနားကြရပါ။

လုပ်ရတာလည်း ဆိုင်ရှိလူကုန်ပေါ့။

ထက်ထိပ်ဖျား ထမင်းဆိုင် ...

ဆင်ခြေဖုံး မြို့သစ်တစ်ခုရဲ့ ဈေးရှေ့က ဆိုင်ကလေး။

ဇွန်းသံ၊ ခွက်သံ၊ အော်သံဟစ်သံ ချက်ပြုတ်ကြော်လှော်သံတွေကြားမှာ ... နှစ်ခွကျစ်ဆံမြီးရှည်လေး တယမ်းယမ်းနဲ့ သခင်ဆိုတဲ့ကောင်မလေးတစ်ယောက်ရဲ့ ရှိုက်သံတိုးတိုးလေးက နှစ်မြုပ်





ပျောက်ကွယ်လျှက်။

အဟင့် ... မေကြီးရယ် ...

ဒီလိုဆိုင်မျိုးထဲမှာ သခင့်ကို အကြာကြီးမထားပါနဲ့နော်။

ဒေါ်ထက်ထိပ်ဖျားကိုလည်း သခင် ကြောက်ပါတယ်။

တည်ရတုဆိုတဲ့ ကောင်လေးကိုလည်း သခင်ရင်မဆိုင်ပါရစေနဲ့၊ အဲဒီကောင်လေးက လက်ဆွဲ ပခုံးဘက်နဲ့ သိပ်အတင့်ရဲတာတဲ့ မေကြီးရဲ့။

မေကြီး ... ငွေတစ်သိန်းနဲ့ပြန်လာမခေါ်ရင် ...

သခင် ဘယ်လိုနေရမလဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"အန်တီထက်ရေ ... လုပ်ပါဦး၊ ဆိုင်ရှေ့မှာ ... ဟိုမိုက်ရိုင်းဆိုတဲ့ကောင်လေး ... ပြဿနာလာရှာနေလို့ ... "

"မိုက်ရိုင်း ... ဟုတ်လား ... "

နာမည်ကိုကြားလိုက်ရုံနဲ့တင် ဒေါ်ထက်ထိပ်ဖျား မျက်နှာပျက်သွားသည်။ ဆိုင်ရှေ့ကိုလှမ်းကြည့်လိုက်တော့ အသက်ငယ်ငယ် ကောင်လေးတစ်သိုက်ကို ဦးဆောင်ခေါ်လာသည့် မိုက်ရိုင်းက ခပ်နွမ်းနွမ်းလျှာထိုးဦးထုပ်ကလေးကို ... ပြောင်းပြန်လေးလှန်ကာ ဆောင်းထားလျှက် ...

"ဟဲ့ ... မိုက်ရိုင်းက ငါ့ဆိုင်ရှေ့မှာ ဘာဖြစ်လို့ပြဿနာလာရှာတာလဲ ... ငါ ... ငါ ဒီကောင်လေးနဲ့ ပြဿနာမဖြစ်ချင်ဘူးနော်၊ နာမည်နဲ့လိုက်အောင် ဒီကောင်လေးက အရမ်းမိုက်ရိုင်းတယ်၊ ဖအေကလည်း ထောင်ထဲကိုဝင်လိုက်ထွက်လိုက်နဲ့ ... သွား ... သွားစမ်း၊ မကျေနပ်တာရှိရင် ဒီမှာလာပြောလို့ ... ဆိုင်ရှေ့မှာလာပြီး ဘလိုင်းကြီး မီးခွက်လာထွန်းမနေနဲ့လို့ ... "





ဒေါ်ထက်ထိပ်ဖျား မျက်နှာရဲလျှက်၊ ဆိုင်ထဲကနေ လှမ်းအော်သည်။ ဆိုင်ရှေ့မှာလည်း လူတွေအများကြီး ဝိုင်းအုံကြည့်နေကြ၏။

ဒေါ်ထက်ထိပ်ဖျားအသံကို မိုက်ရိုင်းကလည်း ကြားပါသည်။

ကြားပေမယ့် ... မိုက်ရိုင်းခြေလှမ်းကလေးတွေက နောက်ဆုတ်မသွား။

မျက်ခုံးတန်းလေးတွေက စိုစို ...

နှုတ်ခမ်းကလေးတွေက တင်းတင်း ...

ဒီဈေးရှေ့တပိုက်မှာတော့ ...

မကျေနပ်ရင် မကျေနပ်သလို ပြဿနာရှာတတ်သည့်ကောင်လေး။

မဟုတ်မခံစိတ်ကလေးနဲ့ ပေါက်ကွဲတိုက်ခိုက်တတ်တဲ့ မိုက်ရိုင်းလေး။

"ဒီမှာ ... ဒေါ်ထက်၊ ဆိုင်ထဲကနေ ခင်ဗျား ... အာကျယ်လန့်မနေနဲ့၊ ခင်ဗျားသား တည်ရတုလုပ်သွားတဲ့ကိစ္စကို မကျေနပ်လို့ ခင်ဗျားဆီကို လိုက်လာတာ ... အခု ... ခင်ဗျားသား တည်ရတုက ဆိုက်ကားဂိတ်နောက်က တဲကလေးထဲမှာ အပျော်ဆော့တာဆိုပြီး ကလေးတွေဆီက ပိုက်ဆံကို ဖဲလိမ်ရိုက်ပြီးယူသွားတယ်"

"ဘာပြောတယ် ... "

"အဲဒါ ... ခင်ဗျားအခုရှင်း ... "

တည်ရတုတဲ့ ...

တည်ရတုက ကလေးတွေဆီက ပိုက်ဆံကို ဖဲလိမ်ရိုက်သွားလို့တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထက်ထိပ်ဖျားအလိုလိုက်ထားတော့ တည်ရတုက လည်းဆိုးသည်။

"ကြည့်စမ်း ..."

မိုက်ရိုင်းလို တစ်ဈေးလုံးခိုင်းတာလုပ်နေရတဲ့ကောင်က ဒီလို ပြဿနာလာရှာတာကိုတော့ ဒေါ်ထက်ထိပ်ဖျား သည်းမခံနိုင်။

"ဟဲ့ ... ငါ့သားတည်ရတု ဘာလုပ်လုပ် နင်ဝင်ပါစရာလား ဟင် ... မိုက်ရိုင်းရဲ့၊ နင်က လူမိုက်လား ..."

ဒေါ်ထက်ထိပ်ဖျား ခွန်နှစ်သံချီဟစ်သည်။

"ဒေါ်ထက်နော် ... ခင်ဗျားမသိဘဲနဲ့ စွတ်ဖြဲမနေနဲ့ ခင်ဗျား သားလုပ်နေတာကို ကျွန်တော်မပြောချင်လို့ကြည့်နေတာ ... ဘယ် နှစ်ခါရှိနေပြီလဲ ... အခု ... ဒီမှာ ဒီကောင်လေးက ကိုးတန်းအောင် ပြီး ဆယ်တန်းကို အခုမှတက်မဲ့ကလေး မိဘတွေမရှိတော့လို့ အဒေါ် နဲ့နေပြီး လမ်းပေါ်မှာအကြော်ရောင်းနေတာ၊ အခု ... ဒီကောင် လေးဆီက ချွေးနည်းစာ ပိုက်ဆံလေးကို ခင်ဗျားသား ဖဲလိမ်ရိုက် သွားလို့ လာပြန်တောင်းတာ ... ခင်ဗျား ... ပြန်ရှင်းပေး"

"အောင်မယ် ..."

ဇွေ့ခနဲနေအောင် ဒေါ်ထက်ထိပ်ဖျား ခါးထောက်ပစ်လိုက် ပြီး ...

"နင် ... နင်က ဒီလိုလာတောင်းရအောင် နင့်ကို လူမိုက် လားလို့ ငါမေးနေတယ်လေ ... ဘယ်သူကမွေးလို့မွေးမှန်းမသိဘဲ လမ်းဘေးအမှိုက်ပုံမှာ ပစ်ထားခံရတဲ့ကောင်က ငါ့ဆိုင်ရှေ့မှာ အသံ ကောင်းလာဟစ်မနေနဲ့ ..."

"ဝုန်း ..."





မိုက်ရိုင်းတစ်ကိုယ်လုံးတုန်ကာ မျက်နှာတွေနီရဲလျက် ထမင်းစားပွဲတစ်လုံးကို ဝုန်းခနဲနေအောင် မှောက်ချပစ်လိုက်တာ က တစ်ဆိုင်လုံးမှာရှိသမျှလူတွေအားလုံး ဘယ်သူ့ကိုမှ ဂရုမစိုက် တော့တဲ့အတိုင်း။

ဒေါ်ထက်ထိပ်ဖျားက ဒါကိုကြည့်ကာ ...

အသက်လည်းမရှူနိုင်။ မျက်တောင်လည်း မခတ်နိုင်။

"ငါ့ထမင်းဆိုင်က စားပွဲကို နင်ကမှောက်တယ် ဟုတ်လား နင် ... နင် ..."

မျက်ထောက်နီကြီးနဲ့ ဒေါ်ထက်ထိပ်ဖျားအသားတွေပါ တဆတ်ဆတ်တုန်သွားရပြီ။

"မှောက်တယ်လေ ... ဘာဖြစ်လဲ၊ ငနေရာတကာ ငါ့မှာပိုက် ဆံရှိတယ်ဆိုပြီး လူတွေကို အထင်သေးအမြင်သေးနဲ့ စော်ကား တတ်တဲ့ ခင်ဗျားစရိုက်ကိုမကြိုက်လို့ မှောက်တာ၊ ဟုတ်တယ် ... မိုက်ရိုင်းမှန်းတာလည်း အဲဒါပဲ ... ကျွန်တော့်ဘဝ ဘယ်ကပဲလာ လာ ... ခင်ဗျား ပြောစရာမလိုဘူး၊ ခင်ဗျားဆက်ပြောရင် ခင်ဗျား ဆိုင်ကို မီးနဲ့ရှို့မယ် ..."

"ဒုန်း ..."

ထိုင်ခုံတစ်လုံးကိုလည်း ဒုန်းခနဲနေအောင် မိုက်ရိုင်းကန်ပစ် သည်။

ပြီးတော့မှ ... မျက်နှာထားတင်းတင်းလေးနဲ့ဆိုင်ထဲကို မိုက် ရိုင်းဝင်လာခဲ့ပြီ။ နာမည်လေးနဲ့လိုက်အောင် တကယ်ပဲမိုက်တဲ့ မိုက်ရိုင်း။

ဝတ်ထားတာကလည်း အောက်မှာဂျင်းဘောင်းဘီ ခပ်နွမ်း



www.burmeseclassic.com

www.burmeseclassic.com



နှမ်းကလေးနဲ့ ... အပေါ်မှာ အနက်ရောင်တီရှပ်လက်တို အနွမ်း ကလေး။

"မိုက် ... မိုက်ရိုင်းနော် ... နင် ... နင် ပြဿနာမရှာနဲ့နော်"

အထိတ်တလန့်နဲ့အော်ရင်း ဒေါ်ထက်ထိပ်ဖျား ခြေလှမ်း တွေက နောက်ပြန်ဆုတ်၍ ...

တကယ်တမ်းကျတော့ မိုက်ရိုင်းနဲ့ယှဉ်ပြီး ပြဿနာဖြစ်ဖို့ ဒေါ်ထက်ထိပ်ဖျား သတ္တိမရှိပါ။

ဒီဈေး ... ဒီရပ်ကွက် ... ဒီပတ်ဝန်းကျင်မှာ

မိုက်ရိုင်းဆိုတဲ့ ... ခပ်ဆိုးဆိုး ဂျစ်တစ်တစ်ကောင်လေး အကြောင်းကိုတော့ အားလုံးက သိထားပြီးသား။

မိဘတွေမရှိတော့လို့ ဈေးထဲမှာ ကြုံရာကျဘန်း ကုန်ထမ်း ဆန်ထမ်းလုပ်စားနေရတဲ့ ဒီကောင်လေး ... အသက်ကလည်း အများဆုံးရှိမှ ဆယ့်ရှစ် ဆယ့်ကိုးပေါ့။

ကောင်လေးက ဆင်းရဲလို့ ပိန်ကပ်ကပ်ဖြူလျော်လျော် လေးဖြစ်နေပေမယ့် အသားကလေးက ကျစ်သည်။ နေလောင်ခံ ထားရတာများလို့ နီကျင်ကျင်အရောင်လေးဘက်ကို လုသန်းနေရ တဲ့ ဆံပင်ရှည်ရှည်လေးတွေက ပခုံးစွန်းလေးနှစ်ဖက်ကိုထိကျော် ကာ ခွေခွေခေါက်ခေါက်ကလေး လွင့်ဝဲကျနေတာက ဖရိုဖရဲလေးနဲ့ မသပ်မယပ်ကလေးပင်။

တစ်ခုပဲရှိတာက ...

ဆင်းရဲလို့ ပုံစံလေးနဲ့ ဝတ်တာစားတာလေးက နွမ်းနွမ်းဖတ် ဖတ်လေးဖြစ်နေပေမယ့် ... ထူးခြားတဲ့မျက်ဝန်းလေးတွေကတော့ မဟုတ်မခံ မာနစိတ်တွေနဲ့ အမြဲတမ်းတဖျတ်ဖျတ်ခါပြီး လက်ဖြာ





တောက်ပလို့ပေါ့။

ခုတော့ ... တလှမ်းချင်းရှေ့တိုးကာ ဘယ်သူ့ကိုမှ ဂရုမစိုက် နေတဲ့ဟန်ကလေးနဲ့ ဆိုင်ထဲကို မိုက်ရိုင်းဝင်လာခဲ့ပြီ။

"နင် ... နင် ... ငါ့ဆိုင်ထဲကနေ အခုပြန်ထွက်သွားနော်၊ မိုက်ရိုင်း ... နင်လိုကောင်လေးနဲ့လည်း ငါစကားများများမပြောချင် ဘူး ... နင်ရှင်းချင်ရင် ငါ့သားတည်ရတု ပြန်လာမှရှင်း ..."

"ကျွန်တော် ... မစောင့်နိုင်ဘူး ..."

"ဟင် ..."

စကားကို အပိုမပြောတတ်တာလည်း မိုက်ရိုင်းပါ။

"ဒီကောင်လေး ... ပိုက်ဆံက အခုချက်ချင်း ပြန်ရမှာဖြစ်မှာ မို့လို့ ကျွန်တော်ပြောနေတာ ... ဒီပိုက်ဆံက သူကျောင်းအပ်ဖို့ စုထားတဲ့ပိုက်ဆံ ... လွယ်အိတ်တွေ၊ ဗလာစာအုပ်တွေ ဝယ်ဖို့စု ထားတဲ့ပိုက်ဆံ ..."

မိုက်ရိုင်းအားလုံးကြားအောင် အော်ပြောနေတာ မျက်နှာရဲ ရဲလေးနဲ့။

"ဒီမှာ ... အဲဒီပိုက်ဆံကို ငါပြန်မပေးရင် နင်ငါ့ကိုဘာလုပ် မလဲ"

"ခင်ဗျား ... တစ်ဆိုင်လုံးကို ရိုက်ခွဲပစ်မယ် ..."

မိုက်ရိုင်း ပြောတာအပြတ်သားဆုံးပဲ။

ဒီလိုမတရားလုပ်လို့ကတော့ မိုက်ရိုင်းတို့က ဘဝတစ်ခုလုံး နဲ့လဲပြီး စိမ်ခေါ်သွားမှာ။ ဘယ်သူ့ကိုမှ မိုက်ရိုင်းမကြောက်ပါ။ ဒေါ်ထက်ထိပ်ဖျားမကလို့ မိုးပေါ်က ဦးတာဝတီသာကြီးပဲဆင်းလာ ဆင်းလာ ... မိုက်ရိုင်းဂရုစိုက်မယ်ထင်နေလို့လား။



www.burmeseclassic.com

www.burmeseclassic.com



လျှာထိုးဦးထုပ်ကလေးကို ခပ်ပြတ်ပြတ်ဆွဲချွတ်ပြီး ခေါင်းပေါ်က ဆံပင်တွေကို မိုက်ရိုင်းဖွသည်။ ဖျော့ဖျော့ခြောက်ခြောက် နှုတ်ခမ်းလေးအစုံကိုလည်း မိုက်ရိုင်း တွန့်ပစ်သည်။

ပြီးတော့မှ ဒေါ်ထက်ထိပ်ဖျားရဲ့မျက်ဝန်းတွေကို စိုက်ကြည့်ပစ်လိုက်တာ မီးတောက်မီးလျှံတွေ ဖြာဟျလာတဲ့အတိုင်း။ မိုက်ရိုင်းဆိုတာ လမ်းပေါ်မှာပဲအိပ်ပြီး ... လမ်းပေါ်မှာပဲ ကြီးပြင်းလာရတဲ့ ကောင်ပါ။

"နင် ... နင်နော်၊ နင့်နာမည်နဲ့လိုက်အောင် ငါ့ဆိုင်မှာလာ မမိုက်ရိုင်းနဲ့နော် ... ငါ့ဆိုင်ကိုတောင် တစ်စစီ ရိုက်ခွဲပစ်မလေးဘာလေးနဲ့ ... "

"ဒီမှာ ... မိုက်ရိုင်းဆိုတဲ့ကောင်က မိုက်သင့်တယ်ထင်မှ မိုက်တာ၊ ရိုင်းသင့်တယ်ထင်မှ ရိုင်းတာ၊ ဒီကောင်လေးဆီကယူသွားတဲ့ ပိုက်ဆံငါးထောင်ကို ခင်ဗျား ... အခု ပြန်ပေးမလား၊ မပေးဘူးလား ... "

"တောက် ... "

မိုက်ရိုင်း တကယ်လုပ်တော့မယ်ဆိုတာသိတော့မှ ... ဒေါ်ထက်ထိပ်ဖျား တက်တစ်ချက်ခေါက်ကာ ပိုက်ဆံအံဆွဲကို ဒိုင်းခနဲဆွဲဖွင့်သည်။ ဝိုင်းအုံကြည့်နေကြသည့်လူတွေအများကြီးရှေ့မှာ တစ်ထောင်တန်ငါးရွက်ကို ဆောင့်ကြီးအောင့်ကြီးပစ်ပေါက်လှမ်းပေး၏။

"ရော့ ... မိုက်ရိုင်း၊ နင်လိုအကောင်နဲ့ စကားများများမပြောချင်လို့ ငါပြန်ပေးလိုက်တာ၊ သွား ... သွား ငါ့ဆိုင်ထဲက နင်အမြန်ထွက်သွား ... "





သခင်ကလည်း ဆိုင်ရှေ့က ဆူဆူညံညံအသံတွေကြားနေရတာမို့ ဆိုင်ထဲကနေပဲ ခြေဖျားလေးထောက်ကာ မဝံ့မရဲလေးကြည့်မိသည်။

သခင့်နားထဲမှာကြားနေရတာက မိုက်ရိုင်းဆိုတဲ့ နာမည်ဆန်းဆန်းလေး။

ရင့်ကျူးက သခင့်ဆီ အပြေးအလွှားလာပြောသည်။

"သခင် ... မင်းထွက်ကြည့်စမ်း၊ မိုက်ရိုင်း ... မိုက်ရိုင်းက ဒေါ်ထက်ထိပ်ဖျားကို လာစိမ်ခေါ်နေတာ ... "

"မိုက်ရိုင်း ဟုတ်လား ... ဘယ်က မိုက်ရိုင်းလဲ"

"ခါးပိုက်နှိုက် ဖဲလိမ်ဝိဇ္ဇာကြီး ဦးမိုးကောင်းက လမ်းဘေးအမှိုက်ပုံမှာ အနီးလေးထုတ်ပြီး ပစ်ထားတာတွေ့လို့ မွေးစားခဲ့တဲ့ မိုက်ရိုင်းလေ ... သူက မဟုတ်မခံစိတ်ကလေးနဲ့ အရမ်းမိုက်လို့ သူ့ကို မိုက်ရိုင်းလို့ နာမည်ပေးထားတာ ... "

"ဟင် ... "

သခင် ကြောက်ကြောက်နဲ့ မျက်တောင်ရှည်လေးတွေ ပင့်တက်သွားသည်။ ဒါဆို ... အဲဒီမိုက်ရိုင်းဆိုတဲ့ကောင်လေးက သခင်နဲ့ဘဝတူပေ့ါ။ သခင့်လိုပဲ လမ်းဘေးမှာစွန့်ပစ်ခံခဲ့ရတဲ့ ကောင်လေးတစ်ယောက်ပေ့ါ။

ဘဝတူခြင်းမို့ မိုက်ရိုင်းကို သခင်စိတ်ဝင်စားသွားသည်။

ရင့်ကျူး မျက်နှာလေးကိုလည်း မျက်လွှာတွေပင့်ကာ သခင်မော့ကြည့်မိ၏။

"ဒီ ... နီကြောင်ကြောင် ဆံပင်လေးနဲ့ကောင်လေးကို အမှိုက်ပုံက ကောက်ရပြီးမွေးစားခဲ့တာ ဟုတ်လား ... "



www.burmeseclassic.com

www.burmeseclassic.com



ရင့်ကျူးကိုတစ်လှည့်၊ မိုက်ရိုင်းကိုတစ်လှည့် သခင်က ကြည့်ရင်း … စိတ်လှုပ်ရှားစွာ မေးမိသည်။

"ဟုတ်တယ်လေ … သခင်ရဲ့ ငယ်ငယ်တုန်းကဆိုရင် တို့မိုက်ရိုင်းက တစ်ရပ်ကွက်ထဲမှာ အတူနေခဲ့တာ၊ မဟုတ်မခံစိတ်ကလေးနဲ့ မိုက်ရိုင်းကဆိုးတာ၊ ခုတော့ … သူ့အဖွားကလည်းဆုံး၊ သူ့အဖေဦးမိုးကောင်းကလည်း ထောင်ထဲကိုရောက်သွားတော့၊ မိုက်ရိုင်းတစ်ယောက်တည်း လမ်းပေါ်မှာလျှောက်သွားနေတာ၊ တည်ရတုတို့လောက်ကို မိုက်ရိုင်းက စာမဖွဲ့ဘူး … ညအိပ်ရင်လည်း ဈေးရှေ့က မီးကင်းတဲကလေးမှာ မိုက်ရိုင်းအိပ်တာ … "

"အို … ကြည့်စမ်း … "

သခင် အံ့သြသွားရတာ ယုံတောင်မယုံနိုင်။

ရင့်ကျူးက မျက်တောင်လေးတဖျတ်ဖျတ်ခတ်လျှက် ဆက်ပြောသည်။

"အဲဒါနော် … အဲဒီမိုက်ရိုင်းဆိုတဲ့ကောင်လေးကို သူ့အဖေဦးမိုးကောင်းက ဖဲဝိုင်းတကာကိုလျှောက်ခေါ်သွားပြီး ဖဲလိမ်ရိုက်တဲ့ပညာတွေ၊ ခါးပိုက်နှိုက်တဲ့ပညာတွေ ငယ်ငယ်လေးကတည်းက သင်ပေးတာ၊ ဒါပေမယ့် … မိုက်ရိုင်းက သူ့အဖေသင်ပေးထားတဲ့ ပညာနဲ့ ပိုက်ဆံဘယ်တော့မှမရှာဘူး … ထမင်းစားစရာမရှိရင်လည်း အငတ်ခံပြီး ရင့်ကျူးတို့ရပ်ကွက်နားက မီးသတ်ရေကန်ကြီးပေါ်က ဇရပ်ပျက်ထဲမှာ တစ်ယောက်တည်းသွားအိပ်နေတာ … မိုက်ရိုင်းကိုတော့ အားလုံးကချစ်လည်းချစ်တယ်၊ ကြောက်လည်းကြောက်တယ်၊ သူ့ကို မဟုတ်တာပြောလို့ကတော့ ထောင်ကျကျ တန်းကျကျ မိုက်ရိုင်းက ရိုက်ပြီးသားပဲ … "





"ဟယ် … "

နှုတ်ခမ်းလေးဝိုင်းဟလျှက် မိုက်ရိုင်းကို သခင်ကြောက်သွားသည်။

"ကြည့်လိုက် … ကြည့်လိုက် မိုက်ရိုင်းကို မြင်ဖူးထားအောင် အခုတစ်ခါတည်းကြည့်ထားလိုက် … ဟိုမှာ … ဟိုမှာ ဆံပင်ရှည်လေးတွေ ဖရိုဖရဲနဲ့ တီရှပ်အနက်လေးဝတ်ထားတဲ့ အပြာရောင်မျက်ဝန်းလေးနဲ့ကောင်လေး … "

ကြည့်စမ်း …

ဆံပင်ရှည်လေးတွေ ဖရိုဖရဲလေးနဲ့ ပခုံးစွန်းလေးပေါ်ကို ပြိုကျနေတဲ့ အပြာရောင်မျက်ဝန်းပိုင်ရှင်လေးဟာ မိုက်ရိုင်းတဲ့။ အရပ်ကလေးကလည်းမြင့်မြင့်၊ သွယ်သွယ်လေးနဲ့ရယ်ပါလား။

"ဟွန်း … အလကားကောင်လေး … မိမဆုံးမ၊ ဖမဆုံးမ၊ လမ်းပေါ်မှာ ကလေကဝ ကြီးလာရတဲ့ကောင်ကများ၊ ဟဲ့ … ဆိုင်ထဲကဟာတွေအားလုံး မှတ်ထားကြနော် … အဲဒီမိုက်ရိုင်းဆိုတဲ့ ကောင်နဲ့ ရှုတ်ရှုတ်ယှက်ယှက်သွားမပတ်သက်ကြနဲ့၊ ဖဲသမားသား ခါးပိုက်နှိုက်သားက ကြီးကျယ်လို့ … "

နောက်ကနေ ခုန်ပေါက်ပြေးလိုက်လာသည့် စကားသံသွဲ့သွဲ့ကို ကြားလိုက်ရပေမယ့် နောက်ကို … မိုက်ရိုင်းလှည့်မကြည့်တော့ပါ။

ရီဝေသော မျက်ဝန်းလေးအစုံဖြင့် သခင်ငေးကြည့်လိုက်မိတာလည်း မျက်စိတဆုံးပင်။ ဆေးလက်စ ပန်းကန်တွေပေါ်မှာလည်း မိုက်ရိုင်းရဲ့ ခပ်မိုက်မိုက် ခပ်စွာစွာပုံရိပ်လေးက ဝေ့ဝေ့ဝဲဝဲကလေးလာထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေးကို လမ်းဘေးအမှိုက်ပုံမှာ ပစ်ထားခဲ့တာတဲ့။

ညအိပ်ရင်လည်း ဈေးရှေ့က မီးကင်းတဲကလေးပေါ်မှာ အိပ်ရတာတဲ့။

ဘဝတူချင်းမို့ ကိုယ်ချင်းစာမိသည့်စိတ်ကလေးက သခင့်ရင်ထဲမှာ တစ်ချက်တည်း စွဲသွားသည်။

ထိုကောင်လေးကို မျက်တောင်မခတ် စိုက်ကြည့်ရင်း သခင့်ဆံပင်ဖျားလေးထိပ်ကနေ ခြေဖျားလေးထိပ်အထိ အေးစက်သွားခဲ့ရတာကိုတော့ သခင် ... ဘယ်တော့မှ မေ့နိုင်မှာမဟုတ်တော့ပါ။

မိုက်ရိုင်းတဲ့လား ...

ဈေးထဲမှာ ဆန်ထမ်း ကုန်ထမ်းနဲ့ ဘဝကြမ်းကြမ်းကို ဖြတ်သန်းနေရတဲ့ကောင်လေးတဲ့လား ... ရင့်ကျူးရယ်။

## အခန်း(၄)

"ဟွန်း ... ကလေကချေလေး ..."

"မိမစစ် ဖမစစ်ကောင်လေး ..."

"ဟဲ့ ... ကားတိုက်ခံရလို့ သေသွားတဲ့ ဒီကောင်လေးရဲ့ မွေးစားအဖွားက ဒီကောင်လေး ညဘက်ပြန်မလာတာကိုလိုက်ရှာရင်းနဲ့ လမ်းပေါ်မှာကားတိုက်ခံရပြီး ဆုံးသွားတဲ့ မျက်မမြင်ဒုက္ခိတအဖွားကြီးဆို ..."

"ဟုတ်တယ်လေ ... အဲဒီအဖွားကြီးကပဲ မမြင်မစမ်းနဲ့ မိုက်ရိုင်းကို ဒီအရွယ်ထိရောက်အောင်မွေးလာတာ၊ မိုက်ရိုင်းကိုလည်း အဲဒီအဖွားစိတ်ထားဖြူက အရမ်းချစ်တယ် ... မိုက်ရိုင်းကလည်း သူ့အဖွားဖြူကို အရမ်းချစ်တယ် ... ဟိုတုန်းကဆိုရင် နေပူပူ မိုးရွာရွာ တုတ်ကောက်လေးတစ်ချောင်းနဲ့ ဟိုလူ့လိုက်မေး ဒီလူ့လိုက်မေး ... သူ့မြေးလေးကို အဖွားဖြူက အမြဲလိုက်ရှာနေတာ၊ သူ့အဖွားကားတိုက်ခံရပြီးဆုံးသွားကတည်းက လောကကြီးကို မိုက်ရိုင်းစိတ်နာသွားတာ၊ နေစရာမရှိလို့ ... ကြုံသလိုဖြစ်သလိုနေရပေမယ့် ဘယ်သူ့ကိုမှ မိုက်ရိုင်းက မတရားမလုပ်ဘူး ... သူ့ကို မတရားလုပ်လာရင်လည်း ဘယ်တော့မှ ခေါင်းငုံ့မခံဘူး၊ အခုလည်း ဒေါ်ထက်ထိပ်ဖျားသား တည်ရတုက မဟုတ်တာလုပ်သွားလို့ မိုက်



www.burmeseclassic.com

www.burmeseclassic.com



ရိုင်းက သွားစိမ်ခေါ်တာ ...”

ဒီလိုဝေဖန်နေတာတွေကိုလည်း မိုက်ရိုင်း ... မကြားချင်မှ အဆုံး။

ဒါပေမယ့် ... ဘယ်သူ့ကိုမှ မိုက်ရိုင်း ဂရုမစိုက်ပါ။

“ရော့ ... ဒီမှာ မင်းပိုက်ဆံငါးထောင် ...”

ဆံပင်ရှည်တွေကို ဖျတ်ခနဲ ဆတ်ခါလျှက် မီးကင်းတဲလေးပေါ် တင်ပါးလွှဲပစ်ထိုင်ရင်း ပိုက်ဆံငါးထောင်ကို ကြမ်းပြင်ပေါ် ပစ်ချပေးတော့ ... ကြည်သာဆိုတဲ့ကောင်လေးက လက်တုန်တုန် လေးနဲ့ လှမ်းယူသည်။

“ကျေး ... ကျေးဇူးပဲ ... ကိုရိုင်းရာ ...”

“ဟေ့ကောင် ... မင်းငါ့ကိုဘာမှ ကျေးဇူးတင်မနေနဲ့ ... နောက်တစ်ခါ ဖဲရိုက်တာတွေ့ရင် မင်းကိုစုတ်ပြတ်သတ်သွားအောင် ငါဆွဲထိုးမယ် ... ရှင်းတယ်နော်၊ ငါနာမည်မိုက်ရိုင်း၊ လူတွေကို စိတ် နာလို့ လမ်းပေါ်ကို ငါတက်လာတာ ...”

“ဟွန်း ...”

ပြောရင်း နှုတ်ခမ်းထောင့်စွန်းလေးတစ်ဖက်ကိုပါ မိုက်ရိုင်း က မဲ့ထားလျှက် ... ကြည်သာ ခေါင်းကလေးကိုငုံ့ချပစ်ကာ မိုက် ရိုင်းရှေ့မှာ လက်ကလေးပိုက်,ရပ်သည်။

“ကို ... ကိုရိုင်းက လူတွေကို ဘာဖြစ်လို့စိတ်နာတာလဲ”

“ဟေ့ကောင် ... ပိုက်ဆံရှိတဲ့လူတွေက ပိုက်ဆံမရှိတဲ့လူ တွေကို အဆင့်အတန်းခွဲလို့ ... လူတွေကို စိတ်နာတာပေါ့ကွ၊ ငွေ မျက်နှာတစ်ခုတည်းကိုကြည့်ပြီး ပြုံးပြနှုတ်ဆက်နေတဲ့သူတွေအား လုံးကို ငါမုန်းတယ် ... ဒေါ်ထက်ထိပ်ဖျားကိုပဲ မင်းတို့ကြည့်ပါလား၊





အလကားမိန်းမကြီး ... ဟွန့် ...”

ပိုက်ဆံပြန်ပေးလိုက်လို့ပေ့ါ ...

မပေးလို့ကတော့ မိုက်ရိုင်းတို့က မိုးကိုမီးနဲ့တက်ရှို့ပြီးသား။

“ဟုတ်တယ်နော် ကိုရိုင်း ... ဒီပိုက်ဆံပြန်ရတာလည်း ကိုရိုင်း ပြန်တောင်းပေးလို့ရတာ ... ကျွန်တော် နောက်ဘယ်တော့ မှ ဖဲမရိုက်တော့ပါဘူး ...”

“လိမ္မာစမ်းပါ ငါ့ညီရာ ... မင်းတို့ဆို အဖေရင်း အမေရင်း တွေနဲ့ ဘဝကိုရှိရှိ မရှိရှိ ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းရတာပါ ... ငါက မင်းတို့လိုမဟုတ်ဘူး ... ငါ့မွေးစားအဖေက ထောင်ကျ၊ ငါ့အဖွားက ကားတိုက်ခံရလို့ဆုံး၊ ငှားနေတဲ့အိမ်စုတ်ကလေးက မီးလောင်၊ ဒီလို နဲ့ပဲ လမ်းပေါ်ကို ငါရောက်သွားခဲ့တာ ...”

“ကိုရိုင်းရဲ့ အဖေရင်းအမေရင်းတွေကို ကိုရိုင်းမသိဘူးလား”

“အဲဒါ ... ငါစိတ်မဝင်စားဘူး ...”

“ဗျာ ...”

မေးလို့သာ ဖြေလိုက်ရပေမယ့် ... မိုက်ရိုင်းမျက်ဝန်းလေး တွေက နာကျင်သွားသည်။

မသိချင်ပါ။

ပစ္စုပ္ပန်ကို သယ်မလာသင့်သည့်အကြောင်းအရာတွေကို အတိတ်မှာပဲထားခဲ့တာ မိုက်ရိုင်းအပြစ်လား ... မိုက်ရိုင်းစိတ်ဝင် စားတာ ဘဝကို ဘယ်လိုပုံစံနဲ့ဆက်ပြီးတော့ အသက်ရှင်ရမလဲ။ မိုက်ရိုင်းဘာတွေလုပ်ရင် ကောင်းမလဲ။

ကြည်သာ ပြန်သွားတော့မှ စားနေကျ လမ်းဘေးထမင်း ဆိုင်လေးကို မိုက်ရိုင်းရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထက်ထိပ်ဖျားထမင်းဆိုင်က အဝစားတစ်ထောင်မို့ အဝစားခြောက်ရာ ဒီထမင်းဆိုင်လေးကိုပဲ နေ့စဉ်ရွေးချယ်ကာ မိုက်ရိုင်းစားနေခဲ့ရတာဖြစ်သည်။

"ငါးဖယ်ကြော်နဲ့တစ်ပွဲပေး ... "

"အမလေးဟယ် ... ငါကဘယ်သူလဲလို့ ... "

ရွှေနှင်းဆီ ဖျတ်ခနဲမော့ကြည့်ရင်း မိုက်ရိုင်းကိုမြင်တော့ ရုတ်တရက် လန့်သွားသည်။ စောစောကပဲ ဒေါ်ထက်ထိပ်ဖျားလို အာကျယ်မထမင်းဆိုင်မှာ ခပ်မိုက်မိုက်သွားစိမ်ခေါ်ထားတဲ့မိုက်ရိုင်းက အခုမှ ... ဘယ်ကထွက်လာတာလဲ။

"နင် ... နင် စောစောက ဒေါ်ထက်ထိပ်ဖျားထမင်းဆိုင်မှာ ပြဿနာသွားရှာသေးတယ်ဆို"

အိုးတွေလှန်ကာ ထမင်းထည့်ရင်း ရွှေနှင်းဆီ မေးမိသည်။ စပ်စုတာမဟုတ်ပေမယ့် ရွှေနှင်းဆီ ... သိချင်လို့ပါ။

"ဟာ ... အဲဒါ ခင်ဗျားစိတ်မဝင်စားနဲ့လေ ... "

မိုက်ရိုင်းက ဒါကိုမဖြေချင်ပါ။

"ဟဲ့ ... စိတ်ဝင်စားလို့မေးတာ မဟုတ်ဘူးလေ၊ မိုက်ရိုင်းရဲ့ နင့်အတင်းတွေကို ပွထနေအောင် ဈေးထဲမှာ ဒေါ်ထက်ထိပ်ဖျား လိုက်ပြောနေလို့ နင့်ကိုငါမေးတာ"

ဒါကိုလည်း မိုက်ရိုင်း စိတ်မဝင်စား။

"နင့်ကို ထောင်ထဲထည့်ပစ်မယ်တဲ့ ... "

"ဟွန်း ... "

နှုတ်ခမ်းလေးကိုတွန့်ပြီးတော့တောင် မိုက်ရိုင်းပြုံးလိုက်မိသေး၏။

ဗိုးလပြည့်စာပေ



လူတွေကို မိုက်ရိုင်းစိတ်နာခဲ့ရတာတွေကလည်း အဲဒါတွေပါ။

အဖွားဖြူကလည်း မိုက်ရိုင်းကို ခဏခဏပြောဖူးသည်။

"ဖွားစကားကိုနားထောင်နော် မြေးလေး ... လူဆိုတာ မာနရှိရတယ် ... သူတို့တွေမှာ ပိုက်ဆံတွေဘယ်လောက်ပဲချမ်းသာနေနေ မြေးလေး မျက်နှာငယ်ငယ်လေးနဲ့ အောက်ကျခံနေစရာ မလိုဘူး၊ မှန်တာလုပ်ပြီး ဟုတ်တာပြောတာပဲ ... ဖွားကလိုချင်တယ်၊ ပိုက်ဆံရှိတဲ့လူက ပိုက်ဆံမရှိတဲ့လူကို အထင်သေးတာ လောကဓမ္မတာပဲ ... သူတို့ကို မြေးလေးဘယ်တော့မှ အရှုံးမပေးနဲ့"

ဖွားက တတွတ်တွတ်တဖွဖွ သတိပေးခဲ့တာပါ။

သည်တုန်းကတော့ ပေနှစ်ဆယ်ပေခြောက်ဆယ် သွပ်မိုးပျဉ်ကာ အိမ်ငှားကလေးနဲ့။ သည်အိမ်ကို အနှီးထုတ်ကလေးနဲ့ မိုက်ရိုင်းစရောက်လာတဲ့နေ့ကဆို အဖွားဖြူမှာ ပျော်လို့မဆုံး။ နီတာရဲကလေးပေါက်စလေးကိုကြည့်ကာ ဂရုဏာသက်လို့မဆုံး။ သည်တုန်းက ဖွားမျက်လုံးတွေ မကွယ်သေးပါ။

"အမလေး ... မိုးကောင်းရယ် ကလေးလေးက ယောက်ျားလေးပါလားမိုးကောင်းရဲ့ ... ဒါ ... ဒါ ဝေလီဝေလင်းအချိန်လောက်ကမှ အမှိုက်ပုံမှာ လာပစ်သွားတာပဲဖြစ်ရမယ် ... ကြည့်ပါဦး ... ကလေးက အင်္ဂါစုံစုံလေးနဲ့ ရုပ်ရည်သန့်သန့်လေး၊ မျက်ခုံးတန်းလေး နှစ်ဖက်ကလည်း ဆေးနဲ့ဆွဲထားသလို ထင်းနေတာပဲ ... ပေး ... ပေး၊ ငါ့ကိုပေး ... ဒါ ... ဒါ ... ငါ့မြေးလေး၊ ဒီကလေးကို ငါပဲမွေးမယ် ... "

ပုခက်ဆင်တော့လည်း ဖွားဖြူ။

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နို့ဗူးလေးပြေးဝယ်ပြီး ဖျော်တိုက်တော့လည်းဖွားဖြူ။

ခါးပိုက်နှိုက် ဖဲလိမ်ဝိဇ္ဇာ ဦးမိုးကောင်းကလည်း ကလေးကို ကြည့်ကာ တပြုံးပြုံးနဲ့ပါ။ အိမ်ထောင်မရှိသူမို့ ကလေးရလိုက်တာကို ပဲ မိုးနတ်မင်းကြီးတွေကပေးတဲ့ ဆုလာဘ်တစ်ခုအလား။

"ဟား ... ဟား ... ဒီကောင်ကြီးရောက်လာတော့ အမေ အိမ်မှာမပြင်းရတော့ဘူးပေါ့ ... သင်ပေးမယ် ... သင်ပေးမယ် ... ငါတတ်ထားတဲ့ပညာတွေ အကုန်လုံးမင်းကိုသင်ပေးမယ် ... "

ဦးမိုးကောင်းကပြောတော့ ဖွားဖြူက မျက်စောင်းတစ္ဆယ် ရွယ်။

"ဟွန်း ... မိုးကောင်းနော် ... နင့်ဆီက အတတ်ကောင်း တွေ ငါ့မြေးလေးကိုသင်ပေးစရာမလိုပါဘူးဟဲ့ ... ငါ့မြေးလေးက ကံကြီးလို့ ငါ့ဆီရောက်လာတဲ့ကလေး ... ဆံပင်ခွေခွေလေးနဲ့ ကြီး လာရင် တအားချောမယ့်ကောင်လေး ... ဘယ်သူတွေကများ ဒီ ကလေးကို ရက်ရက်စက်စက်ပစ်သွားရတာလည်း မသိပါဘူးနော်"

ကလေးကိုကြည့်ရင်း ကလေးပစ်သွားတဲ့မိဘတွေကို တဖြစ် တောက်တောက်နဲ့ ဖွားဖြူအပြစ်တင်လို့မဆုံး။ ပြောရရင် ဖွားဖြူ မွေးခဲ့တာလည်း သားမိုက်ကြီး မိုးကောင်းတစ်ယောက်တည်းပါ။

ဒီကောင်က ဒုစရိုက်သမား။

သူ့ရှာလို့ရတာလည်း ဖွားဖြူကမစားချင်။

ဒါကြောင့် ... ရပ်ကွက်ထဲက အိမ်တွေမှာ ခိုင်းသမျှဖွားဖြူ လိုက်လုပ်သည်။ အဝတ်လျှော်ဆိုလည်း ဖွားဖြူ တကုတ်ကုတ်နဲ့ လျှော်တာပဲ ... ထမင်းချက်ပေးဆိုလည်း ဖွားဖြူဝင်ချက်ပေးတာပဲ။

"အမေ ... ထမင်းစားပြီးပြီလား ... "





"စားပြီးပြီ ... "

မိုးကောင်းက ဖွားဖြူကိုစားစေချင်လို့ ဘာတွေပဲဝယ်လာ ဝယ်လာ ဖွားဖြူက မိုးကောင်းဝယ်လာတာတွေကို လှည့်တောင် မကြည့်။

"မိုးကောင်းနော် ... သူများဆီက မတရားရလာတဲ့ပိုက်ဆံ တွေနဲ့ နင် ... ငါ့ကို ဘာမှလာမကျွေးနဲ့၊ အခု ... ငါ့မြေးလေးက လူမှန်းသိလာပြီဟဲ့ ... သူ့ကို ဖဲသမား၊ ခါးပိုက်နှိုက်သမားလို့ပြော ရင် မျက်နှာလေးငယ်ငယ်သွားတာ နင်သိရဲ့လား၊ အဲဒါ ... ညအိပ် ရင်လည်း တရှုံ့ရှုံ့လေးနဲ့ငိုနေရော ... ပြောတဲ့သူကိုလည်း ငါ့မြေး လေးက လက်သီးနဲ့လိုက်ထိုးတယ် ... အဲဒါ သူ့ရှက်လို့နေမှာပေါ့၊ နောက်တစ်ခါ ဖဲဝိုင်းတွေသွားရင် ငါ့မြေးလေးကို မခေါ်သွားနဲ့"

မိုက်ရိုင်း ခြောက်နှစ်သား ခွန်နှစ်နှစ်သားအရွယ်မှာ ဖွားဖြူ ပြောခဲ့တာ။

တကယ်လည်း ... ဒါတွေကို မိုက်ရိုင်း မမေ့ခဲ့ပါ။

အဖေဟာ ဖဲသမား၊ ခါးပိုက်နှိုက်သာဆိုတယ် အပြင်ကိုသွား တိုင်း ကော်လံပြတ်ရှပ်အင်္ကျီအဖြူရောင်နဲ့ ချည်ပုဆိုးကို ကော့နေ အောင် မီးပူထိုးပြီးမှ တကယ့်လူကြီးလူကောင်းပုံစံမျိုးနဲ့ ထွက်သွား တတ်တာ။ တခြားဒုစရိုက်သမားတွေလို မုတ်ဆိတ်မွေး၊ နှုတ်ခမ်း မွေးတွေက အဖေ့မျက်နှာပေါ်မှာမရှိ။

အဖေ့ကိုကြည့်လိုက်တိုင်း ... တည်တည်ငြိမ်ငြိမ်ပုံစံနဲ့ အမြဲ ကော့နေတာ။ ဆံပင်ကိုလည်း ဆီအရွှဲသား ... တိတိပပ အခွဲသားနဲ့ အဖေ့လောက် သန့်သန့်လေးနေတတ်တာပင်မရှိ။

ဖွားဖြူကတော့ သားကိုမနိုင်လို့သာ စိတ်လျှော့လွှတ်ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတာ။ မိုးကောင်း ဆင်သမျှ၊ ပေးသမျှ၊ ကျွေးသမျှတွေအားလုံး ဘာတစ်ခုမှ ... စိတ်လိုလက်ရ လက်ခံထားခဲ့တာ မရှိပါ။

"အလကားကောင် ... တစ်နေ့ကျမှ ဒုက္ခလှလှတွေ့ပြီး ထောင်ထဲဝင်ရမယ့်ကောင် ... ငါ့မြေးလေး သူ့လိုမဖြစ်စေနဲ့ကြား လား ... မတော်မတရားရတဲ့ ပိုက်ဆံကို ဖွားမစားချင်ဘူး ... သား လည်းမစားနဲ့၊ ဖွား ... ကျွေးမယ်၊ ဖွားရတဲ့ ဖြူဖြူစင်စင်ပိုက်ဆံ လေးနဲ့ မြေးလေးကို ကျောင်းထားမယ် ..."

ကျောင်းထားတော့လည်း ဘယ်သူနဲ့မှ မိုက်ရိုင်းမတည့်။

"ဟေ့ကောင် ... မင်းက ဖဲသမား၊ ခါးပိုက်နှိုက်ကြီးရဲ့သားတဲ့ အဲဒါ ... ဟုတ်လား ..."

"ဒီကောင့်ကို မခေါ်နဲ့ကွ ..."

"လာကြဟေ့ ... ဒီကောင်မပါဘဲ တို့ဘာသာတို့ ဘောလုံး ကန်ကြမယ် ..."

လွယ်အိတ်ကြိုးကလေးကို ခပ်တင်းတင်းကလေး ဆုပ်ကိုင် ကာ ဘောလုံးကွင်းဘေးမှာ ပေစောင်းစောင်းလေးရပ်ရင်း မျက်ရည် ဝဲခဲ့ရတဲ့ မိုက်ရိုင်း။

"ဘာပြောတယ် ... အောင်သူငြိမ်း လွယ်အိတ်ထဲက နှစ်ရာ တန်လေးတစ်ရွက် ပျောက်သွားတယ်ဟုတ်လား ..."

"အဲဒါ ... မိုက်ရိုင်းခိုးတာ ..."

"ငါ ... ငါ မခိုးဘူးနော် ..."

အတန်းထဲမှာ ပိုက်ဆံပျောက်ရင်လည်း မိုက်ရိုင်း။

"ဟေ့ကောင် ... မင်းဘာလို့မခိုးရမှာလဲ၊ မင်းတို့အိမ်က မုန့် ဖိုးမပေးနိုင်လို့ မင်းခိုးတာ ..."





"ငါမခိုးဘူးလို့ မင်းတို့ကိုပြောနေတာ မရဘူးလား ..."

"မရဘူး ... မင်းသူခိုးပဲ ..."

အားလုံးအလယ်မှာ ဖြူဖျော့အေးစက်နေတဲ့ မျက်ဝန်းတွေ နဲ့။

"သူခိုး ..."

"မိုက်ရိုင်း သူခိုး ..."

"မင်း ... မင်းတို့နော်၊ ငါမခိုးဘဲနဲ့ ခိုးတယ်ပြောရင် မင်းတို့ အားလုံးကို ငါဆွဲထိုးမှာနော် ..."

"အောင်မယ် ... မင်းက ထိုးရအောင် လူမိုက်လား ..."

လွယ်အိတ်လေးကို စလွယ်သိုင်းပြောင်းလွယ်ရင်း မခံချင် စိတ်တွေနဲ့ အသားတွေ တဆတ်ဆတ်တုန်လျက် အများနဲ့တစ် ယောက် ထိုးကြကြိတ်ကြတော့ ကျောင်းအုပ်ကြီးရုံးခန်းထဲရောက် သွားပြီး ... နားရွက်ဆွဲ၊ ထိုင်ထ,လုပ် အပြစ်ပေးခံရတာလည်း မိုက်ရိုင်းပါ။

"အဲဒီ ... မိုက်ရိုင်းဆိုတဲ့ကောင်လေးက နာမည်နဲ့လိုက် အောင် အရမ်းမိုက်ရိုင်းတယ် ... သူထိုးတာ အောင်သူငြိမ်းဆိုတဲ့ ကောင်လေး၊ နှုတ်ခမ်းကွဲသွားတယ်လေ ... အခုလည်းကြည့်ပါ လား၊ ထိုင်ထ,လုပ်နေတာတောင် မျက်နှာထားက ဒီလောက်မာ နေတာ ..."

တကယ်တော့ ... မခိုးဘဲနဲ့ ခိုးတယ်ပြောလို့ မိုက်ရိုင်းထိုး ပစ်တာ။

"အို ... ဖွားမြေးလေး ကျောင်းမှာရန်ဖြစ်တာ ထိုင်ထ,လုပ် ရတယ်ဟုတ်လား ... ပြောစမ်း ... ဖွားမြေးလေးကို မခံချင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေက ပြောလို့လဲ ... ”

“သားကို သူခိုးစွပ်စွဲလို့ ... ”

“ဘာပြောတယ် ... ”

“မဟုတ်တာပြောရင် သားမခံချင်ဘူး ... သားကို ခါးပိုက်နှိုက်သား၊ ဖဲသမားသားဆိုပြီးတော့လည်း သူတို့က ဝိုင်းနှိမ်ကြတယ်၊ သားကြီးလာလို့ အဲဒီလိုလာပြောရင် သားကတုတ်နဲ့ရိုက်မှာ ... ”

“ဘုရား ... ဘုရား ... ”

အဲဒီလို မဟုတ်မခံစိတ်လေးနဲ့ အရွယ်ရောက်လာခဲ့ရတဲ့ မိုက်ရိုင်း ...

ကိုယ်က ဘယ်သူမှ သွားမစော်ကားသလို ကိုယ့်ကိုစော်ကားလာရင်လည်း ခေါင်းငုံ့မခံတတ်တာ မိုက်ရိုင်းပါ။ ထိုအချိန်မှာပဲ ငှက်ဖျားရောဂါကို အပြင်းအထန်ခံစားရရင်း ... အမြင်အာရုံကြောတွေထိကာ ဖွားမျက်လုံးတွေကွယ်ခဲ့ရပြီ။

“မြေးလေးရယ် ... မြေးလေးကိုဖွားမမြင်ရတော့ဘူး၊ ကြည့်စမ်း ... ဖွားမြေးလေး ဆံပင်တွေရှည်နေပြီထင်တယ်”

ဆံပင်ရှည်တွေကို စမ်းတဝါးဝါးလက်ကလေးဖြင့်စမ်းရင်း ဖွားဖြူ ခံစားရတာက ရင်ထုမနာ။

လူပျိုပေါက်ကလေးဖြစ်လာပြီဆိုတော့ မြေးလေးအရပ်ကလေးကပါ မြင့်လာပြီပေါ့။ ပခုံးထိဝဲကျနေတဲ့ ဆံပင်ရှည်လေးတွေ တယမ်းယမ်းနဲ့ လမ်းထိပ်အုတ်ခုံလေးမှာထိုင်ပြီး မြေးလေးဂစ်တာ ခေါက်တတ်လာပြီပေါ့။

ဒါကို ... ဖွားဖြူ မြင်ချင်ပေမယ့် မြင်ခွင့်မရှိတော့ပါ။

ညဦးနက်သန်းခေါင်ရောက်တဲ့အထိ မြေးလေးပြန်ရောက်





မလာရင် တုတ်ကောက်တစ်ချောင်းနဲ့ မြေကြီးကို တဒေါက်ဒေါက်ထောက်ချရင်း ဖြတ်သွားဖြတ်လာ ခြေသံကြားရသမျှလူတွေကို ဖွားဖြူမှာ လိုက်မေးရတာအမော။

“ဖွားမြေးလေး ... မိုက်ရိုင်းကို တွေ့မိကြသလားဟင်”

“မြေးလေး ပြန်မလာသေးလို့ ဖွားလိုက်ရှာနေတာပါ”

ဒီလိုမေးရင်လည်း အဆင့်အတန်းခွဲချင်သည့်လူတွေက ...

“အမလေး ... ဖွားစိတ်ထားဖြူရယ် ... ထစ်ခနဲဆို ရပ်ကွက်ထဲ၊ လမ်းထဲမှာ ရိုက်ပွဲ ထိုးပွဲတွေဖြစ်နေတဲ့ မိုက်ရိုင်းလိုကောင်မျိုးကိုများ သံယောဇဉ်တွယ်ပြီး လိုက်ရှာနေရသေးသလား၊ ဒီကောင်လေးက အချိန်တန်ရင် သူ့အဖေလိုပဲ ထောင်ထဲရောက်သွားမယ် ကောင်လေး ... ”

ဒီလိုပြောသွားတာတွေ ရှိသလို ...

“ဟာ ... တွေ့တယ်ဖွား ... မိုက်ရိုင်းကို ကျွန်မတွေ့တယ်၊ အမူးသမားကြီးတစ်ယောက် လမ်းဘေးမှာလဲနေလို့ သူ့အိမ်ကို မိုက်ရိုင်းလိုက်ပို့ပေးနေတာ ... ဖွားမပူနဲ့ မိုက်ရိုင်းပြန်လာလိမ့်မယ်”

အကြောင်းသိသူတွေကတော့ မိုက်ရိုင်းဘက်က ဖေးဖေးမမ။

တကယ်ဆို ... မျက်မမြင် ဒုက္ခိတအဖွားကို မိုက်ရိုင်းက ရှာကျွေးနေတာပါ ... ။

“လုပ်ပါ ဦးညိုရာ ... ခင်ဗျားဆိုက်ကားကို ညဘက်လေးမှာ ကျွန်တော်နင်းပါရစေဗျာ ... ဖွားကို ကျွန်တော်လုပ်ကျွေးချင်လို့ပါ၊ ဖွားသိရင် ကျွန်တော့်ကိုဆူမှာစိုးလို့ ... ဖွားမသိအောင် ညဘက်မှာ ဆိုက်ကားထွက်နင်းချင်တာပါ ... ”



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ဖွားက ဆူခဲ့တာ မဟုတ်လား ...

အစားအသောက်တွေဝယ်လာတိုင်းလည်း မျက်ရည်ဝဲဝဲလေးနဲ့။

"ဟင် ... မြေးလေး ဘာတွေဝယ်လာတာလဲ၊ ဖွားမစားဘူးနော်၊ မြေးလေးရှာလာတာကို ဖွားမစားရက်ဘူး ... "

ခေါင်းကို အဆက်မပြတ်ခါရင်း မျက်ရည်စက်တွေက ဖွားပါးပြင်ပေါ်ကို တစ်ပေါက်ချင်းစီးကျလာတာ ဘာပဲပြောပြော အမိုက်ပုံဘေးက ကောက်ရလာသည့် သွေးမတော်သားမစပ် မြေးလေးပေမယ့် ... ဖွားဖြူရဲ့ နှလုံးသည်းပွတ်ထဲက စီးစိမ့်ကျလာသည့် သွေးစက်များကဲ့သို့ မြေးလေးကို အသည်းပေါက်မတတ်။ ဖွားဖြူက ချစ်ခဲ့သည်။

သို့သော် ... ဒါတွေအားလုံးကို အဆုံးသတ်ပစ်ခဲ့တာကတော့။

တစ်ညမှာ မိုက်ရိုင်းပြန်ရောက်မလာလို့ တုတ်ကောက်တစ်ချောင်းနဲ့ လမ်းပေါ်မှာ စမ်းတဝါးဝါးလိုက်ရှာလိုက်မေးရင်း ကားတစ်စီးက ဖွားဖြူကို ရက်ရက်စက်စက် တိုက်ချပစ်လိုက်တာပါပဲ။

အဖေက ထောင်ကျ။

ဖွားက ပွဲချင်းပြီးဆုံးနဲ့ ...

စိတ်တွေလေပြီး လမ်းပေါ်ကို မိုက်ရိုင်းရောက်ခဲ့သည်။

"ဟဲ့ ... မိုက်ရိုင်း၊ စားလေ ... နင်တစ်ယောက်တည်း ဘာတွေငိုင်ပြီး စဉ်းစားနေတာလဲ ... ဒီမှာ ငါးဖယ်ကြော်၊ ကြက်သားအနှစ်ကလေးလည်း ငါထည့်ပေးထားတယ်"

မရွှေနှင်းဆီအသံကြားမှ ပတ်ဝန်းကျင်ကို မိုက်ရိုင်းပြန်သတိ





ရသည်။

ဘယ်လိုမိုက်ရိုင်းလဲ ...

ဆိုင်မှာ စားနေကျကောင်လေးမို့ မိုက်ရိုင်းကို ရွှေနှင်းဆီကလည်း ခင်ပါသည်။ လာစားတိုင်းလည်း စကားတစ်လုံးမှမပြော။ စားပြီးတာနဲ့ ကျသလောက်ကို ပစ်ချပေးကာ တည်တည်တင်းတင်းကလေး လှည့်ထွက်သွားတတ်သူ။

မျက်လုံးပြာကလေးနဲ့ ...

အဖျားလေးညွတ်ကာ စင်းကော့နေတဲ့ မျက်တောင်ရှည်တွေနဲ့။

ဒီဈေးနားတဝိုက်မှာတော့ မိုက်ရိုင်းကို မသိတဲ့လူတစ်ယောက်မှမရှိပါ။ ဟိုကလာခေါ်ခိုင်းလိုက် ... ဒီကလာခေါ်ခိုင်းလိုက်နဲ့။

လူတွေခိုင်းသမျှကို ထမ်းဟယ်ပိုးဟယ်နဲ့ လုပ်ပေးနေရှာရတဲ့ကောင်လေး။

"စားလေ ... မိုက်ရိုင်း၊ ထမင်းထပ်ထည့်ဦးလေ ... "

"တော်ပြီဗျာ ... "

လက်ဆေးပြီးတာနဲ့ ဘောင်းဘီအိတ်ကလေးထဲကနေ ကျသင့်ငွေကို နှိုက်ထုတ်ပြီး မိုက်ရိုင်းပေးသည်။

"ဟဲ့ ... မိုက်ရိုင်း ... "

"ဟင် ... ဒေါ်ပူစူးမ ... "

မီးသွေးဆိုင်က ဒေါ်ပူစူးမ ...

မထင်မှတ်ဘဲ ထမင်းဆိုင်က လှည့်အထွက်မှာ တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... နှင့်ကို လိုက်ရှာနေတာ ဒေါ်ထက်ထိပ်ဖျား ထမင်းဆိုင်ကို မီးသွေးငါးအိတ် ထမ်းပို့ပေးစမ်း ... ဟိုမှာ မီးသွေးကုန်နေလို့တဲ့ ... "

"ဗျာ ... "

တအံ့တသြ ရေရွတ်လိုက်သံလေးနဲ့အတူ။

မိုက်ရိုင်း ... နှုတ်ခမ်းလေးက ဟွန့်ခနဲ တွန့်သွားသည်။

စောစောကပဲ ပြဿနာတက်ထားတဲ့ဆိုင်ကို ...

ခုတစ်ခေါက် ပြန်သွားရဦးမတဲ့။

ဒါ ... မိုက်ရိုင်းရဲ့ဘဝပဲ။

ဘယ်တတ်နိုင်မလဲ ... ။

## အခန်း (၅)

"မောင့်သခင် ... ဟုတ်လား ... "

အခုမှ အပြင်ကပြန်ရောက်လာတဲ့ တည်ရတုက သခင့်ကို တွေ့သွားခဲ့တာပဲဖြစ်သည်။ နှုတ်ခမ်းထောင့်စွန်းလေးတစ်ဖက် ကွေးချိတ်သွားအောင်လည်း တည်ရတု ပြုံးလိုက်မိ၏။ နာမည်ကိုလည်းမေး ... မောင့်သခင်ဆိုသည့် ကျစ်ဆံမြီးနှစ်ခွနဲ့ ကောင်မလေးရှေ့ဆက်သွားလို့မရအောင်လည်း လက်ဆန့်တန်းကာ လှမ်းတားသည်။

ပြီးတော့မှ မျက်တောင်တွေကို ဖျတ်ခနဲပင့်တင်ကာ ...

"နေဦး ... မောင့်သခင် ... "

"ဟင် ... "

လှမ်းလက်စ,ခြေလှမ်းကလေးရပ်ပြီး ... သခင်မော့ကြည့်လိုက်မိတာ အသက်ရှူရပ်သွားလုနီးပါး။

ဘယ်သူလဲဟင် ...

သခင်ရှေ့မှာ လက်ဆန့်တန်းပြီး ပိတ်ရပ်နေတာ ဘယ်သူလဲ။

သခင် မျက်နှာလေးဖြူဖျော့ပြီး ရင်တွေတုန်သွားတာ ရပ်နေလို့တောင်မရ။



www.burmeseclassic.com

www.burmeseclassic.com



အလည်ခွဲဆံပင်ရှည် အုပ်အုပ်ခဲခဲနဲ့ အပေါ်မှာဝတ်ထားတာ အကြောင်အကျားရှပ်လက်တိုအပွ အောက်မှာက ဘောင်းဘီရှည် အကျပ်နဲ့ တားလိုက်တာက ပိုင်စိုးပိုင်နင်း မျက်နှာထားနဲ့အပြုံးက စီးစီးပိုးပိုး။

သခင်ကြောက်ပြီး မျက်လွှာကို ကပျာကယာသိမ်းချပစ်လိုက်ရသည်။

"ကိုယ်က တည်ရတုပါ ..."

ဘုရားရေ ...

တည်ရတု ... တဲ့။

"မင်း ... မျက်နှာလေးကို မော့ထားစမ်းပါ ... မောင့်သခင်ရယ် ..."

"အို ..."

လက်သွက်ခြေသွက်နဲ့ သခင့်မေးဖျားချွန်ချွန်လေးကို ဆတ်ခနဲကိုင်ကာ သခင့်မျက်နှာလေးကို ဆွဲမော့ပစ်လိုက်တာက အတင့်ရဲလွန်းလှသည်။ သခင် ... ကြောက်ပြီးနောက်ဆုတ်ဖို့ ခြေလှမ်းပြင်လိုက်တော့ လက်ကိုပါ လှမ်းဆွဲ၏။ ဘာပဲပြောပြော ဒီလိုလုပ်တာကိုတော့ သခင်လက်မခံနိုင်ပါ။

ဆိုင်နောက်ဖေးခန်းမှာရှိနေသည့် အလုပ်သမားတချို့ကလည်း သခင်တို့နှစ်ယောက်ကို လှမ်းကြည့်နေကြသည်။ သခင့်လက်ကိုပြန်ရုန်းပြီး တောင်းပန်တော့လည်းမရ။

"အဟင့် ... မလုပ်ပါနဲ့"

"ကိုယ် ... မင်းကို စိတ်ဝင်စားလို့ပါကွာ ..."

"ဘေးကိုနော် ... ဘေးကို ..."





"ဟာ ... ဟော့ကောင် ... မင်း ..."

မီးသွေးအိတ်နှစ်အိတ်ကို ဆင့်ထမ်းရင်းဝင်လာသည့် မိုက်ရှိုင်းက တည်ရတုပခုံးကို တိုက်ချပစ်ရင်း မီးသွေးအိတ်တွေကိုပါ နောက်ဖေးမှာ ဘုန်းခနဲ ပစ်ချသည်။

တွေ့သားပဲ ...

ထမင်းဆိုင်ထဲက အလုပ်သမားကောင်မလေးတစ်ယောက်ကို တည်ရတုဆိုတဲ့ကောင်က ဆွဲလားရမ်းလားလုပ်နေတာ။

"တောက် ... မင်းဘာလုပ်တာလဲ မိုက်ရှိုင်း ..."

တစ်ကိုယ်လုံးမှာ ပေသွားသမျှတွေကိုခါချရင်း တည်ရတုဒေါသမျက်ဝန်းအကြည့်တွေက မိုက်ရှိုင်းဆီကိုရောက်သည်။ ဖြစ်ချင်တော့ ဆွဲလားရမ်းလားလုပ်နေသည့် ကောင်မလေးနဲ့ တည်ရတုတို့နှစ်ယောက်ကြားထဲကို မီးသွေးအိတ်ထမ်းပြီးအဖြတ်မှာ ... ကောင်မလေးရဲ့ အင်္ကျီလက်မောင်းတစ်ဖက်က မီးသွေးအစွန်းနဲ့မတော်တဆထိမိကာ ပြဲသွားသည်။

"ဟိုမှာ ... မင်းလုပ်တာ သခင်အင်္ကျီလေးပြဲသွားပြီကွ"

မိုက်ရှိုင်း ...

စောစောကပဲ ဒေါ်ထက်ထိပ်ဖျားကိုစိမ်ခေါ်ပြီး ဆိုင်ထဲကပြန်ထွက်သွားခဲ့သည်။ သခင်နဲ့ရွယ်တူ မိုက်ရှိုင်းဆိုတဲ့ကောင်လေး။ ဆံပင်လေးတွေမှာလည်း မီးသွေးမှုန်တွေကပ်ကာ ဖရိုဖရဲလေးနဲ့ဖွာလန်လေးကြိုလို့။

သူ့ကြောင့် ... သခင့်အင်္ကျီလက်မောင်းလေး စုတ်ပြဲသွားရပေမယ့် ဒီမိုက်ရှိုင်းဆိုတဲ့ကောင်လေးကိုတော့ သခင်စိတ်မဆိုးရက်ပါ။ မိုက်ရှိုင်းသာ ရုတ်တရက်ဝင်မလာရင် တည်ရတုက သခင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီး ဆွဲလားရမ်းလားလုပ်နေဦးမှာ။

မိုက်ရိုင်းက ဖျတ်ခနဲလှည့်အကြည့်မှာ သခင်နဲ့မျက်ဝန်းချင်း ဆုံသွားသည်။

"ဆောရီးနော် ... ငါမင်းကို တောင်းပန်တယ်"

ကောင်မလေးတစ်ယောက် ...

ဒီထမင်းဆိုင်ကို ဆန်အိတ်တွေ၊ မီးသွေးအိတ်တွေ သူထမ်းပိုး၍ လာပို့ပေးတိုင်း မတွေ့ခဲ့ဘူးသည့်ကောင်မလေး။ ဒါကို တည်ရတု က အခွင့်အရေးယူပြီး ထိကပါးရိကပါးလုပ်နေတာလား။

"ဟုတ် ... "

မျက်နှာလေးသိမ်းခေါင်းကလေးငုံ့ချပစ်ကာ ကောင်မလေး က ချာခနဲလှည့်ထွက်သွားသည်။ ဒေါပွပြီး မျက်နှာရဲရဲလေးနဲ့ ကျန်ရစ်ခဲ့တာ တည်ရတုပါ။

"ဟေ့ကောင် မိုက်ရိုင်း ... ဒါ မင်းတမင်လုပ်ချလိုက်တာ ငါမသိဘူးမျှားအောက်မေ့နေလို့လား ... စောစောကလည်း ဆိုင်မှာ မင်းပြဿနာလာရှာသေးတယ်ဆို ... "

"ဟုတ်တယ်လေ ... တည်ရတု၊ မင်း ... ချာတိတ်လေးတွေကို ဖဲလိမ်ရိုက်သွားလို့ ငါလာတာ၊ ခုလည်း ... ဆိုင်အလုပ်သမား မိန်းကလေးတစ်ယောက်ကို မင်းဆွဲလားရမ်းလားလုပ်နေလို့"

"ဟင် ... "

ဒေါ်ထက်ထိပ်ဖျား ဝင်ပါရပြန်ပြီ။

ဘယ်လိုဖြစ်တာလဲ ... ဒီနေ့တစ်နေ့လုံး ... မိုက်ရိုင်းနဲ့ကို မလွတ်တော့ပါလား။

နောက်က ဆူဆူညံညံအသံတွေကြားလို့ ဒေါ်ထက်ထိပ်ဖျား





ဝင်လာခဲ့ရတာပါ။ ဒေါ်ထက်ထိပ်ဖျားနောက်မှာလည်း ဆိုင်အလုပ်သမားတွေက တပြုံကြီး။

"မိုက်ရိုင်းရယ် ... နင် ဒီနေ့ဆိုင်မှာ တော်တော်ပြဿနာရှာနေပါလားဟင် ... ဒီဆိုင်မှာ ငါ့သားဘာလုပ်လုပ် နင်ဝင်ပြောစရာလား ... နင်ဝင်ပါစရာလား ... "

"ဒီမှာ ... ခင်ဗျားသား မဟုတ်တာလုပ်နေလို့ ဝင်ပါရတာ"

"ဟင် ... ငါ့သားက ဘာလုပ်နေလို့လဲ ... "

"ဟို ... ကျစ်ဆံမြီးနှစ်ခွနဲ့ကောင်မလေးကို လက်ဆွဲပြီး ပန်းဖက်တော့မယ်လုပ်နေလို့ ... "

ပြောစရာရှိရင်လည်း မိုက်ရိုင်းက ပွင့်ပွင့်လင်းလင်းပဲ။

"ဟေ့ကောင် ... မင်းအခု ဆိုင်ထဲက ထွက်သွား ... "

"ငါမသွားဘူးဆိုရင် ... မင်းဘာလုပ်မလဲ တည်ရတု"

"ဘာပြောတယ် ... "

မိုက်ရိုင်း ဂရုမစိုက်ပါ။

"အဲဒါ ... မိန်းကလေးတစ်ယောက်ကို အချောင်စော်ကားချင်ဦး ... "

"ခွပ် ... "

"ခွပ် ... "

"ဟာ ... လုပ်ပါဦး၊ ဒီမှာ ... တည်ရတုကို မိုက်ရိုင်းထိုးနေလို့"

တည်ရတုမေးရိုးနဲ့ထိသွားတဲ့ တခွပ်ခွပ်လက်သီးထိုးသံများ။

နောက်ဖေးခန်းလေးထဲမှာ တဝုန်းဝုန်း တဒိုင်းဒိုင်းအသံတွေ ဆူညံသွားသည်။

"ဟင် ... အရိုင်းအစိုင်းကောင်လေး ... နင်ကများ၊ ငါ့သား



www.burmeseclassic.com

www.burmeseclassic.com



ကို … ငါ့သားကို … ”

"မင်းလောက်ကို လုံးဝစာမဖွဲ့ဘူးသိလား တည်ရတု … မိုက်ရိုင်းဆိုတဲ့ကောင်က လမ်းပေါ်မှာနေတာ … အချိန်မရွေးယှဉ်လို့ရတယ်"

ခုန်ပေါက်အော်ဟစ်ပြီး နောက်မှာကျန်ခဲ့တာ ဒေါ်ထက်ထိပ်ဖျားပါ။

မိုက်ရိုင်းက တည်ရတုကို တခွပ်ခွပ်ထိုးနေစဉ်မှာ လက်မောင်းအကျီစ အပြဲလေးနဲ့သခင်က အသက်ရှူမှားနေသည်။

မိုက်ရိုင်းရယ် …

မဟုတ်မခံတတ်တဲ့စိတ်ကလေးနဲ့ ရှင်တော်တော်သတ္တိရှိတာပဲ။

တည်ရတုကတော့ နှုတ်ခမ်းထောင့်စွန်းမှာ သွေးစတွေစီးကျလျှက်။

"အဲဒါ … ညည်းဂြိုဟ်မွှေလို့ဖြစ်တာ၊ ငါ့သားက ညည်းလက်ကလေးကိုဆွဲရုံပဲဆွဲတာ၊ ဒါကို … ညည်းက ဆတ်ဆတ်ခါနာစရာလားဟင် … ”

မိုက်ရိုင်းကို မနိုင်တော့ သခင့်ကိုမဲသည်။

သခင့်ဆံပင်တွေ ဆောင့်ဆွဲတာလည်းခံရသည်။ သခင်ကိုယ်ပေါ်ကို ဝဲကျလာသည့် မျက်စောင်းတွေက သခင်ရှောင်လို့တောင်မလွတ်နိုင်။ အဆိုးဆုံးက မတင်စန်း …

"တည်ရတုက ဆိုင်မှာဒီလိုပဲနေလာတာ ညည်းမသိဘူးလားဟင် … နောက်တစ်ခါ တည်ရတု ဘာလုပ်လုပ်ညည်းခံရမယ်၊ ဒါ … အန်တီထက်ရဲ့ တစ်ဦးတည်းသော အချစ်ဆုံးသား၊ တက္ကသိုလ်တောင်တက်တော့မှာ … ညည်းနဲ့အဆင့်ချင်းတူလို့လား၊ တည်ရတု





က ညည်းကိုကြိုက်ရင်တောင် အဲဒါ ညည်းကံကောင်းတယ်လို့မှတ်"

ထိပ်ကိုလည်းခေါက်သည်။

ဗိုက်ခေါက်ကိုလည်း ဆွဲလိမ်သည်။

နာလွန်းလို့ မျက်ရည်တွေဝဲလာရတဲ့အထိ။ သခင်ကြိတ်မှိတ်ပြီးတော့ ခံလိုက်ရ၏။

"ညည်းကို … ဒီဆိုင်မှာ တည်ရတုက အရေးပေးလို့ ဘဝင်မြင့်ဖို့တော့ မကြိုးစားနဲ့၊ ညည်းကို မီးရထားလမ်းပေါ်က ကောက်ရလို့ ဒေါ်နုဝေ မွေးစားခဲ့တာ၊ ငါတို့အားလုံးသိပြီးသား … ညည်းမျက်နှာလေးက ဘယ်လောက်ပဲချစ်ဖို့ကောင်းကောင်း၊ ညည်းဟာပိုက်ဆံတစ်သိန်းနဲ့ပြန်ရွေးမှရမယ့် ဒီဆိုင်ကအလုပ်သမားပဲ၊ အဲဒါကိုညည်း … ကောင်းကောင်းသဘောပေါက်ထား … ”

ရင့်ကျူးတစ်ယောက်ကလွဲရင် ဆိုင်အလုပ်သမားတွေအားလုံးက မတင်စန်းဘက်က။ ဒါပေ့ါလေ … သခင်အားရအောင် ကျွန်ပါးဝတတ်တာ၊ လူတွေရဲ့မွေ့တာပဲ မဟုတ်လား၊ သခင်မှာတော့ မျက်ရည်ဝဲဝဲလေးကို သုတ်ရတာတောင် … လူတွေမြင်သွားမှာကြောက်လို့ တိုင်ကလေးနဲ့ကွယ်ကာ သုတ်ရသည်။

တည်ရတုကတော့ ဒေါသမပြေနိုင်ဘဲ တက်တစ်ခေါက်ခေါက်။

"ဒီကောင် … တစ်နေ့တွေ့မယ် … ”

ဒေါ်ထက်ထိပ်ဖျားကလည်း …

"သူ့အဖေလို ထောင်ထဲရောက်သွားမှအေးမယ်"

"ဟွန်း … လူမိုက်လေး … ”

"ဈေးရှေ့မီးကင်းတဲမှာ … အိပ်ရတဲ့ကလေကချေလေးကရာရာစစ … လာ … လာစိမ်ခေါ်နေတာ ငါမခံနိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်ထဲကဟာတွေနော် မိုက်ရှိုင်းနဲ့လမ်းမှာတွေ့ရင်တောင် အရောမဝင်ကြနဲ့ ... ရှင်းရှင်းနေ ကင်းကင်းနေ ..."

"သခင် ... ညည်းလည်း သတိထား ..."

နောက်ဆုံးလှည့်လာတာ သခင့်ဆီကိုပါပဲ။

စရောက်တဲ့တစ်နေ့တည်းမှာပဲ သခင်အားလုံးကို သဘောပေါက်နားလည်သွားသည်။ အရေးကြီးတာ ကိုယ့်မကြီးခက်မာ တက္ကသိုလ်တက်နိုင်ဖို့၊ ဒီထမင်းဆိုင်မှာ အောက်ခြေသိမ်းအလုပ်တွေ သခင်လာလုပ်ရတာ အံကြိတ်ခံနိုင်ဖို့ပါပဲ။

သခင် ဘာနဲ့ပဲ စားရစားရပါ။

သခင် ဘယ်နေရာမှာပဲ အိပ်ရ ... အိပ်ရပါ။

မကြီးခက်မာက တက္ကသိုလ်တက်ပြီး ဘွဲ့ရသွားရင် ကုမ္ပဏီမှာ မန်နေဂျာမကြီးဝင်လုပ်မှာတဲ့။ အဲဒီအခါကျတော့မှ သခင်ကလည်း ကုမ္ပဏီယူနီဖောင်းလှလှ စကာဒ်တိုတိုလေးနဲ့ အလုပ်ဆင်းရမှာ။

ဒီလိုပဲဖြေရင်း သခင် ... ဒီဆိုင်မှာ အလုပ်လုပ်ဖို့ဆုံးဖြတ်ခဲ့တာပါ။

ခုတော့ ... စရောက်တဲ့နေ့မှာပင် သခင်မျက်ရည်ကျလို့မဆုံး။

ညအိပ်တော့လည်း နောက်ဖေးခန်းလေးထဲမှာ ...

ရင့်ကျူးက သခင့်လက်ကလေးကို ဆုပ်ကိုင်ထားသည်။

"သခင် ... မင်းဘာမှ အားမငယ်နဲ့ ..."

အနားမှာ ရင့်ကျူးရှိနေလို့သာပေါ့။

"စောစောကလည်း မင်းထမင်းစားနေတာကို တည်ရတု မသိမသာလာကြည့်သွားသေးတယ် ..."





"ဟင် ... ဟုတ်လား ..."

သခင် ကြောက်သွားသည်။

"အခုလည်း လမ်းမပေါ်မှာ ဂစ်တာသံတွေ မင်းကြားနေရတယ်မို့လား ... အဲဒါ တည်ရတုတို့အဖွဲ့ အော်ဟစ်သောင်းကျန်းနေတာ ... တို့စိတ်ပူနေတာက မိုက်ရှိုင်းနဲ့ပြဿနာထပ်ဖြစ်မှာ"

မိုက်ရှိုင်း ...

မဟုတ်မခံ ဆတ်ဆတ်ကြဲပုံစံလေးက သခင်မျက်ဝန်းလေးထဲမှာ အရိပ်ပြန်ထင်လာ၏။ ဒီအချိန်ဆို မိုက်ရှိုင်း ဘယ်ကိုရောက်နေပြီလဲ။ မိုက်ရှိုင်းကိုလည်း လမ်းပေါ်မှာ ပစ်ခဲ့တာတဲ့။ ဘဝတူချင်းမို့ သခင်သနားမိရပေမယ့် မိုက်ရှိုင်းနဲ့တော့ မပတ်သက်ရဲပါ။

ဂျင်းဘောင်းဘီရှည်ခပ်နွမ်းနွမ်းလေးနဲ့။

ဆံပင်ရှည်ခွေခွေခေါက်ခေါက်လေးတွေကို ပိုင်ဆိုင်ထားတဲ့ မိုက်ရှိုင်း။

ဆိုင်ထဲကနေ ချာခနဲလှည့်ထွက်မသွားခင်မှာ သခင့်ကို စူးစူးလေးစိုက်ကြည့်သွားခဲ့တာက မျက်ဝန်းပြာလေးတွေပင် တလက်လက်တောက်လို့။

အနီးကပ်လေး သေသေချာချာကြည့်လိုက်ရတော့လည်း

မိုက်ရှိုင်းပုံစံလေးက မဆိုးပါလား။

သူ့မျက်ဝန်းထဲမှာရှိနေတာက မာနတွေ ... ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

အမြင့်မှာ စီတန်းချိတ်ထားသည့် ရောင်စုံအင်္ကျီလှလှလေးတွေကိုကြည့်ပြီး ... မိုက်ရိုင်းရင်တွေ တအားခုန်လာကာ စိတ်ထဲမှာလည်း အရမ်းသဘောကျသွားသည်။ သူ့အနားကနေ ဖြတ်လျှောက်သွားရင်း တစ်ယောက်နဲ့တစ်ယောက် အော်ဟစ်ပြောသွားသံ။ ဈေးဆိုင်တွေဆီကာ ဈေးစကားပြောသံ၊ ဈေးဆစ်သံ၊ ဈေးသည်တချို့ရဲ့ အော်ဟစ်ရောင်းချသံ။

ဒါတွေအားလုံးကိုလည်း မိုက်ရိုင်းမေ့သွား၏။

မိန်းကလေးဝတ်အင်္ကျီလေးတွေကို ငေးကြည့်ရင်း ... သူ့နှုတ်ခမ်းလေးတွေ တွန့်သွားကာ သူ့မျက်ဝန်းကလေးတွေ စိုလက်သွားတာ၊ ပြီးတော့မှ ... သူ့မျက်နှာလေးပေါ်မှာ အပြုံးလေးတစ်ခုရှားပါးလှစွာ ဖြစ်ထွန်းသွားခဲ့တာလေးကကို သူ့ဘဝမှာ ဒါဟာ ... ပထမဆုံးပဲဖြစ်သည်။

ဘာပဲပြောပြော သူ့ကိုဆွဲဆောင်လိုက်တာ ...

ကျက်သွေးရောင်ရင့်ရင့် ... မိန်းကလေးဝတ် လက်ဖောင်းအင်္ကျီ၊ လက်ရှည်လေးရယ်ပါပဲ။ သူစိတ်ကူးယဉ်ကြည့်ပြီး မြင်လိုက်မိတာက သူ့ကြောင့် အင်္ကျီလက်မောင်းလေး စုတ်ပြဲသွားရသည့်





နှစ်ခွကျစ်ဆံမြီးလေးနဲ့ကောင်မလေးကသာ ဒီအင်္ကျီလေးကို သေသေသပ်သပ်လေး ဝတ်လိုက်မည်ဆိုပါလျှင် ...

သည်လိုတွေးလိုက်မိတော့မှ သူ့အပြုံးလေးက ပိုပြီးတော့နက်ရှိုင်းသွားခဲ့၏။

ထိုအထည်ဆိုင်လေးရှေ့ကနေလည်း သူမခွာနိုင်တော့ပါ။

အင်္ကျီလေးမှာ အညိုရောင်ကြယ်သီးလေးတွေ စေ့ပိတ်နေအောင်တပ်ထားတာ ပခုံးစွန်းနှစ်ဖက်မှာလည်း ဒေါက်မာမာလေးနှစ်ခုကို ... ထင်းနေအောင်ကပ်ထားတာကအစ အသက်မရှူနိုင်အောင် ငေးမောကြည့်ရင်း သူ့ရင်ထဲမှာ တဒိုင်းဒိုင်းနဲ့ ရင်ခုန်သံတွေကပါ ထိန်းချုပ်လို့မရအောင် ဆူညံလာခဲ့တာဖြစ်သည်။

ဒါကြောင့်မို့လည်း အင်္ကျီလေးကိုကိုင်ကြည့်ဖို့ လက်ကလေးရွယ်လိုက်တော့ ...

"ဟဲ့ ... ဟဲ့ ... မကိုင်နဲ့ ... မကိုင်နဲ့ ... "

အော်လိုက်သံက ရူးရူး။

ဒါကို မိုက်ရိုင်းကလည်းကြားသည်။ ဖျတ်ခနဲထရပ်ပြီး ဆိုင်ပေါ်က ခုန်ဆင်းလာသည့်အရိပ်တစ်ခုကိုလည်း မိုက်ရိုင်းကမြင်သည်။

ဘာဖြစ်တာလည်းဟင် ...

ဝယ်ချင်လို့ကိုင်ကြည့်တာ မရဘူးလား။

"နင် ... နင် ဘာလုပ်တာလည်းဟင်၊ မိုက်ရိုင်း ... မကိုင်နဲ့နော် ... ဒီအင်္ကျီကို နင်ကိုင်ကြည့်စရာအကြောင်း ဘာမှမရှိဘူး"

"ဗျာ ... "

မိုက်ရိုင်း မျက်ခုံးတန်းလေး ပင့်တက်သွားတာ တအံ့တသြ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်မိန်းမ မျက်လုံးပြူး မျက်ဆံပြူးနှင့် လက်ထဲရောက်လာသည့်အင်္ကျီလေးကို အတင်းဆွဲလုတော့ မိုက်ရိုင်းက ဂရုမစိုက်ဟန်လေးနှင့် နှုတ်ခမ်းလေးက ဟွန့်ခနဲ တွန့်သွားကာ ...

"ဘာဖြစ်လို့လည်းဟင် ဒေါ်ကူး ..."

မျက်တောင်လေးတွေကော့ကာ မိုက်ရိုင်းပြန်မေးသည်။

ဒါကို ဆိုင်ရှင်ဒေါ်ကူးက မိုက်ရိုင်းတစ်ကိုယ်လုံးကို အထင်သေးရှုံ့ချစွာ တူးတူးခါးခါး စီးစီးပိုးပိုး ပြန်မော့ကြည့်လျှက်။

"ဒါ ... နင်ကိုင်ကြည့်စရာလား၊ ဒီအင်္ကျီတစ်ထည်ကို ဘယ်လောက်တန်တယ်ဆိုတာရော နင်သိရဲ့လား မိုက်ရိုင်းရဲ့ ..."

အတင်းဆွဲလုပြီး တန်းပေါ်မှာပြန်ချိတ်သည်။

"ဒေါ်ကူးရာ ... ကျွန်တော့်ကြောင့် အင်္ကျီလေးပြသွားရတဲ့ကောင်မလေးတစ်ယောက်ကို ပြန်ဝယ်ပေးချင်လို့ ကိုင်ကြည့်တာပါဗျာ ... ခင်ဗျား အထင်မသေးပါနဲ့ ... ခင်ဗျားအင်္ကျီဘယ်လောက်တန်တယ်ဆိုတာ အခုတစ်ခါတည်းပြော ..."

"သောင်းနှစ်ထောင်ဟဲ့ ... သောင်းနှစ်ထောင် နားလည်လား ..."

ပြောပြီးတော့ ... အဖက်မတန်သလို ဆိုင်ပေါ်ကိုပြန်တက်သွားသည်။

မိုက်ရိုင်းကလည်း ဒါကိုအခံရခက်သွား၏။

ဆိုင်ခုံအစပ်ထိရောက်အောင်လည်း မိုက်ရိုင်းလိုက်သွားခဲ့၏။

"ဒီမှာ ... ဒေါ်ကူး ..."

"ပြော ... ပြော ... ဘာလဲ ..."





မိုက်ရိုင်း ဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ ...

"လမ်းပေါ်မှာနေ လမ်းပေါ်မှာစား သူများခိုင်းတာလုပ်ရတဲ့ကောင်ဆိုပြီးတော့ ... ခင်ဗျားအတင်းစွတ်ဖြစ်ဖို့ မကြိုးစားနဲ့၊ မိုက်ရိုင်းလိုချင်ရင် ခင်ဗျားတစ်ဆိုင်လုံးကို ပိုက်ဆံပုံပေးပြီး ဝယ်လို့ရအောင်လည်း မိုက်ရိုင်းရှာနိုင်တယ် ... ရော့ ... ဒီမှာ သောင်းနှစ်ထောင် ..."

"ဟင် ..."

တစ်ထောင်တန်အခေါက်လိုက်လေး ဆယ့်နှစ်ရွက်ကို ဆိုင်ကြမ်းပြင်ပေါ် ပစ်ချပစ်လိုက်တော့ ... ဒေါ်ကူး မျက်လုံးပြူးသွားသည်။

ပြီးတော့မှ ... နှုတ်ခမ်းတွေမဲ့လျှက် ...

"ဟွန်း ... ပိုက်ဆံပေးပြီး ဝယ်နိုင်လို့ကတော့ နင့်ဟာနင်ဘာပဲလုပ်လုပ် ..."

သည်တော့မှ အင်္ကျီလေးကို ဒေါ်ကူးကိုယ်တိုင်လိုက်ဖြုတ်ပေးသည်။

လူတွေကို မိုက်ရိုင်းမုန်းတာလည်း အဲဒါပဲ။

နေရာတကာ အဆင့်အတန်းခွဲခြားဖို့ပဲ စဉ်းစားနေကြတာ။

အင်္ကျီလေးထည့်ထားတဲ့ ကြွပ်ကြွပ်အိတ်ကလေးကို ခပ်ပြတ်ပြတ်ပဲဆွဲယူပြီး ... မိုက်ရိုင်းလှည့်ထွက်လာခဲ့စဉ်မှာတော့ နောက်ကနေ မကြားတကြား ခနဲ့ပေါက်ပြေးလိုက်လာသည့်အသံက ...

"အလကား ... မိုက်တီမိုက်ကန်းကောင်လေး ..."

"နေစရာ စားစရာမရှိတာတောင် ဘယ်ကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com



အကျီဝယ်ပေးတာလည်းမသိဘူး ... ”

ဟွန်း ... ကြိုက်သလိုပြောကြလေ။

ဒီလိုပြောတာကို မိုက်ရိုင်းက ဂရုစိုက်မယ်ထင်နေလို့လား။

“ဘာပြောတယ်မိုက်ရိုင်း ... ဒေါ်ထက်ထမင်းဆိုင်က အလုပ် သမားကောင်မလေးကို အလျှော်ပြန်ပေးချင်လို့ ဒီအကျီလေးကို မစားရက်မသောက်ရက် စုထားတဲ့ပိုက်ဆံလေးနဲ့ မင်းကဝယ်လာ တာ ... ဟုတ်လား ... ဟား ... ဟား ... ”

မိုက်ရိုင်းပြောတာကိုနားထောင်ပြီး ဆိုက်ကားဆရာကြီး ဘမုန်းချစ်က တဟားဟားအော်ရယ်ပါလေပြီ။ ရယ်ပြီးတော့မှ ပါးစုံထဲက ဝါးလက်စ ကွမ်းတံတွေးတွေကို မြေပြင်ပေါ် ပစ်ခနဲထွေးချလိုက်ကာ ...

“ကြည့်ရတာတော့ မင်းပြောတဲ့ ကျစ်ဆံမြီးနှစ်ခွနဲ့ကောင်မလေးဆိုတာ နုဝေရဲ့မွေးစားသမီး အငယ်မလေးပဲဖြစ်ရမယ်၊ အဲဒါ ဟိုနေ့ကမှ သမီးနှစ်ယောက်နဲ့လမ်းမှာတွေ့လို့ ဒေါ်ထက်ထမင်းဆိုင်ကို ငါကိုယ်တိုင် လိုက်ပို့ပေးခဲ့တာ ... ”

“ဗျာ ... အဲဒီကောင်မလေးရဲ့အမေကို ဘမုန်းချစ် သိတယ်ဟုတ်လား ... ”

မိုက်ရိုင်းမေးတော့ ဘမုန်းချစ်ကရယ်၍ ...

“ဟ ... မသိဘဲနေပါ့မလား ကောင်လေးရ၊ နုဝေတို့ငါတို့က ဒီမြို့သစ်ကိုရောက်မလာခင် ကျူးကျော်ရပ်ကွက်မှာနေကတည်းက သိနေခဲ့ကြတဲ့ဥစ္စာ၊ အခု ... မင်းပြောတဲ့ ကျစ်ဆံမြီးနှစ်ခွနဲ့ကောင်မလေးဆိုတာ မိဘတွေက မီးရထားသံလမ်းပေါ်မှာ အနှီးထုတ်ကလေးနဲ့ပတ်ပြီး ပစ်သွားလို့ နုဝေက သနားပြီးမွေးစားခဲ့တာ၊ အဲဒါကို





ဒီအရွယ်ထိရောက်အောင်မွေးခဲ့ပြီးတော့မှ ဒေါ်ထက်ထိပ်ဖျားဆီမှာ ပိုက်ဆံတစ်သိန်းနဲ့ထားခဲ့တာလေ ... ပိုက်ဆံတစ်သိန်းပြန်မပေးမချင်း ဒီကောင်မလေးကို ပြန်ခေါ်လို့မရဘူးတဲ့ ... ”

“ဗျာ ... အဲဒါ ဘာသဘောလဲ ဘမုန်းချစ် ... ”

“ပေါင်ခဲ့တာပေါ့ကွာ ... ”

ဖြေရင်း ဘမုန်းချစ်အသံက လည်ချောင်းထဲနစ်ဝင်သွားသည်။

“ကျွန်တော် ... ကျွန်တော် အဲဒီကောင်မလေးကို သနားတယ် ဘမုန်းချစ်ရာ ... ထမင်းဆိုင်နောက်ဖေးမှာ ပန်းကန်တွေဆေးရင်း မျက်ရည်ဝဲဝဲလေးနဲ့ ကျွန်တော့်ကို လှည့်ကြည့်နေတာဗျ”

ဘမုန်းချစ်ကိုတော့ ဒီဈေးနားတစ်ဝိုက်မှာ မိုက်ရိုင်းက အလေးစားဆုံးပါ။

ပြီးတော့ ... ဘမုန်းချစ်က တစ်ကိုယ်တည်းလူပျိုကြီး။ အပူအပင်တွေမထားတတ်သလို ပျော်ပျော်ရွှင်ရွှင်လည်း နေတတ်သူဖြစ်၏။

မိုက်ရိုင်းကိုလည်း ဘမုန်းချစ်က ခင်သည်။

“အဲဒါ ... ငါသိပါတယ် ကောင်လေးရာ၊ တည်ရတုကို မင်းထိုးခဲ့တာလည်းငါကြားတယ် ... ဒီကောင်မလွယ်ဘူး၊ မိန်းကလေးမြင်ရင် ပြီတီတီလုပ်ချင်တာ ... ဒီကောင့်အကျင့် ဒေါ်ထက်ထိပ်ဖျားကလည်း ဒီကောင့်ကို အလိုလိုက်လွန်းတယ် ... ”

မိုက်ရိုင်းကတော့ ဂရုမစိုက်ပါ။

သူတို့မှာပိုက်ဆံရှိတိုင်း လူတွေကို အနိုင်ကျင့်လို့ရမလား။

အကျီအသစ်ကလေးပါတဲ့ ကြွပ်ကြွပ်အိတ်ကလေးကို လှ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာတင်းတင်းကလေးဆုပ်ကိုင်ပြီး မိုက်ရှိုင်းလှည့်ထွက်လာတာ ဒေါ်ထက်ထိပ်ဖျား ထမင်းဆိုင်ကိုပါ။

ဖွာလန်ကြဲနေတဲ့ဆံပင်ရှည်တွေ ပခုံးလေးထက်မှာ ကပိုကရိုလေးနဲ့ ...

"ဟင် ... မိုက်ရှိုင်း ... နင် ... နင် ငါ့ဆိုင်ကိုလာပြန်ပြီ"

မိုက်ရှိုင်းကိုမြင်တော့ ဒေါ်ထက်ထိပ်ဖျား မျက်လုံးပြူးသည်။

"ဟုတ်တယ် ... ကျွန်တော့်ကြောင့် သခင်ဆိုတဲ့ ဟိုကျစ်ဆံမြီးနှစ်ခွနဲ့ကောင်မလေး အကျႌပြဲသွားလို့ အသစ်တစ်ထည်အစားပြန်ဝယ်ပေးတာ ..."

မိုက်ရှိုင်း ခပ်ပြတ်ပြတ်ပဲ ပြောမိ၏။

"မလိုဘူး ... နင်သွားတော့ ..."

"ဗျာ ..."

"ဒီမှာ ... နင်လိုကောင်စားမျိုးလေးနဲ့ ငါ့ဆိုင်ကအလုပ်သမား မပတ်သက်စေချင်လို့ငါပြောနေတာ ... နင့်လို ကလေကချေကောင်ပေးတာကို ငါ့အလုပ်သမားက ယူရမလား ... နင် ရှုတ်ရှုတ်ယှက်ယှက်လာမလုပ်နဲ့ ..."

ဒေါ်ထက်ထိပ်ဖျား လက်မခံပါ။

ခါးခါးသည်းသည်းပြောပြီး မျက်နှာကိုပြန်လှည့်သည်။

"တောက် ..."

မိုက်ရှိုင်း မျက်နှာလေးရဲသွားသည်။

မျက်ဝန်းလေးဝေ့ကာ ဆိုင်ထဲကိုလှမ်းကြည့်တော့လည်း သခင့်အရိပ်ကလေးကိုတောင် မိုက်ရှိုင်းမမြင်ရ။ ဆိုင်အလုပ်သမားတချို့ကလည်း မိုက်ရှိုင်းကို ကွက်ကြည့်ကွက်ကြည့်နှင့်အနားကို





မလာရဲကြ။

မိုက်ရှိုင်း ဘာလုပ်ရင်ကောင်းမလဲ။

လှည့်ထွက်သွားရမလား ... ရင်ဆိုင်လိုက်ရမလား။

"ဒီမှာ ... ဒေါ်ထက်၊ လူတစ်ယောက်ကို မတူသလို မတန်သလို ခင်ဗျားမဆက်ဆံပါနဲ့ ... လမ်းပေါ်မှာနေတိုင်း ကလေကချေလား၊ ဆန်ထမ်းကုန်ထမ်းရတိုင်း အောက်တန်းစားလား၊ မိုက်ရှိုင်းရဲ့ ရာဇဝင်မှာအဲဒါတွေမရှိဘူး ... ကျစ်ဆံမြီးလေးနှစ်ခွနဲ့ သခင်ဆိုတဲ့ ဟိုကောင်မလေးကို ခင်ဗျား အခုခေါ်ပေးပါ ..."

"ဟဲ့ ..."

ဒေါ်ထက်ထိပ်ဖျားဆိုတဲ့ ဘီလူးမကြီးမျက်နှာ သူ့ဘက်ချက်ချင်း လှည့်လာသည်။

မျက်လုံးအစုံက ပြူးကျယ်နေသလို၊ အာခေါင်ခြစ်အော်တော့မယ့်ပုံစံမျိုးနဲ့ သူ့ကိုစိုက်ကြည့်လိုက်တာက မီးတောက်တွေကြားမှာ ပြာကျလုမတတ်။

"နင့်ကို ပတ်သက်ခွင့်မပေးနိုင်ပါဘူးလို့ ငါပြောနေတယ်လေ"

မျက်တောင်ရှည်တွေပင့်ကော့ကာ မိုက်ရှိုင်းတစ်ကိုယ်လုံး အေးစက်သွားသည်။

"ထွက်သွား ... ငါ့ဆိုင်ထဲက နင်အခုထွက်သွား ..."

"ခင်ဗျား ... ခင်ဗျား ... တော်တော်အကြင်နာတရားခေါင်းပါးတဲ့မိန်းမကြီး ..."

အောက်ကျမခံချင်တာမို့ မိုက်ရှိုင်းပြန်လှည့်ထွက်လာခဲ့ရပေမယ့် ... စိတ်ကတော့ အလျှော့မပေးချင်သေးပါ။ အရေးထဲ



www.burmeseclassic.com

www.burmeseclassic.com



သခင်ဆိုတဲ့ ကောင်မလေးကိုမတွေ့ခဲ့ရ။

"ဟာ ... ကောင်လေး၊ ဟိုမှာ ... ဟိုမှာ မင်းပြောတဲ့ ကောင်မလေး ..."

"ဟင် ..."

ဘမုန်းချစ် လှမ်းပြတဲ့ဘက်ကို ကြည့်လိုက်တော့ သုံးဆင့်စတီးချိုင့်လေးတွေကိုကိုင်ကာ ဈေးထဲက ချိုင့်ဆွဲမှာစားသည့်ဆိုင်တွေကို ထမင်းလိုက်ပို့နေရသည့် ကောင်မလေး။

မိုက်ရိုင်းရင်ထဲမှာ ဒိန်းခနဲ ခုန်သွားသည်။

ဘာမှစဉ်းစားမနေတော့ဘဲ မိုက်ရိုင်းပြေးလိုက်ခဲ့တာ သခင်ဆိုတဲ့ကောင်မလေးနောက်ကိုပါ။

"ဒီမှာ ... ဒီမှာ ... ခဏလောက်ရပ်ပါဦး ..."

"ဟင် ..."

ကောင်မလေးကို ကျော်တက်ကာ သူ့ရှေ့ကနေ မိုက်ရိုင်းပိတ်ကာရပ်ပစ်လိုက်သည်။ ဒါကို ... မျက်တောင်လေးကော့ပြီး အထိတ်တလန့်လေး မော့ကြည့်လိုက်မိတာ သခင်။

တီရှပ်အနက်ရောင်အဟောင်း ... ဂျင်းဘောင်းဘီရှည်အဟောင်းကလေးနဲ့ ဆံပင်ရှည်တွေ ခွေခေါက်ကျနေတဲ့ အပြာရောင်မျက်ဝန်းပိုင်ရှင်လေး မိုက်ရိုင်းက ဘာကိုမှဂရုမစိုက်တဲ့ မျက်နှာထားမာမာလေးနဲ့ သခင့်ရှေ့မှာရပ်လို့။

"အို ... ဘာလုပ်တာလဲ"

"ငါ ... နင့်ကို ဒီအကျီလေး ပြန်လျော်ပေးချင်လို့"

"ဟာ ... မယူဘူး ... မယူဘူး ..."

သခင် ကြောက်ကြောက်နဲ့ခေါင်းလေးခါပြီးငြင်းတော့ ပခုံး





စွန်းပေါ်က ကျစ်ဆံမြီးရှည်လေးတွေ ဘယ်ညာယမ်းခါသွားသည်။

"ဟွန်း ... ငါပေးတာကို နင်မယူလို့မရဘူးသခင် ... ငါက မိုက်ရိုင်းပါ၊ ငါ့ကြောင့် ... နင့်အကျီလေးပြဲသွားတာကို စိတ်မကောင်းလို့ ငါတမင်ပြန်ဝယ်ပေးတာ"

သူ့ကိုမြင်မှ ဖြူးဖြူးပျာပျာဟန်ကလေးနဲ့ အသံတွေတုန်နေအောင် ကြောက်နေရှာသည့် သခင့်မျက်နှာလေးကို အခုမှပဲ သေသေချာချာ အနီးကပ်ကလေး မိုက်ရိုင်းကြည့်မိ၏။

ပြောရရင် ... ကိုယ်က လမ်းပေါ်မှာအခြေမဲ့အနေမဲ့ဖြစ်နေရသည့်ကောင်လေး။ ဖရိုဖရဲလေးနဲ့ ဖွာလန်ကြဲနေရတဲ့ ဆံပင်တွေကိုပင် ဖီးသင်ရှင်းထုတ်ဖို့ သတိမရနိုင်တဲ့ ကလေကချေလေး။

ဒီလိုအခြေအနေမျိုးမှာ သခင်ဆိုတဲ့ကောင်မလေးက အသားဖြူဖြူလေးနဲ့ ဝင်းဝင်းနှစ်နှစ် ရှင်းရှင်းသန့်သန့်ကလေးမို့ ထူထဲကော့ညွတ်သည့် မျက်တောင်ရှည်လေးတွေ မျက်ဝန်းလေးမှာဝန်းရံခလိုက်တော့ ချွန်ကော့နေသည့် နှာတံလေးနဲ့ပါ လိုက်ဖက်ညီသွားပြီး ... ဖရိုဖရဲ မိုက်ရိုင်းပုံကလေးနဲ့ တခြားစီဖြစ်သွားသည်။ သို့သော် ... ဘာပဲပြောပြော ဒါတွေကို မိုက်ရိုင်း ဂရုမစိုက်ပါ။

"ရော့ ..."

"ဟင့်အင်း ..."

"မင်း ... ခေါင်းမခါနဲ့ ..."

"သခင် ... သခင် သူများပေးတာကို မလိုချင်လို့ပါ"

မာထန်ထန် မိုက်ရိုင်းမျက်နှာကိုကြည့်၍ ကြောက်နေတာပဲ သခင်က သိနေသည်။

မဖြစ်နိုင်ပါ။ မိုက်ရိုင်းနဲ့ပတ်သက်မိသွားတာကို အန်တီထ



www.burmeseclassic.com

www.burmeseclassic.com



သိရင်တောင် သခင့်ကို အပြစ်ဒဏ်ပေးတော့မှာ။

သခင် ကြောက်လို့ပါ မိုက်ရိုင်းရယ် ...

နောက်တစ်ခါ သခင့်နောက်ကို လိုက်မလာပါနဲ့။

သခင် တောင်းပန်ပါတယ်။ အန်တီထက် မကြိုက်တာကို လုပ်မိရင် ထိုင်ထ,အကြိမ်တစ်ရာ နားရွက်လေးဆွဲပြီး လုပ်ရတယ် မိုက်ရိုင်းရဲ့။

ခုလည်း ... ဆိုင်ကထွက်မလာခင် အန်တီထက်က တဖွဖွ မှာခဲ့သေးတာ။

"ညည်းနော် ... နောက်နေ့ကစပြီး ချိုင့်ဆွဲမှာထားတဲ့ချိုင့် တွေကို ညည်းပဲလိုက်ပို့ရမှာ၊ လမ်းမှာ ... မိုက်ရိုင်းဆိုတဲ့ကောင်နဲ့ တွေ့ရင် အရောမဝင်နဲ့၊ ဒီအရိုင်းအစိုင်းကောင်လေးနဲ့ ပတ်ပတ်သက် သက် ရှုတ်ရှုတ်ယှက်ယှက်ဖြစ်တဲ့အသံ ငါမကြားချင်ဘူး၊ ကြားလို့ ကတော့ ညည်းသေပြီသာမှတ် ... "

"ဟုတ် ... "

ခေါင်းကလေး ညိတ်ထွက်လာခဲ့ရပေမယ့် သခင့်မှာတော့ ရင်ထဲမှာ တထိတ်ထိတ်။

ခုတော့ ... သခင်အကြောက်ကြီးကြောက်နေမိတဲ့ မိုက်ရိုင်း က သခင့်ရှေ့မှာ သခင့်ကိုလက်ဆန့်တန်းပြီး ဝိတ်ကာထားသလို တလက်လက်ဖြာနေတဲ့မျက်ဝန်းပြာတွေနဲ့လည်း သခင့်ကို စိုက် ကြည့်နေသည်။

"ဒီမှာ ... မင်း ငါ့ကိုအပိုတွေ ဘာမှပြောမနေနဲ့၊ မိုက်ရိုင်း ဘယ်သူ့ကိုမှ မတရားမလုပ်တတ်လို့ ပြသွားတဲ့အကျီလေးအတွက် အစားပြန်ပေးနေတာ၊ မယူဘဲ လှည့်ထွက်သွားဖို့ မင်းမစဉ်းစားနဲ့





ရှေ့ ... "

သခင့်လက်ထဲက ဆွဲခြင်းကလေးထဲကို ဖွတ်တရွတ် ပစ် ထည့်ပေးကာ မိုက်ရိုင်းက ချာခနဲလှည့်ထွက်သွားသည်။

"ဟင် ... "

သခင့်မှာတော့ တစ်ကိုယ်လုံးအေးစက်လို့။

ဒါကို ... ဒေါ်ကူးကလည်း မြင်သွားသည်။

သခင်ကမ်းပေးသည့် ထမင်းချိုင့်ကလေးကို လှမ်းယူရင်း

"ဘာလည်းဟင် ... မင်းက ဒေါ်ထက်ထမင်းဆိုင်က အလုပ် သမားအသစ်လား ... "

"ဟုတ် ... "

မျက်နှာလေးကိုငုံ့စောင်းလျှက် ဟုတ်လို့တစ်လုံးတည်းဖြေ ရင်း ... ခေါင်းလေးညိတ်ပြတတ်တာ သခင့်ရဲ့အကျင့်ကလေးပါ။ သည်လိုဖြေတိုင်းလည်း ... နဖူးလေးပေါ်က ဆံပင်ကလေးတွေ တခြမ်းစောင်းလေး ပြိုပြိုကျလာတော့တာ။

"မင်းကို မိုက်ရိုင်းဆိုတဲ့ကောင်လေး ဘာလုပ်သွားတာလဲ"

"ရှင် ... "

"မိုက်ရိုင်းလေ နာမည်နဲ့လိုက်အောင် အရမ်းရိုင်းတဲ့ကောင် လေး ... "

"ဟို ... ဟို ... "

သခင် ဘယ်လိုဖြေရမှန်းမသိ။

"ကြီးကြီးကူး ... လှမ်းတွေ့လိုက်လို့ မင်းကိုမေးနေတာ" ကြီးကြီးကူးတဲ့ ...

"ဟိုလေ ... သခင် ... သခင်က ဟိုတစ်နေ့ကမှ အန်တီ



www.burmeseclassic.com

www.burmeseclassic.com



ထက်ထမင်းဆိုင်ကိုရောက်လာတာပါ။ အဲဒါလေ ... မီးသွေးအိတ်ထမ်းပြီးဝင်လာတဲ့ မိုက်ရိုင်းနဲ့တိုက်မိပြီး သခင့်အင်္ကျီလေးပြဲသွားလို့ မိုက်ရိုင်းက အလျော်ပြန်ပေးတာ"

"ဟယ် ... ကြည့်စမ်း ..."

ဒေါ်ကူး အံ့သြသွားတာ မျက်တောင်ခပ်ဖို့တောင် သတိမရ။

ခြင်းထဲကိုလှမ်းကြည့်လိုက်တော့ ဒေါ်ကူးဆီက မိုက်ရိုင်းဝယ်သွားတဲ့ အင်္ကျီလေး ...။

"ဒါ ... ဒါ ... မနက်ကမှ ကြီးကြီးကူးဆီက မိုက်ရိုင်းဝယ်သွားတာလေ ..."

"ဟင် ... ဟုတ်လား ..."

"မင်း ... မင်းနာမည်လေးက သခင်တဲ့လား"

သည်တော့မှ သခင့်မျက်နှာလေးကို စေ့စေ့ကြည့်ကာ ... ကြီးကြီးကူးက မေးသည်။

"ဟုတ်ပါတယ် ကြီးကြီးကူး ... သခင့်နာမည်အပြည့်အစုံက မောင့်သခင်ပါ ..."

"အိမ်လေးဟယ် ... မျက်နှာလေးနဲ့နာမည်လေးက တအားလိုက်လိုက်တာ၊ လူရော နာမည်လေးရော တကယ့်ချစ်စရာလေး ကြည့်ပါဦး ... နာမည်လေးက မောင့်သခင်တဲ့လား ..."

မောင့်သခင်ဆိုတဲ့ ဒေါ်ထက်ထမင်းဆိုင်က ကောင်မလေးကိုတော့ တွေ့တာနဲ့ ဒေါ်ကူးက ချစ်သွားသည်။

"ကြီးကြီးကူး ပြောမယ်နော်သခင် ... ဒီဈေးနားတစ်ဝိုက်မှာ မိုက်ရိုင်းဆိုတဲ့ကောင်လေးကို မင်းအရောမဝင်နဲ့၊ ဒီကောင်လေးက ကြုံရာကျဘန်းလုပ်ရင်း လမ်းပေါ်မှာပေတေလေလွင့်နေတာ၊





သူ့အဖေကလည်း ဖဲလိမ်ဝိဇ္ဇာခါးပိုက်နှိုက်ကြီးတဲ့ ... ဒီလိုပေပေတေတေကောင်လေးနဲ့ပတ်သက်ရင် သခင်ပဲဒုက္ခရောက်သွားလိမ့်မယ်၊ သူပေးတဲ့ အင်္ကျီလည်းမယူနဲ့ ..."

"ရှင် ..."

"ကြီးကြီးကူးက စေတနာနဲ့ပြောတာနော်"

"ဒါ ... ဒါဆို သခင်ဘာလုပ်ရမလဲဟင် ... ကြီးကြီးကူး၊ သခင်ယူလိုက်တာလည်း သူ့ကိုကြောက်လို့ ယူလိုက်တာပါ၊ ဆိုင်ကို ပြန်ရင်လည်း ဒီအင်္ကျီလေး သခင်ယူမသွားရဲဘူး၊ သခင့်ကိုအကြံပေးပါဦး ကြီးကြီးကူးရယ် ... ဒီအကြောင်းကို အန်တီထက်သိသွားရင် သခင့်ကိုသတ်မှာ ကြီးကြီးကူးရဲ့ ..."

ကြီးကြီးကူးပြောမှ သခင်ငိုချင်လာရပါပြီ။

"ဒီလိုလုပ်သခင် ... မင်းအင်္ကျီလေးကို ကြီးကြီးကူးဆိုင်မှာ ထားခဲ့ ..."

"ဟင် ..."

"ဒီကောင်ဆိုးလေးကို ကြီးကြီးကူး ပြန်ပေးလိုက်မယ်"

"သခင် ... သခင့်ကိုကူညီတာ ကျေးဇူးပဲနော် ကြီးကြီးကူး၊ တခြားဆိုင်တွေပို့ရမှာ နောက်ကျနေမှာစိုးလို့ သခင်သွားတော့မယ်နော်"

"သွား ... သွား ..."

နောက်ထပ် ... ဆိုင်တွေလိုက်ပို့တော့ မိုက်ရိုင်းရဲ့အရိပ်အယောင်လေးကိုတောင် သခင် မတွေ့ရတော့ပါ။

ဒီအကြောင်း ရင့်ကျူးကို ပြောပြတော့ ...

"ဟယ် ... ဟုတ်လား၊ သူဝယ်ထားတဲ့အင်္ကျီလေးကို မိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှိင်းကဈေးထဲမှာလိုက်ပေးတယ်၊ ဘုရား ... ဘုရား ဒေါ်ထက်သိ သွားလို့ကတော့ မိုးမီးလောင်တော့မှာပဲ သခင်ရယ် ... ”

ရင့်ကျူး ... ရင်ဘတ်ကိုဖိကာ အသက်တောင်မရှူနိုင်။

သို့သော် ... သခင့်မျက်ဝန်းထဲမှာတော့ မိုက်ရှိင်းရဲ့ပုံစံလေး က အနီးကပ်လေး စွဲထင်လာခဲ့သည်။ ပေပေတေတေလေး မိုက်ရှိင်းနေတယ်ဆိုပေမယ့် သူ့အသားအရည်လေးက အဖြူဘက်ကို လုချင်နေသည့်အသားအရည်လေးပါ။

ကိုယ်လုံးလေးက ကျစ်ကျစ်ကလေးနဲ့ ...

အရပ်ကလေးကပါ ကြည့်ကောင်းသည် မြင့်မြင့်သွယ်သွယ် လေး။

ခက်နေတာက ဂျစ်ကန်ကန်စရိုက်ကလေးနဲ့ ပေပေတေ တေလေးဖြစ်နေရတာ။

ဘဝချင်းတူနေရသူမို့ ...

မိုက်ရှိင်းဘဝလေးကို သခင်စိတ်ဝင်စားမိတာ လွန်သလား။

...

အခန်း (၇)

ခက်မာမာကတော့ ...

တစ်နေ့ ... တစ်နေ့ အလန်းစတိုင်လ်လေးနဲ့ အေးအေးဆေး ဆေးပေါ့။

ဆံပင်အတိုလေးကိုလည်း သရီးစတက်ပုံစံလေး ပြောင်းညှပ် ကာ နားကွင်းရှည်လေးတွေတလှုပ်လှုပ်နဲ့ တင်ကလေးယမ်းရင်း မနက်ခွန်နှစ်နာရီထိုးတာနဲ့ ဒေါ်ထက်ထိပ်ဖျားထမင်းဆိုင်ရှေ့က တက္ကသိုလ်ကြိုပို့ဖယ်ရီကားကို လာစောင့်စီးနေကျ။

ဒီလိုစီးရင်း ... တည်ရတုနဲ့ပါ ခင်သွားသည်။

ကျောင်းမှာလည်း သူငယ်ချင်းတွေအများကြီးတိုးသွား၏။

“တည်ရတု ... ဒါ ခက်မာရဲ့အခင်ဆုံးသူငယ်ချင်း ဝေဖြာတဲ့ အရမ်းချမ်းသာတယ်သိလား ... နောက်ဆုံးပေါ်ကားတွေ ထည်လဲ စီးပြီး ကိုယ်ပိုင်ကားနဲ့ကျောင်းတက်နေတာ ... ဝေဖြာ ... ဒါ ခက် မာနဲ့ တစ်ရပ်ကွက်တည်းနေတာ၊ ဖယ်ရီလည်း အသွားအပြန်အတူ တူပဲစီးတာ ... တည်ရတုတဲ့ မှတ်ထား ... ”

ချမ်းသာတဲ့သူငယ်ချင်းအသစ်တွေနဲ့ပေါင်းပြီး ... မိုးမမြင် လမမြင်ဖြစ်နေတာ ခက်မာမာ။ ဝေဖြာဆိုတဲ့ကောင်က တကယ့်



www.burmeseclassic.com

www.burmeseclassic.com



လည်းချမ်းသာတာပါ။ ဒါကို ... ဟိုလိုလို ဒီလိုလိုနဲ့ ခက်မာက အတင်းဝင်ရောပြီး မိတ်ဆွေဖွဲ့လိုက်တာဖြစ်သည်။

ပြောရရင် ... ခက်မာမာ ငွေမက်တာလည်းပါတာပေါ့။

နောက်တော့ ... သူ့အိမ်ကိုယ်လည်း ကိုယ့်အိမ်သူလည်းနှင့် တည်ရတုတို့ ထမင်းဆိုင်ကိုပါ ရောက်သွားသည်။

သခင့်ကိုတွေ့တော့ ခက်မာ မသိချင်ဟန်ဆောင်ပြီး ရယ်ပြီး နှုတ်ဆက်တာတောင် မလုပ်။

"ရင့်ကျူး ... အခု တည်ရတုနဲ့ပါလာတဲ့ အနီရောင်လည် ဟိုက်အပွလေးဝတ်ထားတာ သခင့်ရဲ့မကြီးခက်မာလေ ... မလှဘူး လား"

လန်းဆန်းတက်ကြွနေတဲ့ မကြီးခက်မာကိုကြည့်ကာ သခင် က ဂုဏ်ယူဝမ်းသာနေပေမယ့် ... သခင်ကို အရေးအရာလုပ်ပြီး နှုတ်ဆက်ဖော်မရတာကိုလည်း ရင့်ကျူးကသိနေသည်။

"သခင်ရယ် ... မင်းကသာ မင်းမကြီးကိုတွေ့လို့ ဝမ်းသာ နေတာ၊ မင်းမကြီးက ငါ့ညီမလေး ... ဒီဆိုင်မှာအလုပ်လုပ်နေ တယ်ဆိုတာ သတိတောင်ရသေးရဲ့လား ... တစိမ်းတွေကျနေတာ ပဲ၊ မသိချင်ဟန်ဆောင်ပြီး လှည့်ထွက်သွားတာ ..."

ဒါကို ရင့်ကျူး သတိထားလိုက်မိလို့ ပြောတာပါ။

ခက်မာကတော့ သိတယ်မို့လား။

တက္ကသိုလ်ကျောင်းသူဆိုတော့ လေသံလေးရော အမူအရာ လေးကပါ ဟိုတုန်းကနဲ့မတူတော့ဘဲ ... သိသိသာသာ ပြောင်းလဲ သွားခဲ့ပြီပေါ့။

အဝတ်အစားဝတ်တာ မိတ်ကပ်လိမ်းတာ မြေသည်းလ





သည်းဆိုးတာလေးကအစ ဆံပင်တွေမှာ ရွှေရောင်ပြေပြေလေး တင်ထားတာအဆုံး ကိုယ့်မကြီးခက်မာမှ ဟုတ်ရဲ့လားဆိုတာ ... မနည်းကြည့်ယူရသည်။

"ဟော့ကောင် ... တည်ရတု ..."

"ဘာလဲကွ ..."

"ငါ ... မင်းတို့ဆိုင်ထဲမှာ အရမ်းမိုက်တဲ့ကောင်မလေးတစ် ယောက်ကိုတွေ့တယ်"

"ဟင် ... ဘယ်မှာတွေ့တာလဲ ..."

"နောက်ဖေးရေတိုင်ကီနားမှာ ပန်းကန်ဆေးနေတာ"

တည်ရတု အထာပေါက်သည်။

သခင်ဆိုတဲ့ကောင်မလေးပဲ ဖြစ်မှာပေါ့။

ဒီဆိုင်မှာ သခင်ပုံစံလေးက အလုပ်သမားပေမယ့် စွဲမက်ဖို့ အကောင်းဆုံး။

"ဟွန်း ... ကျစ်ဆံမြီးလေးနှစ်ခွနဲ့သိလား ..."

ဝေဖြာက မက်မက်သက်သက်ပုံစံလေးနဲ့ပြောနေတော့ ခက် မာမျက်နှာပျက်နေရပြီ။ ဒါ ... အမေ့မွေးစားသမီး အငယ်မကိုပြော နေတာပဲနေမှာ ... ဒီလိုဟာမလေးကိုများ အရေးအရာလုပ်ပြီး ဝေဖြာ စိတ်ဝင်စားစရာလား။

"ဝေဖြာရယ် ... ရှင်ဘာတွေပြောနေတာလဲ ... ဒါ ... တည်ရတုတို့ဆိုင်က အခိုင်းအစေအလုပ်သမားတွေလေ ဝေဖြာရဲ့"

ခက်မာ ... ပြောင်ပြောပြီး ကန့်ကွက်ရှုံ့ချသည်။

"သူ့ပုံစံလေးက ချစ်စရာကောင်းလို့ ကိုယ်ကြည့်မိတာ ခက် မာ ... ထမင်းဆိုင်မှာလုပ်တဲ့ အလုပ်သမားပေမယ့် ရိုးရိုးယဉ်ယဉ်



www.burmeseclassic.com

www.burmeseclassic.com



လေးနော် ... ကျစ်ဆံမြီးကြီးချထားတာ အရှည်ကြီးမို့ ကိုယ်အံ့သြပြီး ကြည့်မိသွားတာ ... ကဲ ... ပြောပါဦး တည်ရတု သူ့နာမည်က ဘယ်သူလဲ ... "

"မောင့်သခင်တဲ့ ... "

"မောင့်သခင် ဟုတ်လား ... ဟွန်း ... နာမည်လေးနဲ့မျက်နှာလေးက တကယ်လိုက်တယ်ကွာ ... တကယ်ပဲ ... တကယ်ပဲ ဟင်း ... ဟင်း ... "

ဝေဖြာ သဘောကျလို့မဆုံးတော့ပါ။

ခက်မာကတော့ နှုတ်ခမ်းကလေးမဲ့လျှက် ...

"ဝေဖြာနော် ... ရှင့်ကို အမှန်အတိုင်းမပြောချင်လို့ ခက်မာကြည့်နေတာ ... အဲဒီမောင့်သခင်ဆိုတဲ့ ကောင်မလေးကို ခက်မာတို့မေကြီးက ရထားသံလမ်းပေါ်က ကောက်ရလို့ ဒီအရွယ်ထိ ရောက်အောင်မွေးစားခဲ့တာ ... "

"ဘာပြောတယ် ... "

"အခု ... ဒီဆိုင်ကို ပို့လိုက်တာလဲ မေကြီးက ဆက်ကျွေးမထားနိုင်လို့ ... "

"မင်း ... မင်း တကယ်ပြောတာနော် ခက်မာ ... "

"ဟာ ... ခက်မာ တကယ်ပြောတာပါ ဝေဖြာရဲ့ ... "

"ခက်မာပြောမှ ဒီကောင်မလေးကို ကိုယ်ပိုတောင် သနားသွားရပြီကွာ"

တည်ရတုကတော့ ဒါတွေအားလုံးကိုသိထားပြီးသားပါ။

"ဝေဖြာနော် ... နင်ကတော့ ပြောလေကဲလေ ဖြစ်နေပြန်ပြီ၊ ဒုက္ခပါပဲ ... ဒီဆိုင်ကိုခေါ်လာမိတာ မှားပါတယ်"





သခင်ကတော့ မသိပါ။

ကျစ်ဆံမြီးရှည်ရှည်လေး တယမ်းယမ်းနဲ့ ပန်းကန်တွေဆေးနေတာ။ လပေးထမင်းချိုင့်လေးတွေ သွားပို့ပြီးကတည်းက မကြီးခက်မာ အပေါ်ထပ်က ပြန်ဆင်းလာရင်နှုတ်ဆက်ဖို့ ... အမေ့အကြောင်းမေးဖို့ စိတ်တွေလှုပ်ရှားရင်း စောင့်နေမိသည်။

"ဟော ... "

ဆင်းလာတာ မကြီးခက်မာတစ်ယောက်တည်း။

ကြည့်ပါဦး ... တက္ကသိုလ်တက်မှ မကြီးခက်မာ လှနေလိုက်တာ။

မရမ်းစေ့ရောင် လည်ဟိုက်အပွ၊ ကိုယ်ကြပ်အကပ်ကလေးနဲ့ ဖန်စီနားဆွဲလေးတွေက နားရွက်လေးနှစ်ဖက်မှာ တွဲလောင်းလေးကျကာ ဘယ်ညာယမ်းနေသည်။

"ဟဲ့ ... "

"မ ... မကြီးခက်မာ ... "

မကြီးခက်မာကိုတွေ့လိုက်တာနဲ့ သခင့်မျက်ရည်တွေ ချက်ချင်းဝဲတက်သည်။

"မေကြီး ... မေကြီး နေကောင်းလားဟင် မကြီးခက်မာ"

အသံတုန်တုန်လေးနဲ့ အမောတကောလေး သခင်မေးမိသည်။

"ကောင်းပါတယ် ... "

ခက်မာက မဖြေချင်ဖြေချင် ...

"ဒီမှာ ... အရေးကြီးတာက ဒီဆိုင်မှာ အန်တီထက်ခိုင်းတာမှန်သမျှ မညည်းမညူဘဲ ညည်းအကုန်လုပ်နော် ... မအိပ်နဲ့ဆို မအိပ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့၊ မစားနဲ့ဆို မစားနဲ့၊ ငါပြောတာကြားလား ... အမေကလည်း သိပ်ပြေလည်တာမဟုတ်လို့ ညည်းကို ပြန်လာခေါ်နိုင်မှာမဟုတ်သေးဘူး ... ညည်း ... ဒီမှာ အကြာကြီးနေရဦးမယ်"

"ဟင် ... သခင် ... ဒီမှာ အကြာကြီးနေရဦးမယ်"

"အကြာကြီးထပ်နေရဦးမယ်ဆိုဂ ဒီဆိုင်ကနေ ထွက်ပြေးဖို့တော့ ... ညည်းမစဉ်းစားနဲ့နော် ... အခု[illegible]တာ ညည်းကိုသတိပေးစရာရှိလို့လာတာ၊ အပေါ်မှာ ငါတို့တက္က[illegible]သ်ကျောင်းက သူငယ်ချင်းတွေရောက်နေတယ် ... သူတို့က ညည်းကိုအရောတဝင်လုပ်ပြီး နှုတ်ဆက်လာရင် ညည်းမသိချင်ဟန်ဆောင်နေနော် ... လုံးဝမော့မကြည့်ရဘူး၊ ခေါင်းငုံ့ထား ... ဟဲ့ ... ငါပြောတာ ကြားလား ... "

"ဟုတ် ... ကြားပါတယ် မကြီး ... "

"အေး ... ဒါပဲ ... "

လေသံရော မျက်နှာထားကပါ အရမ်းမာနေတဲ့ မကြီးခက်မာမာ။

ပြောပြီးတာနဲ့ အပေါ်ကိုပြန်တက်သွားသည်။

သခင် ... မျက်ရည်ဝဲဝဲလေးနဲ့ပဲ နေရာလေးမှာရပ်ကျန်ခဲ့သည်။

မေကြီးရယ် ...

မေကြီးပြန်လာမခေါ်နိုင်သေးရင်လည်း မေကြီးထားတဲ့နေရာမှာ သခင်နေပါ့မယ်။ မကြီးခက်မာ တက္ကသိုလ် တက်နေတာမြင်ရလို့သခင်ကျေနပ်ပါပြီ။ ခုတော့ ... ဒီဆိုင်မှာ သခင် လက်ကလေးတွေ ထုံကျဉ်လာအောင်လည်း ပန်းကန်တွေ ဆေးရတယ်။





အန်တီထက်တို့ တစ်အိမ်လုံးက မိသားစုတွေရဲ့အဝတ်အစားတွေကိုလည်း သခင်လျှော်ရတယ်။ အိမ်အပေါ်ထပ်မှာ ကြမ်းတိုက်တော့လည်း သခင်ပဲတိုက်ရတယ်။ ဒီကြားထဲ မေကြီးကိုသတိရလို့ သခင်မျက်ရည်ကျရင် အန်တီထက်က သမီးပါးကိုရိုက်သေးတယ် မေကြီးရဲ့။

အဟင့် ... ဟင့် ... ဟင့် ... ။

တည်ရတုကလည်း ဆိုးတယ်။

သခင့်ကို လူလစ်တာနဲ့ ဆံပင်ကိုင်လိုက်၊ လက်ဆွဲလိုက်နဲ့ သူတို့အားလုံးကိုကြောက်ပြီး ဒီဆိုင်မှာ သခင်နေနေရတာပါ မေကြီးရယ်။ မေကြီးပြန်လာခေါ်မယ့်အချိန်ကို သခင်စောင့်နေတာပါ။

လူတွေမြင်သွားမှာစိုးလို့ မျက်ရည်ကိုလည်း သခင်ကမန်းကတမ်းသုတ်ရသည်။ ပန်းကန်တွေကိုလည်း မကွဲမရှအောင် သခင်ဆေးရသည်။ ဒီလောက်လုပ်နေတာတောင် အအော်အငေါက်ခံရတာမလွတ်။

"ဟဲ့ ... ပန်းကန်ဆေးတာ မြန်မြန်ဆေးလေ၊ ဒီလေ[illegible]ာ်ထိပ်ခေါက်ထားတာလည်း မမှတ်ဘူး ... ဟိုမှာ ... ဆန်တွေပြာရမယ်၊ စပါးလုံးတွေကောက်ရမယ်၊ အာလူးတွေ၊ ကြက်သွန်တွေလည်း နွှာရမယ်"

မတင်စန်းအော်သံက တစ်ချိန်လုံးနောက်က လိုက်နေသည်။

ရင့်ကျူးလည်း မနားရ။

"သခင် ... ကြားတယ်နော် ... မြန်မြန်လုပ် ... "

"အေးပါ ... အေးပါ ... "

"ဟဲ့ ... သခင် အပေါ်ထပ်က တည်ရတုခေါ်နေတယ် သွား"



www.burmeseclassic.com

www.burmeseclassic.com



လိုက်စမ်း ... ”

“ဟင် ... ”

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။

သခင်မသွားလို့မရပါ။ ရင့်ကျူးကလည်း မျက်ဝန်းလေးထောင့်ကပ်လှုပ်ပြကာ သခင့်ကို သတိပေးသည်။ သခင်ဆေးလက်စ,ပန်းကန်တွေ သည်အတိုင်းပစ်ချကာ လက်ကလေးဆေးပြီး အပေါ်ထပ်ကို တက်သွားတော့ ...

“သခင် ... ဒါ ကိုယ့်သူငယ်ချင်း ဝေဖြာတဲ့ ... ”

တည်ရတု မိတ်ဆက်ပေးပေမယ့် ... ဝေဖြာဆိုတဲ့ လူတစ်ယောက်ကို သခင်မော့မကြည့်ရဲပါ။ ဘာဆိုင်လို့လဲ ... တည်ရတုသူငယ်ချင်းဝေဖြာဟာ သခင်နဲ့ ရင်းနှီးခင်မင်ခွင့်ရှိလို့လား။

“ဝေဖြာ ... သူက ခက်မာအမေမွေးစားခဲ့တဲ့ မောင့်သခင်”

“ကိုယ် ... မင်းကို စိတ်ဝင်စားလို့ခေါ်ခိုင်းလိုက်တာပါ၊ မောင့်သခင် ... မင်းပုံစံလေးနဲ့ ဒီဆိုင်မှာ အလုပ်လုပ်နေရတာ ကိုယ်သနားတယ်သိလား ... ကိုယ့်မိဘတွေက ချမ်းသာပါတယ်၊ ကိုယ်မင်းကိုကူညီချင်တယ်၊ ပြောပါ ... မင်းဘဝမှာ ဘာတွေလိုအပ်နေတယ်ဆိုတာ ကိုယ်သိချင်တယ် ... ”

“ဟင့်အင်း ... ”

မကြီးခက်မာကိုကြောက်ပြီး သခင် ခေါင်းကလေးကိုပဲ ခါမိသည်။ မော့လည်းမကြည့်ရဲပါ။ အပိုစကားတွေလည်း မပြောရဲပါ။

“မျက်နှာလေးမော့ပါဦးကွာ ... ”

“ဟော့ကောင်ဝေဖြာ ... သခင်က ဒီဆိုင်မှာ သူများတွေနဲ့ မတူဘူး ... အရမ်းရှက်တတ်၊ ကြောက်တတ်တာကွ ... ”





“ရပြီ ... သခင်၊ မင်းသွားတော့ ... ”

သခင့်ကို ပြန်မောင်းထုတ်လိုက်တာ မကြီးခက်မာမာပါ။

“ဟား ... ဟား ... တကယ်ရှက်တတ်တဲ့ကောင်မလေးပဲ၊ မောင့်သခင်ရယ် ... လှည့်ထွက်သွားတာတောင် ခေါင်းကလေးငုံ့လို့”

ဝေဖြာ သဘောကျလို့မဆုံး။

ခက်မာ မကျေနပ်ပါ။

အအေးဆိုင်မှာထိုင်တော့ ရှုပုတ်နေအောင် နှုတ်ခမ်းကိုမဲ့ထားသည်။

“ဝေဖြာနော် ... ခက်မာကလွဲရင် တခြားသူကိုခင်တာ ခက်မာ မကြိုက်ဘူး ... ”

“ခက်မာကလည်းကွာ၊ မောင့်သခင်က ခက်မာညီမလေးပဲဥစ္စာ ... ကိုယ်က ဆင်းရဲရင် သနားတတ်တာ ခက်မာလည်းသိသားနဲ့၊ ခက်မာကိုလည်း ဆင်ခြေဖုံးမြို့သစ်လေးမှာ နေရတယ်ဆိုလို့ ကိုယ်ကခင်တာ ... ”

“ဒါပဲနော် ... ဝေဖြာ၊ ခက်မာတို့ဘက်ကိုကျတော့ အလည်လိုက်ဖို့ခေါ်ရတယ် ... ဝေဖြာတို့အိမ်ကိုလည်း ခက်မာလိုက်လည်မယ်နော်”

“ဟာ ... လည်ရမှာပေါ့၊ ကိုယ့်မေမေနဲ့ဖေဖေရော၊ ကိုယ့်ဘွားဘွားနဲ့ဘိုးဘိုးကရော အရမ်းသဘောကောင်းတယ် ... သူတို့ကို ခက်မာတွေ့ရင် အရမ်းခင်သွားမယ် ... ”

ဖြစ်နိုင်ရင် ဝေဖြာ့ကို သခင့်နဲ့မပတ်သက်စေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါ … ဝေဖြာကို တည်ရတုတို့ဆိုင်ကို ခေါ်မလာဖို့လည်း ခက်မာစိတ်ထဲက ကြိတ်ပြီးတော့ ဆုံးဖြတ်သည်။

ဝေဖြာကို ခက်မာပဲ ပိုင်စေရမည်။

လွယ်ပါတယ် … သခင့်အကြောင်းတွေ၊ သိက္ခာကျအောင် ပြောပြီး ချောက်တွန်းလိုက်ရုံပဲ။ သခင် … ဆယ့်ခြောက်နှစ်သမီးလောက်က ကောင်လေးတစ်ယောက်နဲ့ လိုက်ပြေးဖူးတယ်ပြော လိုက်တာနဲ့ ဝေဖြာ … အထင်သေးသွားမှာ။

ဟွန်း … ခက်မာမာကို လျှော့မတွက်နဲ့လေ ဝေဖြာရဲ့။

"သခင် … မင်းသိပ်ကြောက်နေလား … "

မကြီးခက်မာမာပြန်သွားတော့မှ သခင့်အနားကို ရင့်ကျူး ရောက်လာသည်။

သခင် … ခုထိ တစ်ကိုယ်လုံး အေးစက်နေခဲ့လျှက်။

ရင့်ကျူးမေးနေတာကိုပင် သခင်ရုတ်တရက် ပြန်မဖြေနိုင်ပါ။

"မင်း … မကြီးခက်မာမာနဲ့ တွဲနေတဲ့ဝေဖြာက တော်တော် ချမ်းသာမယ့်ပုံပဲနော် … ဒီရပ်ကွက်ကိုလိုက်လာတာ နောက်ဆုံးပေါ် အပုံစားအိစက်နေတဲ့ ကားကြီးနဲ့လိုက်လာတာ … "

ဆိုင်ရှေ့မှာ အဲဒီကားကြီးရပ်ထားတာ ရင့်ကျူးတို့အားလုံး တွေ့ပါသည်။

ဒေါ်ထက်ထိပ်ဖျားကဆို သားတည်ရတုရဲ့ကျောင်းက သူ ငယ်ချင်းအသစ်ကိုကြည့်ကာ ခေါင်းလေးတညိတ်ညိတ်နဲ့ ပီတိဖြစ်လို့ မဆုံး။ ရပ်ကွက်ထဲမှာ ပေါင်းနေတဲ့ဟာတွေနဲ့ ဘာဆိုင်လို့လဲ။





ဝေဖြာဆိုတဲ့ကောင်လေးက ချောချောလေးနဲ့သဘော ကောင်းမယ့်ပုံစံလေး … ချမ်းသာတာလည်း ကျိကျိတက်လို့တဲ့။ ဒါကို … နုဝေသမီး အကြီးမလေးက အတင်းလိုက်ကပ်ပြီး ရောနေ တာကိုတော့ ဘဝင်မကျ။

ကိုယ့်အဆင့်နဲ့ကိုယ် …

ဒီလိုသူဌေးသားလေးကို နန့်နန့်တက်ရောစရာလား။

"ဟွန်း … "

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဘာပြောတယ်ဗျ ..."

မျက်နှာလေးကို ဆတ်ခနဲလှည့်လိုက်တော့ ပခုံးစွန်းပေါ်က ဆံပင်တွေ တဖျတ်ဖျတ်ယမ်းသွားသည်။ မခံစားနိုင်ခြင်း၊ မယုံကြည်နိုင်ခြင်းတို့ကြောင့် တစ်နေ့တာလုံး ပျော်ရွှင်ကြည်နူးလာခဲ့ရသမျှတွေအားလုံး ဝုန်းခနဲ ပြိုကျသွားသည်။

"ဟွန်း ... ငါ နင့်ကိုရှင်းရှင်းလေးပြောနေတာလေ မိုက်ရိုင်းရဲ့ ... မောင့်သခင်ဆိုတဲ့ကောင်မလေးက နင်နဲ့မပတ်သက်ရဲဘူး ပြောပြီး ဒီအင်္ကျီလေးကို ပေးသွားလို့ငါယူထားလိုက်ရတာ ... ရော့"

နှုတ်ခမ်းမဲ့ကြည့်လျှက် ဒေါ်ကူးက မိုက်ရိုင်းရှေ့ကို ပစ်ချလှမ်းပေးသည်။

"သူက ... ဒီလိုပဲ ပြောသလား"

"ဟဲ့ ... မပြောဘဲနေမလား၊ နင့်လို လမ်းပေါ်မှာနေ လမ်းပေါ်မှာစားတဲ့ကောင်လေးတစ်ယောက် ပေးတာကို ဘယ်မိန်းကလေးက လိုချင်မှာလဲ ... နင့်ကိုကြောက်လို့ ယူလာခဲ့ရတာ"





"ကျွန်တော်က စေတနာနဲ့ပေးတာဗျ ..."

မခံချင်စိတ်လေးနဲ့ပြောလိုက်ရပေမယ့် မိုက်ရိုင်းမျက်နှာလေးကရဲလျှက်။

"နင် ... အပိုတွေ ဘာမှပြောမနေနဲ့မိုက်ရိုင်း ... ကောင်မလေးက ဆင်းရဲပေမယ့် သူ့သိက္ခာလေးနဲ့သူ တည်တည်ကလေးနေတာ ... ပြောတာဆိုတာလည်း ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ကလေး ..."

"အဲဒါ ... ဘာဖြစ်လဲ ..."

နဖူးပေါ်က ဆံပင်တွေကို သပ်တင်သိမ်းသည်။

နှုတ်ခမ်းမဲ့မဲ့လေးနှင့်လည်း ဒေါ်ကူးကို မိုက်ရိုင်းလှမ်းကြည့်၏။

"ဟဲ့ ... ဘာဖြစ်ရမှာလဲ၊ နင်လိုကောင်မျိုးနဲ့ မတန်လို့ပြောနေတာလေ"

ဒေါ်ကူးအသံက နှစ်ဆကျယ်လာသည်။

လမ်းသွားလမ်းလာတချို့က သူတို့နှစ်ယောက်ကို လှည့်ကြည့်လှည့်ကြည့်နှင့် ဆက်လျှောက်သွားကြ၏။

"နင် ... နောက်တစ်ခါ သခင်ဆိုတဲ့ကောင်မလေးကို သွားပတ်သက်ဖို့ မကြိုးစားနဲ့၊ ဟိုက ... နင့်ကို ပြန်ကြိုက်မယ်ထင်နေလို့လား၊ ဟွန်း ... ဝေးသေးတယ်၊ ဒေါ်ထက်ထိပ်ဖျားသိရင်လည်း ဟိုက နင့်ကိုသည်းခံနေမှာ မဟုတ်တော့ဘူး"

"ခင်ဗျား ... ဆက်မပြောနဲ့တော့ ..."

"ဟဲ့ ... မပြောလို့ရမလား၊ ငါက သားသမီးချင်းကိုယ်ချင်းစာလို့ပြောနေရတာလေ ... နင်နဲ့ပတ်သက်သွားရင် မိန်းမကောင်း



www.burmeseclassic.com

www.burmeseclassic.com



မိန်းမမြတ်လေးက ပန်းကောင်းအညွန့်ကျိုးလေးဖြစ်သွားရတော့မှာ နင်လို လူမိုက်လေးက ထောင်ထဲရောက်သွားမှ ဓာတ်သိမ်းသွား မယ့်ကောင်လေး ... သွား ... သွား ... နင့်အင်္ကျီနင်ယူပြီး ငါ့ဆိုင် ရှေ့က ထွက်သွားတော့ ... ”

မီးကင်းတဲလေးပေါ်ပြန်ရောက်သည့်အထိ ဒေါ်ကူးရဲ့ရင့်ရင့် သည်းသည်းစကားသံတွေက မိုက်ရိုင်းနားထဲကို ဝေ့ဝဲပြီး ပဲ့တင်သံ တွေ ပြန်လာနေဆဲပါ။ ပြောရရင် ... မိုက်ရိုင်းအနှိမ်ခံလိုက်ရတာပါ။

မိုက်ရိုင်းမျက်နှာလေးရဲ့လျှက် ... ငူငူလေးထိုင်နေစဉ် ဆိုက် ကားနဲ့ ဘမုန်းချစ်ရောက်လာသည်။

ဒီအကြောင်း ဘမုန်းချစ်ကို ပြောပြလိုက်တော့ ...

“ဟွန်း ... လောကကြီးက ဒါပဲလေကွာ ... မိုက်ရိုင်း ... ဘာလဲ ဒီလိုအပြောခံရလို့ မင်းသိပ်အားငယ်သွားသလား ... ငိုင် မနေနဲ့ဟေ့ကောင် ... ဒါ မင်းဘဝပဲ မင်းဖြတ်သန်းရမယ့်အခြေအနေ တွေပဲ ... ဒီလိုဖြစ်လာရင် မခံချင်စိတ်နဲ့ မာနတွေ ရင်ထဲမှာမွေး၊ ကိုယ်လျှောက်သင့်လျှောက်ထိုက်တဲ့လမ်းကို ဖြည်းဖြည်းချင်းဆက် လျှောက် ... ဟုတ်ပြီလား ... ”

ဘမုန်းချစ်ကိုတော့ မိုက်ရိုင်းလေးစားပါသည်။

ဒီဈေးနားတစ်ဝိုက်မှာ မိုက်ရိုင်းအခင်ဆုံးကလည်း ဘမုန်း ချစ်ပဲ။

သို့သော် ... တစ်ချိန်လုံး မိုက်ရိုင်းမျက်နှာလေးက တည်နေ ရတာမို့။

“ကောင်လေး ... ”

“ဗျာ ... ဘမုန်းချစ် ... ပြောလေ ... ”





“မင်း ... ဘမုန်းချစ်ကို အမှန်အတိုင်းဝန်ခံစမ်း ... ”

“ဘာကို အမှန်တိုင်းဝန်ခံရမှာလဲ ဘမုန်းချစ်ရဲ့ ... ”

“သခင်ဆိုတဲ့ကောင်မလေးကို မင်းသိပ်ချစ်သွားလို့လား”

“ဗျာ ... ”

“မင်းမလိမ်နဲ့ ကောင်လေး ... ”

“ဟာဗျာ ... ဘမုန်းချစ်ကလည်း ... ”

တစ်ကိုယ်လုံး ထူပူသွားရ၏။

အချစ်တဲ့ ... ကောင်မလေးကို မင်းသိပ်ချစ်သွားလို့လားတဲ့။

မျက်နှာလေးကိုတောင် ဘယ်လိုထားရမှန်းမသိ။

“ဟွန်း ... မနေ့တုန်းက အင်္ကျီလေးပေးလိုက်တုန်းက ပျော် နေတဲ့မင်းမျက်နှာလေးက ဒီလိုမျက်နှာလေးမှမဟုတ်တာ ... ဟုတ် တယ်ကောင်လေး ... မင်းရင်ထဲမှာ ချစ်တတ်တဲ့အသည်းနှလုံးရှိ တာ ငါမြင်လိုက်ပြီ ... ”

“ဟာ ... မဟုတ်ဘူးနော် ဘမုန်းချစ် ... ”

“ဘာလို့မဟုတ်ရမှာလဲ ... အခု အင်္ကျီလေးကိုမယူဘဲပြန် ပေးလိုက်လို့ မင်းစိတ်ဓာတ်ကျပြီးငိုင်နေတာလေ ... ငါက ငယ်ရာ ကကြီးလာတာပါ ကောင်လေးရယ် ... မင်းပုံစံလေးကို ကြည့်လိုက် တာနဲ့ငါသိပါတယ် ... ”

“ကျွန်တော် ... ကျွန်တော် ... ”

“ဟား ... ဟား ... ”

အခုမှ ... ဘမုန်းချစ် တဟားဟား အော်ရယ်ပါလေသည်။

“ကျွန်တော် ... ဘမုန်းချစ်ကို အမှန်အတိုင်းပြောမယ်ဗျာ၊ သိလား ... အဲဒီကောင်မလေးကိုမြင်မြင်ချင်း ရင်တွေခုန်ပြီး တစ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးအေးစက်သွားတာကို ကျွန်တော်ဝန်ခံပါတယ် ... ဈေးထဲမှာ ပြန်တွေ့တော့လည်း ကျွန်တော့်အသံတွေ တုန်နေတယ် ... အဲဒါ အချစ်လားဟင် ဘမုန်းချစ် ... ကျွန်တော် မသိဘူးဗျ"

"ကောင်လေးရာ ... မင်းနဲ့ကတော့ တကယ်ခက်နေပြီကွာ ဟား ... ဟား ..."

"ပြောပါ ... ဘမုန်းချစ်ရာ၊ ကျွန်တော် တကယ်မသိလို့ ဘမုန်းချစ်ကို မေးနေတာပါ ... မိန်းကလေးတစ်ယောက်ကို မြင်လိုက်တာနဲ့ရင်ခုန်သွားတာ အချစ်လား ..."

"ဟေ ..."

ဘမုန်းချစ် အရယ်ကိုရပ်ကာ မေ့ကြည့်လိုက်တာ တအံ့တဩ။

"အဲဒါ ... မင်းမသိဘူးလား ..."

"မသိဘူး ..."

"ဟား ... ဟား ..."

ပြောရရင် အဲဒါ တကယ်မသိတာပါ။

"အေး ... မသိရင် ဟိုမှာ ... သခင်ဆိုတဲ့ကောင်မလေး ထမင်းချိုင့်သွားပို့ဖို့ ထွက်လာပြီ၊ လိုက် ... လိုက် ... အဲဒီလိုလိုက်မှ အချစ်ဆိုတာကို မင်းနားလည်လာမှာ ... ဟား ... ဟား ..."

"ဟင် ..."

ဘမုန်းချစ်လှမ်းပြရာနေရာကို ကြည့်လိုက်တော့ တကယ်လည်း ထမင်းချိုင့်တွေကို ဆွဲခြင်းလေးထဲစီထည့်ကာ ထွက်လာနေသည့် ကောင်မလေး။ ကြည့်ပါဦး ... ဒီနေ့မှာလည်း ကျစ်ဆံမြီးလေးနှစ်ခွနဲ့ ပါးကွက်ကြားမလေးနှစ်ခုကလည်း ပါးပြင်လေးပေါ်မှာ





ဝင်းဝင်းထင်းထင်းကလေးပါ။

"ဟေ့ကောင် ... လိုက်သွားလေ၊ မင်းလက်ထဲက အကျီလေးကို ပြန်ပေးဖို့ မင်းဆုံးဖြတ်ထားတယ်မို့လား ..."

"ကျွန်တော် ..."

တကယ်တော့ သခင့်နောက်ကို သူမလိုက်ရဲပါ။

ဒါဟာလည်း အကြောင်းရှိပါသည်။ ဘမုန်းချစ်ပြောသလို သခင်ဆိုသည့်ကောင်မလေးကို သူကချစ်နေတယ်ထားပါဦး။ သူ့ကို မြင်တိုင်း ဖြူဆုတ်ဆုတ်မျက်ဝန်းကလေးတွေနဲ့ကြည့်ပြီး သခင်က ကြောက်နေတဲ့ဥစ္စာ။

သူ ဘယ်လိုလိုက်ရမလဲ။

ပြီးတော့ ... ဒေါ်ကူးပြောထားသည့်စကားတွေက သူ့နားထဲကမထွက်။

"နင် ... နောက်တစ်ခါ သခင်ဆိုတဲ့ကောင်မလေးနဲ့ သွားပတ်သက်ဖို့ မကြိုးစားနဲ့ ... ဟိုက နင့်ကို ... ပြန်ကြိုက်မယ်ထင်နေလို့လား ..."

ဒီစကားအတွက်တော့ သူ့ရင်ထဲမှာ အကြီးအကျယ်ခံစားရပါသည်။ နောင်တလေးနဲ့လည်း ဝမ်းနည်းကြေကွဲစိတ်ဖြစ်မိ၏။ ဘမုန်းချစ်ရယ် ... ကျွန်တော် မလိုက်တော့ပါဘူးဗျာ။ ဒီအကျီလေးကိုလည်း ကျွန်တော်မပေးဘဲ သိမ်းထားလိုက်ပါတော့မယ်။ ကျွန်တော်က လမ်းပေါ်က ကောင်လေးတစ်ယောက်ပါ။

သူ ကြေကြေကွဲကွဲလေး တွေးနေသည့်အခိုက်မှာပဲ တစ်ဖက်က ကားလမ်းနံဘေးကနေ သခင်က မျက်နှာထားတည်တည်ကလေးနဲ့ သူသွားရမယ့်လမ်းကိုပဲ ဆက်လျှောက်လို့သွားခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း … မင်းအရမ်းစိတ်ထိခိုက်နေလို့လား ကောင်လေးရယ် ဘမုန်းချစ်ကို ပြောစမ်းပါ … ဟိုမှာ … မင်းမလိုက်တော့ လိုက်မယ့် ကောင်လေးတစ်ယောက်က ပေါ်လာပြီလေ … "

"ဗျာ … "

တည်ရတု …

အပျံစားလေးဝတ်ပြီး သခင့်နောက်ကို လိုက်သွားတာ။

သူ့ရင်ထဲမှာ ထိတ်ခနဲဆောင့်ခုန်ကာ မျက်ဝန်းလေးတွေပါ ပြာဝေသွားရသည်။ မယုံနိုင်သလို ခံစားလိုက်ရပေမယ့် ဟိုတစ်နေ့ကတည်းက တည်ရတုက သခင့်ကို ထိကပါးရိကပါး ဆွဲလားရမ်းလားလုပ်ချင်နေတာလေ။

ဒါကိုသိနေတော့ သခင့်အတွက် စိတ်ပူသွားမိ၏။

"ဟာ … ဟော့ကောင် … ကြည့်စမ်း … "

ဘမုန်းချစ် မျက်လုံးပြူး မျက်ဆံပြူးနဲ့အော်တော့ သူမျက်တောင်ခပ်ဖို့တောင် သတိမရတော့ဘဲ သခင်ရှိနေသည့် လမ်းမတစ်နေရာကိုပဲ သူ့အကြည့်လေးတွေက ထပ်ရောက်သွားသည်။

လမ်းပေါ်မှာ သခင်က … ရှောင်ဖယ်ဖယ်လုပ်နေ၏။

သခင့်လက်ကို တည်ရတုက ဆွဲဖို့ကြိုးစားနေသည်။

သခင်က ဒါကိုလက်မခံဘဲ ငြင်းဆန်နေတော့ …

"တောက် … "

အဲဒီအနားကို မိုက်ရိုင်းရောက်သွားတာ ဘမုန်းချစ်ပင် ဆွဲထားချိန်မရလိုက်ပါ။

"ဟော့ကောင် … မင်းဘာလုပ်တာလဲ … "

သူ့ကိုမြင်တော့ တည်ရတု မျက်နှာရဲသွားသည်။

ဖိုးလပြည့်စာပေ



"မင်း … လာမရှုတ်နဲ့နော် မိုက်ရိုင်း … ဒါ … ငါဝို့နှစ်ယောက်ကိစ္စ"

"သူကမှ မင်းကိုလက်မခံတာ … "

"အဲဒါ … မင်းနဲ့မဆိုင်ဘူးလေကွာ … "

"တော် … တော်ကြပါတော့ရှင်၊ အားလုံးကို ကျွန်မတောင်းပန်ပါတယ် … "

အထိတ်တလန့်လေးနဲ့ နှစ်ယောက်စလုံးကို တောင်းပန်လိုက်မိတာ သခင်ပါ။ သခင် … ကြောက်လည်းကြောက်နေသည်။ အသံလေးတွေကလည်း တုန်နေသည်။ လမ်းမကြီးပေါ်မှာဖြစ်နေတော့ ရှက်ပြီးတော့လည်း မျက်ရည်ကပါ ဝဲချင်နေ၏။

"ဘာဖြစ်တာလဲ … တည်ရတု … "

"ဒီကောင် မင်းကို … ပြဿနာရှာတာလား … "

"ချကွာ … "

ရုတ်တရက်ဝိုင်းအုံပြီးရောက်လာတဲ့ တည်ရတုသူငယ်ချင်းတွေ အားလုံးက ကလေကချေ လူမိုက်တွေပဲဖြစ်သည်။ ထိုအထဲကမှ မျက်နှာပေါက်ခပ်ဆိုးဆိုးနှင့်ကောင်ကစပြီး စိမ်ခေါ်သည်။

"ဟော့ကောင် … "

အော်လည်းအော် … လက်သီးနှင့်လည်းပြေးထိုးသည်။

"ခွပ် … ခွပ် … "

"ဝိုင်းချ … ဝိုင်းချ … "

အများနှင့်တစ်ယောက်မို့ မိုက်ရိုင်း ခံလိုက်ရသည်။

သခင်ကြောက်ပြီး ထွက်ပြေးလာခဲ့ချိန်မှာ မိုက်ရိုင်းကတော့ ဒဏ်ရာတွေနဲ့ လဲကျကျန်နေခဲ့ပါပြီ။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘမုန်းချစ်လည်း တက်တခေါက်ခေါက်။

ဒါတောင် … ဘမုန်းချစ် ရန်ပွဲကိုဝင်တားတာ မြန်လိုက်လို့ပါ။

"ဒီကောင်တွေ မတရားဝိုင်းလုပ်တာ … "

"ကောင်လေး … မင်းသက်သာရဲ့လား … "

မျက်နှာတွေဖူးရောင်ပြီး နှုတ်ခမ်းပါကွဲသွားသည်။

ဆေးခန်းတောင် ဘမုန်းချစ်လိုက်ပို့လို့ …

"ရတယ် … ဘမုန်းချစ် … "

"အဲဒါပဲကောင်လေး … တည်ရတုက ပိုက်ဆံချမ်းသာတော့ လူဆိုးလူမိုက်တွေက သူ့ဘေးမှာဝိုင်းရံနေတာလေ … မင်းဒီလိုခံလိုက်ရတာကိုသိရင် ဒေါ်ထက်ထိပ်ဖျားကလည်း ဝမ်းသာနေမှာပဲ"

"ဟွန်း … အများနဲ့တစ်ယောက်ဖြစ်နေလို့ပေ့ါ ဘမုန်းချစ်ရာ"

ဆေးခန်းကအပြန်မှာ မိုက်ရိုင်းတစ်ယောက်တည်း ခွေခွေလေးသွားအိပ်နေတာ ရပ်ကွက်အစွန်က မီးသတ်ရေကန်ကြီးနားမှာပါ။

အဲဒီမှာ ဇရပ်ပျက်လိုလို၊ အဆောက်အဦလေးတစ်ခုက ရှိနေပြီးသား။

ဒါကို … စက်ဘီးကလေးနဲ့ ထမင်းချိုင့်လိုက်ပို့ရင်း သခင်မြင်သွားသည်။

"အို … မိုက်ရိုင်းရယ် … "

ဒီလို မတရားထိုးကြိတ်တာကိုတော့ သခင်လက်မခံနိုင်ပါ။

ပြောရရင် … မိုက်ရိုင်းဟာ သခင်နဲ့ဘဝချင်းတူနေတဲ့ကောင်





လေး။

သခင် … မိုက်ရိုင်းနားကို ရောက်သွားသည်။

စိတ်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းမသိ။

မျက်နှာပေါ်က ဒဏ်ရာတွေကိုကြည့်ပြီး သခင်ခေါ်လိုက်မိတာက …

"ရိုင်း … "

"ရိုင်း … "

ဒူးကလေးထောက်ပြီးတော့လည်း ရိုင်းခွေခွေလေးလှဲအိပ်နေသည့်ဘေးမှာ သခင်ထိုင်ချသည်။

"ဟာ … "

သခင့်ကိုမြင်တော့ ရိုင်း … အလန့်တကြား ကုန်းထသည်။

"မင်း … မင်း … ဘယ်ကနေ ရောက်လာတာလဲ"

"ရှင် … ရှင် ဒဏ်ရာတွေအများကြီးရသွားတယ်ဆိုလို့ ကျွန်မလာကြည့်တာ … ပြပါဦး … ရှင်ခေါင်းငုံ့မထားပါနဲ့ … "

သခင် … ခေါင်းကလေးကို အတင်းမော့ခိုင်းရသည်။

ဒါတောင် … ဂျစ်တစ်တစ်လေးလုပ်ချင်နေသေးတဲ့ ရိုင်းက မျက်တောင်လေးပင့်တင်ကာ မဝံ့မရဲ လှမ်းကြည့်၏။

"ရပါတယ် … ငါဘာမှမဖြစ်ဘူး … "

"ဟာ … ဘာလို့မဖြစ်ရမှာလဲ … ဒီမှာကြည့်ပါဦး၊ မျက်လုံးတွေရော၊ နှုတ်ခမ်းတွေပါ ဒီလောက်ဖူးရောင်ကိုင်းနေတာ … "

"ဟွန်း … "

"ဒီမှာ … ရှင် ခုလိုဖြစ်သွားတာ ကျွန်မကြောင့်ဖြစ်ရတာဆိုပြီး ကျွန်မစိတ်မကောင်းဖြစ်နေတာ … ရှင် … ဂျစ်တစ်တစ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့၊ အခုလည်း ... ကံကောင်းလို့ရှင်နဲ့ကျွန်မ လူရှင်းတဲ့ဒီနေရာလေးမှာ အေးအေးဆေးဆေးတွေ့ခွင့်ရတာ ... "

"ငါက လမ်းပေါ်က ကလေကချေပါ ... "

ခုထိလည်း သခင့်မျက်နှာလေးကို သူလှည့်မကြည့်သေးပါ။

"ရှင် ... အဲဒါ ခက်တာပေါ့ ... ဒေါ်ထက်ထိပ်ဖျားထမင်းဆိုင်ကို ကျွန်မစရောက်တဲ့နေ့ကတည်းက ရှင့်ကို ... ကျွန်မ သတိထားမိနေတာ ဆံပင်တွေကဖွာလန်ကြဲပြီး ... တစ်ခါမှ သပ်သပ်ရပ်ရပ်နေတာ ကျွန်မ မတွေ့ဖူးသေးဘူး ... နောက်နေ့ကစပြီး ရှင်သပ်သပ်ရပ်ရပ်နေပါ ... "

"အဲဒါ ... လိုလို့လား ... "

"ဟာ ... လိုလို့ပြောနေတာလေ ... ရိုင်း ... "

နာမည်လေးကို တစ်လုံးတည်းခေါ်တော့မှ ရိုင်းမျက်နှာလေး ဆတ်ခနဲလှည့်လာသည်။ မျက်ဝန်းတွေ တဖျတ်ဖျတ်လက်သွားတာကြည့်ရင်း ... မျက်တောင်ခတ်ဖို့ သခင်သတိမရနိုင်။

"မလိုပါဘူး ... မိုက်ရိုင်းဆိုတဲ့ကောင်က လမ်းပေါ်မှာပဲ အမြဲရှင်သန်နေရတာ ... မင်း ... ခုလို လာကြည့်တာကိုတော့ ငါကျေးဇူးတင်ပါတယ် ... ထားလိုက်ပါ ... "

မျက်တောင်တွေပိတ်ချကာ မျက်နှာကိုပါ ရိုင်းက တစ်ဖက်သို့လှည့်သည်။

"ဒီမှာ ... ရှင့်အသက်က ကျွန်မနဲ့ဆို ရွယ်တူလောက်ပဲရှိတဲ့ဥစ္စာ၊ ဘာပဲပြောပြော မျှော်လင့်ချက်မဲ့တဲ့နေရာမှာ ရှင့်ဘဝကို ဒီအတိုင်း မြှုပ်နှံမထားသင့်ဘူးလို့ ကျွန်မထင်တယ် ... ရှင့်အကြောင်းတွေကိုလည်း ရှင်နဲ့တစ်ရပ်ကွက်ထဲမှာ အတူတူနေခဲ့ဖူးတဲ့ ရင့်ကျူး





ကပြောလို့ ကျွန်မသိထားတာ ... "

"ဘာတွေသိထားတာလဲ ... "

"ရှင့်ကို လမ်းဘေးအမှိုက်ပုံမှာ ပစ်ခဲ့တာကအစ ... "

"ဟွန်း ... အဲဒါတွေ မင်းမေ့လိုက်ပါ ... ကံတရားက ငါ့ဘက်မှာမရှိလို့ ငါဒီဘဝရောက်ခဲ့တာ ... ပြောရရင် လူတွေအားလုံးနဲ့လောကကြီးတစ်ခုလုံးကို ငါစိတ်နာတယ် ... ငါ့ကိုပစ်သွားခဲ့တဲ့မိဘတွေကိုလည်း ငါသတိမရချင်ဘူး၊ အေး ... ဒါပေမယ့် မင်းကိုတော့ ငါနဲ့ဘဝတူချင်းမို့ ငါစိတ်ဝင်စားတယ် ... "

"ဘုရားရေ ... "

ကြည့်စမ်း ...

သခင့်ဘဝလေးကိုတောင် ရိုင်းကသိနေပြီ။

သခင် ... ခံစားချက်နဲ့လည်း ရိုင်းကတစ်ထပ်တည်းကျနေသည်။

ပြီးတော့ ... သခင့်ကိုလည်း ရိုင်းက စိတ်ဝင်စားတယ်ဆိုပါလား။

"မင်းကို ... မင်းရဲ့မွေးစားအမေက ထမင်းဆိုင်မှာ ထားခဲ့တာဆို ... "

"ဟုတ် ... ဟုတ်တယ်လေ ရိုင်း ... "

"ငါပြန်ရွေးမယ် ... "

ရိုင်းပြောလိုက်တာ တစ်ခွန်းတည်းပါ။

နေစရာမရှိလို့တောင် မီးကင်းတဲပေါ်မှာ အိပ်နေရတဲ့ ရိုင်းက ပိုက်ဆံတစ်သိန်းပေးပြီးတော့ သခင့်ကိုပြန်ရွေးဦးမတဲ့။

"ကြာရင် ... တည်ရတုက မင်းကိုဖျက်ဆီးတော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ... ရှင်စိတ်မပူနဲ့ ... "

"ဘာဖြစ်လို့လဲ ... "

"ကျွန်မကိုယ် ကျွန်မယုံတယ် ... "

"ကဲ ... မင်းပြောချင်တာ ဒါပဲလား ... ဒါပဲဆိုရင် မင်းသွားတော့ ... "

"ဟင် ... ရှင်က ဒီနေရာမှာ တစ်ယောက်တည်းဆက်အိပ်နေဦးမှာလား ... "

"ဒါ ... ငါငယ်ငယ်လေးကတည်းက တစ်ယောက်တည်းအမြဲလာလာအိပ်နေတဲ့နေရာ ... "

"ရှိုင်းရယ် ... "

ရှင် ဘယ်လိုလူလဲ။

သခင်နဲ့ပြောတာတောင် လေသံက မာမာလေး။

တည်ရတုနဲ့တစ်ခြားစီပဲ။

ရှင့်ကို သနားလို့ ကျွန်မအရဲစွန့်ပြီး လာကြည့်မိတာပါ။

ဘာပဲပြောပြော ...

ကျွန်မသဘောကျတာ ရှင့်ရင်ထဲက မာနတွေ။

⁂ ---- ⁂ ---- ⁂

## အခန်း (၉)

"ဖြန်း ... "

"အဲဒါ ... မိုက်ရိုင်းနဲ့ပတ်သက်ချင်ဦး ... "

"ဖြန်း ... "

"အဲဒါ ... မိုက်ရိုင်းနဲ့ အရောဝင်ချင်ဦး ... "

"ရိုက် ... အန်တီထက် ... ရိုက် ... ရိုက် ... ဒီလိုရိုက်ထားမှ အဲဒီကောင်မမှတ်မှာ ... ချိုင့်သွားပို့တာကြာနေတယ်ဆိုပြီး မတင်စန်းကိုယ်တိုင်နောက်ကနေ လိုက်သွားကြည့်တာ ... အဲဒါ ရေကန်ဘေးက ဇရပ်ပျက်ထဲမှာ သူတို့နှစ်ယောက်က စကားပြောနေကြတယ်လေ ... ဘယ်လောက်အသည်းယားဖို့ ကောင်းသလဲဆိုတာ အန်တီထက် စဉ်းစားကြည့်ပါဦး ... "

ပြင်းထန်သော လက်ဝါးရိုက်ချက်တွေက သခင့်ပါးပြင်လေးပေါ်အဆက်မပြတ်ကျလာသလို ... နာကျင်လွန်း၍ မခံနိုင်တော့ဘဲ နောက်ဖေးကြမ်းပြင်လေးထက်မှာ သခင်ခွေခွေလေးပုံလဲကျသည်။

ဒီလောက်ရိုက်တာတောင် ဒေါ်ထက်ထိပ်ဖျားဒေါသတွေက



www.burmeseclassic.com

www.burmeseclassic.com



မပြေနိုင်။

အတို့အထောင်လုပ်ပေးသူတွေများတော့ ပိုဆိုးနေသည်။

"ဘာလည်းဟင်သခင် ... ညည်းက ... ညည်းက ငါမကြိုက်မှန်းသိလို့ တမင်လုပ်ပြနေတာလား၊ ငါ့သား တည်ရတုကိုကျတော့ တွန်းလားဖယ်လား ရုန်းလားကန်လားနဲ့ ... ညည်းလုပ်တာ၊ ငါ့သား သိက္ခာကျတယ် ... အခုလည်း ... ညည်းကြောင့် လမ်းပေါ်မှာရန်ဖြစ်ကြတာ ကောင်းသလား ... ငါ့သားက အညွန့်တလူလူနဲ့ ... "

ဒေါ်ထက်ထိပ်ဖျား ဆတ်ဆတ်ခါမနာဘဲနေမလား။

မောင့်သခင် ...

ညည်း ငယ်ပါသေးတယ်။

ညည်းတစ်ခုပဲသိထားရမှာက ညည်းဟာ ငါ့ဆိုင်မှာအလုပ်လုပ်ရတဲ့ကျွန်တစ်ယောက်ပဲ။ တည်ရတုဆိုတာက ငယ်ငယ်လေးကတည်းက မိဘအပေါ်မှာ ဆိုးချင်တိုင်းဆိုး၊ နွဲ့ချင်တိုင်းနွဲ့လာခဲ့တာ၊ ညည်းကို အရောဝင်တိုင်း ငါ့သားတက္ကသိုလ်ကျောင်းသားက ညည်းကို စွဲလမ်းမြတ်နိုးစိတ်နဲ့ တွယ်တာနေမယ်ထင်လို့လား။

"ဟဲ့ ... သခင်၊ ညည်း ... အခုမှ တရှုံ့ရှုံ့နဲ့ငိုပြမနေနဲ့၊ ညည်းကို အန်တီထက်ပါးရိုက်တာ နည်းတောင်နည်းသေးတယ်၊ ညည်းကို တစ်ခါတည်း အသေသတ်ရမှာဟဲ့ ... သိလား၊ ဒီလို လမ်းပေါ်က ကလေကချေကောင်လေးကိုများ ညည်းမို့ အရောဝင်ချင်သေးတယ် ဟွန်း ... လူတွေသိရင်တောင် ဘာပြောကြမလဲ ... ညည်းတော် တော်အရှက်မရှိတဲ့မိန်းမ ... "

မတင်စန်းကပါ သခင့်ကို ဝင်ရိုက်ဖို့ လက်တရွယ်ရွယ်။

သခင် ဘာတတ်နိုင်မှာလဲ။



"သူ့ကို ... ဒီနေ့ထမင်းမကျွေးနဲ့၊ မှတ်လောက်သားလောက်ဖြစ်အောင် ဒဏ်ပေးထားလိုက် ... "

"သွား ... သွား ... ညည်းအခုထ,ပြီး ပန်းကန်တွေသွားဆေး" ကြိမ်းမောင်းသံတွေက တစ်ထပ်တည်း။

သခင်လဲကျနေရာမှထပြီး ပန်းကန်တွေသွားဆေးရသည်။

မျက်နှာမှာရော တစ်ကိုယ်လုံးပါ စပ်ဖျင်းဖျင်းလေးနဲ့ကိုက်ခဲလို့။ ဒါပေ့ါလေ ... သူ့ဆန်စားရင်ရဲရမယ်ဆိုတာ သခင်နားလည်ပြီးသားပါ။ ရိုက်ရင်လည်း သခင်ခံပါ့မယ်။ ထမင်းမစားနဲ့ဆိုလည်း သခင်မစားပါဘူး။

"သမီး ... အမေ့သမီးငယ်လေး ... "

"ဟင် ... မေကြီး ... "

သခင် အံ့သြသွားသည်။

ရုတ်တရက် အနားကိုရောက်လာတဲ့မေကြီးကိုကြည့်ကာ သခင်ဘာပြန်ပြောရမှန်းမသိတော့ပါ။ မေကြီးကတော့ သခင့်ကို တွေ့လိုက်တာနဲ့ အငမ်းမရ ပြေးဖက်ကာ တရှုံ့ရှုံ့ ရှိုက်ငိုပါသည်။

"အဟင့် ... သမီးငယ်လေးရယ် ... သမီးငယ်လေးကို သတိရလွန်းလို့ မေကြီးတစ်ခေါက်လာကြည့်တာ ... မော့စမ်း၊ မျက်နှာလေးမော့ပြီး မေကြီးကိုကြည့်ပါဦး ... သမီးလေးရဲ့ ... "

ရင်ခွင်ထဲက သခင့်မျက်နှာလေးကို မေကြီးက အတင်းဆွဲမော့သည်။

"အို ... သမီးလေးပါးတွေ ရောင်နေလိုက်တာ ကြည့်စမ်း" သွားပြီ။

ပါးရိုက်ခံထားရတဲ့ ဒဏ်ရာတွေကို မေကြီးတွေ့သွားပြီ။

"ဟုတ်တယ် နုဝေ ... ညည်းသမီး အနေအထိုင်မဆင်ခြင်လို့

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ငါဆုံးမထားတာ ... ”

ဒေါ်ထက်ထိပ်ဖျား ရောက်လာပြီးပြောလိုက်တာပါ။

“ဟုတ်တယ်လေနုဝေ ... ဒီဆိုင်မှာ ငါချမှတ်ပြဋ္ဌာန်းထားတဲ့ စည်းကမ်းဥပဒေတွေကို မလိုက်နာရင် ခုလိုပဲ ပါးရိုက်ပြီးဆုံးမခံရမယ် ဆိုတာ အစကတည်းက ရှင်းရှင်းလေး ငါပြောခဲ့ပြီးသား ... ညည်း တောင်းတဲ့ငွေကို ငါပေးခဲ့သလို ငါခိုင်းတဲ့အလုပ်ကိုလည်း ညည်း သမီးလုပ်ရမယ် ... ငါချမှတ်တဲ့အမိန့်ကို ညည်းသမီး နာခံရမယ်”

“ဘုရား ... ဘုရား ... ဒေါ်ထက် ... ဒေါ်ထက် ဘယ်လိုဆုံးမ လိုက်တာလည်းဟင်၊ ကြည့်ပါဦး ... ဒေါ်ထက်ရယ်၊ ပါးကလေးတွေ ရောင်ကိုင်းနေလိုက်တာ၊ ကျွန်မ သမီးလေးကို ... ကျွန်မသမီးလေး ကို အဟင့် ... ဟင့် ... ဟင့် ... ”

မကြီး ဝမ်းနည်းပက်လက်ရှိုက်ငိုသံက အနည်းငယ် ကျယ် သွားသောကြောင့် ... ဆိုင်ထဲက အလုပ်သမားတချို့ကပင် ... စူးစမ်းတဲ့အကြည့်တွေနဲ့ ဝိုင်းကြည့်လာကြ၏။

ရင့်ကျူးကလည်း မျက်နှာမကောင်းပါ။

စိတ်ထိခိုက်ဟန်ကလေးနှင့် သခင့်မျက်နှာလေးကို ရီရီဝေ ဝေလေးငေးကြည့်ကာ ... ဘယ်လိုမှမခံစားနိုင်တဲ့အဆုံးကိုရောက်မှ ခပ်လှမ်းလှမ်းနေရာကနေ ချာခနဲလှည့်ထွက်သွားသည်။

“ဘာလဲ ... နုဝေ၊ ငါရိုက်ဆုံးမတာကို ညည်းမကျေနပ်ရင် ပိုက်ဆံတစ်သိန်းပြန်ပေးပြီး၊ ညည်းသမီးကိုပြန်ခေါ်သွားလေ ... ငါကတော့ ငါပေးထားတဲ့ပိုက်ဆံနဲ့တန်အောင် ခိုင်းချင်တာခိုင်းရ မှာပဲ ရိုက်သင့်ရင်ရိုက်ရမှာပဲ ... ”

“ဒီ ... ဒီသမီးလေးက မွေးစားသမီးလေးဆိုပေမယ့် ကျွန်မ တို့မိသားစုအပေါ် ကောင်းရှာတဲ့သမီးလေး၊ အနှံ့အတာခံရှာတဲ့သမီး





လေးမို့ ကျွန်မ ပြောနေတာပါ ဒေါ်ထက်ရယ် ... ကျွန်မကို တစ်မျိုး မထင်ပါနဲ့ ... ”

“ဒီမှာ ... ညည်းကိုငါ အစကတည်းက ခပ်ရှင်းရှင်းပဲပြော ထားမယ်နုဝေ ... ညည်းသမီးက လမ်းပေါ်က အခြေမဲ့အနေမဲ့ အကောင်စုတ်လေးတစ်ကောင်နဲ့ သွားပတ်သက်လို့ စောစောကပဲ ငါဆုံးမထားတာ ... ”

“ရှင် ... ဒေါ်ထက် ... ”

“အဲဒီကောင်လေး နာမည်က မိုက်ရိုင်းတဲ့ ... ”

“မိုက်ရိုင်း ... ”

“ရိုင်းတာမှ ကမ်းကုန်အောင် ရိုင်းတဲ့မိုက်ရိုင်း ... ”

“ရှင် ... ”

“အဲဒါ ... ညည်းလည်းဆုံးမ၊ နောက်ဆုံးတစ်နေ့မှာ ကျော် မကောင်းကြားမကောင်း တစ်ခုခုဖြစ်လာရင် ငါတာဝန်မယူဘူး ဟွန်း ... ဒါပဲ ... ”

ပြောပြီးတာနဲ့ အန်တီထက်က ချာခနဲလှည့်ထွက်သွား သည်။

“ဒေါ်ထက်ပြောတာ ဟုတ်လားဟင် ... သမီးငယ်လေး”

စိုးရိမ်တကြီးလှမ်းကြည့်ရင်း မေးလိုက်တဲ့ အမေ့ရင်ထဲက ပူပန်မှုတွေကို သခင်ကလည်းသိပါသည်။ သခင်ရင်ထဲမှာလည်း မခံ ချင်စိတ်တွေက ကြီးစိုးသွားရ၏။ တကယ်ဆို ... အခုဖြစ်သွားတဲ့ ဓာတ်လမ်းမှာ တည်ရတုက အမိကတရားခံပဲ ... သူက သခင့် နောက်ကိုလိုက်ပြီး လမ်းပေါ်မှာ အမြင်မတော်အောင် ပိုင်စိုးပိုင်နင်း ဆွဲလားယမ်းလားလုပ်လို့ ရိုင်းက ဝင်ပါလာခဲ့ရတာ။

ပြီးတော့လည်း ... လူမိုက်တွေအားကိုးနဲ့ ရိုင်းကိုအနိုင်နိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျင့်ကြသေးတယ်။

ဒါကိုကျတော့ ထည့်မပြောဘဲနဲ့ တစ်ဖက်သတ်ဆန်တဲ့ဇွတ်ဇွဲချက်တွေနဲ့ ရိုင်းကို … အထင်သေးရှုံ့ချသွားတာ။

သခင် … ခေါင်းလေးတစ်ခါခါနဲ့ မေကြီးမေးတာကို ငြင်းဆန်မိသည်။

"မဟုတ် … မဟုတ်ဘူးနော် မေကြီး … အန်တီထက်ပြောတာကို မေကြီးမယုံပါနဲ့ … ရိုင်း … ရိုင်းဆိုတဲ့ကောင်လေးက … အဟင့် … "

"ရိုင်း … ဟုတ်လား … ပြောလေ သမီးငယ်လေး ရိုင်းက ဘာဖြစ်လဲ … "

"အရမ်းသနားဖို့ကောင်းတဲ့ ကောင်လေးတစ်ယောက်ပါ မေကြီးရဲ့ … "

"ရိုင်း … ရိုင်းက သနားဖို့ကောင်းတယ် ဟုတ်လား … "

မေကြီး အံ့သြနေတာက မျက်လုံးတွေ ဝိုင်းစက်နေအောင်ပင်။

မယုံနိုင်သလိုလည်း သခင့်ကိုငေးကြည့်ကာ မေကြီးအသက်ရှူမှားနေသည်။

မေကြီးရယ် … မဟုတ်ဘဲနဲ့ မေကြီးကို သခင်ကပြောပါ့မလား။

သခင်က အဖြစ်မှန်တွေအားလုံး ပြောပြလိုက်တော့ …

"ဘုရားရေ … "

"ကြည့်စမ်း … "

မယုံနိုင်ခြင်းတွေနဲ့ အံ့သြရခြင်းတွေက မေကြီးမျက်နှာပေါ်မှာ တမဟုတ်ခြင်း ဖြစ်ထွန်းသွားခဲ့ရ၏။





"ဒါ … ဒါဆို … ရိုင်းဆိုတဲ့ကောင်လေးမှာ အပြစ်မှမရှိတာ"

"အဲဒါကြောင့်မို့ မေကြီးကို သခင်ပြောတာပေါ့ … မေကြီးရဲ့ ရိုင်းသနားပါတယ် မေကြီးရယ် … ရိုင်းကို အထင်မလွဲပါနဲ့ … အခုလည်း ရေကန်ကြီးနားက ဇရပ်ပျက်ထဲမှာ ဒဏ်ရာတွေနဲ့ ရိုင်းတစ်ယောက်တည်း အိပ်ပြီးကျန်ခဲ့တာ၊ သူ … သူက … ပိုက်ဆံတစ်သိန်းရှာပြီးတော့တောင် သခင့်ကို ပြန်လာရွေးမှာတဲ့ မေကြီးရဲ့ … သူက ဈေးထဲမှာ သူများခိုင်းသမျှလုပ်ပြီး ညဆိုရင် မီးကင်းတဲလေးပေါ်မှာ ခွေခွေလေး အိပ်နေရတဲ့ကောင်လေး … "

"ဟင် … "

အခုမှ သခင်ခံစားနေရတဲ့ဘဝလေးကိုသိသွားပြီး မေကြီးတရှုံ့ရှုံ့နဲ့ ငိုပါသည်။

"သမီးလေးရယ် … သမီးလေး အခုလို အနှိမ်ခံဘဝလေးနဲ့ ရှင်သန်နေရတာ မေကြီးအပြစ်တွေပါ … သမီးလေးရဲ့မကြီးခက်မာမာကိုလည်း မေကြီးမနိုင်ဘူး … တက္ကသိုလ်တက်မှ အပေါင်းအသင်းတွေစုံသွားပြီး အသိုင်းအဝိုင်းတွေ ပိုများလာတယ်လေ၊ မွေးနေ့တွေတက်၊ ညွှန့်ခံပွဲတွေတက်နဲ့ ခြေလှမ်းတွေများလာလို့ မေကြီးစိတ်ညစ်နေရတာ … "

"မကြီး … မကြီးက ဘယ်သူတွေနဲ့ သွားပေါင်းနေလို့လဲ မေကြီးရဲ့ … "

"အရမ်း … အရမ်းချမ်းသာတဲ့ ကောင်လေးတွေ … "

"ဟင် … "

"မေကြီးက အမှားအယွင်းတွေဖြစ်လာမှာကြောက်လို့ တားတော့လည်း အတားမခံဘူး၊ အောက်ခြေလွတ်သလိုတောင်ဖြစ်ပြီး မေကြီးကိုပြန်ခံပြောနေတာ၊ မေကြီးမှာတော့ … မေကြီးမှာတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်နေကုန်စက်ချုပ်ပြီး ... အဟင့် ... ဟင့် ... ”

သည်စကားတွေကိုတော့ မျက်ရည်ဖြိုင်ဖြိုင်ကျကာ မေကြီး ပြောနေခဲ့တာပဲဖြစ်ပါသည်။ သခင်နားထောင်နေမိတာလည်း ကြောင်ငေးငေးမျက်ဝန်းလေးတွေနဲ့ရယ်သာ။ ပြောရရင် ... မကြီး ခက်မာ တက္ကသိုလ်တက်နိုင်ဖို့ တံတားတစ်စင်းလို သခင်က ကျော ခင်းပေးခဲ့ရတာပါ။

စက်ချုပ်လို့ရတဲ့ မဝရေစာ ဝင်ငွေကလေးနဲ့ မိသားစုငါး ယောက်ကို ရှင်သန်စေခဲ့သည့်မေကြီး။ သည်လိုမေကြီးကို မျက်ရည် မကျစေချင်တာလည်း သခင့်ရင်ထဲက ဆန္ဒအမှန်ပဲဖြစ်သည်။ သို့ သော် ကံကြမ္မာနတ်မင်း၏ အဆုံးအဖြတ်စီရင်ချက်ကိုတော့ တား ဆီးငြင်းပယ်နိုင်စွမ်း သခင်မှာ မရှိခဲ့ပါပေ။

သခင်ပင်လျှင် သူများထမင်းဆိုင်ကလေးမှာ။

အခိုင်းခံ အစေခံဘဝ။

“ဟဲ့ ... နေဝ၊ နောက်ဖေးခန်းထဲဝင်ပြီး အလွမ်းသယ်မနေ ကြနဲ့၊ ငါအလုပ်တွေပျက်တယ်၊ ပြောစရာရှိတာ မြန်မြန်ပြောပြီး ညည်း ... ပြန်တော့ ... ”

မိုးထစ်ချုန်းသံထက် ပြင်းသည့်အမိန့်သံတစ်ခုက နောက် ဖေးခန်းကို ရောက်လာသည်။ သခင်နာကျင်စွာ နှုတ်ခမ်းကလေးကို မဲ့မိ ပါသည်။

ကံကြမ္မာဆိုတာ ကိုယ်တိုင်ရေးဆွဲခွင့်မရှိသည့် ပန်းချီကား တစ်ချပ်ပေါ်က နိမိတ်ပုံတစ်ခုတဲ့လား။

## အခန်း (၁၀)

မွေးစားသမီးငယ်လေး မောင့်သခင်ကို ထမင်းဆိုင်ပို့ပြီး ရတဲ့ ငွေနဲ့ တက္ကသိုလ်တက်ခဲ့တဲ့ ခက်မာမာကတော့ ကျောင်းထဲမှာ ပေါင်းလိုက်ရင်လည်း ကိုယ်ပိုင်ကားစီးပြီး သုံးနိုင်ဖြုန်းနိုင်တဲ့ ဒိတ်ဒိတ် ကြဲသူငယ်ချင်းတွေနဲ့ပဲ ရွေးပေါင်းသည်။

ခုလည်း ... သူငယ်ချင်းအသစ်တစ်ယောက်ထပ်တိုးလာတာ ဂုတ်ဝဲဆံပင်တိုလေးနဲ့မေပျိုဆိုတဲ့ အသားဖြူဖြူကောင်မလေး။

သူက ချမ်းသာသည်။

ကျောင်းဖယ်ရီကားမစီးဘဲ ကိုယ်ပိုင်ဆလွန်းကားလှလှ လေးနဲ့ ခပ်မော့မော့လေး ကျောင်းတက်နိုင်သူ။ မထင်မှတ်ဘဲ ကျောင်းရှေ့က ကန်တင်းမှာ တစ်စားပွဲတည်း အတူထိုင်မိရာက ခင်သွားတဲ့သူ။

“ဟိုလေ ... ဒီခုံမှာ ခဏလောက်ထိုင်ချင်လို့ရမလားဟင်” ခက်မာမာက အရင်စရောခဲ့တာပါ။

“ဟော် ... ရပါတယ် ထိုင်လေ ... ”

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့တစ်ယောက် လူချင်းမသိသေးပေမယ့် ကျောင်းမှာကတော့ ဒီလိုပါပဲ။ ခဏလေးနဲ့ အပေါင်းအသင်းဖြစ်သွားဖို့ကလွယ်သည်။

"သူငယ်ချင်းတွေကွာ ... သိလား ... ဒီဆိုင်က စောင့်ဆိုလို့"

"ဟင် ... ဘယ်သူတွေလဲ ... "

"You သိမယ်ထင်တယ် ... တည်ရတုနဲ့ဝေဖြာလေ ... "

"အို ... သိတာပေါ့၊ သူတို့နှစ်ယောက်က ကျောင်းမှာနာမည်ကြီးပဲ ... "

နှစ်ယောက်ပြိုင်တူ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးလိုက်မိကြသည်။

"ဟင် ... ဒါဆို ... You က First Year ပေါ့ ... "

"ဟုတ်တယ်လေ ... "

"You နာမည်က ... "

"မေပျို ... "

"ဟယ် ... နာမည်လေးက ချစ်စရာလေး၊ တို့လည်း First Year ပဲ မေပျို၊ တို့နာမည်က ခက်မာမာတဲ့ ... "

ဒီလိုနဲ့ပဲ တစ်ယောက်အကြောင်းတစ်ယောက်ပြော၊ တစ်ယောက်စားတာကိုတစ်ယောက်ကရှင်းနဲ့၊ တွဲဖြစ်သွားသည်။ ဒါကလည်း ... တည်ရတုကြောင့်ပါ။ မေပျိုက တည်ရတုကို အစကတည်းက စိတ်ဝင်စားပြီးခင်ချင်နေတာလေ။ တစ်ဖွဲ့တည်းဖြစ်နေတော့ ခင်ဖို့ပိုလွယ်သွားတာပေါ့။

တစ်နေ့ ... တစ်နေ့ ခက်မာမာကို မတွေ့ရဘဲ မေပျိုမနေနိုင်။





ခုတော့ ... လေးယောက်အဖွဲ့လေး ဖြစ်သွားသည်။

မေပျို မွေးနေ့အကြိုညမှာလည်း ညအိပ်နေဖို့ မေပျိုက ခက်မာကို သူတို့ခြံကြီးထဲခေါ်လို့ ခက်မာလိုက်သွားခဲ့သည်။

တကယ်ချမ်းသာတဲ့မေပျို။

တိုက်ကြီးကလည်း အပုံစား၊ စီးတဲ့ကားတွေကလည်း အမိုက်စား။

ဧည့်ခန်းအလယ်က ပန်းကနုတ်ဆက်တီခုံမြင့်မြင့်ကြီးပေါ်မှာ ထိုင်နေတဲ့ အသက်ခုနစ်ဆယ်ကျော်အရွယ် အဖွားတစ်ယောက်နဲ့လည်း မေပျိုက မိတ်ဆက်ပေးပါသည်။

"ဖွား ... ဒါ ... မေပျို့သူငယ်ချင်း ခက်မာမာတဲ့၊ ကျောင်းမှာ မေပျိုနဲ့အတူတူ First Year အတူတူတက်နေတာ ... "

"ဟင် ... "

ဖွားက ခက်မာတစ်ကိုယ်လုံးကို ကြောင်ငေးငေးကြီးစိုက်ကြည့်နေတာ မျက်တောင်လည်းမခတ်။ ဖွားမျက်လုံးတွေကလည်း တအံ့တဩနဲ့ကို အရောင်တွေတဖျတ်ဖျတ်လက်နေတော့တာ။

"ဖွား ... မေပျိုပြောတာကြားရဲ့လား ... ကြည့်ပါဦး၊ စကားလည်း ပြန်မပြောဘဲနဲ့ ခက်မာကိုပဲ ဖွားစိုက်ကြည့်နေလိုက်တာ"

တစ်အိမ်လုံး တစ်ခြံလုံးနဲ့ ပတ်သက်သမျှ ဆွေမျိုးအသိုင်းအဝိုင်းတွေအားလုံး ကြောက်ရတဲ့ဖွားပါ။ ဖွားအနားကပ်ပြီး ခရာတာတချွဲနိုင်တာလည်း မေပျိုတစ်ယောက်တည်းသာ။ ဖွားက မေပျိုကို အရမ်းချစ်သည်။ မေပျိုလိုချင်တာမှန်သမျှ ဖွားကိုပြောလိုက်တာနဲ့ အားလုံးအဆင်ပြေသည်။

မနက်ဖြန်မှာ မေပျို့မွေးနေ့ပွဲကို ဖွားလုပ်ပေးမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



တခမ်းတနား။

ခြံထဲက မြက်ခင်းပြင်ကြီးထဲမှာ ရောင်စုံမီးတွေထွန်းပြီး အစားအသောက်မျိုးစုံနဲ့ဖွားက ညှော်ခံပေးမှာမို့ ခက်မာကို ညအိပ် ခေါ်လာခဲ့တာဖြစ်သည်။

"ခက်မာ ... ခက်မာတဲ့လား ..."

အတန်ကြာမှ ဖွားဆီက အသံထွက်လာသည်။

"ဟုတ်တယ်လေ ဖွား ... ခက်မာတို့မိဘတွေက ဆယ်တန်း မှာပေါင်းခဲ့တဲ့သူငယ်ချင်းတွေလောက် မချမ်းသာဘူးလေ၊ ကျောင်း ကိုလာရင်လည်း ဖယ်ရီကြိုပို့ကားနဲ့လာရတာ ..."

"မိဘတွေက ဘာလုပ်သလဲ ..."

"ဟဲ့ ... ခက်မာ၊ ဖွားမေးနေတာ ဖြေလိုက်လေ ..."

ဒီလိုမေးတိုင်း ဖြေရမှာခက်မာရှက်သည်။

လိမ်ပြောဖို့ဆိုတာ နှုတ်ကမရဲ။

"ဖေ ... ဖေကြီးက မရှိတော့လို့ မေကြီးက စက်ချုပ် ... စက်ချုပ်ပါတယ်"

"အို ... မေကြီးက စက်ချုပ်ရတယ် ... ဟုတ်လား ..."

ဖွား ကရုဏာဖြစ်လို့မဆုံး။

"မင်းကို ဒီနေ့ကစပြီး ဖွားမြေးလေးတစ်ယောက်လိုပဲ သဘောထားမယ်သိလား ... ဖွားတို့ခြံကြီးထဲကိုလည်း မင်းအမြဲ လာလည်ရမယ်၊ မေပျို ... ဒီည သူ့ကိုအကောင်းစား အဝတ်အစား တွေ လိုက်ဝယ်ပေးလိုက် ..."

"ဟင် ..."

နေရာတကာ အဆင့်အတန်းခွဲခြားပြီး ဆက်ဆံတတ်တဲ့ဖွား





က ခက်မာမာနဲ့တွေ့မှ ရုတ်တရက်ကြီး ဘာကြောင့်စိတ်ပြောင်း သွားရတာလဲ။

မေပျို့မွေးနေ့ပွဲမှာ ခက်မာသိမ်ငယ်နေမှာစိုးလို့လား။

ဝယ်လာတော့လည်း အဝတ်အစားသစ်တွေကို ဖွားကတစ် ခါတည်း ဝတ်ပြခိုင်းသည်။

"အို ... ကြည့်စမ်း၊ အဝတ်အစားလေးပြောင်းသွားတော့ ကြည့်လို့ကောင်းသွားပြီ ..."

"မင်း ... ကြားတယ်နော် ... ခက်မာ၊ ဖွားက ဒီတစ်ခါ တော်တော်ထူးဆန်းနေတယ်၊ မင်းကိုစတွေ့လိုက်ကတည်းက ဖွား က ... အရိပ်ခင်နေတာ၊ မင်းကိုကြည့်နေတာ မျက်တောင်ခပ်ဖို့ တောင် ဖွားသတိမရတော့ဘူး ..."

ခေတ်အဆက်ဆက် ချမ်းသာလာတဲ့ဖွား ...

ဖွားပိုင်ဆိုင်ထားသမျှ စည်းစိမ်ချမ်းသာတွေက နှောင်ဆယ် သက် စားလို့မကုန်။ အမွေစားအမွေခံ သားထောက်သမီးခံလည်း ဖွားမှာမရှိ။ မေပျိုပင်လျှင် ဖွားခြံထဲက အလုပ်သမားအိမ်စေတွေ လက်ပေါ်မှာကြီးခဲ့ရတာ။ မေပျိုမေမေ ဖွားရဲ့တစ်ဦးတည်းသော သမီး မြဆံနွယ်က မီးတွင်းထဲမှာ ဆုံးခဲ့ရတာတဲ့။ မေပျိုဖေဖေက လည်း မေပျို့ကိုမမွေးခင် ကိုယ်ဝန်ခြောက်လမှာပဲ သွေးကင်ဆာ နဲ့ ဆုံးသွားခဲ့သည်။

ဖွားလက်ပေါ်မှာပဲ မေပျိုကြီးပြင်းခဲ့ရတာပါ။

ဖွားရဲ့အမွေတွေကို ခံစား စံစားရမှာလည်း မေပျိုတစ် ယောက်တည်း။

"မင်းသိပ်ကံကောင်းတယ်ခက်မာ ... ဖွားက အိမ်ကိုလာ



www.burmeseclassic.com

www.burmeseclassic.com



လည်တဲ့ဘယ်ချည်သည်ကိုမှ သိပ်အရောဝင်တာ မဟုတ်ဘူး"

"ဟုတ်လားဟင် ... မေပျို ... "

မေပျို့ကို ခက်မာ ပေါင်းရကျိုးနပ်ပါပြီ။

အိမ်ပြန်ရောက်လို့ ခက်မာအမေ့ကို ပြောပြတော့ ...

"အမေရယ် ... အဲဒီအဖွားကြီးက အရမ်းချမ်းသာတာ သိလား သူတို့ခြံထဲမှာသုံးတဲ့ နောက်ဆုံးပေါ်ပစ္စည်းတွေဆိုတာ ခြံထဲမှာရော တိုက်ထဲမှာပါ အများကြီးဖြစ်နေတာ၊ ကုမ္ပဏီတွေလည်းပိုင်တယ်၊ ဟိုတယ်ကြီးတွေလည်း မြန်မာတစ်ပြည်လုံးမှာ ဖွင့်ထားတယ်၊ အဲဒါလေ ... သမီးကိုလည်း ငါ့မြေးလေးစား ငါ့မြေးလေးစားနဲ့ ... သဘောကောင်းလိုက်တာမှ အဝတ်အစားတွေ အများကြီးလည်း ဖွားကဝယ်ပေးလိုက်တယ် ... အဲဒီအဖွားကြီးလို အမေအရမ်းချမ်းသာရင် သိပ်ကောင်းမှာပဲ ... သမီးပြန်လာတော့လည်း လမ်းထိပ်အထိတောင် အဲဒီအဖွားက လိုက်ပို့ပေးတာလေ အမေရဲ့ ... သူတို့ စီးတဲ့ကားကြီးကို အမေမြင်ဖူးအောင် ပြချင်လိုက်တာ ... "

ခုတော့ ... တည်ရတုကလည်း မေပျိုမှမေပျို ...

"ခက်မာနော် ... ငါ့အကြောင်းတွေ မေပျို့ကို နင်မဖွနဲ့နော်၊ ငါ ... မေပျို့ကို တစ်ချက်တည်းအပိုင်သိမ်းမလို့ ... "

"အေး ... တည်ရတု နင်လည်း ငါတို့အိမ်ကိစ္စတွေ စပ်စပ်စုစု မပြောနဲ့ ... မေပျို့ကိုခင်နေအောင်ပေါင်းထားမှ ငါလည်းအဆင်ပြေ နင်လည်းအဆင်ပြေ ... ဟား ... ဟား ... "

အဲဒီလိုနဲ့ နောက်ပိုင်းမှာတော့ ...

သူငယ်ချင်းလေးယောက်သား ပိုတွဲလာခဲ့၏။





ဒီလေးယောက်ထဲမှာ ခက်နေတာက ဝေဖြာပဲ။

ကျောင်းမတက်ဘဲ ရုပ်ရှင်သွားကြည့်ရင်လည်း တည်ရတုနဲ့ မေပျိုက တစ်တွဲ။ ခက်မာနဲ့ဝေဖြာက တစ်တွဲ။

ဟိုနှစ်ယောက်က သမီးရည်းစားဖြစ်သွားပေမယ့် ...

ခက်မာတို့နှစ်ယောက်က သူငယ်ချင်းအဆင့်က မကျော်နိုင်သေးပါ။

"ခက်မာနော် ... မင်းကိုယ့်ကို ကွာစေ့တွေ နွာနွာမပေးနဲ့ ကိုယ်ကွာစေ့ မကြိုက်ဘူး ... "

"အောင်မယ် ... ဒီက စေတနာနဲ့ အကောင်းနွာပေးတာကို မကြိုက်လည်းနေပေါ့ ... ဟွန်း ... "

ညနေည်းပေါင်းစုံ မာယာပေါင်းစုံသုံးပြီးတော့လည်း ဝေဖြာစိတ်တွေလှုပ်ရှားလာအောင် ခက်မာလုပ်ကြည့်တော့လည်းမရ။ ဘောချင်းကပ်အတူတွဲထိုင်နေရပေမယ့် ခက်မာနဲ့ဝေဖြာဟာ အမြဲဘုနဲ့ဘောက်။

ဟိုနှစ်ယောက်က တစ်ယောက်ပခုံးလေးမှာတစ်ယောက်က မှီနွဲ့ရင်း တွတ်ထိုးနေကြချိန်မှာ ... ဝေဖြာက တောင့်တောင့်ကြီး၊ ခက်မာ အရမ်းချမ်းသာချင်နေလို့ ဝေဖြာဆီက အချစ်ကိုမျှော်လင့်နေတာပါ။

"အမေရာ ... သမီးမေပျိုတို့လို အရမ်းချမ်းသာချင်တယ်၊ ယောကျ်ားယူရင်လည်း ချမ်းသာတဲ့ယောကျ်ားကိုပဲ သမီးရအောင်ယူမယ်၊ ဟွန်း ... အခုဟာက အမေတို့အဖေတို့ အရမ်းညံ့ခဲ့လို့ သမီးတို့ဘဝ ဒီလောက်ဆင်းရဲနေတာ"

"သမီး ... ခက်မာ၊ မိဘကို ညည်း ... ဒီလိုမပြောရဘူးလေ၊



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲတယ်ချမ်းသာတယ်ဆိုတာ၊ အတိတ်ဘဝက ပြုခဲ့တဲ့ကံကြောင့် အကျိုးအပြစ်ကို ဒီဘဝမှာ လာပြန်ခံစားရတာ၊ ဘယ်လောက်ချမ်းသာအောင်လုပ်လုပ် ... ကံရှိမှ၊ ကံပါမှ ချမ်းသာတာ၊ ကိုယ်က ဆင်းရဲတာမခံနိုင်လို့ ချမ်းသာတဲ့လူကို ယူကြည့်ပါလား ... ကိုယ့်ကံမပါရင် အကြောင်းအမျိုးမျိုးနဲ့ ဒုံရင်းဘဝကိုပဲပြန်ရောက်သွားမှာ၊ အရေးကြီးတာ စိတ်ကောင်းထား ... ကိုယ့်ကြောင့် တစ်ပါးသူကိုဒုက္ခမရောက်စေနဲ့ ... ”

“အမေနော် ... အမေပြောတဲ့ပုံစံကြီးက သမီးကြောင့် ဟို သခင်ဆိုတဲ့ကောင်မလေး ဒုက္ခရောက်နေတာကို အမေတမင်ရည်ရွယ်ပြီးပြောနေတာမို့လား ... အမေ့ကိုကြည့်လိုက်ရင် ဒီဟာမလေးကို သတိရနေတာနဲ့ တမ်းတနေရတာနဲ့၊ ညအိပ်ကာနီးတိုင်းလည်း အမေမျက်ရည်ကျတယ် ... သူက မွေးစားသမီးပဲ၊ အန်တီထက်က ပါးရိုက်ဆုံးမတာတောင် နည်းသေးတယ် ... တည်ရတုကလည်း အမေ့သမီး ပိုးဟပ်ဖြူလေးသွားပတ်သက်တဲ့ မိုက်ရိုင်းဆိုတဲ့ ဟိုကလေကချေကောင်လေးကို အသေမုန်းတာ၊ သမီးကတော့ပြော လိုက်တယ် ... အဲဒီကလေကချေ မိုက်ရိုင်းနဲ့ခိုးရာလိုက်ပြေးသွားတာလည်း အေးတာပဲလို့ ... ဒီလိုအဆင့်မျိုးနဲ့ပဲ အမေ့သမီးကတန်တာ”

“အမလေး ခက်မာရယ် ... ငါ့သမီးငယ်လေးကို ညည်းဒီလို ချိုးချိုးဖွဲ့ဖွဲ့လေးတော့ မပြောပါနဲ့၊ ညည်းကြောင့် ... ညည်းကြောင့် လူတကာ နှိပ်စက်တာကိုခံပြီး ထမင်းဆိုင်လေးမှာ ပန်းကန်ဆေးဆေးနေရတာ”

“အဲဒါ ... ဟိုဘဝက မကောင်းတာလုပ်ခဲ့လို့ ဒီဘဝမှာ ခံ





ဟာသူပြန်ခံနေရတာလေ ... သမီးကို အမေဆွဲမထည့်နဲ့ ... ”

ခက်မာကတော့ လုံးဝမသနားပါ။

တည်ရတုကလည်း ခက်မာကိုပြောသည်။

“မိုက်ရိုင်းဆိုတဲ့ကောင်ကို ငါလုံးဝကြည့်လို့မရဘူးခက်မာ၊ ငါ့ဘော်ဒါတွေကလည်း ဒီကောင့်ကိုပဲ ဝိုင်းသမချင်နေတာ၊ ဟွန်း ခါးပိုက်နှိုက်၊ ဖဲသမားသားက ဈေးရှေ့မှာ လူစွာလုပ်ချင်နေလို့ရ မလား၊ အခုလည်း ... ငါတို့ဆိုင်မှာ ဒီကောင်ထမင်းလာစားနေတာ သုံးရက်ရှိနေပြီ၊ ငါ့မာမီနဲ့ကျိုင်တက်လို့ကတော့ ဒီကောင်မလွယ်ဘူး၊ အဲဒါ ... သခင့်ကို ဒီကောင် လာလာကြည့်နေတာ ... ”

ခက်မာမာ နှုတ်ခမ်းလေးတွန့်ပြီးတော့ မျက်နှာလေးကိုမဲ့လိုက်မိသည်။

“ဟွန်း ... ကြိုက်နေရင်လည်း တစ်ခါတည်းပေးစားလိုက်ပါလား တည်ရတုရယ် ... ”

ခက်မာကလည်း ဒီလိုပဲ ပြောခဲ့မိ၏။

တကယ်တော့ ... တည်ရတု သခင့်ကို အချောင်စားချင်လို့ ချောင်းနေတဲ့ကျား။

လူမလစ်သေးလို့ပါ။ ဆိုင်မှာ မိုက်ရိုင်းထမင်းလာစားတာ မြင်ပေမယ့်လည်း ပြဿနာမရှာသေးတော့ တည်ရတုမသိချင်ဟန်ပဲ ဆောင်နေမိ၏။

ဒီလိုကောင်မျိုးကို အရောလည်းမဝင်ချင်။

ဟိုတစ်ခါ လမ်းပေါ်မှာ ထိုးကြကြိတ်ကြဖြစ်တုန်းက ကိုယ့်ဘက်က နှစ်ကောင်လည်းကွဲသွားသည်။ မိုက်ရိုင်းလည်း မျက်နှာတွေ ဖူးရောင်သွားသည်။ အဲဒီနေ့ကတည်းက နောက်ထပ်ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်တာ ဒီနေ့အထိ။

ကြည့်လိုက်ရင်လည်း မျက်နှာထားက အမြဲတင်းနေတာ။ တစ်ယောက်နဲ့အများ။

ဒီကောင် ... ဂရုမစိုက်လို့ရမလား။

ဘာပဲပြောပြော ... အခုတလော ကောင်းစားနေတာ တည်ရတုပါ။

မေပျို့နဲ့ကလည်း တွဲချင်တိုင်းတွဲနေသည်။

"ချစ်တယ်မေပျိုရာ ... မောင့်ရင်ထဲမှာလေ မေပျို့ကိုပဲ အမြဲ တမ်းတနေတာ၊ ညအိပ်ရာဝင်ကာနီးတိုင်း ခပ်ပြင်းပြင်းအနမ်းလေး တွေကို သတိရတယ်"

"မောင်နော် ... နားရှက်စရာတွေ မပြောနဲ့ ... "

တည်ရတုအကြောင်းကိုမသိတော့ မေပျိုက စွဲလမ်းနေ သည်။

ခက်မာကိုမေးရင်လည်း ခက်မာက တည်ရတုဘက်က သာ သာထိုးထိုး လိမ်ညာပေး၏။

"အမလေး မေပျိုရယ် ... တည်ရတုက ကောင်မလေးဆိုရင် ဘယ်ကောင်မလေးနဲ့မှပတ်သက်ခဲ့တာ ရှုတ်ခဲ့တာလုံးဝမရှိဘူး၊ မင်း နဲ့တွေ့မှ တည်ရတုနှလုံးသားထဲက နှိုးစက်လေးအသံမြည်လာတာ၊ စိတ်ချ ... ကျောင်းပြီးတာနဲ့မင်းကိုပဲ သူလက်ထပ်မှာ၊ မင်းတို့ဘက် က သဘောတူပါစေလို့ပဲ ဆုတောင်းထား ... "

"ဟွန်း ... မတူလို့မလားခက်မာ ... ဖွားက မေပျို့တစ်ခွန်း ပဲ ... "

"ဟို ... ဟိုလေ ... မေပျို ... မေပျိုတို့ခြံထဲကို ညအိပ်လိုက်





လာတုန်းက ထမင်းချက်တဲ့ ဟိုအဒေါ်ကြီးက ... ဘယ်သူ ... "

"ဒေါ်ကြီးညိုလေ ... ဒေါ်ကြီးညိုကို မင်းပြောနေတာလား"

"ဟုတ်တယ် ... ဟုတ်တယ် ... ဒေါ်ကြီးညို ... ဒေါ်ကြီးညို အဲဒီအဒေါ်ကြီးက မေပျို့ကိုပဲ တစ်ချိန်လုံး ပျာယာခတ်နေအောင် စောင့်ကြည့်နေတာနော် ... တို့နဲ့ပေါင်းတာလည်း သိပ်မကြိုက်သလို ဘဲ"

"အမလေး ခက်မာရယ် ... ဒေါ်ကြီးညို့ မေပျို့တို့အိမ်က အိမ်ဖော်မကြီးပါ ခက်မာရဲ့ ... မေပျို့နဲ့ဆိုရင်လေ ငယ်ငယ်လေး ကတည်းက အကြောတည့်တာမဟုတ်ဘူး ... မေပျို့ကိုလည်း ဟို ဟာမလုပ်နဲ့ ... ဒီဟာမကိုင်နဲ့ဆိုပြီး တစ်ချိန်လုံး ချုပ်ချယ်နေတာ၊ သူက ဖွားရဲ့လူယုံတော်လေ ... ဒီအိမ်မှာ ဖွားအမိန့်ပြီးရင် သူ့အမိန့် ပဲ စိတ်ပုတ်လွန်းလို့ မေပျိုကတော့ သူ့ကိုမုန်းတယ် ... ဟွန်း"

ခက်မာ သတိထားလိုက်မိလို့ ဒေါ်ကြီးညိုအကြောင်းကို မေးလိုက်မိတာပါ။ ဖွားက အင်္ကျီအသစ်တွေ ဝယ်ပေးလိုက်တာကို လည်း အဲဒီမိန်းမကြီးက သိပ်သဘောတူ လက်ခံချင်ပုံမရ။

ခက်မာကတော့ ဘာသိမှာလဲ။

ဖွားပေးလို့ယူတာ ဘာဖြစ်လဲ ...

အဲဒီခြံကြီးထဲကို ခက်မာ နောက်တစ်ခေါက်သွားရင်ရော။

အဲဒီစိတ်ပုတ်တဲ့ အဒေါ်ကြီးက မျက်လုံးကြီးပြူးနေအောင် ခက်မာကို ကြည့်နေဦးမှာလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဝက်ပုန်းရည်နဲ့တစ်ပွဲပေး ..."

"အမလေးဟယ် ... ကြည့်စမ်း ... ငါကဘယ်သူလဲလို့"

မိုက်ရိုင်း ...

လျှာထိုးဦးထုတ်လေးကို ခပ်ငိုက်ငိုက်လေးဆောင်းကာ စားပွဲမှာထိုင်ပြီး ထမင်းလှမ်းမှာလိုက်တော့မှ ဒေါ်ထက်ထိပ်ဖျားမိုက်ရိုင်းကိုတွေ့သွားခဲ့တာဖြစ်သည်။ အရောမဝင်ချင်ပေမယ့် ကိုယ်က ဘာတတ်နိုင်မှာလဲ။

ထမင်းဖိုးပေးလို့ကတော့ ...

ခွေးပဲဝင်စားစား၊ သူတောင်းစားပဲ ဝင်စားစား။

ထက်ထိပ်ဖျားရောင်းရမှာပဲ ... အရေးကြီးတာငွေပဲ။

"ဟဲ့ ... ဒီမှာ ... ဝက်ပုန်းရည်နဲ့တစ်ပွဲမှာထားတယ်နော်၊ ဘယ်သူရှိလဲ ... မြန်မြန်ချပေးလိုက်စမ်း ..."

"ဟွန်း ..."

မှာပြီးတော့လည်း နှုတ်ခမ်းတွေကိုတွန့်ကာ မိုက်ရိုင်းကို





မကြည့်ဘဲ မျက်နှာလွှဲသည်။ မိုက်ရိုင်းကလည်း ဂရုမစိုက်ပါ။ ဆိုင်ထဲကိုရောက်တာနဲ့ ဝေ့ဝဲသွားတဲ့မိုက်ရိုင်းရဲ့ စူးလက်တဲ့မျက်ဝန်းအကြည့်လေးတွေက ဆိုင်နောက်ခန်းက ပန်းကန်ဆေးသည့်နေရာလေးကို ရောက်သွားသည်။

သို့သော် ... ထိုနေရာလေးမှာ သခင်ကမရှိ။

ဖြစ်ချင်တော့ ဝက်ပုန်းရည်ပန်းကန်နဲ့ ထမင်းပန်းကန်လေးကိုကိုင်ပြီး နောက်ဖေးခန်းကထွက်လာတာ နှစ်ခွကျစ်ဆံမြီးလေးနဲ့ သခင်ဖြစ်နေသည်။

"အို ... ရိုင်း ..."

မမျှော်လင့်ဘဲ ရိုင်းနဲ့အကြည့်ချင်းဆုံသွားတော့ သခင့်စိတ်တွေ အယောင်ယောင်အမှားမှားဖြစ်ကာ လက်ထဲကပန်းကန်တွေကို လွှတ်ချလိုက်မိပြီ။

"ခွမ်း ..."

"ချလွမ်း ..."

"ဟယ် ... ကြည့်စမ်း ... ငါ့ပန်းကန်တွေ ကွဲပြန်ပြီ၊ ညည်းညည်း ... ကဲဟယ် ... ကဲဟယ် ... အဲဒါ ... ကွဲဦး ... အဲဒါ ခွဲဦး"

"ဖြန်း ... ဖြန်း ..."

"ဟာ ..."

"ဟင် ..."

"ဘယ်သူလုပ်တာလဲ ... ဘယ်သူလုပ်တာလဲ ..."

ပါးကို နှစ်ချက်ဆင့်ရိုက်ချလိုက်လို့မှမဆုံးခင် မတင်စန်းကလည်း မီးဖိုခန်းထဲက ပြေးထွက်လာသည်။ ထမင်းစားနေကြသည့်လူပျော့လည်း တအံ့တသြဖြစ်ကာ သခင့်ကိုပဲ ဝိုင်းကြည့်နေကြ



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလုပ်ရမှာလဲ ... နုဝေသမီးလေ၊ ငါ့ပန်းကန်တွေ ဒင်းကြောင့်ကွဲကုန်တာ ဘယ်နှစ်ချပ်တောင်ရှိနေပြီလဲ ... "

"အဟင့် ... "

ကြိမ်းစပ်သွားတဲ့ပါးကလေးကို လက်ဝါးကလေးဖြင့်အုပ်ကာ ဟင့်ခနဲ သခင်ငိုသည်။ လူတွေအများကြီး ဝိုင်းကြည့်နေတာမို့လည်း သခင်ရှက်သွား၏။

"ဟဲ့ ... ကောင်မ ... ဒီပန်းကန်လေးကိုင်တာတောင် ညည်း လက်တွေက မမြဲတော့ဘူးလားဟင် ... "

မတင်စန်းကလည်း ခါးထောက်အော်ကာ ရန်တွေ့သည်။

မိုက်ရိုင်းမော့ကြည့်နေတာက မျက်တောင်မခတ်နိုင်အောင်ပါ။

ဒီလို မတော်တဆဖြစ်တာကို ရက်ရက်စက်စက် ရိုက်စရာလား။

မိန်းကလေးတစ်ယောက်ရဲ့ အရှက်နဲ့ဂုဏ်သိက္ခာကို ထည့်မတွက်တော့ဘူးလား ... ။

"ကြည့်ပါဦး ... ဟင်းတွေလည်းမှောက်ကျ ထမင်းတွေလည်း ပြန့်ကြဲ ... "

ဒေါ်ထက်ထိပ်ဖျား ဒေါသဖြစ်လို့မဆုံး။

အသားတွေ တဆတ်ဆတ်တုန်ပြီး မျက်လုံးတွေကပါ မီးဝင်းဝင်းတောက်နေသည်။

"အဟင့် ... သခင် တောင်းပန်ပါတယ် အန်တီ ... "

"အမလေးသခင်ရယ် ... ညည်းက အခုမှတောင်းပန်လို့ရမလား ... ညည်း ဒီဆိုင်ကို စရောက်လာကတည်းက ပန်းကန်တွေ





ခဏခဏကွဲပြီး၊ ဆိုင်လာဘ်တိတ်နေတာ၊ ညည်းအမေကို ငါခေါ်ပြီး ပြောတော့မယ် ... ငါ့တစ်သိန်းကို ပြန်ရှာပြီးလာပေးလို့ ... "

"အဲဒါ ... ကျွန်တော် ရှာပေးမယ် ... "

"ဘာ ... ဘာပြောတယ် ... "

မိုက်ရိုင်း ဝင်ပြောလိုက်တာ တစ်ခွန်းတည်းပါ။

"နင် ... နင် ... ဒီကိစ္စမှာဝင်မပါနဲ့နော် မိုက်ရိုင်း၊ နင်နဲ့ဘာမှမဆိုင်ဘူး၊ သူ့အတွက် ပိုက်ဆံတစ်သိန်းကို နင်ရှာပေးရအောင် နင်က ဘယ်နှစ်ပြားဝင်ငွေရှိလို့လဲ ... နေစရာမရှိလို့တောင် မီးကင်းတဲမှာအိပ်နေရတဲ့ကောင်က ငါ့ငွေတစ်သိန်းကို ဘယ်လိုပြန်ရှာပေးမှာလဲ ... "

"ခင်ဗျား စောင့်ကြည့်လိုက် ... "

"နင် ... နင် တကယ်ပြောတာနော် ... "

"ဒီမှာ ... ဒေါ်ထက်၊ ဒီကောင်မလေးကို သနားလို့ ခင်ဗျား လက်ထဲကနေ ဒီကောင်မလေးကို ပြန်ရွေးမှာ ... နားလည်လား၊ နောက်နေ့ကစပြီး ကျွန်တော်ရှာလို့ရသမျှ ပိုက်ဆံ ခင်ဗျားကို အကုန်အပ်မယ် ... "

"ဟွန်း ... ရတယ်လေ၊ မိုက်ရိုင်း ... ငါဆိုတဲ့မိန်းမကလည်း ငါ့ပိုက်ဆံပြန်ရလို့ကတော့ အချိန်မရွေးဘဲ ... နင့်ဟာနင် ကြိုက်တဲ့နေရာခေါ်သွားပြီး ခေါင်းပေါ်မှာပဲရွက်ထား ... ရွက်ထား ငါ့ကိစ္စမဟုတ်ဘူး ... "

"အဲဒါ ... ခင်ဗျားကတိနော် ... "

လက်ဖြာနေအောင် ခပ်စူးစူးလေး စိုက်ကြည့်ပြီးတော့မှ ဒေါ်ထက်ထိပ်ဖျားကို မိုက်ရိုင်းမေးသည်။ အဲဒါ ... အပိုစကားတွေ



www.burmeseclassic.com

www.burmeseclassic.com



မိုက်ရိုင်းမပြောချင်လို့ပါ။ ပြီးတော့ ... တသိမ့်သိမ့် ရှိုက်ငိုနေတဲ့ သခင့်ရှိုက်သံလေးကိုလည်း မိုက်ရိုင်းမကြားချင်။

ဒီထမင်းဆိုင်လေးမှာ မွေးစားအမေနဲ့အစ်မက လာပို့သွားလို့ ဒေါ်ထက်ထိပ်ဖျား နှိပ်စက်တာကိုခံနေရတဲ့ကောင်မလေး။ ရှိုက်ငို နေတဲ့ကောင်မလေးကိုကြည့်ကာ မခံချင်စိတ်တွေနဲ့ လက်သီးလေး ကို ကျစ်ကျစ်ပါနေအောင် ဆုပ်ထားမိ၏။

ဒီလိုလူတွေကိုပဲ နင့်သည်းနေအောင် မိုက်ရိုင်းမုန်းခဲ့တာ။

ဒေါ်ထက်ထိပ်ဖျား အတ္တကြီးတာလည်း ကမ်းကုန်နေသည်။ အကြင်နာတရားခေါင်းပါးလွန်းတဲ့မိန်းမကြီး။ သခင်ဆိုတဲ့ ကောင် မလေးရဲ့ပါးတွေကို ဆက်တိုက်ရိုက်ချပစ်လိုက်တာ သွက်သလို နှုတ်က ထွက်လာသည့်စကားတွေက မောက်မာရင့်သည်းလွန်းနေ တာ ဘယ်လိုမှ နားမခံသာ။

"အဟင့် ... "

သခင် ... ဟင့်ခနဲရှိုက်ပြီး နောက်ဖေးခန်းထဲပြေးဝင်သည်။

"မငိုနဲ့လေ ... သခင် ... "

သခင်နဲ့အတူ ပန်းကန်တွေဝိုင်းဆေးရင်း ရင့်ကျူးက အား ပေးသည်။ သခင်အပေါ်မှာ နားလည်မှုအပေးစွမ်းနိုင်ဆုံးသူဟာ လည်း ဒီဆိုင်မှာ ရင့်ကျူးတစ်ယောက်ပဲရှိနေတော့တာပါ။ ရင့်ကျူး ဟာ ဘယ်တော့မဆို စာနာခံစားတတ်သည့် မျက်ဝန်းကလေးများ ဖြင့် သခင့်မျက်ရည်တွေကို ခမ်းခြောက်စေခဲ့တာဖြစ်သည်။

မိုက်ရိုင်းကတော့ ပြောပြီးတာနဲ့ ထမင်းကိုပင် မစားတော့ ဘဲ လှည့်ထွက်သွားခဲ့၏။

သခင် မျက်ရည်တွေ သုတ်မိသည်။





ဘာပဲပြောပြော ... ဒါ ... မိုက်ရိုင်းကို မထင်မှတ်ဘဲတွေ့ လိုက်လို့ လက်ထဲက ပန်းကန်တွေကိုယောင်ပြီး လွှတ်ချမိခဲ့တဲ့ သခင့်အပြစ်ပါ။ ဒီအပြစ်နဲ့တန်အောင်တော့ သခင်ပေးဆပ်ရမှာပေါ့။ ကြိမ်းစပ်သွားတဲ့ပါးပြင်ပေါ်က နာကျင်မှုတွေထက်စာရင် ရင်ထဲကို ရောက်သွားတဲ့နာကျင်မှုတွေက ပိုပြီးတော့တောင် ပြင်းပြင်းရှရှ လေးဖြစ်နေမလားဘဲ။

"ရပါတယ်ရင့်ကျူး ... သခင်အပြစ်နဲ့သခင် ခံလိုက်ရတာပါ၊ သခင့်အတွက် မင်းဘာမှစိတ်မကောင်းဖြစ်မနေပါနဲ့ရင့်ကျူး ... ဒီ လိုပဲပေါ့ ... ကကြိုးရုပ်လေးဆိုတာ သူက လက်မြှောက်ခိုင်းရင် လည်း ကိုယ်ကမြှောက်ရမှာ၊ သူက ခြေကြွခိုင်းရင်လည်း ကိုယ်က ကြွရမှာ ... ငြင်းဆန်ခွင့်တွေကို တို့အားလုံးမပိုင်ကြဘူးလေ ... "

ရင်ဖွင့်သံစဉ်အက်အက်ကလေးတွေကိုတော့ ရင့်ကျူးတစ် ယောက်တည်းကိုပဲ သခင်ဖွင့်ပြောမိ၏။ ငိုရပါများ၍ မျက်ရည်တွေ ကပါ သွေ့ခြောက်ပျောက်ကွယ်သွားလုမတတ်ပင်။ ဒီထမင်းဆိုင် ကလေးကို ရောက်လာရသည့် တစ်လနီးပါးအတွင်းမှာ သခင်ဒီလို အနှိပ်စက်ခံခဲ့ရတာ ဘယ်နှစ်ကြိမ်ရှိနေခဲ့ပြီလဲ။

အိပ်ရတော့လည်း ဖျာကြမ်းလေးပေါ်မှာ ...

စားရတော့လည်း အကြွင်းအကျန်လေးတွေသာ ...

မနက်သုံးနာရီထိုးတာနဲ့ နိုးစက်မလိုတဲ့ငှက်ဆိုးထိုးသံတွေ အောက်မှာ လူးလူးလဲလဲကလေး အိပ်ရာကအပြေးထပြီး ကြော် လှော်ချက်ပြုတ်နေတဲ့ မီးဖိုတွေရှေ့မှာ ထိုင်ချိန်နားချိန်လေးတောင် မရဘဲ ရှင်သန်နိုးထခဲ့ရတာ သခင့်အတွက်တော့ အိပ်မက်ဆိုးတမျှ ရယ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အပြစ်လုပ်မိ၍လည်း နားရွက်ဆွဲထိုင်ထ,လုပ်ခိုင်းတတ်သလို စိတ်မထင်ရင် မထင်သလိုလည်း ဗိုက်ခေါက်လိမ်ဆွဲ ပခုံးကိုတွန်းရိုက်တတ်တာခံရသေးတာမို့ မေကြီးပိုက်ဆံတစ်သိန်းပေးပြီး ပြန်လာခေါ်မယ့်နေ့ကိုပဲ မဝံ့မရဲလေး သခင်စောင့်နေခဲ့မိတာပါ။

ဒါကို ... ရိုင်းဆိုတဲ့ကောင်လေးက ...

ပိုက်ဆံတစ်သိန်းနဲ့ သခင့်ကို ပြန်လာရွေးမှာတဲ့။

ကိုယ်တောင် နေစရာစားစရာမရှိလို့ ဒုက္ခရောက်နေတဲ့ရိုင်းက သခင့်ကို ဘယ်လိုပြန်လာခေါ်မှာလဲ ... ရိုင်းလာခေါ်ရင်ရော ရိုင်းနောက်ကို သခင်လိုက်ရဲမှာတဲ့လား။

သည်အချက်ကိုတော့ မျက်ရည်ဝေ့ဝေ့လေးတွေကြားထဲကပဲတွေးရင်း နာနာကျင်ကျင်လေး သခင်ပြုံးမိပါသည်။

"အို ... ကြည့်စမ်းသခင် ... မျက်ရည်ဝဲဝဲလေးနဲ့မင်းပြုံးလိုက်သေးတယ် ... ဟုတ်လား ..."

အထိတ်တလန့်လေးနဲ့ မျက်လုံးလေးဝိုင်းကာ အော်နေတဲ့ရင့်ကျူး။

"ဟုတ်တယ်လေ ... ရင့်ကျူး၊ မိုက်ရိုင်းပြောသွားတဲ့စကားလေးကို နားထဲမှာပြန်ကြားလိုက်မိလို့ သခင်ပြုံးလိုက်တာပါ၊ သူကဒေါ်ထက်ထိပ်ဖျားကို ဖြစ်ချင်စိတ်ကလေးနဲ့ ဌက်ဆတ်ဆတ်လေးပြောသွားတာလေးနော် ... ပြန်တွေးမိရင် ဘယ်လောက်နာကျင်ဖို့ကောင်းလိုက်တဲ့ အဖြစ်လေးလည်းလို့ ... သူကတောင် သခင့်ကိုပိုက်ဆံတစ်သိန်းနဲ့ ပြန်လာရွေးဦးမတဲ့ ..."

"ဘာလဲသခင် ... အဲလိုမဖြစ်ဘူးလို့ မိုက်ရိုင်းကို မင်းလျှော့တွက်ထားလို့လား ... မိုက်ရိုင်းက ပြောရင်ပြောသလိုလုပ်တတ်တဲ့





ကောင်လေး ... သူပြောသွားတဲ့ စကားကိုလည်း ဘယ်တော့မှ ပြန်ရုတ်သိမ်းသွားမှာ မဟုတ်ဘူးလေ ..."

မိုက်ရိုင်းအကြောင်းကိုတော့ ရင့်ကျူးက သိထားပြီးသားပါ။

တစ်ရပ်ကွက်တည်းမှာအတူတူနေပြီး ကြီးပြင်းလာခဲ့ကြသူတွေမို့ မိုက်ရိုင်းစိတ်ဓာတ်ကိုလည်း ရင့်ကျူးက နားလည်နေသည်။ သခင့်ကိုလည်း အားပေးမိ၏။ သခင် ဒီလိုအနှိမ်ခံ အရက်စက်ခံနေရတာတွေကို ရင့်ကျူးသနားသည်။

ပြောရရင် ... သခင့်ပုံစံလေးက တအားချစ်ဖို့ကောင်းနေလို့ အလုပ်သမားတော်တော်များများ မနာလိုဖြစ်နေကြသည်ထင်ပ့ါ။

ကြည့်လိုက်ရင်လည်း တင်ပါးလေးအထိ ဖုံးကျနေသော ကျစ်ဆံမြီးရှည်ကြီးနှစ်ခုက တန်းလန်း။ အဝတ်အစားလေးက နွမ်းပေမယ့် အသားလေးက ဝင်းထင်းနေတော့ တင်းတင်းကြွကြွလေးနဲ့ အရပ်မြင့်မြင့်လေးက ဆိုင်ထဲက ရှက်ကြမ်းရေကျိုအလုပ်သမားတွေအားလုံးကို မနာလိုဖြစ်လာအောင် ဆွဲဆောင်နေတာလေ။

မတင်စန်းကဆို အမြဲဝင့်နေအောင် မျက်စောင်းထိုးပြီးသား။

ဆီလိုအပေါက်ရှာပြီးတော့လည်း မညှာမတာခိုင်းသည်။

"ဟဲ့ ... ဒီချိုင့်က စက်ဘီးပြင်ဆိုင်က ဦးလေးမောင်ကြီးဆီကို ပို့ပေးရမှာလေ၊ ဒါလေးတောင် ညည်း ... နားမလည်တော့ဘူးလား၊ မှားပါတယ်ဟယ် ... ဝက်သားချိုင့်ပို့မိလို့ကတော့ ညည်းမလွယ်ဘူး ..."

အဲအော်အငေါက်လည်း ခံရ။

သေသေချာချာ ဂရုစိုက်လုပ်ပေးပြန်တော့လည်း နာမည်မရ။



www.burmeseclassic.com

www.burmeseclassic.com



ခုလည်းအရိုက်ခံရတာ ပါးပြင်နုနုဖွေးဖွေးမှာ သွေးရောင်တွေ ရဲသွားခဲ့ရတဲ့အထိ။

သို့သော် ... သခင်စိတ်ဓာတ်လေးကတော့ မာမာပင်။

ရင့်ကျူး ... သခင့်ကို ခင်ခဲ့တာလည်း အဲဒီစိတ်ဓာတ်လေးကြောင့်ပဲ။

"ရိုင်း ... ရိုင်းသနားပါတယ် ရင့်ကျူးရယ်"

"ရိုင်း ... ဟုတ်လား ... "

"အို ... "

သခင် ... ရင့်ကျူးရှေ့မှာ ရိုင်းလို့ခေါ်လိုက်မိပြီ။

"ကြည့်စမ်း ... ဇရပ်ပျက်လေးပေါ်မှာ တစ်ခါလေးတွေ့လိုက်တာနဲ့ သခင်တို့နှစ်ယောက်က သံယောဇဉ်တွေဖြစ်လာကြပြီပေါ့လေ ... ကြည့်ပါဦး ... ခေါ်တာလေးကတောင် ရိုင်းတဲ့"

"အာ ... မဟုတ်ဘူးနော် ရင့်ကျူး ... ရိုင်းကိုသနားလို့ ရိုင်းလို့ပဲ ခင်ခင်မင်မင်လေးခေါ်မိတာ၊ သူက ... သူက မိုက်မိုက်ကန်းကန်းလေးပေမယ့် စိတ်ကောင်းလေးရှိလို့ပါ ရင့်ကျူးရယ်"

ပြောလည်းပြော ... ခေါင်းကလေးကိုငုံ့ချပစ်လိုက်တာ သခင် ရှက်သွားလို့လား။

ထိုအချိန်မှာ ... ရိုင်းကတော့ ... ။

အခန်း (၁၂)

"ရတယ်ဗျာ ... ဦးဝကြီး၊ ဒီဆန်အိတ်တွေအားလုံး ... ကျွန်တော်တစ်ယောက်တည်းထမ်းမယ် ... "

"ဟာ ... ကောင်လေး၊ မင်းတစ်ယောက်တည်းမရဘူးနော်"

"ရတယ် ... ကျွန်တော်ထမ်းနိုင်တယ် ... "

"ဟေ့ကောင် မိုက်ရိုင်း ... ဒီနေ့မှ မင်းဘာဖြစ်နေတာလဲ"

"ပိုက်ဆံလိုလို့ ထမ်းချင်နေတာပေါ့ဗျ ... "

"ငါကြားတယ်နော် ... ဟေ့ကောင်၊ မင်းမလိမ်နဲ့၊ ထမင်းဆိုင်က ကျစ်ဆံမြီးနှစ်ခွနဲ့ကောင်မလေးကို ပိုက်ဆံတစ်သိန်းနဲ့မင်းပြန်ရွေးချင်လို့ ထမ်းချင်နေတာမို့လား ... "

"ဗျာ ... အဲဒါ ဦးဝကြီးသိတယ် ... "

"သိတာပေါ့ကွ ... အဲဒီဆိုင်မှာ ထမင်းသွားစားရင်း ကြားခဲ့တဲ့လူက ငါ့ကိုဖောက်သည်ချသွားတာ ... "

မိုက်ရိုင်း ရှက်သွားသည်။

ခေါင်းကလေးငုံ့ပြီးတော့လည်း ဦးဝကြီးကိုပြောမိ၏။

ဗိုးလာပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဦးဝကြီးရာ ... အဲဒီကောင်မလေးကို ဒေါ်ထက်ထိပ်ဖျားက မတရားနှိပ်စက်ပြီးခိုင်းနေတာ ကျွန်တော် မခံချင်လို့ပါ ... "

"ဟေ့ကောင် ... "

ဒါကိုတော့ ဦးဝကြီးက သိပ်လက်မခံချင်။

"မင်းတောင် နေစရာမရှိ၊ စားစရာမရှိနဲ့ လမ်းပေါ်မှာဒုက္ခ ရောက်နေတာ၊ ဒီကောင်မလေးကို ပိုက်ဆံတစ်သိန်းနဲ့ပြန်ရွေးချင် တယ်ဆိုတော့ ... မင်းဝါးတီးကိစ္စကို ဘယ်လိုဖြေရှင်းမလဲ၊ ထမင်း မစားတော့ဘူးလား ... "

"ကျွန်တော် အငတ်ခံမှာပေါ့ဗျ ... "

"အောင်မယ် ... မင်းလို ဗလံလေးကများ ... "

ဦးဝကြီးက နှုတ်ခမ်းတွန့်ပြီးပြုံးသည်။

သူ့ကို အထင်သေးသလိုလည်း မော့ကြည့်၏။

"ဒီမှာ ... ဟေ့ကောင်၊ ဆိုက်ကားပေါ်တင်ပြီး တစ်အိတ် နှစ်အိတ်ထမ်းပို့တာလောက်ကို ငါမပြောဘူး၊ အခု ... ကားပေါ်က နေ ဂိုထောင်ထဲကိုချရမှာ၊ အိတ်တစ်ရာလောက်ရှိတယ်၊ တစ်အိတ် ပြီးတစ်အိတ် ကြာကြာထမ်းရင် မင်းခါးရိုးတွေ၊ ပခုံးရိုးတွေက ခံနိုင် မှာတဲ့လား ... ဟွန်း ... အရိုးတစ်ခြား အသားတစ်ခြားတောင် ဖြစ်သွားဦးမယ်၊ နားလည်လား ... သွား ... သွား ... အများနဲ့ ရောပြီးဝိုင်းထမ်း ... "

မိုက်ရိုင်းကိုတောင် ဆန်ဆိုင်ပိုင်ရှင်ဦးဝကြီးက အလိုမလိုက် ပါ။

ပြောပြီးတာနဲ့ ဟိုဘက်က အလုပ်သမားတွေဘက်ကို ဦးဝ





ကြီး ထွက်သွား၏။

မိုက်ရိုင်း မျက်နှာငယ်လေးနဲ့ကျန်ခဲ့သည်။

အရေးကြီးတာ သခင့်အတွက် မိုက်ရိုင်းပိုက်ဆံရှာချင်တာ ပါ။

ဘာအလုပ်ပဲလုပ်ရလုပ်ရ ... မိုက်ရိုင်းလုပ်တော့မှာ။

ခုလည်း ... ဆန်တွေတစ်အိတ်ပြီးတစ်အိတ် မိုက်ရိုင်း ဝင်ထမ်းသည်။

"ဟေ့ကောင် ... မင်းထမ်းတာ ဘယ်နှစ်အိတ်ရှိနေပြီလဲ"

"ခြောက်အိတ်ရှိပြီဗျ ... "

"ဖြစ်တယ်နော် ... "

"ဖြစ်ပါတယ် ဦးဝကြီးရာ ... "

မောဟိုက်သံကလေးနဲ့တော့ မိုက်ရိုင်းပြောမိသည်။

တကယ်လည်း ... ဦးဝကြီးပြောသလို ဆက်တိုက်ထမ်း ကြည့်တော့မလွယ်။

ခါးတွေနာလာသလို ပခုံးစောင်းတွေပါ ထုံလာ၏။

ဦးဝကြီး မိန်းမကလည်း ဆိုင်ဝကနေ လှမ်းအော်နေသည်။

"ဟဲ့ ... ကောင်လေး မိုက်ရိုင်း၊ နင်ထမ်းတာ ဒယီးဒရိုင်ဖြစ် နေပြီနော်၊ တော်ကြာ ဆန်အိတ်ပိသွားမှ ကျော်မကောင်းကြား မကောင်းဖြစ်နေဦးမယ် ... "

ဘယ်သူတွေ ဘာပဲပြောပြော ရိုင်းကတော့ ဂရုမစိုက်ပါ။

ကြိုးစားပြီးထမ်းလိုက်တာ ငွေသုံးထောင်ရလိုက်သည်။

"ကောင်လေးရာ ... မင်းကတော့ တကယ်ပဲ ... "

ဦးဝကြီးက အံ့သြသလို ပြုံးကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှိင်းက ချေးတွေကိုသုတ်ပြီး မျက်နှာလေးကိုမော့သည်။

"အဟင်း ... ကျေးဇူးပဲ ဦးဝကြီးရာ ..."

"မနက်ဖြန်မှာလည်း ဆန်အိတ်တွေ ထပ်ရောက်လာဦးမယ်ကွ၊ သိလား ... အဲဒါ မင်းစောစောလာခဲ့၊ မင်းတကယ်လုပ်နိုင်တာ ငါယုံသွားပြီ ..."

"အား ... ကျွတ် ... ကျွတ် ..."

"ဟာ ... ဟေ့ကောင် ဘာဖြစ်တာလဲ ..."

"ပခုံးတစ်ဖက် နာသွားလို့ဗျ ..."

"တွေ့လား ... အဲဒါကြောင့်မို့ မင်းကိုငါပြောတာ၊ မင်းတစ်ယောက်တည်းက အကုန်လုံးထမ်းလို့ကတော့ ပွဲတောင်တစ်ခါတည်းပြတ်သွားဦးမယ်၊ မင်း ... မင်း ထမင်းရော နပ်မှန်မှန်စားရရဲ့လားဟင် ... ကောင်လေး ... မင်းကိုကြည့်ရတာ ဖြူဖတ်ဖြူရော်လေးနဲ့ ငါသိပ်အားမရဘူးကွ ..."

ဦးဝကြီး ရှိင်းကိုကြည့်ကာ မသက်သာသလို လှမ်းမေးသည်။

ရှိင်း ဘယ်လိုဖြေရမလဲ။

ပြောရရင် ရှိင်းဘဝမှာ ထမင်းနပ်မမှန်ခဲ့တဲ့ရက်တွေက အများကြီးပါ။ အလုပ်မရှိလို့ အလုပ်မရလို့ ခွေခွေလေးလှဲအိပ်နေခဲ့ရတဲ့ရက်တွေက နည်းမှမနည်းတော့တာ။ ဟိုတစ်လောက ခြစ်ကုတ်စုထားတဲ့ ငွေသောင်းနှစ်ထောင်ကလည်း အင်္ကျီလေးဝယ်လိုက်လို့ကုန်သွားသည်။

လူတွေကလည်း လူတွေပါ။

ရှိင်းဆိုလျှင် မခေါ်ချင် မပြောချင် မပတ်သက်ချင်။

ဖဲသမားသား၊ ခါးပိုက်နှိုက်သားဆိုပြီး ရှောင်ဖယ်ဖယ်နဲ့





အဆင့်အတန်းခွဲပြီး နှိမ်ထားတာ။

တစ်ချို့ကျတော့လည်း ရှိင်းစိတ်ဓာတ်အမှန်လေးကိုသိပြီး

"ဟေ့ ... ကောင်လေး၊ ငါ့ကို ဒီအထုတ်လေး လိုက်ပို့ပေးစမ်း ..."

"ဗျာ ..."

"ရေမရှိလို့ မင်းခေါ်နေတာ ငါသိပါတယ်ကွာ ..."

ခင်ခင်မင်မင်နဲ့ ကူညီချင်သူလည်းရှိသည်။

ဘာပဲပြောပြော ရှိင်းကတော့ ကိုယ့်ကိုခိုင်းရင်လုပ်ပေးလိုက်တာပါပဲ။ မခိုင်းတဲ့သူတွေကိုလည်း အောက်ကျခံပတ်သက်ဖို့ ရှိင်းမကြိုးစားခဲ့ပါ။ ပြောရရင် မာနတော့ ရှိင်းကထားပါသည်။

ကိုယ့်ဘဝမှာ အရာရာအဆင်မပြေခဲ့လို့ လမ်းပေါ်ကို ရှိင်းရောက်လာခဲ့ရတာ။ အဖေနဲ့ဖွားကလွဲရင် သံယောဇဉ်တွယ်စရာ ရှိင်းဘဝမှာမရှိ။ ခုတော့ ... ဖွားကလည်းဆုံး၊ အဖေကလည်း ထောင်ထဲမှာဆိုတော့ လတ်တလောမှာ ဘာလုပ်ရမလဲဆိုတာ စဉ်းစားရင်း လမ်းပေါ်မှာပဲ ရှိင်းလေလွင့်နေခဲ့ရတာဖြစ်သည်။

"ဟေ့ကောင် မိုက်ရှိင်း ... ငါပေးတဲ့ပိုက်ဆံလေးသုံးထောင်ကိုကိုင်ပြီး မင်းဘာတွေ စဉ်းစားနေတာလဲ ..."

"ဗျာ ..."

ဦးဝကြီးအသံ ဖျတ်ခနဲကြားတော့မှ ရှိင်းအသိပြန်ဝင်လာ၏။

လက်ထဲက ပိုက်ဆံလေးသုံးထောင်ကလည်း ဘောင်းဘီနောက်အိတ်လေးထဲကိုမထည့်ဖြစ်သေးဘဲ ... လက်ထဲမှာသည်အတိုင်း။

"ဒီပိုက်ဆံလေးကို စုထားမလို့ စဉ်းစားနေတာပါ ဦးဝကြီး



www.burmeseclassic.com

www.burmeseclassic.com



ရာ"

"ဟော ... ဒါဆို ... ကျစ်ဆံမြီးလေးနှစ်ခွနဲ့ကောင်မလေးကို မင်းပြန်ရွေးတော့မယ်ပေါ့ ... "

"ဒါပေါ့ဗျာ ... "

"ဟေ့ကောင် ... သူများကို စေတနာထားတာ နောက်မှထား ... အခု မင်းကိုယ်မင်းလည်း ပြန်ကြည့်ဦး ... အင်္ကျီက ပခုံးစောင်းမှာပြဲနေပြီ၊ ဝတ်ထားတဲ့ဘောင်းဘီရှည်ကလည်း တော်တော်ဟောင်းနေပြီ ... ဆံပင်လေးညှပ်ပြီး အဝတ်အစားအသစ်ကလေးတော့ ဝယ်ဝတ်ပါကွာ ... "

စေတနာနဲ့ပြောတာမှန်းသိပေမယ့် ဒီစကားကိုတော့ ရိုင်းလက်မခံနိုင်ပါ။

ဒီလိုအဝတ်အစားမျိုးတွေ ရိုင်းအတွက်လိုသလား။

ရိုင်း ... နှုတ်ခမ်းလေးတွန့်ပြီးပြုံးတော့ ဦးဝကြီးအထာပေါက်သွား၏။

"ကောင်လေးနော် ... ငါပြောတာကို မင်းဘာဖြစ်လို့ပြုံးလိုက်ရတာလဲ ... ငါပြောတာ မင်းအတွက်ပြောနေတာ၊ မင်းကမစားရက်မသောက်ရက်ဘဲ အပင်ပန်းခံအလုပ်တွေလုပ်ပြီး ပိုက်ဆံစုပါပြီတဲ့၊ ကောင်မလေးကို ငွေတစ်သိန်းပေးပြီး ပြန်ရွေးလာပါပြီတဲ့ ... ဒီကောင်မလေးနဲ့မင်းနဲ့ ဖူးစာဆုံသွားမယ်ထင်နေလို့လား၊ တစ်နေ့ကျရင် ဟိုက ... မင်းကိုမေ့သွားမှာ၊ မင်းတစ်ယောက်တည်း လမ်းပေါ်မှာကျန်ခဲ့ရမှာ၊ အဲဒါ ... ငါ ... သေချာပေါက်လောင်းကြေးထပ်ရဲတယ် ... မိုက်ရိုင်း ... "

"ဟွန်း ... ကျန်ခဲ့လည်း ကျွန်တော်ဂရုမစိုက်ပါဘူး"





"ဘာပြောတယ် ... "

"ကျွန်တော့်ဘဝကို ကျွန်တော်သိတယ် ... ကျွန်တော်က လမ်းပေါ်က အစွန့်ပယ်ခံပန်းပါ၊ နမ်းလို့လည်းမမွှေးနိုင်သလို ပန်ဖို့ဆိုတာလည်းမတင့်တယ်တဲ့စက္ကူပန်း ... အရောင်တွေဆန်းပေမယ့် ကျွန်တော့်ရဲ့ပန်းဘဝလေးက အရမ်းညှံ့ပါတယ်ဗျာ ... "

"ဟာ ... ကြည့်စမ်း ... မင်း ... မင်း ... "

ရိုင်းမျက်နှာလေးကို အထိတ်တလန့်မော့ကြည့်ကာ ... ဦးဝကြီး ပါးစပ်အဟောင်းသားဖြစ်နေသည်။ ဒါပဲပြောပြီး ရိုင်းကလည်း လှည့်ထွက်လာခဲ့၏။

"ရိုင်း ... "

"ဟာ ... "

ကြည့်စမ်း ... လမ်းဘေးသစ်ပင်ရိပ်ကလေးနားကနေ စက်ဘီးကလေးဒေါက်ထောက်ကာ ရိုင်းကိုစိုက်ကြည့်ရင်း ခေါ်လိုက်တဲ့ကောင်မလေးတစ်ယောက် ...

ဘယ်သူဖြစ်ရမှာလဲ။

သခင်ပေါ့ ...

"ရှင် ... ဆန်အိတ်တွေထမ်းနေတာ စောစောကတည်းက ကျွန်မမြင်တယ်၊ အခုလည်း ... ဖြစ်ချင်ရာဖြစ် ရှင့်ကိုနှုတ်ဆက်ချင်လို့ ကျွန်မစောင့်နေတာ" -

"မင်း ... မင်းဘာပြောချင်လို့လဲ ... "

ရိုင်းမကြည့်ရဲတာမို့ မျက်နှာလွှဲသည်။

ဒါကို ... သခင်ကလည်းသိပါသည်။ ရိုင်းရှက်နေတာလေးကိုကြည့်ပြီး သခင်ပြုံးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအတွက် ရှင်ပိုက်ဆံရှာနေတာလား ... "

"ဟုတ်တယ် ... "

မကြည့်ဘဲ ခေါင်းညိတ်ဖြေတော့ ရိုင်းပခုံးပေါ်က ဆံပင်ရှည်တွေ ယိမ်းထိုးသွား၏။

"မလုပ်ပါနဲ့ ... "

"ဟာ ... ဘာဖြစ်လို့လဲ ... "

"ရှင် ... ဒီလောက်ဒုက္ခရောက်နေတဲ့ဟာ ကျွန်မကိုလည်း ကျွန်မမေကြီးက လာပြန်ခေါ်တော့မှာ ... "

"ဟွန်း ... မင်းမထင်ပါနဲ့ မင်းမေကြီးက ဒုက္ခရောက်နေတယ်လို့ငါကြားတယ်၊ ငါက လမ်းပေါ်ကကောင်ပါ ... အခု ... ငါ အလုပ်တွေအများကြီးလုပ်ပြီး ပိုက်ဆံစုမယ်၊ ငါဘယ်လောက်ပဲ ပင်ပန်းပင်ပန်း၊ ဒေါ်ထက်ထိပ်ဖျားရဲ့ အနှိပ်အစက်ခံဘဝက မင်းလွတ်မြောက်ရှင်သန်ခွင့်ရသွားရင် ငါကျေနပ်ပါပြီ၊ ကျန်တာတွေ မင်းပြဿနာမဟုတ်ဘူး ... ငါ့ပြဿနာ ငါရင်ဆိုင်မှာပါ ... "

"ဒါပေမဲ့ ... "

"ဘာဖြစ်လည်းဟာင် ... ဒါပေမဲ့ ... "

"ညရောက်လို့ ရှင့်အကြောင်းတွေးမိရင် ကျွန်မအိပ်လို့မပျော်တော့ဘူး ... "

"ဘာလဲ ... သခင်၊ မင်းမျက်လုံးထဲမှာ ငါကစိတ်ဝင်စားစရာကောင်းနေလို့လား ... အဟင်း ... အလကားကောင်ပါ၊ လမ်းပေါ်မှာပေပေတေတေလေးနေပြီး မှျောပါလေလွှင့်နေတဲ့ကောင်"

"ရှင့်ကိုယ်ရှင် ဒီလောက်ကြီးနှိမ်ချမပြောပါနဲ့၊ ရှင်နဲ့ကျွန်မက စွန့်ပစ်တာခံခဲ့ရတဲ့ ဘဝတူချင်းမို့ ကျွန်မစိတ်ဝင်စားတာ ... "





"ဟုတ်တယ် ... ငါလည်း မင်းလိုပဲ ... "

ခုထိလည်း ... ရိုင်းမျက်ဝန်းလေးတွေ သခင့်ဘက်ရောက်မလာသေးပါ။

သခင် ... စကားပြောနေရပေမယ့် ဒေါ်ထက်ထိပ်ဖျားသိသွားမှာကိုကြောက်ပြီး သခင့်မျက်လုံးလေးတွေက နောက်ဘက်လေးကို ဝေ့ကာဝဲကာ တစ်ကိုယ်လုံးလည်း အေးစက်နေရ၏။

ဒီနေရာလေးက လမ်းချိုးထောင့်အကွယ်လေးမို့ သခင်ပြောရဲနေတာဖြစ်သည်။ မနက်ဖြန်ပြန်ပို့ရမယ့် ထမင်းချိုင့်တွေကို သခင်လာပြန်သိမ်းရင်း ဆန်ကိုထောင်တွေဘက် ရောက်လာခဲ့ရတာပါ။

ရိုင်းကိုတွေ့တော့လည်း သခင်မနေနိုင်ပါ။

သခင်စိတ်အဝင်စားဆုံးက ရိုင်းမျက်ဝန်းတွေ။

စကားပြောရင်လည်း ဘယ်သူ့ကိုမှ ဂရုမစိုက်သလို ပြောသည်။ ပြုံးရင်လည်း နှုတ်ခမ်းထောင့်စွန်းကလေးတွန့်သွားအောင် မဲ့မဲ့ကလေးပြုံး၏။ သခင်ကိုလည်း ဘယ်တော့မှ စူးစိုက်ကြည့်တာမျိုးမရှိ။ ခေါင်းညိတ်ခေါင်းခါလုပ်သည့်အခါမျိုးမှာသာ ဝေ့ခနဲ ဖျတ်ခနဲကြည့်ရင်း မျက်နှာလွှဲပစ်လိုက်တာမျိုး။

ခုလည်း ... သူ့မျက်ဝန်းအကြည့်လေးတွေ စတွေ့ကာစလေးတုန်းကပဲ တစ်ချက်လေးဝဲသွားခဲ့ပြီး ... နောက်တစ်ကြိမ်ပြန်ရောက်မလာတော့ပါ။

"ဘာပြောတယ်ရိုင်း ... ရှင်က ကျွန်မကို စိတ်ဝင်စားတယ်ဟုတ်လား ... "

ငါလည်း မင်းလိုပဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သခင် ဖျတ်ခနဲမော့ကြည့်လိုက်တော့ ... ရှိုင်းနှုတ်ခမ်းလေးထောင့်မှာ အရိပ်ကွေးကွေးလေးထင်ပြီး ရှိုင်းကပြုံးနေပြီ။

"အပှွန်း ... ငါ မညာတတ်သလို မင်းကိုအမှန်အတိုင်းဝန်ခံလိုက်တာ၊ မင်းကိုစတွေ့လိုက်ရတဲ့နေ့ကတည်းက မင်းပုံစံလေးနဲ့ မင်းမျက်နှာထားလေးကို ငါသိပ်စိတ်ဝင်စားသွားတယ် ... အထူးသဖြင့် ဒီထမင်းဆိုင်မှာ အလုပ်လာလုပ်ရတဲ့မိန်းကလေးတစ်ယောက်ဆိုပြီး ငါစိတ်ဝင်စားတာ၊ အဲဒါလည်း တည်ရတုကြောင့်ပါ၊ ငါက မတရားလုပ်ရင် မကြိုက်ဘူး ... လူတစ်ယောက်ရဲ့ဘဝကို ဖျက်ဆီးဖို့ကြိုးစားရင် ငါအသေမုန်းတယ်၊ ငါ့ကြောင့် မင်းအင်္ကျီလေးပြဲသွားရတာကို စိတ်မကောင်းလို့ပြန်ဝယ်ပေးဖို့ ကြိုးစားရင်း ငါ့ရင်ထဲကို မင်းတဖြည်းဖြည်းရောက်လာတာ၊ ကျန်တာတော့ ငါမပြောချင်ဘူး၊ အခုလည်း ဒေါ်ထက်ထိပ်ဖျားဆီက ယူထားတဲ့ပိုက်ဆံတစ်သိန်းကို ငါရအောင်ရှာပြီး ပြန်ပေးမယ် ... "

ပြောလည်းပြော ... ပခုံးပေါ်က ဆံပင်ရှည်တွေကိုလည်း လက်ထိုးဖွပြီး ရှိုင်းခါသည်။

ပြီးတော့ ... သခင့်မျက်နှာကလေးကိုလည်း ပထမဆုံးအကြိမ် ရူးရူးလက်လက်ကလေး စိုက်ကြည့်၏။ သည်တစ်ခါ မျက်လွှာလေးသိမ်းပြီး ခေါင်းကလေးကိုငုံ့ချပစ်လိုက်ရတာ သခင်ပါ။

ဆိုင်ကိုပြန်ရောက်လို့ ဒီအကြောင်းရင့်ကျူးကို တိုးတိုးတိတ်တိတ်လေးပြောမိတော့။

"အို ... လမ်းမှာ ရှိုင်းနဲ့တွေ့ခဲ့ပြန်ပြီ ဟုတ်လား ... "

ရင့်ကျူးရင်ဘတ်ကလေးဖိကာ ထိတ်ထိတ်ပြာပြာ။

ဒေါ်ထက်ထိပ်ဖျား မကြိုက်တာ ရင့်ကျူးကသိနေသည်မို့





လား။

"သခင်ရယ် ... အန်တီထက်သိရင် ပြဿနာတက်နေပါဦးမယ်"

"ရှိုင်း ... ရှိုင်းက ပိုက်ဆံတစ်သိန်းရအောင်ရှာမယ်ဆိုပြီး ဂိုထောင်မှာ ဆန်အိတ်တွေသွားထမ်းနေတာ၊ သခင် ... သူ့ကိုအရမ်းသနားတယ်၊ ဒီဘဝကလည်း သခင်လွတ်ချင်တယ်၊ အဲဒါ ... သခင်ဘာလုပ်ရင် ကောင်းမလည်းဟင် ... ရင့်ကျူး ... သခင့်ကို အကြံပေးပါဦး ... "

တကယ်လည်း ဒီဘဝကနေ ဘခင်လွတ်ချင်ပါသည်။

မေကြီးနားကို အရောက်ပြန်ပြီး မေကြီးရဲ့ဒုက္ခ သုက္ခတွေအားလုံးသခင်မျှဝေခံစားချင်ပါသည်။ ခုချိန်မှာ မကြီးခက်မာ မေကြီး စိတ်ဆင်းရဲအောင် ဒုက္ခပေးနေတာ သခင်သိနေလို့ပါ။

တက္ကသိုလ်ကျောင်းသူဖြစ်နေတဲ့ မကြီးခက်မာ ...

မေကြီးစိတ်ဆင်းရဲအောင် ဘယ်လောက်တောင်လုပ်နေပြီလဲ။

တွေ့လိုက်တိုင်းလည်း မကြီးခက်မာက အလန်းစတိုင်လ်လေးနဲ့။

သခင့်ကိုတွေ့ရင်လည်း မျက်နှာလေးမော့ကာ မသိချင်ဟန်ဆောင်ပြီး အမြဲရှောင်ထွက်သွားသည်။ နေကောင်းရဲ့လားဟုပင် သခင့်ကိုမေးဖော်မရ။

သခင်မှာတော့ ... သူများဆိုင်မှာ ခိုင်းသမျှတွေလုပ်လိုက်ရတာ။

မနက်သုံးနာရီထိုးတာနဲ့ အိပ်ရာလေးထက်ကနေ ကမန်း



www.burmeseclassic.com

www.burmeseclassic.com



ကတန်း လူးလဲထ၊ ချက်ပြုတ်ရတဲ့နေရာမှာ ဝိုင်းကူလုပ်၊ ညှော်နံ့တွေ မီးခိုးနံ့တွေကို ရှူရှိုက်ရင်း ဟိုမီးဖိုပြေးလိုက်၊ ဒီမီးဖိုပြေးလိုက်နဲ့။

ပြီးတော့မှ ... ဆိုင်ဖွင့်ဖို့ပြင်ရ ...

ဆိုင်ထဲမှာ လှဲရကျင်းရ သန့်ရှင်းရေးလုပ်ရ။

ဒီကြားထဲ တည်ရတုရန်ကပါ လွတ်အောင်ရှောင်နေရတော့ တစ်နေ့ ... တစ်နေ့ ရွတ်ရတဲ့ သံဗုဒ္ဓေကလည်း အခေါက်ပေါင်း မနည်း။

တည်ရတုကလည်း ဆိုးပါသည်။

သခင့်လက်ကလေးကို လူလစ်တိုင်းလာလာဆွဲလို့ ရုန်းရတာလည်း အကြိမ်ကြိမ်အခါခါ။ လက်ကိုဆွဲမရရင် ပခုံးဖက်ဖို့ကြိုးစားလာတာမျိုး၊ တည်ရတုထွက်သွားလျှင် မျက်ရည်ဝဲဝဲလေးနဲ့ကျန်ခဲ့ရတာ နေ့စဉ်လိုလိုပါ။

ဒါကြောင့် ... ဒီလိုနေရာမျိုး ဒီလိုဆိုင်မျိုးမှာ သခင်ပျော်နိုင်ပါတော့မလား။

မကြီးကတော့ ရောက်လာတိုင်း သခင့်ကိုအားပေးတာက ...

"သမီးလေးရယ် ... သမီးလေးကို ညတိုင်းသတိရပြီး မကြီးငိုရတယ်သိလား၊ သူတို့ခိုင်းရင်လည်း ဘာခိုင်းခိုင်း သမီးလေးလုပ်ပေးနော် ... ပိုက်ဆံလိုရင်လည်း ဒေါ်ထက်ကိုချော့မော့ပြီး ထပ်တောင်းသင့်ရင် ထပ်တောင်းရဦးမှာသမီးလေးရဲ့ ... အဲဒါကြောင့်မို့ ဒီဆိုင်မှာ လိမ်လိမ်မာမာလေးနေပါလို့ မကြီးပြောတာ ... နော် သမီးလေးနော် ... သမီးလေးဘာမှမပူနဲ့၊ မကြီးလက်ထဲကို ပိုက်ဆံရောက်ပြီဆိုတာနဲ့ သမီးလေးကို လာခေါ်မှာ ... လာခေါ်မှာ"





ထိုအသံလေးက သခင့်နားထဲက မထွက်တော့ပါ။

ပန်းကန်တွေဆေးနေရင်လည်း အဲဒီမျှော်လင့်ချက်ကလေးနဲ့။

ထမင်းချိုင့်လေးတွေ လိုက်ပို့လိုက်သိမ်းလုပ်နေရရင်လည်း အဲဒီစိတ်ကူးလေးနဲ့ ... ဒီကြားထဲ ရှိုင်းကပါ ပါလာတော့ ... ဒေါ်ထက်ထိပ်ဖျားနဲ့ ရင်ဆိုင်ရတော့မှာကိုကြောက်ပြီး မျက်နှာဖြူလျော်လျော်ကလေးနဲ့ သခင့်စိတ်တွေ ချောက်ချားနေရတော့တာပါ။

"သခင်ရယ် ... မင်းအကြောင်းတွေ စဉ်းစားမိလိုက်တိုင်းလည်း မင်းအတွက် တို့စိတ်ပူနေမိတယ်သိလား ... တကယ်တော့ မင်းပုံစံလေးနဲ့ ဒီဆိုင်မှာလာလုပ်နေရတာ မတန်ပါဘူး၊ အဲဒီတော့ မင်းကို တို့အကြံတစ်ခုပေးမယ် ... မိုက်ရှိုင်းက လာရွေးပေးရင် မင်းပြန်သွား ... အဲဒါ မင်းအတွက် အကောင်းဆုံးပဲ"

သခင် မျက်ရည်ဝဲရပါပြီ။

"အဟင့် ... ရှင့်ကျူးရယ် ... သခင့်ရဲ့ဒုက္ခတွေအားလုံးအတွက် ရှိုင်းအပေါ် ပုံချပေးလိုက်တာ မမျှတဘူးထင်လို့ပါ။ အခုတောင် ... ဒယီးဒယိုင်လေးဖြစ်ပြီး၊ ရှိုင်းဆန်အိတ်တွေ သွားထမ်းနေတာ၊ ပိန်ကပ်ကပ်ကိုယ်လုံးလေးနဲ့ ရှိုင်းဒါတွေလုပ်နေရတာ သခင်သနားလို့ပါ ... ကြာရင်လေ ... သခင့်ကြောင့် ရှိုင်းပါဒုက္ခရောက်ရတော့မယ်၊ သခင်က မလုပ်ပါနဲ့လို့တားတော့လည်း ရှိုင်းက လက်မခံဘူးရှင့်ကျူးရဲ့ ... ရတဲ့ပိုက်ဆံတွေကို သူစုတော့မှာ တော်ကြာ ... မစားမသောက်ဘဲစုနေရင် ..."

"ဘုရား ... ဘုရား ..."



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရင့်ကျူးကိုယ်တိုင်လည်း ဘုရားတမိရတဲ့အထိ ရင်ထဲမှာ နင့် သွားသည်။

တကယ်လည်း မိုက်ရိုင်းပုံစံလေးက ပိန်ကပ်ကပ်ဖြူလျော် လျော်လေး ... ပိုဆိုးတာက လမ်းပေါ်မှာ တည်ရတုတို့အဖွဲ့ ဝိုင်းထိုး ကြိတုန်းက ရထားတဲ့ဒဏ်ရာလေးတွေက မပျောက်ချင်သေးတာ။

ဒါကိုတောင် ... ဂိုထောင်မှာ ဆန်အိတ်တွေသွားထမ်းနေသ တဲ့လား။

မိုက်ရိုင်းရယ် ...

ဖြူစင်တဲ့ နင့်ရဲ့စေတနာလေးတွေကို ငါတို့အသိအမှတ်ပြု ပါတယ်။

ဒါပေမဲ့ ... နင်ကိုယ်တိုင်က နေစရာမရှိလို့တောင် မီးကင်းတဲ လေးပေါ်မှာ အိပ်နေရတာ။

ဒီတစ်သိန်းပြည့်အောင် နင်ဘယ်လိုရှာနိုင်မှာလဲ။

အခန်း (၁၃)

"ဟေး ... "

"ငါးကြိုကား ရောက်ပြီဟေ့ ... "

"ထမ်းမယ့်လူတွေ မလာသေးဘူးလား ... "

"ဂီး ... ဂီး ... "

"ဆုတ် ... ဆုတ် ... တည့်တည့်ဆုတ် ... "

"ဟိုး ... ရပ်ြီ ... ရပ်ြီ ... "

မနက်သုံးနာရီထိုးတာနဲ့ သားစိမ်း ငါးစိမ်းတွေကြိုတဲ့ကား တွေက တစ်စီးပြီးတစ်စီး ရောက်လာတာမို့ ဈေးရှေ့မှာ ဆူညံနေ သည်။ အထမ်းသမားတွေ ဆိုင်ပိုင်ရှင်တွေ၊ ကားသမားတွေ အော် ကြဟစ်ကြ၊ ထမ်းကြသယ်ကြနဲ့ ပျာပန်းခတ်အောင် လှုပ်ရှားနေကြ တာမို့ မီးကင်းတဲလေးပေါ်မှာ ခွေခွေလေးအိပ်နေရတဲ့ မိုက်ရိုင်းပင် ဖျတ်ခနဲ လန့်နိုးလာရ၏။

"ဟေ့ကောင် မိုက်ရိုင်း ... ထတော့လေကွာ၊ ဟိုမှာ မင်း ထမ်းချင်တဲ့ ငါးကြိုကားတွေ ရောက်နေပြီကွ ... "

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

မျက်လုံးလေးကိုပွတ်သပ်ရင်း ဈေးရှေ့ကို ရိုင်းကြည့်မိသည်။ ဘမုန်းချစ်ပင် ဆိုက်ကား ဂိတ်ထိုးဖို့ ရောက်နေပါပြီ။

"မင်းက နှိုးပါဆိုလို့ ငါနှိုးတာနော် ... ဟေ့ကောင် ... သွား၊ သွား ... ဆိုက်ကားဂိတ်နောက်မှာ မျက်နှာသွားသစ်လိုက် ..."

ဘမုန်းချစ်ကလည်း မိုက်ရိုင်းရဲ့ရည်ရွယ်ချက်ကို သိနေလို့ အားပေးမိတာပါ။

ဒီကောင်လေးက ငါးစိမ်းတောင်းတွေ သွားထမ်းမလို့တဲ့။

လူကြည့်တော့ ... ပိုးဟပ်ဖြူလေးလို ပျော့တိပျော့ဖတ်လေး။

ငါးစိမ်းတောင်းကို ဒီကောင်နိုင်မလား။

တားလို့လည်းရမှာမဟုတ်သည့်အတူတူ ကောင်လေးလုပ်ချင်သမျှကို ဘမုန်းချစ်ကတော့ လက်ပိုက်ကြည့်နေရတော့မှာပဲ။ မတတ်နိုင်ဘူး ... မနေ့ကလည်း ဆန်အိတ်တွေသွားထမ်းပြီး ဘမုန်းချစ်ဆီမှာ ငွေသုံးထောင်လာအပ်သည်။

"ကျွန်တော် ... ဒီနေ့ကစပြီး စုတာနော် ဘမုန်းချစ် ... တစ်သိန်းပြည့်အောင် ကျွန်တော်စုမယ် ..."

ရှင်လန်းတက်ကြွနေတဲ့ အရိုင်းကောင်လေး။

သုံးထောင်အပ်ပြီး ပျော်နေ၏။

"မနက်ကျရင်လည်း ကျွန်တော့်ကိုနှိုးပါနော် ... ကျွန်တော် ဦးစံကိုပြောပြီး ငါးစိမ်းတောင်းတွေ သွားထမ်းမလို့ ..."

"အံမာ ... မင်းကများ ... နေ ... နေပါဦး၊ မနေ့ညနေက ကားအကောင်းစားကြီးနဲ့ သူဌေးကြီးတစ်ယောက်က မင်းကိုလာရှာ





တာ ... ဘာကိစ္စလဲ ..."

"ဟွန်း ... ပျောက်နေတဲ့သူ့သားနဲ့တူတယ်ဆိုပြီး လာမေးလို့ ဖြေရှင်းနေရတာပါ ... အရေးကြီးတာ ... ကျွန်တော် ငါးစိမ်းတောင်းထမ်းချင်တယ် ... ကျန်တာတွေ မမေးနဲ့ဗျာ ..."

ကြားလိုက်တော့လည်း ဘမုန်းချစ် မျက်လုံးကြီးပြူးလို့။

မိုက်ရိုင်းပြောတာကိုအံ့ဩပြီး ငုံထားတဲ့ကွမ်းတွေတောင် ပါးစပ်ထဲကပြုတ်ကျသည်။ တကယ်လည်း ကားအကောင်းစားကြီးနဲ့လူတစ်ယောက် မိုက်ရိုင်းကို ကားနဲ့တင်ခေါ်သွားတာလေ။

"ဟား ... ဟား ... မင်းလို မျက်တွင်းဟောက်ပက်ဖြစ်နေတဲ့ကောင်လေးက ငါးစိမ်းတောင်းသွားထမ်းတော့ ခါးချိုးပြီးတော့ပဲ သေမလား ... တောင်းပိပြီးတော့ပဲ ဂန့်သွားမလားဆိုတာ ငါစောင့်ကြည့်ရဦးမယ် ... ဟား ... ဟား ..."

ခုတော့ ... ဘမုန်းချစ်လာနိုးလို့ မိုက်ရိုင်းနိုးပါပြီ။

မျက်နှာသစ်ပြီးတာနဲ့ ငါးစိမ်းတန်းက ဦးစံဆီကို မိုက်ရိုင်းရောက်သွားသည်။

"ဘာပြောတယ် ... မင်းက ငါးစိမ်းတောင်းထမ်းမယ် ဟုတ်လား ..."

မိုက်ရိုင်းကိုကြည့်ပြီး ဦးစံ ခေါင်းကိုသွက်အောင်ခါနေ၏။

"မလုပ်နဲ့ဟေ့ကောင် ... မင်းလာမရှုတ်နဲ့ ... သွား ... သွား"

စကားကိုပင် လက်ခံမပြောတော့ဘဲ မောင်းထုတ်တော့ မိုက်ရိုင်းက လှည့်ထွက်မသွားဘဲ ပေကပ်ကပ်လုပ်ကာ ...

"ကျွန်တော် ... ကျွန်တော် ထမ်းနိုင်ပါတယ်ဦးစံရ၊ မနေ့ကတောင် ဦးဝကြီးဂိုထောင်မှာ ဆန်အိတ်တွေတောင် ထမ်းလာသေး



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တာ၊ ကျွန်တော့်ကိုခိုင်းပါနော် ဦးစံ … ကျွန်တော် အလုပ်လိုချင်နေလို့ပါ၊ ဒီငါးစိမ်းတောင်းတွေ ကျွန်တော် ထမ်းပါရစေ … ”

“ဟေ့ကောင် … ဒီငါးစိမ်းတောင်းကို မင်းကဘာမှတ်နေလို့လဲ၊ ခါးကျိုးသွားရင် မင်းကိုဘယ်သူက ဆေးဖိုးပေးမှာလဲ၊ သေသွားရင်လည်း ရုံးရောက်ဂတ်ရောက်နဲ့ ကိုယ့်ထမင်းကိုယ်စားပြီး ငါက လိုက်ရှင်းနေရဦးမှာ၊ မင်းဟာမင်း … လွယ်တာလေးတွေလုပ်ပြီး ရှာစားပါ၊ ငါ့ကိုတော့ ပြဿနာလာမရှာပါနဲ့ … ”

“ဘာဖြစ်လို့လဲ ဦးစံ … ”

အလုပ်သမားတစ်ယောက်က မိုက်ရိုင်းကိုရော ဦးစံကိုပါ တစ်လှည့်စီကြည့်ပြီး လှမ်းမေးသည်။ ဦးစံက ခေါင်းကိုခပ်ပျာပျာခါ၍ …

“ဒီကောင်လေး … ငါးတောင်းထမ်းမလို့တဲ့ … ”

“ဟေ့ကောင် … မင်း မိုက်ရိုင်းမဟုတ်လား … ”

“ဟုတ်တယ် … ”

“ရတယ်ဦးစံ … မနေ့ကတောင် ဦးဝကြီးကိုထောင်မှာ ဒီကောင် ဆန်အိတ်တွေလာထမ်းသွားသေးတယ်၊ ငါးစိမ်းတောင်းလည်း ဒီကောင်ထမ်းနိုင်မှာပါ … စမ်းကြည့်လိုက်တာ မမှားဘူး၊ ဒီနေ့ … ထမ်းနေကျ အောင်သန်းတို့ညီအစ်ကိုတွေ ရောက်မလာလို့ အလုပ်မတွင်ဘူးဖြစ်နေတယ် … ”

“မင်း … မင်းတကယ်ထမ်းမှာနော်၊ တစ်ခုခုဖြစ်ရင် ငါ တာဝန်မယူဘူးနော် … ”

“ရတယ် … ဦးစံ၊ ကျွန်တော်ပဲ ဒီကောင့်ကိုကြည့်ခိုင်းလိုက်မယ်၊ ဟေ့ကောင် … မင်းငါ့နောက်လိုက်ခဲ့ … ”





“ငါတာဝန်မယူဘူးနော် ဟေ့ကောင် … ”

စိုးရိမ်တကြီး ထပ်လည်းအော်လိုက်သေး၏။

တကယ် ထမ်းကြည့်တော့ …

“အား … ”

“ဟေ့ကောင် … မင်း … မင်းရတယ်နော် … ”

ပခုံးပေါ် ဖွေ့ခနဲ ကောက်တင်လိုက်တာနဲ့ ခြေထောက်တွေက ခွေတော့မလို ဖြစ်သွားသည်။

ဟန်ချက်ကိုငြိမ်အောင် မနည်းပြန်ထိန်းလိုက်ပြီးတော့မှ ခါးကိုဆန့်ထုတ်ပြီး မတ်လိုက်တော့ …

“ဟာ … ဟာ … ဟေ့ကောင် … မင်းမရဘူး ထင်တယ်နော်”

“အီး … ရပါတယ်ဗျ … ”

“ဟား … ”

လဲတော့မလိုဖြစ်နေလို့ သတိပေးလိုက်စဉ်မှာပင် မိုက်ရိုင်းဆိုတဲ့ကောင်လေးက ငါးစိမ်းတောင်းကြီးကို တအိအိထမ်းကာ လှည့်ထွက်သွားခဲ့ပြီ။ ကြည့်ပါဦး … တကယ့်ကောင်လေး ပုံစံကြည့်တော့ နွဲ့နွဲ့လေးနဲ့။

ထမ်းလိုက်တာလည်း တစ်တောင်းပြီးတစ်တောင်း။

“ဟား … ဟား … ဘမုန်းချစ်ရေ ဦးစံက ကျွန်တော့်ကို ပိုက်ဆံနှစ်ထောင်ပေးလိုက်တယ်ဗျ … ဟောဒီမှာ … ဟောဒီမှာ ပိုက်ဆံအသစ်ကလေးတွေ … ”

“ဟင် … ”

မိုက်ရိုင်းပြန်ရောက်လာတာ တစ်ကိုယ်လုံးငါးညှီနံ့တွေ



www.burmeseclassic.com

www.burmeseclassic.com



ထောင်းထောင်းထ,လို့။ ထမှာပေါ့ ... ရေခဲတုံးတွေ ရောမွှေထည့်ထားတဲ့ငါးစိမ်းတောင်းကြီးတွေကို မချိမဆန့်ထမ်းလာရတဲ့ဥစ္စာ၊ အနံ့တွေစွဲမလာတော့ဘဲ နေပါတော့မလား။ ငါးတောင်းကို ရေခဲရိုက်ထားတော့ ရေတွေက တောင်းထဲကယိုကျပြီး မိုက်ရိုင်းကိုယ်ပေါ်မှာ ချွေးတွေနဲ့ရောပြီး ရွဲနစ်နေတာပဲနေမှာ။

ခုလည်း ... တစ်ထောင်တန်အသစ်ကလေးနှစ်ရွက်ကို ထုတ်ပြပြီး ... မိုက်ရိုင်းပျော်နေ၏။

"ရော့ ... ဘမုန်းချစ်၊ ဒါလေး ... ကျွန်တော့်ကိုစုပေးထား"

"ဟော့ကောင် ... မင်းလက်မောင်းမှာပေနေတာ ဘာတွေလဲ၊ ကြည့်စမ်း ... ကြည့်စမ်း ... သွေး ... သွေးတွေလား ... "

"ဟာ ... အဲဒါ ဘာမှမဟုတ်ပါဘူးဗျ။ ငါးတောင်းက ဝါးစ၊ အချွန်နဲ့ထိုးမိလို့ ပခုံးမှာ နည်းနည်းပြဲသွားတာ ... "

"အောင်မလေးကွာ ... "

"ဘမုန်းချစ်ပြောမှ နည်းနည်းတောင်ကိုက်လာပြီဗျာ၊ ဟားအား ... "

ကောင်လေး ...

ဒဏ်ရာကို အခုမှသတိရပြီး ပခုံးလေးတွန့်ကာ လက်ကလေးပို အခုမှ ခါနေတော့တာ။

"မင်းကွာ ... အလုပ်လုပ်တာ ဆင်ဆင်ခြင်ခြင်ကလေးတော့ လုပ်မှပေါ့ကွ၊ ပြစမ်းပါဦး ... မင်းဒဏ်ရာကို ... "

မိုက်ရိုင်းက အင်္ကျီလေးချွတ်ပြလို့ ဘမုန်းချစ်ကြည့်လိုက်တော့။

"ဟာ ... ဟော့ကောင် ... ဝါးချွန်က တော်တော်စူးထားတာ





ပဲ၊ ကြည့်စမ်း ... အသားတောင်ကွဲသွားတယ်၊ မင်းကတော့ကွာ၊ လူပုံပျော့ပျော့လေးနဲ့ တကယ့်မာလကျစ်လေး ... သွား ... ဟော့ကောင် ရေအရင်ချိုးလိုက် ... မင်းတစ်ကိုယ်လုံးနံစော်နေပြီ"

ဆိုက်ကားဂိတ်နောက်က တိုင်ကီလေးထဲမှာ ရေကအမြဲရှိ၏။

ထိုနေရာလေးမှာ မိုက်ရိုင်းရေချိုးရသည်။ ဆပ်ပြာကတော့ ထုံးစံအတိုင်း ရွှေဝါဆပ်ပြာကြမ်းကလေးနဲ့ပဲပေါ့။

"မင်းဘဝက တကယ်ဆိုးပါတယ် ကောင်လေးရာ ... မင်းကိုပစ်သွားတဲ့မိဘတွေကလည်း တော်တော်ရက်စက်တယ်၊ ရော့ ဒီမှာ ... ဒီစွတ်ကျယ်လေး ခဏဝတ်ထား ... ဟိုအင်္ကျီလျှော်ထားတာ ခြောက်တော့မှပြန်ဝတ် ... "

ဘမုန်းချစ်ကလည်း သားထောက်သမီးခံမရှိတာမို့ မိုက်ရိုင်းကိုပဲ ခင်တွယ်နေမိသည်။ စိတ်ထဲမှာလည်း ကိုယ့်သားတစ်ယောက်လိုပဲ သဘောထားမိ၏။ ပြောရရင် ဘမုန်းချစ်ကိုယ်တိုင်သူများအိမ်မှာ ခိုကပ်နေရတာမို့ မိုက်ရိုင်းကိုခေါ်မသွားနိုင်တာပါ။

ကိုယ့်မှာ နေစရာအိမ်ရှိလို့ကတော့ မီးကင်းတဲကလေးမှာ မိုက်ရိုင်းကို ဘယ်ထားပါ့မလဲ။ နောက်တော့ ... ပခုံးမှာရတဲ့ဒဏ်ရာကြောင့် မိုက်ရိုင်းဖျားရပြီ။

"အင်း ... အင်း ... "

နေ့လည်ဆို ဇရပ်ပျက်လေးမှာ မိုက်ရိုင်းတစ်ယောက်တည်းသွားအိပ်နေကျ။ ခုတော့ ... ခွေခွေလေးအိပ်နေရာကနေ အဖျားတွေတက်ပြီး မိုက်ရိုင်းမထနိုင်တော့ပါ။

"တွေ့လား ... အဲဒါကြောင့်မို့ ... ရှင့်ကိုကျွန်မပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

မိုက်ရိုင်းဘေးမှာ စိတ်ပျက်လက်ပျက်လေးနဲ့ ဒူးကလေးထောက်ပြီး ထိုင်ချလိုက်တာ သခင်ပါ။ ဘယ်လိုလုပ်မလဲ။ နေ့လည်က ထမင်းချိုင့်သွားပို့တုန်းကတောင် အထည်ဆိုင်ပိုင်ရှင်ဒေါ်ကူးက သခင့်ကိုပြောခဲ့သေးတာ။

"သခင် ... မင်းလာတာနဲ့အတော်ပဲ၊ ဟို ... မိုက်ရိုင်းဆိုတဲ့ကောင်လေးအကြောင်း ပြောရဦးမယ် ... "

"ဟင် ... မိုက်ရိုင်း ဘာဖြစ်လို့လဲ ... "

"အသေဝနာစ၊ ဗာလာနံလေးက မနက်အစောကြီးအိပ်ရာထပြီး ... ငါးစိမ်းတောင်းသွားထမ်းတာ၊ ပခုံးမှာဒဏ်ရာရသွားတယ်တဲ့ ... "

"ဒေါ် ... ဒေါ်ကူးကို ဘယ်သူပြောတာလဲ ... "

"ဆိုက်ကားဆရာကြီး ဘမုန်းချစ်ပြောတာလေ၊ သူ့ဆိုက်ကားကို မနက်က ငှားစီးရင်းနဲ့စကားစပ်မိလို့ ဘမုန်းချစ်ကပြောသွားတာ၊ ဒီလိုအကောင်စားမျိုးလေးက ငါးစိမ်းတောင်းထမ်းစရာလား ... သူ့လိုဗလံလေးက ... "

ကြည့်ပါဦး ... ဒေါ်ကူးပြောတာ။

အသေဝနာစ၊ ဗာလာနံလေးတဲ့။

ရိုင်းရယ် ... ရိုင်းဘာဖြစ်လို့ ဒီလောက်တောင် အထင်သေး အမြင်သေးနဲ့လူတကာရဲ့ အနှိမ်အချက်ကိုခံနေရတာလဲ။ ငါးစိမ်းတောင်းကို မထမ်းစဘူးသွားထမ်းမှတော့ ဒီလိုဒဏ်ရာမျိုးတွေရပြီပေါ့။

သခင် ... စက်ဘီးကလေးနဲ့ဖြတ်သွားရင်း ဆိုက်ကားဂိတ်နဲ့





မီးကင်းတဲကလေးဘက်ကို မသိမသာမျက်လုံးဝေ့ကြည့်တော့လည်း ရိုင်းကိုမတွေ့။ ထမင်းချိုင့်တွေ နေရာအနှံ့လိုက်ပို့ပြီး ပြန်လာတော့လည်း ရိုင်းကိုမမြင်။

သခင်ကတော့ သိပါသည်။

ရိုင်းတကယ်အလုပ်တွေလုပ်ပြီး ပိုက်ဆံတွေရှာနေပြီဆိုတာ။

ညနေ ထမင်းချိုင့်တွေ ပြန်လိုက်သိမ်းချိန်ရောက်လို့ ရေကန်ကြီးနားကဇရပ်ပျက်ပေါ်ကို လှမ်းကြည့်လိုက်တော့မှ ရိုင်းခွေခွေလေးအိပ်ပြီး အဖျားတွေတက်နေတာ။

သခင်စိတ်တိုပြီး ဒေါကလေးပါ ပွသွားရပါသည်။

"ဘယ်လိုလဲရိုင်း ... ရှင်အခု ဖျားနေပြီမို့လား ... ကြည့်ပါဦး၊ တဟင်းဟင်းနဲ့တောင် အဖျားတွေတက်ပြီးရောင်နေတာ"

သခင့်အသံလေးကို အနီးကပ်လေးကြားလိုက်ရတော့မှ ရိုင်းမျက်တောင်တွေ ပြန်ပွင့်လာ၏။

"မျက်နှာမှာရထားတဲ့ဒဏ်ရာက ကျက်မယ်တောင်မကြံရသေးဘူး၊ အခု ... ရှင်ပခုံးမှာပါ ဒဏ်ရာက ထပ်တိုးလာပြန်ပြီဆို၊ မနက်ကလည်း ... အိပ်ရာကအစောကြီးထပြီး ငါးစိမ်းတောင်းတွေသွားထမ်းသေးတယ်ဆို ... "

ရိုင်းဘာမှပြန်မဖြေဘဲ -လူးလဲပြီးတော့ ထထိုင်၏။

သည်လိုထလိုက်တော့ ... ပခုံးက ဒဏ်ရာကိုထိမိသွားပြီး အားခနဲတစ်ချက် အော်လိုက်ကာ မျက်နှာလေးကပါ ရှုံ့မဲ့သွားသည်။

"တွေ့လား ... အဲဒါ ရှင်ဖြစ်တာတောင် နည်းသေးတယ်"

ပခုံးစောင်းလေးမှာ ပတ်တီးလေးတောင် ရိုင်းစည်းထားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်။

"အဟွန်း ... အဲဒါ ... ငါ့ဘဝပါ မင်းစိတ်မပူနဲ့သိလား၊ တိုက်ပွဲမှာ ဒဏ်ရာမရရင် ဘယ်တော့မှ သူ့ရဲကောင်းဖြစ်ခွင့်မရှိဘူး"

"ဒါ ... ဒါဆို ရှင်က သူ့ရဲကောင်းဖြစ်ချင်တာလားဟင်ရိုင်း၊ ရှင် ... ကျွန်မကိုပြောစမ်းပါ၊ အဲဒါ ... ဘယ်သူ့ကြောင့် ရှင်သူ့ရဲကောင်းဖြစ်ချင်တာလဲ ... ဘယ်သူ့အတွက် ရှင်သူ့ရဲကောင်းဖြစ်ဖို့ ကြိုးစားနေတာလဲ ... အဲဒါ ... ကျွန်မ သိချင်တယ် ... "

"မင်းအတွက် ... "

"ဘာပြောတယ် ... ရိုင်း ... "

"မင်း ... ဆက်မမေးနဲ့၊ မင်းဆက်မေးရင်လည်း ငါဖြေမှာမဟုတ်တော့ဘူး၊ ငါ့ဆီကအဖြေကို ဒီလောက်ထိ မင်းသိရရင်ကျေနပ်ပါ ... စကားတွေအများကြီးပြောပြီး ဖြေရှင်းရတဲ့အလုပ်ကို ငါဘယ်တော့မှ ဝါသနာမပါဘူး၊ အခု ... ငါဖျားနေတယ်၊ ဒီနေရာလေးမှာဆက်ပြီး ငါအိပ်ချင်နေသေးတယ် ... အကောင်းဆုံးက ဒီဇရပ်ပေါ်ကနေ မင်းအခု ပြန်ဆင်းသွားတော့ ... "

"ရိုင်းရယ် ... ရှင် ... တော်တော်မာနကြီးတာပဲ ... "

ရိုင်းက သခင့်ကိုမကြည့်ဘဲ မျက်နှာလွှဲလို့ပြောနေခဲ့တာပဲဖြစ်သည်။

ဒါပေမယ့် ... သခင်ပြန်ဆင်းမသွားနိုင်ပါ။

ပတ်ဝန်းကျင်တစ်ယောက်ယောက်က တွေ့သွားရင်ရော သခင်ဂရုစိုက်မယ်ထင်နေလို့လား။ ရိုင်းနဲ့ပတ်သက်လာရင် အားလုံးကိုရင်ဆိုင်ဖို့ သခင်ကလည်းဆုံးဖြတ်ပြီးသားပါ။ ဒီထက်ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ရိုင်းကိုသခင်ချစ်တယ်။ သခင်ကစပြီး ချစ်





တာလားလို့မေးရင်လည်း ဟုတ်တယ်လို့ပဲအပြတ်သားဆုံး သခင်ဖြေမယ်။ သခင်အချစ်ဆုံးက မာနတွေနဲ့ဖိတ်ဖိတ်လက်နေတဲ့ ရိုင်းရဲ့အပြာရောင်မျက်လုံးလေးတွေ ...

"အဲဒါ ... ငါမာနကြီးတာ မဟုတ်ဘူးသခင်၊ မင်းအတွက်ပြောနေတာ ... နောက်တစ်ခါ ငါဘာပဲဖြစ်နေ ဖြစ်နေ မင်းလာမကြည့်နဲ့ ... "

ဒါကိုတော့ သခင်လက်မခံနိုင်ပါ။

"ဒီမှာ ... ရှင် မောင်းထုတ်လည်း ကျွန်မမသွားဘူးရိုင်း၊ ရှင့်ကို ကြည့်ရမယ့်တာဝန် ကျွန်မမှာရှိနေလို့ လာကြည့်တာ၊ ကျွန်မတို့နှစ်ယောက်က မိဘအရင်းအချာတွေရဲ့ပစ်ပယ်တာ ခံထားရတဲ့ဘဝတူနှစ်ယောက်ပါ ... ခံစားချက်ချင်း တစ်ထပ်တည်းကျနေလို့ မျဉ်းဖြောင့်တစ်ကြောင်းတည်းမှာ အတူလာဆုံနေရတာ၊ ကြွေရင်လည်း နှစ်ယောက်အတူတူကြွေမယ်၊ ဝေရင်လည်း နှစ်ယောက်အတူတူဝေမယ်၊ ရှင်မပြောနဲ့ ... ဟောဒီမှာ ရှင့်အတွက်ဝယ်လာတဲ့အကိုက်အခဲဖျားနာပျောက်ဆေး ... ဒီမှာ ရေသန့်ဗူး၊ အဲဒါ ... ရှင်သောက်လိုက်ပါ ... "

နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ရိုင်းပြုံးလိုက်တာ သခင့်ကိုလှောင်လိုက်တာလား။

"ရှင် ... ရှင် ... ကျွန်မပြောတာကို နားထောင်ပြီး မပြုံးနဲ့နော်၊ ကျွန်မကပြောရင်လည်း ရင်ထဲမှာရှိတဲ့ ခံစားချက်အတိုင်းပဲပြောတတ်တယ် ... ဘာလဲဟင်ရိုင်း၊ ကျွန်မဟန်ဆောင်ပြီးပြောနေတယ်လို့ ရှင်ထင်ထားလို့လား ... "

"လူတစ်ယောက်ကိုရှုံ့ချတာ ငါဝါသနာမပါဘူး၊ မကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



ရင် ပြောင်တိုက်ခိုက်ပြီး ... ပြောင်စစ်ကြေငြာတယ်၊ ငါအခုပြုံးလိုက်တာ မင်းကိုသဘောကျလို့ပါ ... ”

တွေ့လား ...

ဒါလေးပြောတာတောင် သခင့်ကိုမကြည့်ဘဲ မျက်နှာရဲရဲလေးနဲ့ပြောနေတာ။ သူဘာပြောပြောပါ ... သခင် ဆေးတစ်လုံးကိုယူပြီး ရေသန့်ဗူးလေးဖွင့်ကာ သူ့လက်ထဲကို လှမ်းပေးသည်။

ဒီလောက်ဖျားနေတာ ဆေးမသောက်ဘဲနေလို့ရမလား။

“ရော့ ... ဒီမှာ ... ကျွန်မဝယ်လာတဲ့ဒီဆေးလေးတော့ ရှင်သောက်လိုက်ပါ ... ရှင်သောက်ပြီးတာနဲ့ ကျွန်မပြန်မယ် ... ”

သည်တော့မှ ဆံပင်ဖွားဖွားလေးနဲ့ရိုင်းက ဆေးကိုယူပြီးသောက်တော်မူသည်။ သောက်ပြီးတော့မှ ရေသန့်ဗူးကို ဒေါက်ခနဲပစ်ချကာ။

“မင်းသွားတော့ ... ”

ပြောပြီး မျက်နှာကို ဆတ်ခနဲလွှဲပစ်တော့ ဆံပင်ရှည်တွေကပခုံးလေးနဲ့ထိကာ ဖွာလန်ကြဲသွားသည်။

အဲလိုလည်း မာနကြီးသေးတဲ့ရိုင်းပဲ။

သည်တစ်ခါ နှုတ်ခမ်းလေးတွန့်ပြီးပြုံးလိုက်တာ သခင်လေ။

လမ်းပေါ်က အရိုင်းလေးပေမယ့် ...

အဲလို ... မာနကြီးလို့လည်း သခင်က ချစ်ခဲ့တာပါ။

ဒါကို ... သူသိအောင်ပြောဖို့လိုသလား။

## အခန်း (၁၄)

“ဘာ ... ဘာပြောတယ်ဝေဖြာ ... ရှင်ချစ်နေတာ၊ ထမင်းဆိုင်မှာသူများခိုင်းတာလုပ်နေရတဲ့ သခင့်ကိုချစ်တာ ဟုတ်လား၊ ရှင် ... ရှင် ... တော်တော် စုတ်ပွဲတာပဲ၊ ပိုက်ဆံချမ်းသာသလောက် ရှင်တော်တော်အောက်တန်းကျတယ်၊ ရှင်ချစ်နေတဲ့သခင်ဆိုတဲ့ကောင်မလေးကို အပျိုအစစ်တစ်ယောက်လို့ ရှင်ထင်နေလို့လား”

ခက်မာဒေါသတွေက မီးဟုန်းဟုန်းတောက်သလို ရုတ်တရက်ပေါက်ကွဲသွားသည်။ ဝေဖြာကလည်း မခံစားနိုင်တော့လို့ ခက်မာကိုပဲ ရင်ဖွင့်လိုက်မိတာပါ။ တည်ရတုတို့ဆိုင်ကိုသွားလည်တိုင်း အမြဲတွေ့နေရတဲ့ကောင်မလေး။

ဝေဖြာကို အဆွဲဆောင်နိုင်ဆုံးက ...

ဆင်းရဲတာ ချမ်းသာသာထက် ပါးကွက်ကြားလေးနှစ်ဖက်နဲ့ ကျစ်ဆံမြီးလေးနှစ်ခုက ဘယ်ညာလေးယမ်းခါနေတာက ဝေဖြာ့ကို အဆွဲဆောင်နိုင်ဆုံးပါ။ ဒါကို ... ခက်မာသိအောင် ပြောပြလိုက်တော့ ခက်မာဒေါပွကာ ရှူးရှူးရှားရှားဖြစ်သွားသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သခင့်ကို အပျိုမစစ်တော့တဲ့အကြောင်းပြောတော့ ဝေဖြာ အံ့သြနေ၏။

"ဟား ... ဟား ... ဝေဖြာရယ် ... ရှင်တော်တော်တုံးဟာပဲ အဲဒီသခင်ဆိုတဲ့ကောင်မလေးက ခက်မာတို့အိမ်မှာနေကတည်းက ရည်းစားထားတတ်နေတာ၊ ချိန်းတွေ့ရင်လည်း ညဘက်တွေမှာ အမေမသိအောင် ချိန်းချိန်းတွေ့တာ ... အဲဒါ ... ဘယ်လိုလုပ် အပျို စစ်တော့မှာလဲ ... အခုလည်း ... မိုက်ရိုင်းဆိုတဲ့လမ်းပေါ်က ကလေ ကချေကောင်လေးနဲ့ ... "

"ဟင် ... "

ဝေဖြာ တုန်လှုပ်သွားခဲ့ရတာ သခင်ဆိုတဲ့ ကောင်မလေးကို သိပ်ချစ်နေမိလို့ပါ။ အိမ်က ဒက်ဒီနဲ့မာမီကိုပင် သခင့်အကြောင်း ဝေဖြာပြောခဲ့မိသေး၏။ သခင်ဆိုတဲ့ထမင်းဆိုင်က အလုပ်သမား ကောင်မလေးရဲ့အကြောင်း သိပ်ကိုသနားဖို့ကောင်းတဲ့အကြောင်း မိဘတွေက စွန့်ပစ်ခဲ့လို့ သူငယ်ချင်းခက်မာရဲ့အမေက ကောက်မွေး စားခဲ့ရတဲ့အကြောင်းပြောပြတော့ ... ဒက်ဒီနဲ့မာမီက ဘာခံစားချက် မှမရှိသလို ခပ်ပေ့ါပေ့ါလေးရယ်ကြပါသည်။

"သားရယ် ... ဒီလိုထမင်းဆိုင်က နုံနုံချာချာကောင်မလေး တစ်ယောက်ကိုများ မာမ့်သားလေးက စိတ်ဝင်စားရသတဲ့လား အဟွန်း ... မာမီသားကလေးကတော့လေ မဟုတ်တာတွေများ မာမီကိုလာပြောနေရသေးတယ် ... ပြောရရင် မာမီတို့သဘောတူ တာ ... ဟိုလေ ... သားသူငယ်ချင်းဘယ်သူ ... "

"မေပျိုပါ မာမီ ... "

"သူ့အဖွားကလည်း တော်တော်ချမ်းသာတယ်ဆို ... "





ဝေဖြာ့ဒက်ဒီ ဦးကျော်ကျော်ကပါ ပါးစောင်မှာခဲထားသည့် ဆေးတံကိုဖြုတ်ရင်း လှမ်းမေးသည်။ ဝေဖြာ စိတ်ဓာတ်ကျသွားရပါသည်။

"ဒက်ဒီရယ် ... မေပျိုက ဘယ်လောက်ပဲချမ်းသာ ချမ်းသာ သူက ... သားသူငယ်ချင်းတည်ရတုန်းကြိုက်နေတာ၊ ဟွန်း ... ချမ်းသာတဲ့ကောင်မလေးတွေကိုလည်း သားမမက်ပါဘူး၊ သားမက်တာ အဲဒီထမင်းဆိုင်က မောင့်သခင်ဆိုတဲ့ကောင်မလေးပဲ ... "

"အမလေးသားရယ် ... မဟုတ်တာတွေ မင်းအရူးထမနေ စမ်းနဲ့ ... ဒီနွေကျောင်းပိတ်ရက်ရောက်ရင် ထိုင်း၊ ဘန်ကောက်၊ စင်္ကာပူနဲ့အင်ဒိုနီးရှားကို မာမီတို့အားလုံး အပန်းဖြေခရီးထွက်ကြမှာ၊ စင်္ကာပူရောက်မှ သားလက်ထပ်ရမယ့်ကောင်မလေးတစ်ယောက် နဲ့ မာမီမိတ်ဆက်ပေးမယ် ... "

"မင်းနှယ်ကွယ် ... ကြံကြံဖန်ဖန် ဆင်းရဲတဲ့ကောင်မလေး တစ်ယောက်ကိုများ ခေါင်းထဲထည့်ပြီး စဉ်းစားနေစရာလား ... အဟင်း ... ဟင်း ... "

မာမီက လက်မခံနိုင်သလို ခေါင်းကိုခါရင်း ပေ့ါပျက်ပျက် ရယ်ပါသည်။

ပြီးတော့ ... ဝေဖြာခေါင်းကလေးကိုလှမ်းပုတ်ရင်း နှုတ်ခမ်း လေးတွန့်ကာပြုံး၏။

ဦးကျော်ကျော်က အပတ်စဉ်ထုတ် The Voice ဂျာနယ်ကို ဖတ်ရင်း ဆေးတံလေးတိုခဲကာ ဆက်တီခုံအကောင်းစားကြီးပေါ်မှာ ခြေထောက်နှစ်ချောင်းကို စတိုင်လ်ကျကျလေး တွဲချိတ်လျှက်။

အဲဒီတုန်းက မာမီနဲ့ဒက်ဒီကို ပြောလို့မရတဲ့ခံစားချက်တွေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာတော့ ကိုယ်ကိုအတင်းကပ်ပြီး နွယ်ဖို့ကြိုးစားနေတဲ့ ခက်မာကိုပဲ အားနာနာနဲ့ဝေဖြာ ပြောလိုက်မိသည်။

ခက်မာဆီက ပြန်ကြားရတာတွေက ဝေဖြာ့အတွက်တော့ တကယ့်ကို စိတ်ဓာတ်ကျစရာပါ။

"မိုက်ရိုင်း ... ဟုတ်လား ... အဲဒီကောင်လေးက ဘာလုပ် တာလဲ ... "

စိတ်ဝင်စားလို့ ဝေဖြာမေးမိသည်။

"ဟွန်း ... လမ်းပေါ်က ကလေကချေလေးပါ ... "

"ကလေကချေလေး ... "

ဝေဖြာ ... မျက်လုံးလေးပြူးသွားရ၏။

"အဖေက ခါးပိုက်နှိုက်၊ ဖဲဝိဇ္ဇာ၊ ဘာမှအဆင့်အတန်းမရှိတဲ့ ကောင်လေး ... ဟွန်း ... နေစရာမရှိလို့တောင် မီးကင်းတဲမှာအိပ် နေရတာဆိုပဲ၊ အလုပ်လုပ်တော့လည်း ဆန်အိတ်ထမ်း၊ မီးသွေးအိတ် ထမ်းနဲ့ ထမင်းလေးတစ်လုပ်စားဖို့တောင် အနိုင်နိုင်ရုန်းကန်နေရ တာ၊ အဲဒါကိုတောင် ... ရှင့်ရဲ့နှစ်ခွကျစ်ဆံမြီးလေးက အန်တီထက် အလစ်မှာ ချိန်းတွေ့ပြီး သွားစကားပြောနေတာတဲ့လေ ... ဒါကို ရှင်က သိပ်မက်နေသလားဝေဖြာ ... "

"ကိုယ် ... မိုက်ရိုင်းနဲ့တွေ့ပြီး မေးချင်တယ် ... "

"ဘာရယ် ... "

"တိတိကျကျစုံစမ်းပြီး သိလိုက်ရင် ... ကိုယ် မောင့်သခင်ကို မေ့သွားနိုင်မှာပါ၊ ကိုယ် ... မိုက်ရိုင်းနဲ့သွားတွေ့မယ် ... "

"အမလေး ... ရှင်မယုံလည်း ကြိုက်သလိုသွားတွေ့ပြီးမေး ပါ ... မေးပါ ... နောက်မှ ရှင်စိတ်ဓာတ်ကျပြီး လေသွားမယ်၊ ပြ





တော့ ... မိုက်ရိုင်းက လူမိုက်လူရမ်းကားလေး၊ မာကြောကြော ချွတ်ဆတ်ဆတ်လေး၊ တည်ရတုနဲ့ဆို တစ်စက်မှတည့်တာမဟုတ် ဘူး"

ဒါနဲ့ပဲ တည်ရတုနဲ့ခက်မာအလစ်မှာ မိုက်ရိုင်းကို ဝေဖြာလိုက် ရှာခဲ့ရပြီ။ နောက်ဆုံးပေါ်အိစက်နေတဲ့ကားကြီးနဲ့ မိုက်ရိုင်းကိုလိုက် ရှာနေတာမို့ မေးလိုက်သမျှလူတိုင်းက ဝေဖြာ့ကို တအံ့တဩလေးနဲ့ စိုက်ကြည့်လို့ ... ။

"ဘာပြောတယ် ... မိုက်ရိုင်းနဲ့တွေ့ချင်တာဟုတ်လား"

မိုက်ရိုင်းနာမည်ကိုကြားလိုက်တာနဲ့ မျက်နှာပျက်သွားသူ တွေက အများကြီးပါ။

"ဟုတ်ပါတယ် ကြီးကြီးရယ် ... ကိုမိုက်ရိုင်းဆိုတာ လမ်း ပေါ်မှာပေတေလေလွင့်နေတဲ့ကောင်လေးလို့ပြောပေမယ့် ကျွန် တော် ... သူနဲ့သိပ်တွေ့ချင်နေလို့ပါ၊ သူနေတဲ့မီးကင်းတဲမှာသွားမေး တော့လည်း ဒီနေ့ ... တစ်နေကုန် မိုက်ရိုင်းပျောက်နေတယ်တဲ့"

"မင်း ... မင်းလို သူဌေးသားရည်ရည်မွန်မွန်လေးက မိုက် ရိုင်းလို ကလေကချေလေးနဲ့တွေ့ချင်တာ ကြီးကြီးဖြင့် အံ့တောင် ဩတယ်၊ မင်း ... သူနဲ့မတွေ့လို့မရဘူးလား"

"ဟာ ... မရလို့ပါ ကြီးကြီး ... "

"ကဲ ... မရရင်လည်း မင်းကို ကြီးကြီး မိုက်ရိုင်းရှိတဲ့နေရာ ကို ပြောလိုက်မယ်၊ မိုက်ရိုင်းက လွှတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျင်းပတဲ့ ... လက်ဝှေ့စိမ်ခေါ်ပွဲကို ရောက်နေတာ ဆုရရင် ငါး သောင်းရမယ်ဆိုလို့ သွားထိုးတာတဲ့လေ ... "

"ဗျာ ... လက်ဝှေ့စိမ်ခေါ်ပွဲ ဟုတ်လား ... "



www.burmeseclassic.com

www.burmeseclassic.com



ဝေဖြာ မျက်လုံးပြူးသွားသည်။

ကိုမိုက်ရိုင်းက လက်ဖွေ့စိမ်ခေါ်ပွဲကို ရောက်နေတာတဲ့။

ဝေဖြာလိုက်သွားတော့ ကိုမိုက်ရိုင်းက တကယ်လည်း လက်ဖွေ့စင်ပေါ်မှာ။

"ဟေး ... မိုက်ရိုင်းကွ ... "

"မိုက်ရိုင်း ... မိုက်ရိုင်း ... "

စင်အောက်ကနေ ခုန်ပေါက်အော်ဟစ်အားပေးနေတဲ့ အသံတွေ။

လူအုပ်ထဲကို ဝေဖြာဝင်တိုးရင်း ဘေးမှာရပ်ကြည့်နေတဲ့ အဘတစ်ယောက်ကို လက်ကလေးတို့ကာ ဝေဖြာမေးမိသည်။

"ဟို ... ဟိုလေ အဘ၊ စင်ပေါ်က နှစ်ယောက်ထဲမှာ မိုက်ရိုင်းက ဘယ်သူလဲဟင် ... "

"ဟာ ... မိုက်ရိုင်းကို မောင်ရင်မသိဘူးလား"

"မသိ ... မသိလို့ပါအဘ ... "

"ဟိုမှာ ... ဟိုမှာ ပခုံးပေါ်မှာ ဆံပင်ရှည်ရှည်လေးတွေဝဲနေတဲ့ကောင်လေး ... နဖူးမှာ အနီရောင်ကြိုးစလေးစည်းထားတာအဲဒါ ... မိုက်ရိုင်းပေါ့ ... ဒီပွဲကို နိုင်တာနဲ့ မိုက်ရိုင်းက ငါးသောင်းဆုရတော့မှာကွ ... သိလား ... "

"ဗျာ ... မိုက်ရိုင်းက ငါးသောင်းဆုရမှာ ... "

ဝေဖြာအံ့သြကာ ခြေဖျားလေးထောက်၍ လက်ဖွေ့စင်ပေါ်က မိုက်ရိုင်းကိုလှမ်းကြည့်ရသည်။ ဆံပင်ရှည်ရှည်လေးနဲ့တဲ့။ နဖူးမှာလည်း အနီရောင်ကြိုးစလေးကို စည်းထားတာတဲ့။

ဟုတ်ပါရဲ့ ...

ဖိုးလပြည့်စာပေ



ဖြစ်ချင်တော့ ... ထိုနေရာလေးကို မတင်စန်းဦးဆောင်သည့် ထမင်းဆိုင်က အလုပ်သမားကောင်မလေးတွေ လွတ်လပ်ရေးပျော်ပွဲရွှင်ပွဲတွေကိုကြည့်ဖို့အတွက် ... ရောက်လာတာနဲ့တိုက်ဆိုင်နေသည်။

"ရင့်ကျူး ... "

"ဟင် ... သခင် ... မင်းဘာဖြစ်လို့လဲ ... "

"လူတွေကလည်း များလိုက်တာနော်"

"ဟာ ... များတာပေါ့၊ လာ ... လာ ... ရင့်ကျူးလက်ကိုတွဲထား၊ တော်ကြာ ... လူအုပ်ကြီးကြားထဲမှာရောပြီး ပျောက်သွားလို့ရှာရခက်နေဦးမယ် ... "

"ဟယ် ... ရင့်ကျူး၊ ဟိုမှာ ... ကြည့်စမ်း၊ စင် ... စင်ပေါ်မှာ လက်ဖွေ့ထိုးနေတာ ရိုင်း ... ရိုင်း ... "

"ဘုရားရေ ... "

ရိုင်းကို သခင်တွေ့ခဲ့ပါပြီ။

"အောင်မလေးဟယ် ... စင်ပေါ်မှာ လက်ဖွေ့ထိုးနေတာဘယ်သူလဲလို့၊ ဟို ... အရိုင်းကောင်လေး ... ကြည့်စမ်း ... "

မတင်စန်းအပါအဝင် ဆိုင်အလုပ်သမားကောင်မလေးတွေစင်ပေါ်က ရိုင်းကိုတွေ့သွားခဲ့ကြပြီ။

"ဟယ် ... ကြည့်စမ်း ... စင်ပေါ်မှာ ထိုးနေလိုက်တာမျက်နှာတွေလည်း ဖူးရောင်ကွဲပြဲနေပြီ၊ ဘယ်လိုဖြစ်တာလဲ ... မိုက်ရိုင်းလို ပျော့နွဲ့နွဲ့ကောင်လေးက ဒီလိုစင်ပေါ်ထိတောင် တက်ထိုးရှိသလား ... "

"မိုက်ရိုင်းကွ ... "

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ယက္ခကြီးကွ ... "

"ဟေး ... ဟေး ... "

အော်ဟစ်အားပေးသံတွေက ဆူညံနေသည်။

တကယ်တမ်းကျတော့ မိုက်ရိုင်းနဲ့ယက္ခကြီးက လူလုံးချင်း မမျှပါ။

မိုက်ရိုင်းက ဖျော့တော့ပိန်လှီနေတဲ့ကောင်လေး။ ယက္ခကြီး ဆိုသူက အရပ်မြင့်မြင့် အသားညိုညိုလူကောင်ထွားထွား။ မိုက်ရိုင်း ထိုးနေတာကိုကြည့်ပြီး ပါးစပ်အဟောင်းသားကလေးနဲ့ တစ်ကိုယ် လုံးအေးစက်နေရတာ သခင်ပါ။

"မဟုတ်မှလွဲရောသခင် ... ဒီလက်ဝှေ့ပွဲက ရတဲ့ဆုကြေးကို လိုချင်လို့ မျက်နှာတွေအကွဲအပြဲခံပြီး ... မိုက်ရိုင်းတက်ထိုးနေတာပဲ ဖြစ်ရမယ် ... ဟယ် ... မိုက်ရိုင်းလဲကျသွားပြီ၊ ဘုရား ... ဘုရား"

"ဟေး ... "

"ယက္ခကြီးကွ ... "

"ယက္ခကြီးကွ ... "

"သေစမ်းကွာ ... ဒီဗလံကောင်လေးက ယက္ခကြီးနဲ့ယှဉ်ပြီး ထိုးရသလားကွ ... "

"ပြန်ထ,လာပြီ ... "

"မိုက်ရိုင်းပြန်ထလာပြီဟေ့ ... "

"တောင့်ထားကွ ... မိုက်ရိုင်း ... "

"ဟေး ... ဟေး ... "

လူတွေက အော်လေ ... သခင် အသက်ရှူမှားရလေ။

မတင်စန်းက မိုက်ရိုင်းကို အမြင်ကတ်ပြီး ... ယက္ခကြီးဘက်





ကနေ လက်ခုပ်တီးအားပေးသည်။

"ထိုး ... ထိုး ... ယက္ခကြီး ... "

"ဟုတ်ပြီကွ ... "

"ဖြောင်း ... ဖြောင်း ... "

"ခွပ် ... ခွပ် ... "

"ဟာ ... ဟင် ... "

"ရှင့်ကျူး ... ရှင့်ကျူး ... ဘယ်သူနိုင်နေလည်းဟင်၊ သခင့်ကိုကြည့်ပေးပါဦး ... သခင်မကြည့်ရဲလို့ပါ၊ ရိုင်း ... ရိုင်း ... ဘာမှ မဖြစ်ပါစေနဲ့၊ ရိုင်း ... ဘာမှမဖြစ်ပါစေနဲ့ ... "

သခင် ... ရှင့်ကျူးလက်ကလေးကို တအားဆုပ်ကိုင်တွယ် ဖက်ကာ မျက်နှာလေးကို ငုံ့ချထားမိသည်။ တကယ်လည်း သခင် မကြည့်ရဲတာပါ။ မိုက်ရိုင်း ... ပိုက်ဆံရှာနေတာကိုကြည့်ပြီး သခင် ဝမ်းနည်းလာရတာမို့ မျက်ရည်လေးတွေဝဲလာအောင်လည်း သခင် စိတ်ထိခိုက်ခဲ့ရပါပြီ။

"သခင်ရေ ... မင်းမငိုနဲ့သိလား၊ ဟိုမှာ ... ဟိုမှာ မိုက်ရိုင်း နိုင်သွားပြီသခင်ရဲ့ ... "

"မိုက်ရိုင်း ... "

"မိုက်ရိုင်း ... "

အော်သံတွေက တညီတညာတည်း။

"မိုက်ရိုင်း ... "

"မိုက်ရိုင်း ... "

ကြည့်နေသမျှ ပရိသတ်တွေဆီက အသံတွေ တစ်ကွင်းလုံး ညံနေအောင် ဟိန်းထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ... ရှိင်း ... ရှိင်းနိုင်သွားပြီ၊ ဟုတ်လား ... ရင့်ကျူး၊ တကယ်နိုင်မှ သခင်မျက်လုံးဖွင့်ကြည့်မှာနော် ... တကယ်နိုင်မှ ကြည့်မှာနော် ..."

"တကယ်နိုင်တာ ... တကယ်နိုင်တာ ..."

"အဟင့် ... ရှိင်းရယ် ..."

မျက်ရည်တွေကြားက သခင်ကြည့်မိတာ။ ရှိင်းပုံရိပ်လေးက ဝေဝေဝါးဝါးကလေးပါ။ ဒိုင်လူကြီးတွေက ရှိင်းလက်ကလေးကို ကိုင်မြှောက်ပြီး ရပ်နေတာလား။

နဖူးစည်းနီနီလေးပတ်ထားပြီး ဆံပင်ရှည်ရှည်လေးနဲ့ကောင်လေးဟာ ရှိင်းလား ...

"မိုက်ရှိင်း ..."

"မိုက်ရှိင်း ..."

ဝေဖြာကလည်း မိုက်ရှိင်းနိုင်သွားတာကိုကြည့်ပြီး ရင်တထိတ်ထိတ်နဲ့ မျက်တောင်မခတ်နိုင်။ ခက်မာပြောသလို တကယ်မိုက်ပြီး တကယ်မာတဲ့မိုက်ရှိင်းပဲ။ ယက္ခကြီးလို ကောင်မျိုးတစ်ယောက်ကိုတောင် အခုန်အပျံအတွန်းအတိုက်တွေနဲ့ မိုက်မိုက်ရှိင်း စိမ်ခေါ်ထိုးသတ်သွားတာ။

ဒါပေါ့လေ ...

လမ်းပေါ်မှာနေပြီး ... လမ်းပေါ်မှာပဲ ကြီးလာခဲ့ရတဲ့ကောင်လေးဆိုတော့ ... ဒီလောက်တော့ အသည်းမာနေတော့မှာပေါ့။

"ဟား ... ဟား ... တွေ့လား ... တွေ့လား ... ငါ့ကောင်လေးနိုင်သွားပြီကွ ..."





နဘေးက အဘက မိုက်ရှိင်းနိုင်သွားတာကိုကြည့်ပြီး ကွမ်းတွေ ပလုတ်ပလောင်းမြုံထားတဲ့ကြားက တပြုံးပြုံးနဲ့။

"ဟင် ... အဘက ကိုမိုက်ရှိင်းနဲ့သိလို့လား ..."

"သိတာပေါ့ကွ၊ ဒီကောင်လေးက ငါ့ဆိုက်ကားဂိတ်နားမှာပဲ အမြဲနေတာ၊ ဒီကောင်လေးဘဝက အရမ်းသနားစရာကောင်းလို့ ငါကူညီနေတာ ..."

"ဗျာ ... ကိုမိုက်ရှိင်းဘဝက သနားစရာကောင်းတယ် ဟုတ်လား ..."

"ဟာ ... ကောင်းတာပေါ့ကွ၊ ဒီကောင်လေးကို ရက်သားအရွယ်လေးကတည်းက လမ်းဘေးအမှိုက်ပုံမှာပစ်သွားလို့ ခါးပိုက်နှိုက်ဖဲဝိဇ္ဇာကြီးဦးမိုးကောင်းက ကောက်ပြီးမွေးစားခဲ့တာ၊ အခု သူ့အဖေက ထောင်ထဲမှာ ... ဒီကောင်လေးက လမ်းပေါ်မှာ၊ ဒါပေမဲ့နော် ... ဒီကောင်လေးက စိတ်ထားအရမ်းကောင်းတယ် ... ဘယ်သူ့ကိုမှ မတရားမလုပ်သလို သူ့ကိုလုပ်လာရင်လည်း ဘယ်တော့မှ ခေါင်းငုံ့မခံဘူး ..."

"ကို ... ကိုမိုက်ရှိင်းကို ကျွန်တော်နဲ့မိတ်ဆက်ပေးပါလား အဘရေ ... ကျွန်တော် ... ကျွန်တော် သူ့ကိုတွေ့ချင်လို့လိုက်ရှာနေတာပါ"

"ဟေ ... မင်းက ဘယ်သူလဲ ..."

"ကျွန်တော်က ဝေဖြာပါ အဘ ..."

"အေး ... မင်းက မိတ်ဆက်ပေးဆိုလို့ ... ငါက မိတ်ဆက်ပေးမှာနော် မင်းပုံစံလေးကိုကြည့်လိုက်တာနဲ့ ချမ်းချမ်းသာသာ ပညာတတ်အသိုင်းအဝိုင်းထဲက လာတယ်ဆိုတာ ငါခန့်မှန်းလို့ရ



www.burmeseclassic.com

www.burmeseclassic.com



တယ် ... အေး ... မင်းက ငါချမ်းသာတာပဲဆိုပြီးတော့ မိုက်ရိုင်းကို အထက်စီးကနေ စကားပြောဖို့တော့ မစဉ်းစားနဲ့နော်၊ လုံးဝကျိုင်သွားမယ် ... နားလည်လား ... "

ဟွန်း ... လုံးဝကျိုင်သွားမယ်တဲ့လား အဘရယ် ...

မိုက်ရိုင်းရဲ့ပုံစံလေးကိုကြည့်လိုက်တာနဲ့ ကျွန်တော်သဘောပေါက်ပါတယ်ဗျာ ... ကျွန်တော်သိလည်း သိပါတယ်။

နှလုံးသားထဲမှာ ညှိနှိုင်းဖြေရှင်းဖို့ကျန်နေသေးတဲ့ပုစ္ဆာလေး တစ်ပုဒ်ကို အဖြေရှာချင်လို့ ... မိုက်ရိုင်းနဲ့ကျွန်တော် တွေ့ဆုံချင်တာပါ။

သူနဲ့တွေ့ရင် ကျွန်တော်မေးချင်တဲ့စကားလေးက ...

## အခန်း (၁၅)

"နေပါဦး ဝေဖြာ ... မင်းက ငါနဲ့ဘာဖြစ်လို့တွေ့ချင်ရတာလဲ"

ဘမုန်းချစ်က မိတ်ဆက်ပေးလို့သာ ဖူးရောင်ကွဲပြထားတဲ့ ဒဏ်ရာတွေနဲ့ ဝေဖြာနောက်ကိုလိုက်ခဲ့ရပေမယ့် ကားပေါ်ရောက်မှပဲ ဝေဖြာ့ကို မေးမိသည်။

အကောင်းစားအိစက်နေတဲ့ကားကြီးမို့ ဒီလိုလိုက်စီးရတာကိုတော့ ရိုင်းက စိတ်မလုံပါ။ ရိုင်းဘဝမှာ ဒီလိုကားမျိုးကိုစီးဖူးတာ ဒါပထမဆုံး။

ကားလေးက လူရှင်း၍ ချောင်ကျသော စားသောက်ဆိုင်လေးတစ်ခုရှေ့မှာ ထိုးရပ်သွားသည်။

"ဆင်းပါ ကိုမိုက်ရိုင်း ... ကျွန်တော် ကိုမိုက်ရိုင်းကို တစ်ခုခုကျွေးပြီးဧည့်ခံပါရစေ၊ လက်ဝှေ့ပွဲမှာ ဒိုင်ပွဲရပ်နဲ့ကိုမိုက်ရိုင်းနိုင်ခဲ့တာကို ဂုဏ်ပြုပေးချင်တာရယ် ... ရင်ဘတ်ထဲက ပြဿနာလေးတစ်ခုကို ဆွေးနွေးချင်တာရယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ဝေဖြာ ... ရင်ဘတ်ထဲက ပြဿနာ ဟုတ်လား ..."

ကားတံခါးကို ဖြောင်းခနဲဆောင့်ပိတ်ပြီး ချာခနဲလှည့်ကြည့်ကာ မေးလိုက်တော့ ရိုင်းဆံပင်လေးတွေက လေထဲဝဲလွင့်ကာ ပခုံးစွန်းနှစ်ဖက်ပေါ်မှာ ရပ်သွားသည်။

"ဟုတ်ပါတယ် ကိုမိုက်ရိုင်း ... ရင်ဘတ်ထဲက ပြဿနာပါ"

"ဟွန်း ... ပြောကြည့်လေ ... ဘာလဲဆိုတာ ..."

နှုတ်ခမ်းထောင့်စွန်းက မခြောက်တတ်သေးတဲ့ သွေးစလေးတွေကိုတော့ ... စက္ကူစလေးနဲ့ပဲ ဖိသုတ်ကာ အပြုံးမဲ့မဲ့လေးနဲ့ ရိုင်းက မေးမိသည်။

"မောင့်သခင်ဆိုတဲ့ ထမင်းဆိုင်က ကောင်မလေးကိစ္စပါ"

"ဘာပြောတယ် ... သခင် ... မောင့်သခင်ဟုတ်လား"

ရိုင်းမျက်နှာလေး ချက်ချင်း ရဲတက်သွားခဲ့ရပြီ။

"ဟွန်း ... ပြောပါဦး၊ သခင် ... ဘာဖြစ်လို့လဲ"

"သခင့်ကို ကျွန်တော် ချစ်နေလို့ ..."

"ဘာကွ ..."

"မင်း ... မင်း ..."

"ဝုန်း ..."

ရိုင်း ဒေါသတကြီးထရပ်တော့ ထိုင်ခုံလေးက ဝုန်းခနဲအသံမြည်ကာ နောက်ပြန်လဲကျသည်။ ရိုင်းလက်တွေကလည်း ဝေဖြာ အင်္ကျီကော်လံစတွေကို တစ်ခါတည်း ချုပ်ကိုင်ဆွဲယူပြီးသား ဖြစ်သွား၏။

"မင်း ... မင်းပြန်ပြောစမ်း ဟေ့ကောင်၊ မင်းလို ... ကား





အကောင်းစားကြီးစီးနိုင်တဲ့ သူဌေးသားက သခင့်လို ဆင်းရဲတဲ့ ကောင်မလေးတစ်ယောက်ကို ချစ်တယ်ဟုတ်လား ... ဟား ဟား"

ရိုင်းဟားတိုက်ရယ်ရင်း ဝေဖြာ့ကို ဆောင့်တွန်းပြီး လွှတ်ချလိုက်တော့ ... ဝေဖြာနောက်ကို ပက်လက်လန်ကာ လဲကျသွားသည်။

ဝေဖြာ ... မျက်နှာလေးပျက်ပြီး လက်မှာပေသွားသည့် ဖုန်တွေကိုပွတ်သပ်ကာ ပြန်ထလာ၏။

"မင်း ... မင်း ... သခင့်ကို အချောင်ဖျက်ဆီးချင်လို့ ချစ်တာလားဟေ့ကောင် ... မင်းလိုကောင်မျိုးက သခင့်ကို ချစ်တယ်ဆိုတာငါမယုံဘူး ... မင်း ... မင်း ... အခုချက်ချင်း ငါ့ရှေ့ကနေထွက်သွား၊ မင်းကို ဘမုန်းချစ်ကိုယ်တိုင်မိတ်ဆက်ပေးပြီး ကားပေါ်တင်ပေးလိုက်လို့ ငါဒီလောက်ထိ သည်းခံနေတာ ..."

"ကျွန်တော် ... ကျွန်တော်ပြောတာကိုဆုံးအောင် နားထောင်ပေးပါဦး ... ကိုမိုက်ရိုင်းရာ၊ ကိုမိုက်ရိုင်းပြောသလို ကျွန်တော်မိဘတွေ ချမ်းသာတာမှန်ပါတယ် ... တည်ရတုက ကျွန်တော်နဲ့တက္ကသိုလ်မှာ သူငယ်ချင်းပါ ..."

"ဘာပြောတယ် ဟေ့ကောင် ... မင်းက တည်ရတုရဲ့သူငယ်ချင်းဟုတ်လား ... တည်ရတုရဲ့သူငယ်ချင်းဆိုရင်တော့ ဒီပွဲကို အဆုံးသတ်ပစ်လိုက်လို့ရပြီသိလား ... တည်ရတုနဲ့ငါနဲ့ကြားမှာ ဘာအကန့်မှမရှိဘူး ... မင်း ... ဒိုးတော့၊ ဒီနေရာကနေပြီး မင်းအေးအေးဆေးဆေးလှည့်ထွက်သွားတော့ ... အဲဒါ ... ငါမင်းကို နောက်ဆုံးပြောနေတာ"

ဒေါသကြောင့် နီလာသောမျက်နှာကို ရိုင်းဘယ်လိုမှ ပြ



www.burmeseclassic.com

www.burmeseclassic.com



ပြင်လို့မရ။

တည်ရတုလိုကောင်မျိုးရဲ့ သူငယ်ချင်းတစ်ယောက်က သခင့်ကို ချစ်စရာလား။

ဒါကို ရိုင်းသိအောင် လာပြောစရာလား။

ရိုင်းဒေါသဖြစ်တာ အဲဒါကိုဖြစ်တာ။

တည်ရတုသူငယ်ချင်းဆိုတော့ ဒီကောင်လည်း ဘာထူးမှာ လဲ။

"ကျွန်တော် ... ကျွန်တော် ... မသွားဘူးကိုမိုက်ရိုင်း ... ကျွန်တော်မသွားလို့ ကိုမိုက်ရိုင်းထိုးရင်လည်း ကျွန်တော်ခံမယ်၊ တကယ်ပါ ... ကျွန်တော် တည်ရတုတို့ထမင်းဆိုင်ကိုသွားလည်ရင်း သခင်ဆိုတဲ့ ကျစ်ဆံမြီးလေးနှစ်ခွနဲ့ ကောင်မလေးကိုတွေ့ခဲ့တာ"

"မင်း ... မင်း ဆက်မပြောနဲ့နော် ဟေ့ကောင် ... "

ရိုင်း မကြားချင်ပါ။

ပြောရင်းနဲ့ ... ရိုင်းက ရှေ့ကို တစ်လှမ်းချင်းတိုးသွားတော့ ဝေဖြာ နောက်မဆုတ်ဘဲ သည်အတိုင်းရပ်နေ၏။

"ကျွန်တော် ... ကျွန်တော် မပြောလို့မရဘူး ကိုမိုက်ရိုင်း၊ သခင့်ကို ကျွန်တော်တကယ်ချစ်မိသွားလို့ ကိုမိုက်ရိုင်းဆီက ခွင့်ပြု ချက်တစ်ခုကိုလာတောင်းတာ၊ သူများတွေကလည်း ကျွန်တော့်ကို ပြောလို့ပါ ... သခင်နဲ့ကိုမိုက်ရိုင်းက ငြိနေတယ်ဆိုလို့ ... "

"ဘာပြောတယ် ... "

ရိုင်းမျက်နှာ နှစ်ဆရဲတက်သွားခဲ့ပြီ။

"မင်း ... မင်း ... ငါ့ကို အခြောက်တိုက်ဘာလိုင်းကြီး လာစားနေတာလားဟေ့ကောင်၊ မိုက်ရိုင်းမှာ အဲလိုရာဇဝင်မရှိဘူး၊ မိုက်





ရိုင်းမှာ ... အဲလို စိတ်ဓာတ်မျိုးမရှိဘူး၊ နားလည်လား ... မိုက်ရိုင်း လို လမ်းပေါ်ကကောင်နဲ့သခင်က ငြိစရာလား၊ မင်းမေးလိုက်တာ သခင်ဆိုတဲ့ကောင်မလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာတွေ ဘယ် လောက်စုတ်ပြတ်သတ်သွားပြီလည်းဆိုတာ မင်းသဘောပေါက်ရဲ့ လား ... ဟေ့ကောင် ... ငါမေးတာ မင်းဖြေစမ်း ... "

ရိုင်း ... ဆတ်ဆတ်ခါနာလို့မဆုံး။

အဲဒါကြောင့်မို့လည်း ...

ပတ်ဝန်းကျင်တစ်ခုလုံးက လူတွေကို ရိုင်းတူးပူးခါးခါးမုန်း ခဲ့တာပါ။

"တောက် ... "

လက်သီးနှစ်ဖက်စလုံးကိုကျစ်နေအောင် ရိုင်းကဆုပ်သည်။

ပခုံးပေါ်က ဆံပင်ရှည်တွေကိုလည်း ခါထုတ်ပစ်မိ၏။

"ဒီမှာ ဝေဖြာ ... မင်းဒီလောက်မေးရင် ငါအထာပေါက်ပြီ၊ ငါ့ကို ... လမ်းပေါ်ကကောင်ဆိုပြီး ငါ့ကွယ်ရာမှာ ကြိုက်သလို စော် ကားဝေဖန်ခွင့်ရှိတယ် ... ကဲ့ရဲ့ရှုတ်ချခွင့်ရှိတယ်၊ ငါဘာမှပြောစရာ အကြောင်းမရှိဘူး ... ဒါပေမဲ့ကွာ ... သခင်က သူ့ဟာသူ ဆင်းရဲလို့ သူများထမင်းဆိုင်မှာ မျက်ရည်ပေါက်ပေါက်အကျခံပြီးတော့မှ အလုပ်လုပ်နေတဲ့ကောင်မလေးတစ်ယောက်ကွ၊ အဲဒါကို မင်းတို့လို ပိုက်ဆံချမ်းသာတဲ့ကောင်တွေက အထင့်သေးအမြင်သေးနဲ့ စော် ကားချင်တိုင်း စော်ကားနေတာကို ငါ ... ခွင့်မပြုနိုင်ဘူး ... "

"ကျွန်တော် ... ကျွန်တော် သိပြီ ကိုမိုက်ရိုင်း ... "

"သိရင် ... ငါ့ရှေ့ကနေ မင်းထွက်သွားတော့ဝေဖြာ၊ အေး တစ်ခုတော့ မင်းကိုငါပြောလိုက်မယ် ... သခင့်ကို ငွေစက္ကူတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထောင်ချောက်ဆင်၊ ကျူးသွင်းဖျက်စီးဖို့တော့ မင်းလုံးဝမကြိုးစားနဲ့၊ သခင်မျက်ရည်တစ်စက်ကျအောင်လုပ်ရင် အဲဒီကောင်ကိုသတ်ပြီး ကြိုးစင်ပေါ်ကို လုံးဝမိုက်ရိုင်းတက်ပစ်မယ် ... ”

ပြောပြီးတာနဲ့ မိုက်ရိုင်း ... ချာခနဲလှည့်ထွက်ခဲ့ပါပြီ။

“ကလင် ... ကလင် ... ”

“ဟာ ... ဘမုန်းချစ် ... ”

ဆိုက်ကားဘဲလ်တီးသံလေးကြားလိုက်ရလို့ ရိုင်း ... ချာခနဲလှည့်ကြည့်လိုက်တော့ ... ရိုင်းထွက်သွားတဲ့နောက်ကိုလိုက်လာတာ ဘမုန်းချစ်ပါ ... ။

“ငါပါ ... မင်းကိုစိတ်မချလို့ စောင့်ကြည့်နေတာလေကောင်လေးရဲ့ ... တက်လိုက် ... တက်လိုက် ... ငါ့ဆိုက်ကားပေါ်မင်းတစ်ခါတည်းတက်လိုက် ... ”

“ကျွန်တော် ... လုံးဝစားသွားတယ် ဘမုန်းချစ်ရာ ... ”

အခြေအနေကို ရိုင်းရှင်းပြတော့ ဘမုန်းချစ်က မျက်နှာလေးပြုံးလျှက်။

“ငါထင်တော့ထင်သားကွ ... ကောင်လေးရ ဒီကောင်လေးကို ငါဘယ်မှာမြင်ဖူးနေသလဲဆိုပြီးစဉ်းစားနေတာ၊ လက်စသတ်တော့ တည်ရတုတို့ဆိုင်ကို မကြာခဏလာနေတဲ့ကောင်လေးဖြစ်နေတာကိုး ... ”

ဘမုန်းချစ် အခုမှ သဘောပေါက်သွားသည်။

“ဘာလဲဟင် ... ကောင်လေး ... သခင်ကို ချစ်တယ်ပြောလိုက်လို့ မင်းဟတ်ထိသွားတာလား၊ ဟား ... ဟား ... အဲဒါကြောင့် ... မင်းကိုငါအမြဲပြောနေတာပေါ့ကွ၊ သခင့်ပုံစံလေးက





ဆင်းရဲပေမယ့် ဝင်းဝင်းထင်းထင်းကလေးနဲ့ တအားစွဲမက်ဖို့ကောင်းနေတော့ ... သူ့ကိုချစ်တဲ့သူပေါ်လာပြီပေါ့ကွာ၊ သခင်က အခုကံဆိုးနေပေမယ့် တစ်နေ့ကျရင် ရွှေခြေနင်းနဲ့စကြဝဠာယဉ်ဆိုတာ သခင်အတွက် ပေါ်ချင်လည်းပေါ်လာဦးမှာနော် ... ကံကြမ္မာကို ကြိုတင်ဆုံးဖြတ်ချက်ချ တွက်ထားလို့မရဘူး၊ လေးဖက်လေးတန်ကာထားတဲ့ အုတ်ရိုးထဲထည့်ပြီး ဘောင်ခတ်သတ်မှတ်ထားလို့လည်း မဖြစ်နိုင်ဘူး ... နောက်ဆုံးတစ်နေ့ကျ ဘာဖြစ်လာမှာလဲ ... လမ်းပေါ်က မိုက်ရိုင်းက လမ်းပေါ်မှာပဲ ကျန်ခဲ့ရမှာ ... ”

“ဗျာ ... ဘမုန်းချစ် ဘယ်လိုပြောလိုက်တာလဲ ... ”

လမ်းပေါ်က မိုက်ရိုင်းက လမ်းပေါ်မှာပဲ ကျန်ခဲ့ရမှာတဲ့။

ဒါ ... ကျွန်တော့်ဘဝရဲ့ ပြင်ဆင်ခွင့်မရှိတဲ့ စီရင်ချက်လား။

“ငါ ... ငါ မင်းကို ... အမှန်အတိုင်းပြောလိုက်တာလေကောင်လေးရဲ့ ... ငါပြောတာကို မင်းမနာနဲ့၊ မင်းရင်ဘတ်ကိုတစ်ဆုံးထိဖွင့်ထားပြီး ... ငါစကားကိုနားထောင် ... ဒီနေ့လက်ဖွေ့ပွဲက မင်းရလိုက်တဲ့ ဆုကြေးငွေငါးသောင်းနဲ့ပေါင်းရင် ငါ့လက်ထဲမှာ မင်းစုထားတဲ့ငွေ တစ်သိန်းပြည့်သွားပြီ ... ”

“ဗျာ ... ကျွန်တော်စုထားတဲ့ငွေ တစ်သိန်းပြည့်သွားပြီဟုတ်လား ... ”

စောစောက စိတ်တွေလေခဲ့ရသလောက် ခုတော့ ... ရိုင်းမျက်နှာလေး ရွှင်လန်းတက်ကြွလို့သွားခဲ့ရပါပြီ။ ရယ်မြူးရိပ်ကလေးနဲ့လည်း ဘမုန်းချစ်ကို ရိုင်းက လှမ်းကြည့်သည်။

“အေး ... ပြည့်သွားပြီ ... ”

“ဝမ်း ... ဝမ်းသာလိုက်တာ ... ဘမုန်းချစ်ရာ ... ”



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဝမ်းသာတာကို ခဏနောက်မှာထား၊ အခု ... မင်းမျက်နှာပေါ်မှာရလာတဲ့ ဒဏ်ရာတွေကို ဘယ်လိုလုပ်မှာလဲ၊ ကြပ်ထုပ်လေးထိုးပေးမှ ကောင်းမယ်ထင်တယ်ကွ၊ ကြည့်ပါဦး ... မျက်ကွင်းတွေညိုမည်းပြီး မျက်ခုံးတွေဖူးထနေတာ နှုတ်ခမ်းလည်း ကွဲသွားတယ်ထင်တယ် ..."

"ဟား ... ဟား၊ အဲဒါ ... ပြဿနာမရှိပါဘူး ဘမုန်းချစ်ရဲ့"

"ဟေ ..."

"ကျွန်တော် ... ဒေါ်ထက်ထိပ်ဖျားဆီ အခုတစ်ခါတည်းသွားမယ်၊ သခင့်ကိစ္စကို တစ်ခါတည်း လုံးဝဖြေရှင်းပစ်မယ် ..."

"မင်း ... မင်းသိပ်ပျော်နေသလားဟင် ... ကောင်လေး"

"ပျော်တာပေါ့ ဘမုန်းချစ်ရာ ..."

မျက်နှာပေါ်က ဒဏ်ရာတွေကိုလည်း ရှိင်းဂရုမစိုက်နိုင်ပါ။

ဘမုန်းချစ်က ပင့်သက်ကလေးချကာ ...

"ဒီမှာ ... ကောင်လေး ..."

"ဗျာ ... ဘမုန်းချစ် ပြောလေဗျာ ..."

"မင်းအခု စုလို့ရတဲ့တစ်သိန်းနဲ့ ငါစုထားတဲ့တစ်သိန်းပေါင်းလိုက်ရင် ငါတို့နှစ်ယောက်စာ နေလို့ရမယ့်အိမ်ကလေးတစ်လုံးကို ငှားနေနိုင်မှာလေကွာ ... ကိုယ့်ဘဝအတွက် ကိုယ့်ရဲ့ရှင်သန်မှုတွေအတွက် မင်းနည်းနည်းမှ မစဉ်းစားတော့ဘူးလား၊ မီးကင်းတဲကလေးမှာ ခွေခွေလေးလှဲအိပ်ပြီး အိပ်မက်ဆိုးတွေထဲမှာ သံသရာလည်ချင်သေးသလား ကောင်လေးရယ် ..."

"ဘ ... ဘမုန်းချစ်ပြောတာ ကျွန်တော်နားမလည်ဘူး၊ ဘမုန်းချစ် ဘာကိုရည်ရွယ်ပြီးပြောချင်တာလဲ ..."





"သခင်ဆိုတဲ့ကောင်မလေးကိုမေ့လိုက်ပြီး တင့်တယ်တဲ့ဘဝလေးတစ်ခုကို ထူထောင်ဖို့ ငါမင်းကိုအကြံပေးနေတာ ..."

"ဗျာ ... ဘမုန်းချစ်၊ သခင့်ကို ကျွန်တော်မေ့လိုက်ရမယ်"

ရှိင်း ... မျက်တောင်ရှည်လေးတွေ ကော့သွားရအောင်ကိုပဲ ဘမုန်းချစ်ကို ပြန်မော့ကြည့်လိုက်ရပြီ။

"မင်း ... မင်းကလမ်းပေါ်မှာ နေရတဲ့ကောင်လေးတစ်ယောက်လေကွာ မိုက်ရှိင်း ... မင်း ဒီလိုကူညီလိုက်တော့ရော သခင်ဆိုတဲ့ကောင်မလေးက မင်းနောက်ကို လိုက်လာရဲတဲ့သတ္တိတွေရှိမယ်ထင်လို့လား ... မင်းစိတ်ကူးမယဉ်ချင်ပါနဲ့ ကောင်လေးရာ၊ သခင့်ကို မင်းမေ့လိုက်ပါကွာ ..."

"ဟား ... ဟား ... ကျွန်တော့်ရင်ထဲက ခံစားချက်တွေကို ဘမုန်းချစ်သိရဲ့သားနဲ့ ကျွန်တော့်ကိုမနောက်ပါနဲ့ဗျ၊ လမ်းပေါ်မှာနေတဲ့မိုက်ရှိင်းက လမ်းပေါ်မှာကျန်ခဲ့ရတာ ဆန်းသလား၊ ရတယ် သခင်ကြိုက်တဲ့သူနဲ့လက်ထပ်သွားပါစေ ... ကျွန်တော်ကျေနပ်တယ် ပြဿနာမရှိဘူး ... အခု ... ကျွန်တော် ဖိုက်ချင်တာ ဒေါ်ထက်ထိပ်ဖျားပဲ ... ဖိုက်ချင်လို့ ကျွန်တော်စိမ်ခေါ်ခဲ့တာ၊ ပိုက်ဆံတစ်သိန်းအုပ်ကို သူစားပွဲပေါ် ဖျောင်းခနဲပစ်ချပြီး သခင့်ကို ပြန်ထုတ်ပေးဖို့ တောင်းဆိုမယ် ..."

"ဒါဆို ... မင်းဆုံးဖြတ်ချက်က ခိုင်မာနေပြီပေါ့ ..."

"လုံးဝအတိအကျပဲ ဘမုန်းချစ် ..."

ဘမုန်းချစ် စိတ်လျှော့လိုက်ပါပြီ။

စုထားတဲ့ပိုက်ဆံတစ်သိန်းအုပ်လေးကို ထုတ်ပေးလိုက်တော့ ကောင်လေးက ချက်ချင်းပဲ ဒေါ်ထက်ထိပ်ဖျားထမင်းဆိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားသည်။

"ရှေ့ … ဒီမှာ တစ်သိန်း … "

"ဘုန်း … "

"အမလေးဟယ် … ကြည့်စမ်း မိုက်ရိုင်း၊ နင် … နင် … ငါ့ဆိုင်ထဲကို ဘာလာလုပ်တာလဲ၊ ပြဿနာရှာဖို့တော့ နင်မစဉ်းစားနဲ့နော်၊ ကြည့်ပါဦး … မျက်နှာမှာလည်း ဒဏ်ရာတွေနဲ့၊ နင် … နင် ဘယ်မှာသတ်ပုတ်ပြီး ငါ့ဆိုင်ထဲဝင်လာတာလဲဟင် … "

"ခင်ဗျားအပိုစကားတွေ ဘာမှပြောမနေနဲ့ ဒေါ်ထက်၊ ဒီငွေတစ်သိန်းနဲ့သခင့်ကို ပြန်လာခေါ်တာ … သခင် ဘယ်မှာလဲ"

"နင် … နင်က တကယ်တစ်သိန်းပေးပြီးတော့ သခင့်ကိုလာခေါ်တာ … "

"ဟော့ကောင် … မင်းလာခေါ်တာကို ငါတို့ကမထည့်နိုင်ဘူးဆိုရင် မင်းဘာလုပ်မလဲ … "

ရိုင်း … ချာခနဲလှည့်ကြည့်လိုက်တော့ ရိုင်းနောက်မှာ အညိုရောင်ရှပ်လက်ရှည်အစင်းကြား စတိုင်လ်ပင်နက်ပြာရောင်လေးနဲ့ ရပ်နေတဲ့ တည်ရတုက … ဘောင်းဘီဘေးအိတ်နှစ်ဖက်ထဲ လက်ထိုးသွင်းကာ နှုတ်ခမ်းမဲ့မဲ့လေးနဲ့ …

"ဟင် … "

တည်ရတုက ဂရုမစိုက်သလိုလေသံနဲ့ ဝင်ပြောလိုက်တာမို့ ရိုင်းနှုတ်ခမ်းလေးက သွေးထက်နှစ်ဆတင်းသွားအောင် ဖျတ်ခနဲမဲ့သွားသည်။

"ဟွန်း … ဒီပွဲမှာ မင်းဝင်ပါစရာမလိုဘူး တည်ရတု … "

တည်ရတုနောက်မှာပါလာတဲ့ ဝေဖြာနဲ့ခက်မာကလည်း





မိုက်ရိုင်းကိုတွေ့တော့ မျက်လုံးပြူးသွားသည်။ ခက်မာကဆို မိုက်ရိုင်းပုံစံလေးကိုကြည့်ပြီး … မဲ့သွားတဲ့နှုတ်ခမ်းလေးက တော်တော်နဲ့တောင် ပြန်မပြေမဂျ။

ဟွန်း … ဒါလား မိုက်ရိုင်း …

အသားလေးက ဖြူပေမယ့် နေလောင်ထားတဲ့ဆံပင်ရှည်တွေက အဝါရောင်လေးသန်းကာ အခွေလိုက်လေး ပခုံးစွန်းပေါ်မှာ တင်နေတာမို့ တကယ့်လမ်းပေါ်က ကလေကချေလေးဆိုတာ အရမ်းထင်ရှားနေသည်။

ဒါကိုပဲ … မျက်နှာပျက်ပျက်လေးနဲ့ ဝေဖြာဝင်ပြောလိုက်တာက …

"ဘာ … ဘာလဲဟင် … တည်ရတု ဒီတစ်သိန်းက ဘာလုပ်တာလဲ … "

"ဟင် … အဲဒါ … မင်းမသိဘူးလား … "

"မသိဘူး … "

"ခက်မာတက္ကသိုလ်ဆက်တက်စရာ ပိုက်ဆံမရှိလို့ သခင့်ကို ဒီဆိုင်မှာ ပိုက်ဆံတစ်သိန်းနဲ့ထားခဲ့ရတာလေ … ဒါကို မိုက်ရိုင်းက လာပြန်ပေးနေတာ … "

"ဟာ … ကြည့်စမ်း … ခက်မာ … ခက်မာ ငါ့ကိုပြောတော့"

"ဟာ … တည်ရတုရယ် … နင် ဘာတွေလျှောက်ပြောနေတာလဲ … ဒီကောင်မလေးမကောင်းလို့ ဒီကောင်မလေးမှာ နာမည်ပျက်တွေအများကြီးဖြစ်နေလို့ အမေကဒီဆိုင်ကို တမင်ပို့လိုက်တာ"

"ဘုရားရေ … "

ဒါကို … ဆိုင်နောက်ဖေးခန်းအကွယ်လေးမှာရပ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သခင်ကလည်း ကြားလိုက်ရပါပြီ။ ရင့်ကျူးကဆို ဒေါသဖြစ်ပြီး ခက်မာကို အရမ်းရှုံ့သွားသည်။

"ဟဲ့ ... သခင်၊ နင်အခုထွက်ခဲ့စမ်း ... နင်ရှုတ်ထားတဲ့ အရှုတ်ထုတ်ကို နင်အခုလာဖြည်စမ်း ..."

ခက်မာ ခါးထောက်လျက် ... ဆိုင်အပြင်ကနေ ခွန်နှစ်သံချီ ဟစ်သည်။

"ဟုတ်တယ် ... တည်ရတု၊ ဒီကိစ္စမှာ မင်းဝင်မပါနဲ့၊ ဒါ ... မာမီနဲ့မိုက်ရိုင်း ခပ်ပြတ်ပြတ်ပဲ ... ရှော့ပတ္တမြား ... ရွှေနဂါးရှင်း ရမယ့်ကိစ္စ ... မာမီကလည်း ပိုက်ဆံတစ်သိန်းရရင် အချိန်မရွေးဘဲ လို့ မိုက်ရိုင်းကို စိမ်ခေါ်ထားတယ်၊ တစ်ခုပဲ ... မာမီမေးရမှာက နုဝေသမီး ခက်မာကိုပဲ ..."

"ရှင် ... အန်တီက ဘာမေးချင်တာလဲ ..."

"မိုက်ရိုင်းက ပိုက်ဆံတစ်သိန်းပေးပြီးလာခေါ်တာဆိုတော့ မင်းညီမလေးကို မိုက်ရိုင်းနောက်ကို ထည့်လိုက်ရမလား"

"ဟာ ... ထည့်လိုက်ပါအန်တီ၊ သူတို့နှစ်ယောက်က အန်တီ သိတဲ့အတိုင်း မရှင်းမရှင်းဖြစ်နေတာဆိုတော့ ... အမေကလည်း သူ့ကိုတာဝန်ယူချင်မှာ မဟုတ်တော့ဘူးလေ ..."

"ဟာ ... ကြည့်စမ်း ..."

ပါးစပ်အဟောင်းသားလေးဖြစ်ရတာ ရင့်ကျူး။

ခက်မာ ဘယ်လိုပြောလိုက်တာလဲ။

"ဒါ ... သူ့ထိုက်နဲ့သူ့ကံပဲလေ ... အန်တီထက်ရဲ့ ခက်မာတို့ အိမ်မှာတော့ သူ့ကိုလက်ခံထားဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့လို့ အပြတ်ရှင်းဖို့ဆုံးဖြတ်လိုက်တာ ... ဒီဇာတ်လမ်းမှာ မိုက်ရိုင်းနဲ့သွား





သွားမှ ဒီကောင်မလေးမှတ်သွားမယ်၊ အန်တီထက်လည်း မတားနဲ့"

"နုဝေ ... နုဝေကို ငါမေးရင်ကောင်းမလား ..."

"ဟာ ... မေးစရာမလိုပါဘူးအန်တီ၊ ခက်မာသဘောက အမေ့သဘောပါ ... သူ့ကြောင့် တသက်လုံး အမေဒုက္ခရောက်လာတာ၊ အမေ့ကို ထပ်ပြီးဒုက္ခပေးဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး"

"ဒါ ... ဒါဆို ..."

သခင် နာကျင်ရတာ ရင်နဲ့မဆန့်နိုင်အောင်ပါဘဲ။

မကြီးခက်မာ ဘာဖြစ်လို့ ဒီလိုဆုံးဖြတ်ရတယ်ဆိုတာ သခင် သိပါသည်။

ဒါဟာ ... တည်ရတုသူငယ်ချင်းဝေဖြာကြောင့် မဟုတ်ရင် ဘယ်သူကြောင့်ဖြစ်ရတော့မှာလဲ။

"အဟင့် ..."

"ဟာ ... သခင် ... မင်းမငိုနဲ့လေ ..."

ရင့်ကျူးတားလိုက်ပေမယ့် နောက်ကျသွားသည်။

အထုတ်ကလေးပိုက်ပြီး ... အပြင်ကို ထွက်လာတာ သခင် ပါ။

သခင့်ကို ရက်စက်မှုအနှောင်အဖွဲ့တွေအောက်က လွတ်မြောက်စေချင်လို့ ပိုက်ဆံတစ်သိန်းပြည့်အောင် ရှာလာခဲ့တဲ့ ရိုင်းက တော့ ... မျက်နှာမှာ ဒဏ်ရာတွေဗလပွနဲ့ ဘယ်သူ့မျက်နှာကိုမှ မကြည့်တော့ဘဲ ခေါင်းကလေးကို ရိုင်းက ငုံ့ချထားသည်။

သခင်ရင်ဆိုင်လိုက်တာ မကြီးကိုပါ။

"ရပါတယ်မကြီး ... မကြီးဒီလောက်ပြောရင် သခင်သိပါပြီ၊ သခင် ... ဒီနေ့ကစပြီး မိုက်ရိုင်းခေါ်တဲ့နောက်ကို လိုက်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



မယ် ... ”

“ဟာ ... ”

“ဟင် ... ”

သခင့်ကို တအံ့တဩလေး ငေးစိုက်ကြည့်လိုက်တဲ့ဝေဖြာ။

စိတ်ဓာတ်လေးကျကာ ခေါင်းကလေးကို ဘယ်ညာခါး ယမ်းလျှက်။

“ငါ ... မင်းကို မခေါ်နိုင်ဘူး သခင် ... ”

ရိုင်း ... ခပ်မာမာပဲ အပြတ်ငြင်းသည်။

လိုက်စရာလား။ ပန်းတွေနဲ့ဆောက်တဲ့နန်းတော်၊ လမ်းပေါ် မှာရှိတယ်လို့ မင်းထင်ထားလို့သား။

ရိုင်းက လူတွေအားလုံးရှေ့မှာ တရားဝင်ငြင်းချလိုက်တော့ မျက်ဝန်းအကြည့်တွေအားလုံး ရိုင်းဆီကိုပဲ တအံ့တဩလေးရောက် လာသည်။

“ဒီငွေတစ်သိန်းကို ငါရှာလာတာ အရှက်မရှိတဲ့မျက်နှာနဲ့ မင်း လက်ကိုဆွဲပြီး ... ဒီဆိုင်ထဲကနေ ငါလှည့်ထွက်သွားဖို့မဟုတ်ဘူး ဆိုတာ မင်းငါ့ကိုဘာဖြစ်လို့ နားမလည်နိုင်ခဲ့တာလဲ ... ငါ့နောက်ကို လိုက်ရင် လမ်းပေါ်မှာပဲ မင်းလျှောက်နေရမှာလေကွာ ... ငါက အခြေမဲ့အနေမဲ့ လမ်းပေါ်က ကလေကချေပါ ... ဒါပေမယ့် ... ကလေကချေတွေမှာ လူသားဆန်တဲ့ အသည်းနှလုံးရှိတယ်ဆိုတာ ပြချင်လို့ မာနတွေနဲ့ ငါအားလုံးကို ရင်ဆိုင်ခဲ့တာ ဆောရီးပဲသခင်၊ ငါ့နောက်ကိုလိုက်ဖို့ မင်းလုံးဝမစဉ်းစားနဲ့၊ ကဲ ... ဒေါ်ထက်၊ ခင်ဗျား တစ်သိန်းပြန်ရပြီနော် ... ခင်ဗျားကျေနပ်ရင် ကျွန်တော်သွားတော့ မယ် ... ဒီကောင်မလေးကို ပြန်ခိုင်းလိုက်ပါ ... ”





“ဟွန်း ... ကျေနပ်တယ် ... ကျေနပ်တယ် ... ”

“ဟဲ့ ... သခင်၊ နင်လိုက်သွားလေ၊ ကြောင်တောင်တောင်နဲ့ ငါ့ကိုလှမ်းကြည့်မနေနဲ့၊ ဟိုမှာ ... နင့်အကောင်ထွက်သွားပြီ ... ”

“ဟင် ... ”

တကယ်လည်း ရိုင်းက ဆိုင်အပြင်ဘက်လမ်းမပေါ်ကို တောင်ရောက်သွားပြီ။ သခင့်ကိုလည်း ရိုင်းလှည့်မကြည့်တော့ ရိုင်း ရယ် ... ရှင်ဘာဖြစ်လို့ ကျွန်မကို ထားခဲ့တယ်ဆိုတာ ကျွန်မသိပါ တယ်။ သူများစွန့်ပစ်တာခံခဲ့ရလို့ လမ်းပေါ်မှာ ကြီးပြင်းလာခဲ့ရတဲ့ ကောင်လေးတစ်ယောက်ရဲ့ အဆုံးမဲ့မာနတွေကို ဖြောင်ကြြဖြာ ပြီး ရှင်လှည့်ထွက်သွားတာ ကျွန်မ မသိဘဲ နေပါ့မလား။

“မကြီးရယ် ... သခင့်ကို မပြောပါနဲ့ ... မကြီးလက်မခံနိုင် ရင် သခင်ဘယ်တော့မှ မကြီးတို့ဆီကို ပြန်လာမှာမဟုတ်တော့ဘူး၊ သခင့်ကို ကယ်တင်စောင့်ရှောက်ခဲ့တဲ့ မေကြီးကျေးဇူးတွေကို သခင် ... မမေ့ပါဘူး၊ အန်တီထက် သမီးကိုခွင့်လွှတ်ပါ ... ”

“သခင် ... မင်းဘယ်ကိုသွားမလို့လဲ”

အသံလေးခြစ်ကာ လှမ်းအော်လိုက်သည့် ရင့်ကျူးဆီက အသံလေး။

ရင့်ကျူးပြေးထွက်လာပြီး သခင့်လက်ကိုလာဆွဲသည်။

“ရင့်ကျူးရယ် ... သခင့်ကိုမတားပါနဲ့၊ မာနနဲ့ရှင်သန်ရတဲ့လူ တစ်ယောက်ရဲ့ဘဝကို အားကျလို့ ရိုင်းနောက်ကို သခင်လိုက်သွား တော့မှာပါ ... ”

“ဘုရားရေ ... ရိုင်းနောက်ကို သခင်လိုက်သွားတော့မယ်”

ဖြူဖျော့အေးစက်သွားတဲ့ ရင့်ကျူးရဲ့မျက်ဝန်းလေးတွေထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ စာနာမှုနဲ့ ကရုဏာလေးတွေက အရောင်တွေ တဖျတ်ဖျတ် လင်းလက်နေသလို ဖြစ်နေခဲ့တာပါ။

"ဟုတ်တယ်လေ ... ရင့်ကျူး၊ ရိုင်းရဲ့ဘဝလေးဟာ အံ့ရှုံး သနားဖို့ကောင်းနေလို့ ရိုင်းအနားမှာ အရိပ်ကလေးတစ်ခုရစေချင် လို့ ရိုင်းနောက်ကိုငါလိုက်သွားတော့မှာ၊ တကယ်တော့ ... ရိုင်းနဲ့ သခင်ဟာ ဘဝတူတွေပါ၊ မိုးစက်တွေအောက်မှာ ရိုင်းရပ်နေရင် သခင်လည်း ရိုင်းနဲ့အတူရပ်နေမယ် ... နေရောင်အောက်မှာ ရိုင်းရှိ နေရင်လည်း သခင်ကလည်း ရိုင်းဂဘားမှာရှိနေရမှာလေ ရင့်ကျူးရဲ့"

"အဟင့် ... "

မျက်နှာကိုလက်ဝါးလေးအုပ်လျှက် ရှုတ်တရက်ရှိုက်ငိုချ လိုက်တာ ... ရင့်ကျူးပါ။

အဝတ်အစားတွေထည့်ထားသည့် ကျောပိုးအိတ်ဟောင်း လေးကို သခင်ပခုံးလေးထက်မှာ လွယ်လိုက်စဉ်မှာတော့ လွှင့် ထွက်ပြုတ်ကျလာခဲ့သည့် မျက်ရည်လေးတစ်စက်က အားလုံးကို နှုတ်ဆက်လိုက်သလိုဖြစ်သွားသည်။

ချစ်တာသိရင် သစ္စာရှိဖို့ပဲလိုပါတယ် ရိုင်းရယ်။

အခန်း (၁၆)

"မပြောနဲ့သခင် ... မင်းငါ့ကို လုံးဝထပ်မပြောနဲ့"

"တောက် ... "

ရိုင်းဘယ်လိုမှ မခံစားနိုင်ပါ။

ဒေါသဖြစ်တော့ မျက်နှာတွေကရဲတက်သည်။ ကိုယ်ကို ချာခနဲလှည့်ပြီး ... ဖိနပ်ဦးဖြင့် ရိုင်းပိတ်ကန်ပစ်လိုက်တာ လမ်းဘေး ပလက်ဖောင်းက ဆေးပေါ့လိပ်အတိုကလေး။ ထိုဆေးပေါ့လိပ် အတိုကလေးက ဖြောင်းခနဲအဝေးကိုလွှင့်သွားသလို ပန်းပေါ်က ဆံပင်ရှည်တွေကပါ မညီမညာဖွာထွက်သွားသည်။

ရိုင်းအရပ်ကမြင့်တော့ ရိုင်းမျက်နှာလေးကို တည်တင်းနေ တဲ့မျက်နှာထားလေးနဲ့ပဲ သခင်မော့ကြည့်လိုက်ရပြီပေါ့။

"ဘာ ... ဘာဖြစ်လို့လည်းဟင်ရိုင်း ... ရှင့်နောက်ကို ကျွန်မ လိုက်လာတာ ရှင်မကြိုက်လို့လား၊ အားလုံးက ရှင်နဲ့ကျွန်မကို အထင်သေးအမြင်သေးနဲ့ ဝိုင်းပေးစားနေကြတာလေ ... ဒါကိုပဲ မဟုတ်ပါဘူးလို့ မျက်လုံးမှိတ်ငြင်းလိုက်ရုံနဲ့ ကျွန်မဘဝတစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



သန့်စင်သွားမယ်လို့ ရှင်ထင်နေလို့လား ... ”

သခင် ဒီလိုပြောတာကိုလည်း ရိုင်းက လက်မခံပါ။

မျက်နှာရဲရဲလေးနဲ့ ဖူးရောင်နေဆဲ ဒဏ်ရာလေးတွေကို ကြည့်ပြီး ... သခင်ရင်နင့်နေရတာကိုလည်း ရိုင်းကသိပုံမရ။ လမ်းဘေးသစ်ပင်တွေဆီက လက်လှမ်းမှီသမျှ သစ်ရွက်တွေကိုလည်း တဖြောင်းဖြောင်းနှင့် ရိုက်ချပြီးတော့မှ လမ်းကိုရိုင်းဆက်လျှောက်သည်။

ခုထိလည်း သခင့်ကိုလိုက်လာခဲ့ပါလို့မခေါ်။

သခင်လိုက်လေ ... ရိုင်းခြေလှမ်းတွေက ပိုကြွလာလေ။

သခင်ပြုံးပဲပြုံးရတော့မလား ... ငိုပဲငိုချလိုက်ရတော့မလား။

ရိုင်းရယ် ... ရှင့်မာနကို ကျွန်မသိပါတယ်။

“အဲဒါ ... အဲဒါ ... မင်းဂရုစိုက်နေစရာလားသခင်၊ အနားသတ်မရှိတဲ့လှိုင်းဆိုတာ ဘယ်တော့မှ ကမ်းကပ်ခွင့်မရှိလို့ မင်းကိုငါပြောနေတာ ... အခု ... ငါမျှောနေတယ်၊ အဆုံးအစမရှိအောင်လွင့်နေတယ်၊ ဘယ်မှာလဲကမ်း ... ဘယ်မှာလဲသောင်ခြေ ... ဒါကိုတောင် ငါနဲ့အတူလိုက်ပြီး မင်းကရွက်လွှင့်ချင်သေးလား”

“ရိုင်းရယ် ... ဒါတွေအားလုံး ရှင်နားလည်အောင် ကျွန်မရှင်းပြနေတယ်လေ၊ ကျွန်မဘဝကလည်း ရှင်ပြောသလိုပါပဲ ... အခုဖြစ်တာက ပတ်ဝန်းကျင်ရဲ့အထင်သေးရှုံ့ချမှုတွေအောက်မှာ ကျွန်မဘဝ မသန့်စင်နိုင်တော့လို့ ရှင့်နောက်ကိုလိုက်ဖို့ ကျွန်မဆုံးဖြတ်ခဲ့တာပါ ... အရိပ်ထဲမှာရှင်နေမလား၊ ကျွန်မလည်းနေမယ်၊ နေရောင်အောက်ကိုရှင်ထွက်မလား၊ ကျွန်မလည်းထွက်မယ် ... တစ်ခုပဲရှိတယ် ... ရှင် ... ကျွန်မကို မထားခဲ့ပါနဲ့ ... ”





“သေစမ်းကွာ ... ဟား ... ”

သစ်ရွက်ကြွေလေးကို ဖြောင်းခနဲပိတ်ကန်ကာ ဟားခနဲအော်ရင်း ... ရိုင်းကိုယ်လေးတစ်ပတ်လည်ထွက်သွားရပြန်ပြီ။

လျှောက်လာခဲ့တာလည်း တစ်လမ်းပြီးတစ်လမ်း။

ကျော်လာခဲ့တာလည်း ဓာတ်တိုင်တွေ တစ်တိုင်ပြီးတစ်တိုင်။

ဘယ်ကိုရောက်နေပြီလည်းဆိုတာ သခင်မသိ။ လျှောက်နေတာ နှစ်ယောက် ရင်ဘောင်တန်းပြီးလျှောက်နေတာလည်းမဟုတ်။

သူက သခင့်ရှေ့မှာ ...

သခင်က သူ့နောက်မှာ ...

“ဒီမှာ ... ဒီမှာနော် ... ရိုင်း ... ရှင် ... အခု ဘယ်အထိလျှောက်နေတာလဲ၊ လမ်းပေါ်မှာ မှောင်တော့မယ်ဆိုတာ ရှင်သိရဲ့လား ... ”

သခင့်ကိုလှည့်မကြည့်ဘဲ နှုတ်ခမ်းတွန့်ကာ ရိုင်းကပြုံးသည်။

“ဒီမှာ ... မင်းငါ့ကို အဲဒါမမေးနဲ့၊ မင်းဘယ်အထိ တကောက်ကောက်လျှောက်လိုက်နေမလည်းဆိုတာပဲ ငါ့ကိုပြော ... ”

“ရှင်ရပ်ရင် ... ကျွန်မရပ်မယ် ... ”

ထိုအချိန်မှာပဲ အဲလ်ကွန်းဘတ်စ်ကားကြီးတစ်စီးက သူတို့နှစ်ယောက်နားကနေ ဝေါခနဲ ကျော်ဖြတ်သွားရင်း ... စပါယ်ယာက ကားပေါ်ကနေ လှမ်းအော်သွားသည်။

“လိုက်မလား ... လိုက်မလား ... ”

“ဆူးလေကို ... ဆူးလေကို ... ”

နှစ်ယောက်စလုံး တုတ်တုတ်မလှုပ်တော့။ စပါယ်ယာက



www.burmeseclassic.com

www.burmeseclassic.com



ချာခနဲလှည့်ကြည့်သွားတာ ပြူးကြောင်ကြောင်လေး ... ဒါကိုကြည့်ပြီးတော့လည်း ယောင်တောင်ပေါင်တောင်နဲ့ သခင်က ပြုံးမိသည်။

လမ်းပေါ်မှာ သူမတို့နှစ်ယောက်ကလွဲရင် တခြားဘယ်သူမှ ရှိမနေပါ။

ထက်ထိပ်ဖျား ထမင်းဆိုင်ကလေးနဲ့လည်း ဝေးခဲ့ပြီ။

လူစည်ကားရာ ဈေးကြီးကလည်း ဟိုးအနောက်မှာ အများကြီးပြတ်ကျန်ခဲ့ပြီ။

"ဒီမှာ ..."

"အမလေး ..."

ကြည့်ပါဦး ... ရပ်မယ့်ရပ်တော့လည်း မပြောမဆို။

"ငါ့နောက်ကိုလိုက်ရင် မင်းဒုက္ခရောက်မှာ ကြောက်လို့ပြောနေတာကွ ... နားလည်လား၊ ငါကယောက်ျားလေး ... ဘယ်မှာခွေအိပ်အိပ်၊ အိပ်လို့ရတယ် ... မင်းက ဘယ်လိုအိပ်မလဲ ..."

"အဲဒါ ... ကျွန်မ မသိဘူး ..."

"သေစမ်းကွာ ..."

သေစမ်းကွာလို့သူပြောတာ နှစ်ခါရှိနေပြီ။

ဘာပဲပြောပြော ရိုင်းကိုတော့ သခင်ယုံသည်။ ဖြူစင်တဲ့ ရိုင်းစိတ်ဓာတ်ကလေးကိုလည်း သခင်ကချစ်သည်။ ရိုင်းသာအနားမှာရှိနေလျှင် ဘယ်မှာပဲအိပ်ရ အိပ်ရ ... လုံခြုံပြီးသားဆိုတာ သခင်သိနေလို့ပါ ရိုင်းရယ်။

"ဒါ ... ဒါ ... ဘယ်နေရာတွေ ရောက်နေပြီလည်းဟင် ရိုင်း"

"ဒါ ... ငါငယ်ငယ်ကနေခဲ့တဲ့ ... မြို့အစွန်ရပ်ကွက်နားကိုရောက်နေတာလေ ..."





"အို ... ရှင်က ဒီရပ်ကွက်မှာနေခဲ့တာ ..."

"ဟုတ်တယ် ... ဒီရပ်ကွက်က လူတွေအကုန်လုံးငါ့ကိုသိတယ် ... ဒီလမ်းမပေါ်မှာပဲ ငါ့ကိုသိပ်ချစ်တဲ့ဖွား ကားအတိုက်ခံရပြီးဆုံးခဲ့တာ ..."

ဒါတွေကိုတော့ ရိုင်းပြန်မပြောချင်တော့ပါ။

ပြောရင် ... ဖွားကိုသတိရပြီး ရိုင်းမျက်ရည်က ဝဲရဦးမည်။

"ရှုတ်တယ်ကွာ ... လာ ..."

"ဟင် ... ဘယ်ကိုသွားမှာလဲ ..."

"ဟိုမှာလေ ... ငါငယ်ငယ်က ကစားခဲ့တဲ့၊ လူမနေတဲ့ ဆောက်လက်စ တိုက်ပျက်ကြီး ..."

"ဘုရားရေ ... ကျွန်မတို့နှစ်ယောက် အဲဒီမှာနေရမှာ ..."

သခင်အသံလေး တိတ်ကျသွားပေမယ့် ...

ရင်ခုန်သံတွေက မြန်ဆန်လာလျှက်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ရော ... ဒီမှာ ... ဖယောင်းတိုင် ... "

"ဟင် ... "

"ဒါက တို့နှစ်ယောက်စားရမယ့် ထမင်းနဲ့ဟင်း ... "

ရိုင်းက သူယူလာသမျှအထုပ်တွေ တစ်ထုပ်ပြီးတစ်ထုပ်ကို ကြမ်းခင်းပေါ်ပစ်ချသည်။ ဘာကိုပဲပေးပေး သခင့်မျက်နှာလေးကို ကြည့်ပြီး ပေးတာလည်းမဟုတ်။

"ဟင် ... ရိုင်း ... ဒါက ဘာထုပ်ကြီးလဲ ... "

"မင်းအိပ်ရမယ့် စောင်နဲ့ခေါင်းအုံးလေ ... ဒါမပါဘဲနဲ့မင်း ဘယ်လိုလုပ်အိပ်မလဲ ... အမိုးနဲ့အကာရှိပေမယ့် တံခါးရွက်တွေမရှိတော့ ... ပြတင်းပေါက်တွေက လေတအားတိုက်တယ် နားလည်လား ... "

ပြောပြီး ... ချာခနဲလှည့်ကာ အောက်ထပ်ကိုပြန်ဆင်းသွားသည်။

ဖယောင်းတိုင်မီးထွန်းလိုက်တော့မှ အခန်းကျယ်ကြီးထဲက





ရှိသမျှအရာတွေကို ပီပီပြင်ပြင်မြင်လာရ၏။ ကြမ်းပြင်ထက်မှာတော့ ကြမ်းရှရှဖြစ်နေသည့်ဖုန်တွေ။ တံခါးရွက်မရှိသော ပြတင်းပေါက်တွေကတစ်ဆင့် လေနှင့်အတူဝင်လာပုံရသော သစ်ရွက်ခြောက်ဝါကျင်ကျင်တွေ တိုလီမိုစအမှိုက်တွေ ကြွပ်ကြွပ်အိတ်အဟောင်းတွေနှင့် အရက်ပုလင်းခွံ၊ ဘီယာဗူးအခွံများ။

သူတစ်ခေါက်ပြန်တက်လာတော့ မြက်ဖျာ၊ အဟောင်းလိပ်ကလေး နှစ်ခုပါလာ၏။ ကြမ်းပြင်ပေါ်ကဖုန်တွေကို တံမြက်စည်းအဟောင်းကလေးနဲ့ လှဲကျင်းလိုက်တော့ ... ဖျာနှစ်ချပ်ခင်းစရာကွက်လပ်ကလေးတစ်ခုရသွားသည်။

"ရှင် ... ရှင် ... ဒီပစ္စည်းတွေ ဘယ်ကရှာလာတာလည်းဟင် ရိုင်း ... "

"အဲဒါ ... မင်းစိတ်မဝင်စားနဲ့ ... "

"ရှင် ... "

"အရေးကြီးတာ ဒီညအတွက် လုံလုံခြုံခြုံလေးနဲ့ နှစ်နှစ်ခြိုက်ခြိုက်လေး မင်းအိပ်ပျော်သွားဖို့ပဲအရေးကြီးတာ ... ဒီတိုက်ပျက်ကြီးထဲမှာအိပ်ရလို့လည်း မင်းကြောက်စရာမလိုဘူး၊ ဒီတိုက်ပျက်ကြီးရဲ့ဘေးခြံမှာ ဦးမြတို့လင်မယားနှစ်ယောက်နေတယ် ... သူတို့လင်မယားနှစ်ယောက်စလုံးက ငါ့ကိုခင်တယ် ... အခု ... ဒီပစ္စည်းတွေယူလာတာလည်း သူတို့ဆီမှာ ငါသွားတောင်းလို့ ရှိသမျှအကုန်ပေးလိုက်တာ ... "

"ဟင် ... ရှင်က ဘယ်လိုပြောပြီး သွားတောင်းခဲ့တာလဲ"

"မိန်းမ ခိုးလာတယ်လို့လေ ... "

"ဟယ် ... ကြည့်စမ်း ... "



www.burmeseclassic.com

www.burmeseclassic.com



သခင့်မျက်တောင်လေးကော့တက်သွားသလို နှုတ်ခမ်းလေးကပါ ဝိုင်းဟသွားသည်။

သူကတော့ ... သခင်ဘာဖြစ်သွားသလည်းဆိုတာ စိတ်ဝင်စားပုံမရပါ။

ယူလာတဲ့မြက်ဖျာဟောင်းလေးနှစ်ချပ်ကို မသိမသာ နည်းနည်းခွာပြီးတော့မှ ရိုင်းကခင်းသည်။ ခေါင်းအုံးလေးက ဟိုဘက်တစ်လုံး သည်ဘက်တစ်လုံး။ စောင်ကတစ်ထည်တည်းမို့ သခင်အိပ်ဖို့ရည်ရွယ်ထားပုံရသည့်ဘက်မှာ စောင်ကိုပစ်ချသည်။

သခင်ဘာမှထပ်မပြောတော့ဘဲ သူလုပ်သမျှကိုသာ ငေးကြည့်နေလိုက်၏။

သူဟာ ... မျက်နှာမှာ ဒဏ်ရာတွေရှိနေတာကိုတောင် သတိမှရသေးရဲ့လား။

"မိုက်ရိုင်း ..."

"မိုက်ရိုင်း ..."

နေ့လည်က သူ့ကိုအော်ဟစ်အားပေးနေခဲ့သည့်အသံတွေ။

သခင့်ဘဝလေးလွတ်မြောက်ဖို့အတွက် အထိုးအကြိတ်ခံပြီး ပိုက်ဆံရှာခဲ့တာတွေ၊ ဆန်အိတ်ထမ်း၊ ငါးစိမ်းတောင်းထမ်းနဲ့ သူ့ပခုံးလေးမှာစုတ်ပြဲဒဏ်ရာရခဲ့တာတွေ ဒေါ်ထက်ထိပ်ဖျားကိုရင်ဆိုင်ပြီး သခင့်ကို ကယ်ထုတ်ခဲ့တာတွေ။

ဒါတွေအားလုံး မေ့လိုက်ဖို့ဆိုတာ ဘယ်လိုနည်းနဲ့မှ သခင့်အတွက် မဖြစ်နိုင်တော့ပါ။

နှစ်ယောက်အတူ ထမင်းစားတော့လည်း သခင်က ဘာမှ လုပ်စရာမလို။





ထမင်းခူးတာ ဟင်းခပ်ထည့်တာ သိမ်းတာဆည်းတာ ရှင်းလင်းရေးလုပ်တာကအစ သူပဲအကုန်လုပ်သွား၏။

"ဟင် ... ရိုင်း ... ထားလိုက်လေ၊ ဒါတွေကျွန်မလုပ်မယ်"

"မလိုဘူး ... မင်းလက်ပဲဆေးလိုက်၊ ဒီမှာ လက်သုတ်ပုဝါ၊ နည်းနည်းလေးဟောင်းပေမယ့် လျှော်ဖွတ်ထားလို့သန့်တယ်၊ ဒီမှာ မင်းသောက်ရမယ့်ရေ ... နံရံမှာလည်း ရေသန့်ဗူးသုံးဗူးထောင်ထားတယ် ..."

လမ်းပေါ်မှာ ပေပေတေတေလေးနေလာခဲ့ပါတယ်ဆိုတဲ့ ရိုင်းက ... ဒီလိုကျတော့လည်း မဆိုးသေးပါလား။

"ဒီအပေါ်မှာ အိပ်ရလို့ မင်းမကြောက်နဲ့နော်၊ ဒီတိုက်ပျက်ကြီးက ငါတို့ငယ်ငယ်လေးကတည်းက ဆက်မဆောက်တော့ဘဲ ဒီအတိုင်းပစ်ထားခဲ့လို့ ခြုံတွေတောတွေထပြီးကျန်ခဲ့တာ ... ဒီအပေါ်မှာ ငါတစ်ယောက်တည်းလာပြီး ဆော့တယ် ... မောရင်လည်း ဟိုပြတင်းပေါက်လေးနားမှာ ခွေခွေလေးလှဲအိပ်တယ် ... ဗိုက်ဆာလာရင် ဦးလေးမြတို့အိမ်မှာ သွားစားလိုက်တာပဲ ..."

"ရိုင်းလေးရေ ..."

"ရိုင်းလေး ..."

"ဟာ ... အဲဒါ ဦးလေးမြကတော် ... ကြီးကြီးခက်အသံပဲ"

လက်နှိပ်ဓာတ်မီးရောင်တဝင်းဝင်းနဲ့ တိုက်ပျက်ကြီးရဲ့ အပေါ်ထပ်ထိ တက်လာတာ ကြီးကြီးခက်ပါ။

"ဗျာ ... ကြီးကြီးခက် ... ကျွန်တော်အပေါ်မှာရှိတယ်လေ"

"ဟဲ့ ... ကောင်ဆိုးလေး ... နင့်မိန်းမ ဘယ်မှာလဲ ငါ့ကိုပြစမ်း ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ ... ကြီးကြီးခက်၊ ပါတိတ်ဝမ်းဆက်လေးနဲ့ထိုင်နေတာ ကျွန်တော့်မိန်းမ ..."

"ဟယ် ... ရိုင်းလေးရယ် ... ကောင်မလေးက ကျစ်ဆံမြီးလေးနဲ့ချစ်ဖို့ကောင်းလိုက်တာ ... ကြည့်စမ်း ... ဒီလို ကျက်သရေရှိတဲ့ကောင်မလေးကို နင်မတရားအနိုင်ကျင့်ပြီး ခေါ်လာတာလားဟင် ... အဲလိုခေါ်လာရင် နင်ထောင်ကျမှာနော် ... ရိုင်းလေး၊ နင် ... ထောင်ကျမှာ ..."

"ဟား ... ဟား ..."

ပခုံးစွန်းပေါ်က ဆံပင်ခွေခွေလေးတွေ၊ ဘယ်ညာယမ်းသွားအောင်ကိုပဲ ခွက်ထိုးခွက်လှန်လေး ရိုင်းကရယ်သည်။

ဒါကို သခင်က ပြုံး၍ ...

"မဟုတ် ... မဟုတ်ပါဘူးကြီးကြီးခက် ... ရိုင်းက မခေါ်ချင်လို့တောင် သခင်က အတင်းလိုက်ခဲ့ရတာပါ ... ရိုင်းက သခင့်အပေါ်မှာကောင်းပြီး ကျေးဇူးရှင်လည်းဖြစ်နေလို့ပါ ..."

"သခင် ... ဟုတ်လား ..."

"ဟုတ်ပါတယ် ကြီးကြီးခက် ... သခင့်နာမည်အရင်းက မောင့်သခင်ပါ ..."

ဆင်းရဲပေမယ့် ... ဖြူစင်ရိုးသားကဲ့မျက်နှာထားကိုပိုင်ထားတဲ့ ကြီးကြီးခက်မို့ ... တွေ့လိုက်တာနဲ့ ဆွေမျိုးရင်းချာသဖွယ် ကြီးကြီးခက်ကို ခင်သွားသည်။

သခင့်ဘဝလေးကိုလည်း ကြီးကြီးခက်သိအောင် ပြောမိ၏။

"ဘုရားရေ ... သမီးလေးကို ထမင်းဆိုင်မှာ ငွေတစ်သိန်းနဲ့အပေါင်သဘောမျိုးထားခဲ့လို့ ... မခံချင်စိတ်နဲ့ ရိုင်းလေးက ရွေးပေး





ခဲ့တာ ဟုတ်လား ... ဖြစ်မှဖြစ်ရလေ သမီးလေးရယ် ... ဒီလို ကိုယ့်သမီးကိုတောင် မညှာမတာ ငွေတစ်သိန်းနဲ့ထားခဲ့တဲ့မိန်းမက အမေအရင်းမဟုတ်ဘူးလားဟင် ... မိထွေးလား ..."

"မဟုတ်ပါဘူးကြီးကြီးခက် ... သခင့်ကို အနီးထုတ်ကလေးနဲ့ မီးရထားသံလမ်းပေါ်က ကောက်ရလို့ မေကြီးကမွေးစားခဲ့တာပါ၊ သခင်က ... မွေးစားသမီးပါ ကြီးကြီးခက်ရယ် ..."

"အို ... ကြည့်စမ်း ..."

ချက်ချင်းကိုပဲ ကြီးကြီးခက် မျက်ဝန်းတွေ အရောင်တဖျတ်ဖျတ်လက်သွားရပြီ။

အနှီးထုတ်လေးနဲ့ မီးရထားသံလမ်းပေါ်က ကောက်ရခဲ့တဲ့သမီးလေး။

အနှီးထုတ်လေးနဲ့မီးရထားသံလမ်းပေါ်က ကောက်ရခဲ့တဲ့သမီးလေး။

သမီးလေး ... သမီးလေး ... သမီးလေး ... သမီးလေး ...

"စိမ်းခက်နော် ... ငါတို့ကိစ္စထဲမှာ ညည်းဘာမှဝင်ရှုတ်နေစရာမလိုဘူး၊ ငါက ပစ်ဆိုတဲ့နေရာရောက်ရင် ဒီကလေးကို ညည်းပစ်ထားခဲ့ ..."

"အဟင့် ... မမကြီးရယ်၊ ကလေးလေးက သနားဖို့အရမ်းကောင်းနေလို့ စိမ်းခက်ပြောနေတာပါ ... အဲဒီခြံကြီးမှာ စိမ်းခက်တို့က ထမင်းချက်သန့်ရှင်းရေးအဝတ်လျှော် အိမ်ဖော်မတွေပါ၊ စိမ်းခက်တို့ အလုပ်သမားတွေကို နှိပ်စက်ခဲ့တဲ့ ဒီကလေးရဲ့အမေကလည်း မီးတွင်းထဲမှာ ဆုံးခဲ့ပြီဆိုတော့ ..."

"ညည်း ... လျှာမရှည်နဲ့စိမ်းခက် ... ငါညီမက မွေးတဲ့သမီး



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးနဲ့ ဒီကလေးကိုလဲခဲ့တာ ... ဖွားမြတ်ထိပ်ထားဆီက အမွေတွေအားလုံးကို ငါတို့တူမလေးတစ်ယောက်တည်းရအောင်လဲ ခဲ့တာ ... ဒီကလေးဟာ ငါတို့အိမ်ဖော်အလုပ်သမားတွေ တူးခါးနေ အောင်မုန်းခဲ့တဲ့မိန်းမတစ်ယောက်ရဲ့သွေး ... ဖွားမြတ်ထိပ်ထားရဲ့ အမွေတွေအားလုံးကို ဒီမိန်းမရဲ့သွေးက ဆက်ခံလို့မဖြစ်ဘူး ... သွား သွား ... ဟိုမီးရထားသံလမ်းပေါ်မှာ ပစ်ထားခဲ့ ... ”

“အဟင့် ... မလုပ်ပါနဲ့ ... ”

“စိမ်းခက်ရယ် ... ညည်းတငိုငိုတရီရီလုပ်နေတာနဲ့ပဲ ဘေးလူ တွေသိကုန်တော့မယ်၊ ပေး ... ပေး ... ကလေးငါ့ကိုပေး ... ”

စိမ်းခက်လက်ထဲက ကလေးကို မမကြီးက အတင်းဆွဲလု သည်။

စိမ်းခက်မကြည့်ရက်လို့ မျက်လုံးလေးပိတ်ပြီး တဟင့်ဟင့်နဲ့ ရှိုက်ငိုနေစဉ်မှာ ကလေးလေးက အနီးထုတ်ကလေးနဲ့ မီးရထားသံ လမ်းပေါ်ကို ရောက်သွားခဲ့ပြီ။

“ပဲပြုတ် ... ”

“ဟယ် ... စိမ်းခက် ... ပဲပြုတ်သည်တစ်ယောက် စောစော စီးစီး ဒီဘက်ကိုလျှောက်လာနေပြီ ... သွား ... သွား နောက်လှည့် မကြည့်နဲ့ မြန်မြန်သွား ... ”

“အဟင့် ... ဟင့် ... ဟင့် ... ”

“အဟင့် ... ဟင့် ... ဟင့် ... ”

အဲဒီတုန်းက စိတ်ကောင်းရှိပြီး သနားတတ်သည့်စိမ်းခက်။

မျက်ရည်ကျခဲ့ရတာ ဘယ်လောက်ပဲနှစ်တွေကြာကြာ မေ့ နိုင်ပါတော့မလား။ ချမ်းသာသူနှင့်ဆင်းရဲသူ။ အလုပ်ရှင်နဲ့အလုပ်





သမား။ အချစ်အမုန်းလောကသံသရာကြားထဲက အလိုရမ္မက်ကြီးမှု ကလဲ့စားချေလိုမှု။

ခုတော့ ... နှစ်ပေါင်းများစွာ မေ့ထားခဲ့တဲ့ပုံရိပ်လေးတစ်ခု က ကြီးကြီးခက်ရှေ့မှာ ရှင်သန်ထမြောက်လို့ လာခဲ့ရပါပြီ။

အနီးထုတ်ကလေးနဲ့မီးရထားသံလမ်းပေါ်က ကောက်ရ လာခဲ့သည့် မိန်းကလေးတဲ့။

ကြည့်ပါဦး ...

နာမည်လေးကတောင် မောင့်သခင်တဲ့လေ။

အတိတ်၊ နိမိတ်၊ အရိပ်တွေက ချေဖျက်ချန်ထားလို့ရော ကျန် ခဲ့ရမှာတဲ့လား။ မျက်နှာထားလေးကအစ မျက်တောင်နက်နက်ကြီး တွေ ကော့ရှည်ပိုင်းရံနေတာလေးကအစ ... ဆယ်သက်သုံးမကုန် အောင် ကျိုကျိုတက်ချမ်းသာသော ဖွားမြတ်ထိပ်ထားနဲ့တစ်ထေရာ တည်းတူနေခဲ့ပါသော မိန်းကလေး။

“ဟာ ... ကြီးကြီးခက် သခင့်ကို မျက်တောင်မခတ်ဘဲ စိုက် ကြည့်ပြီး ဒီလောက်တောင် ဘာတွေစဉ်းစားနေတာလည်းဗျ”

“အို ... ဘာမှ ... မဟုတ်ဘူး ... ဘာမှမဟုတ်ဘူး ... ”

မျက်တောင်တွေ တဖျတ်ဖျတ်ပုတ်လျှက် ခေါင်းကလေးခါ ငြင်းလိုက်ရပေမယ့် ကြီးကြီးခက်အပြုံးလေးတွေက ကြည်နူးပီတိ တွေ သွန်းဖြိုးရွှာဖွေရလေသည့်နှယ်။

ဒါကိုမသိတဲ့ သခင်တို့နှစ်ယောက်ကတော့ ...

ကြီးကြီးခက် ပြန်ဆင်းသွားတာနဲ့ ...

“ကဲ ... သခင် မင်းအိပ်တော့ ... ”

“ဟင် ... ရှင်က ဘယ်သွားမလို့လဲ ... ”



www.burmeseclassic.com

www.burmeseclassic.com



"မသွားပါဘူး ... ဟိုနံရံလေးမှာ မှီပြီးတော့ မင်းအိပ်ပျော်သွားတဲ့အထိ ငါစောင့်ပေးမှာ ... အားရှိသွားအောင် စိတ်ချလက်ချလေး မင်းအိပ်လိုက်ပါ ... "

တွေ့လား ...

အဲလိုလည်း မာနကြီးသေးတဲ့ ရိုင်း။

သခင် နှုတ်ခမ်းလေးကို တွန့်မိသည်။

တကယ်ပါ ... သခင်ကတော့ ရိုင်းပုံစံလေးနဲ့မျက်နှာထားလေးကို မြင်လိုက်ရကတည်းက စိတ်ထဲမှာ ခင်တွယ်မိသလိုလေး ဖြစ်သွားပြီး ... ရိုင်းဆိုတဲ့ ခပ်မိုက်မိုက်ကောင်လေးတစ်ယောက်ရဲ့ မာနမျက်ဝန်းပြာတွေကို လေးစားသဘောကျခဲ့ရတာလေ။

ဒါကိုတောင် ကျေးဇူးရှင်က မခေါ်ဘဲလှည့်ထွက်သွားလို့ ပတ်ဝန်းကျင်ရဲ့ဝေဖန်ကဲ့ရဲ့မှုတွေအောက်မှာ မထူးစိတ်ပိုက်ပြီး လိုက်ခဲ့ရတာ။

"ဒီမှာ ... ဒီမှာ ... ခဏလေးတော့ ကျွန်မပြောတာကို ရှင်နားထောင်ပါဦး ... အိပ်တာက ဘယ်အချိန်အိပ်အိပ်ဖြစ်တယ် နားလည်လား ... "

"ဟင် ... မင်းဘာပြောချင်လို့လဲ ... "

သခင် ခပ်စွာစွာလေသံလေးနဲ့ပဲ ရိုင်းကိုပြောမိသည်။

ဟွန်း ... မပြောလို့ရမလား လာတုန်းကလည်း ကျောပိုးအိတ်အဟောင်းလေးကိုလွယ်ပြီး ... တအံ့တဩပိုင်းကြည့်စပ်စုနေကြတဲ့ မျက်လုံးတွေအောက်ကနေ မပြေးရုံတမယ်လေး သူ့နောက်ကိုလိုက်ခဲ့ရတာ။

ဒါ ... မိန်းကလေးတစ်ယောက်ရဲ့အဆုံးမဲ့ ပေးဆပ်မှုပါ။





မာနတွေ၊ ဂုဏ်သိက္ခာတွေ၊ ကိုယ်ကျင့်တရားတွေ၊ မွန်မြတ်သန့်စင်မှုတွေအားလုံးကို ချွင်းချက်မရှိ ပုံအောလောင်းကြေးထပ်ခဲ့တာ။ ဒါကို ... သူ့ဘက်က ကျေနပ်စွာ ခေါင်းညိတ်လက်ခံသဘောတူပေးဖို့လိုတယ်။

သခင် ... သူ့ကိုမေးချင်တာလည်း ဒါပဲ ... ။

သခင် မော့ကြည့်လိုက်တော့ သူက ... သခင့်ကိုမကြည့်ဘဲ မျက်လွှာသိမ်းကာ ခေါင်းကိုချက်ချင်းငုံ့ချပစ်သည်။

"ဒီမှာ ... ရှင်ကျွန်မကို ကြည့်ပြီးစကားပြောလေ၊ ဘာဖြစ်လို့ ခေါင်းငုံ့ချပစ်လိုက်ရတာလဲ ... "

"ငါ ... မကြည့်ရဲဘူး ... "

"ဘာ ... "

"ငါဘယ်လောက်ပဲမိုက်မိုက် အများနဲ့တစ်ယောက်ပဲရိုက်ရရိုက်ရ ... မိုက်ရဲရိုက်ရဲပေမယ့် ... မိန်းကလေးတစ်ယောက်ကို စိုက်မကြည့်ရဲတာ ငါ့ရဲ့ညံ့ဖျင်းမှုပါ ... ယောကျ်ားမပီသဘူးလို့ ငါ့ကိုရှုံ့ချမယ်ဆိုရင်လည်း ငါခံမယ် ... ရှင်းတယ်နော် ... "

"ရှင် ... ရှင် ... ဘာလို့ အဲလိုဖြစ်နေတာလဲ ... "

"လူမှန်းသိတတ်စ အရွယ်လေးကတည်းက တစ်ခုခုကို သိမ်ငယ်သလိုခံစားရတဲ့ စိတ်ကြောင့်ပဲဖြစ်မယ်ထင်တယ် ... ပြောရရင် သုံးတန်းလေးတန်းတက်တဲ့ အရွယ်လောက်ကပေါ့ ... ကျောင်းကို လွယ်အိတ်လေးစလွယ်သိုင်းပြီးသွားတက်တော့ ခါးပိုက်နှိုက်သား၊ ဖဲလိမ်မိစ္ဆာသားဆိုပြီး အထင်သေးအမြင်သေးနဲ့ဝိုင်းပယ်တာကို ငါခံခဲ့ရတယ် ... ဘောလုံးကန်ရင်လည်း ငါ့ကိုအပါမခံလို့ ဒေါသတွေမခံချင်စိတ်တွေနဲ့ မျက်ရည်လေးဝဲပြီး ငါလှည့်ထွက်ခဲ့ရတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဂေါ်လီရိုက်တာ၊ ဂျင်ပေါက်တာ ငါ့ကိုအပါမခံလို့ပေါက်ကွဲပြီး လက်သီးနဲ့ထိုးခဲ့တာလည်းငါပဲ ... အဲဒီအရွယ်ကတည်းက သိမ်ငယ်စိတ်ဝင်ပြီး မိန်းကလေးဆိုရင် ငါမကြည့်ရဲတော့တာ ... ”

“အခုလည်း ... ရှင် ကျွန်မကို ဘယ်နှစ်ခါ စိုက်ကြည့်ဖူးလဲ”

“တစ်ခါတည်း ... ”

“ဟင် ... ဘယ်တုန်းကလဲ ... ”

“ထမင်းဆိုင်မှာ ပန်းကန်တွေ မင်းလွတ်ကျကွဲသွားတဲ့နေ့က”

ဒါတော့ ... ဟုတ်မှာပါ။

အဲဒီနေ့က စူးစိုက်ကြည့်နေတဲ့သူ့မျက်ဝန်းတွေနဲ့ အထိတ်တလန့်ဆုံလိုက်ရလို့ ယောင်ပြီး ... လက်ထဲက ပန်းကန်တွေကို သခင်လွှတ်ချလိုက်မိတာပါ။

“ဟွန်း ... ဒါကျတော့ ရှင်မှတ်မိတယ်နော် ... ”

“မိုးကောင်းကင်ကြီးပေါ်ကို မော့ကြည့်လည်း အဲဒီပုံရိပ်လေးကိုမြင်တယ် ... မီးကင်းတဲလေးရဲ့အမိုးမှာလည်း အဲဒီအရိပ်လေးက ပုံတူဆွဲထားသလို စွဲနေတယ် ... ခေါင်းခါငြင်းထုတ်လည်း မရဘူး၊ မျက်လုံးတွေပိတ်ချလိုက်ရင်လည်း မျက်ခွံအမိုးအောက်က အမှောင်ထဲမှာ ဘယ်လိုလုပ်မလဲ ... မင်းငါ့ကို အချိန်တိုင်းမှာဒုက္ခပေးခဲ့တာ ... ”

“ဟွန်း ... ”

သခင့်နှုတ်ခမ်းလေးမဲ့သွားရပြန်ပြီ။

ဒီလိုအမှန်အတိုင်း ဝန်ခံတာလေးကျတော့ ဘယ်ဆိုးလို့လဲ။

“ရှင့်ကို ဒီလိုဖြစ်အောင် ကျွန်မလုပ်ခဲ့တာမဟုတ်ဘူးလေ”

“ငါက လမ်းပေါ်က ကောင်ပါ ... ”

ဖိုးလပြည့်စာပေ



“ဟာ ... ဒီစကားကို ရှင်ခဏခဏမပြောနဲ့လေ ... ကိုယ့်ကိုယ်ကိုယ် နှိမ်ချပြီးပြောတာ ကျွန်မအမုန်းဆုံးပဲ ... ရှင်ဘယ်လိုပဲလမ်းပေါ်မှာနေခဲ့ ... နေခဲ့ ရှင်နေခဲ့ရတဲ့ဘဝကို ကျွန်မစိတ်ဝင်စားတယ်”

“ဝေဖြာက ... ငါ့ထက်ပိုပြီး စိတ်ဝင်စားဖို့ကောင်းမယ်ထင်တယ် ... ”

“ဘာပြောတယ် ... ”

ကြည့်ပါဦး ... ဝေဖြာတဲ့။

ဒါ ... ဒါ ... သူပြောစရာလား။ သခင့်ရဲ့စိတ်ဝင်စားမှုတွေကို ပိုက်ဆံချမ်းသာတဲ့ ဝေဖြာလိုလူမျိုးတစ်ယောက်နဲ့ အလွယ်တကူလဲပစ်နိုင်စရာလား။ သခင်ရဲ့စိတ်ဝင်စားမှုတွေကို သူဘာဖြစ်လို့ မသိချင်ဟန်ဆောင်ပြီး ငြင်းပစ်လိုက်ရတာလဲ။

“ဒီမှာ ... ဒီမှာ ... ရှင် ... ဟိုလိုလို ဒီလိုလိုနဲ့စကားလမ်းကြောင်းတွေ လျှောက်လွှဲပစ်မနေနဲ့၊ ကျွန်မအခုလိုက်ခဲ့တာ ဝေဖြာ့နောက်ကို လိုက်ခဲ့တာမဟုတ်ဘူး ... ရှင့်နောက်ကို လိုက်ခဲ့တာ”

“အေး ... မင်းက လိုက်ခဲ့ပေမယ့် ... ငါက မင်းဒုက္ခရောက်မှာစိုးလို့ ကူညီနေတာ၊ မင်းအတွက် အဆင်ပြေအေးချမ်းမဲ့အရိပ်တစ်ခုရရင် ငါ့ဆီက အချိန်မရွေး စွန့်ခွာသွားလို့ရတယ် ... ဒါ ... ငါ နောက်ဆုံးပြောချင်တဲ့စကားပဲ ... ”

“ဘုရားရေ ... ”

သခင်ကတောင် အချိန်မရွေး စွန့်ခွာသွားလို့ရနိုင်သေးသတဲ့။

ဒါဆို ... ရှင်က ... ကျွန်မကို ...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ခက်မာရယ် … ကိုယ့်ညီမလေးကို ညည်းဒီလောက်တောင် ရက်ရက်စက်စက်ပြောလိုက်ရသလားဟင် … ခက်မာရဲ့ ညည်းက လက်မခံနိုင်တော့ဘူးဆိုတာ အပြတ်ပြောလိုက်လို့ မိုက်ရှိုင်းနောက်ကို ငါ့သမီးလေးလိုက်သွားရတာပဲနေမှာ … အခုဆိုရင် ငါ့သမီးငယ်လေး … ငါ့သမီးငယ်လေး … အဟင့် … ဟင့် … "

စိတ်ကို ဘယ်လိုမှထိန်းချုပ်မထားနိုင်တော့တာမို့ အင့်ခနဲ ငိုချလိုက်ရတာက ဒေါ်နုဝေရယ်ပါ။ ခက်မာကတော့ ထုံးစံအတိုင်း မျက်နှာထားမင့်မင့်လေးနှင့် မျက်နှာကိုမဲ့ထားသလို အိမ်ရှေ့ခန်းမှာ ခေါက်တုန့်ခေါက်ပြန်လျှောက်ရင်း စိတ်တွေက မငြိမ်သက်နိုင်အောင်ဖြစ်နေသည်။

"အမေရယ် … အခုဖြစ်နေတဲ့ပြဿနာတွေကို အမေဘာမှ မသိဘဲနဲ့ပြောမနေပါနဲ့ အမေ့သမီး … မောင့်သခင်ကြောင့် သမီးစိတ်တွေ ဘယ်လောက်တုန်လှုပ်နေရတယ်ဆိုတာ အမေသိလို့လား ဒီမှာလေ … ဒီမှာလေ … ဒီတယောပုံလေးပါတဲ့ မဟူရာဆွဲကြိုးလေး





ကြောင့် မေပျိုတို့အိမ်မှာ သမီးပြဿနာတက်လာခဲ့ရပြီအမေရဲ့"

"ဘာ … ဘာပြောတယ် … မဟူရာသားနဲ့ထွင်းထားတဲ့ တယောပုံဆွဲကြိုးလေးကြောင့် ပြဿနာတက်နေပြီဟုတ်လား … ဘယ် … ဘယ်လိုပြဿနာလဲ … အမေ့ကိုပြောစမ်း …"

"မေပျိုလေ … မေပျိုရဲ့အဖွား … သူဌေးမကြီး ဒေါ်မြတ်ထိပ်ထား …"

ခက်မာ စကားမဆက်နိုင်ပါ။

ဖြစ်ခဲ့ရတာ အိပ်မက်တွေလား …

မထင်မှတ်တဲ့ တိုက်ဆိုင်မှုတွေဟာ ဒဏ္ဍာရီတွေလား။

ထုံးစံအတိုင်း မေပျို့အိမ်ကို ခက်မာရောက်သွားတော့ …

"ဟင် … ဖွားမြေးလေး ခက်မာလာတယ် ဟုတ်လား … မေပျိုမှမရှိတာ ဖွားမြေးလေးတစ်ယောက်တည်း ဘယ်ကလာတာလဲ"

ပန်းကွက်အလှတွေဖော်ထားတဲ့ အကောင်းစား ကျွန်းကနုတ်ဆက်တီခုံမြင့်ကြီးပေါ်မှာ အဖြူရောင်အိစက်နေတဲ့ သိုးမွှေးအနွေးထည်ကြီးကိုဝတ်လျှက် ဖွားမြတ်ထိပ်ထားက စိတ်ပုတီးစိပ်နေသည်။

ခက်မာဝင်လာတာကိုမြင်တော့မှ မျက်နှာလေးနဲ့လည်တိုင်လေးဆီကို စိုက်ကြည့်လျှက် စိတ်လှုပ်ရှားစွာ မေးလိုက်တာပဲဖြစ်သည်။

"ဒီနေ့ကျောင်းပိတ်ရက်မို့ မေပျို့ဆီကို သမီးလာလည်တာပါဖွားရဲ့ … မေပျိုမရှိဘူးဆိုရင်တော့ သမီးပြန်ရတော့မှာပေါ့"

"အို … မပြန်နဲ့လေ ဖွားမြေးလေး … ဘယ်သူမှမရှိတုန်း



www.burmeseclassic.com

www.burmeseclassic.com



မြေးလေးကို ဖွားမေးစရာရှိလို့ ... ”

“ရှင် ... ဖွား ... ”

ဖွားက ဒီနေ့မှ ထူးထူးဆန်းဆန်းမေးစရာရှိလို့တဲ့။

“လာပါဦးမြေးလေးရယ် ... ဖွားအနားကို တိုးပါဦး၊ အဟင်း ဟင်း ... ဟင်း ... ဖွားကလေ မြေးလေးခက်မာကို စတွေ့တဲ့နေ့ကတည်းက မြေးလေးလည်ပင်းမှာဆွဲထားတဲ့ တယောပုံမဟူရာဆွဲကြိုးလေးကို စိတ်ဝင်စားနေတာ ... အဲဒါ ... အဲဒါလေးကို ဖွားကိုင်ကြည့်ချင်လို့ ... ”

“ဩော် ... ဖွားရယ်၊ သမီးကဘာများလဲလို့၊ ကိုင်ကြည့်လေ ဖွား ... ဒီဆွဲပြားလေးပါတဲ့ကြိုးက ဘာထူးဆန်းလို့လဲ ... ”

ခက်မာ ... ဖွားမြတ်ထိပ်ထားရှေ့ကိုတိုးရပ်ကာ ခေါင်းကလေးကိုငုံ့လိုက်တော့ ဆွဲပြားလေးက ရှေ့ကိုတန်းလန်းလေး ထွက်ကျလာသည်။

“ဒါ ... ဒါ ... ဖွားမြေးလေးအတွက်ရည်ရွယ်ပြီး ဖွားကိုယ်တိုင် ပေးခဲ့တဲ့ပစ္စည်းလေး ... မြေးလေးမေပျို ဒီအိမ်ကိုရောက်လာခဲ့တဲ့အချိန်ကတည်းက ဒီဆွဲကြိုးလေးပျောက်နေလို့ ဖွားသံသယဖြစ်လာခဲ့တာ ... ဖွားမြေးအစစ်ဆိုရင် ဒီဆွဲကြိုးလေးရှိနေရမယ်၊ မြေးလေးခက်မာ ... ဖွားကိုအမှန်အတိုင်းဝန်ခံစမ်းပါ၊ မြေးလေးခက်မာကို ရထားသံလမ်းကြီးတစ်ခုပေါ်မှာ ပစ်ထားခဲ့လို့ မြေးလေးအမေက မြေးလေးကို မွေးစားခဲ့တာလား ... ”

“ရှင် ... ဖွား ... ”

ခက်မာ တုန်လှုပ်စွာနဲ့ပဲ တစ်ကိုယ်လုံးအေးစက်လို့သွားခဲ့ရပြီ။





ခက်မာကို မီးရထားသံလမ်းပေါ်မှာ ပစ်ထားခံလိုက်လို့ သူများတွေက မွေးစားခဲ့တာလားတဲ့ ခက်မာဘယ်လိုဖြေရမလဲ။

“ဖွား ... ဖွားက ဒါတွေဘယ်လိုလုပ်သိနေတာလဲ”

“ဖွား ... ဖွားကို ကောင်မလေးတစ်ယောက်က ဖုန်းဆက်ပြောလို့ ဒီသံသယတွေ ဖွားဖြစ်ခဲ့ရတာ၊ ဖွားမြေးအရင်းလေးက မေပျိုမဟုတ်ဘူးတဲ့ ... ကလေးချင်းလဲပြီး ဖွားမြေးလေးကို ရထားသံလမ်းမှာ ပစ်ထားခဲ့ပြီတဲ့ ... မေပျိုလေး သုံးနှစ်သမီးအရွယ်လောက်အရောက်မှာ ဖွားကိုဖုန်းဆက်ပြောသွားတာ ... ဒီကိစ္စကို သိတဲ့ ဖွားအိမ်က အလုပ်သမား ... မမကြီးကလည်း ရောဂါနဲ့ဆုံးသွားခဲ့ပြီဆိုတော့ ... သံသယတွေနဲ့ပဲ ဒီအချိန်ထိ ဖွားနေလာခဲ့ရတာပါ မြေးလေးရယ် ... အခု ... ဖွားရှေ့ကိုရောက်နေတဲ့မြေးလေးသာ ဖွားမြေးအရင်းဖြစ်ခဲ့ရင် ဖွားရဲ့အမွေတွေအားလုံး မြေးလေးခက်မာကိုပဲ ဖွားပေးမယ် ... ပြောပါ၊ ဒီဆွဲကြိုးလေးကို မြေးလေးငယ်ငယ်လေးကတည်းက လည်ပင်းမှာဆွဲလာခဲ့တာလား ... ”

“ရှင် ... ”

ဆွဲကြိုးလေးမှာ တွဲလောင်းလေးကျနေတဲ့ မဟူရာတယောပုံဆွဲပြားလေးကိုကြည့်ကာ ဒေါ်မြတ်ထိပ်ထား တစ်ကိုယ်လုံး တုန်ရီအေးစက်လို့လာခဲ့ရပါပြီ။ ဒီဆွဲပြားလေးဟာ ဘိုးဘွားအစဉ်အဆက်ထိန်းသိမ်းစောင့်ရှောက်လာတဲ့ဆွဲပြားလေး ... ငွေကြေးအရ တန်ဖိုးသိပ်မရှိလှပေမယ့် အစဉ်အဆက်ပိုင်လာခဲ့တဲ့ပစ္စည်းလေးမို့ တန်ဖိုးထားပြီး ... မြေးဦးလေးရဲ့ လည်ပင်းလေးမှာ ချိတ်ဆွဲထားဖို့ သမီးမြဆံနွယ်ရဲ့လက်ထဲကို ဒေါ်မြတ်ထိပ်ထားကိုယ်တိုင်ပေးထားခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



မီးဖွားရင်း မြဆံနွယ်ဆုံးသွားခဲ့တော့ ဒေါ်မြတ်ထိပ်ထား လက်ထဲကိုရောက်လာတဲ့ မြေးဦးလေးမေပျိုကိုပဲ ဆွဲပြားလေးမပါခဲ့ပေမယ့် လက်ခံထားခဲ့ရတာပါ။

ခုတော့ ... ပျောက်ဆုံးနေခဲ့တဲ့ ဆွဲပြားလေးက မြေးလေး ခက်မာရဲ့လည်တိုင်လေးမှာ ကြော့ကြော့မော့မော့ကလေး။

"ဖြေလေ ... မြေးလေး၊ ဖွားမေးတာကို ဖြေလေ ..."

"ဟိုလေ ... ဖွား၊ ဟိုဥစ္စာလေ ... အင်း ... အဲ ..."

ဖွားမြတ်ထိပ်ထားက မေးလေ မျက်နှာတွေပျက်ပြီး ခက်မာ ဒုက္ခရောက်ရလေဖြစ်နေသည်။ တကယ်တော့ ဒီဆွဲပြားလေးဟာ သခင်ငယ်ငယ်လေးက သူ့လည်ပင်းကလေးမှာ ဆွဲလာတဲ့ဆွဲပြားကလေးပါ။

"သခင် ... နင့်ဆွဲပြားလေး ငါ့ကိုပေးစမ်း ..."

"ဟင် ... မလုပ်ပါနဲ့ ဒီဆွဲပြားလေးကို သခင်ပိုင်တာ၊ မေကြီးကလည်း သခင့်ကိုကောက်ရတုန်းက ပါလာခဲ့တဲ့ပစ္စည်းလေးမို့ သခင်ကို ဆွဲထားရမယ်ဆိုပြီးပေးထားတာ ..."

"နင်နဲ့မတန်လို့ ငါတောင်းနေတာ၊ တယောပုံလေးကို ငါသဘောကျတယ် ... ပေး ... ပေး၊ နင်မပေးရင် နင့်လည်ပင်းကို ငါညှစ်မှာနော် ..."

သခင် ... ရှစ်တန်းတက်တဲ့နှစ်က ခက်မာတောင်းလို့ သခင်ကလည်း ကြောက်ကြောက်လန့်လန့်နဲ့ ခက်မာကိုပေးခဲ့တာ။

သည်တုန်းကတည်းက ခက်မာသဘောကျပြီး ဆွဲလာခဲ့တဲ့ ဆွဲပြားလေး။

အခု ... ဖွားမြတ်ထိပ်ထားက မေးနေပြီ။





နောက်ဆုံးမှာတော့ သခင်ချမ်းသာသွားမှာကို စိုးရိမ်ပြီး ခက်မာ မနာလိုစိတ်တွေနဲ့ ဖြေလိုက်တာက ...

"ဟုတ် ... ဟုတ်တယ်ဖွား ... ခက်မာ ... ခက်မာကို မီးရထားသံလမ်းပေါ်ကကောက်ရလို့ မေကြီးကမွေးခဲ့တာ၊ ဒီ ... ဒီဆွဲပြားလေးကလည်း ခက်မာကိုကောက်ရတုန်းက ပါလာတဲ့ဆွဲပြားလေး ..."

"ဘုရားရေ... ဒါ ... ဒါဆို ... ဖွားရှေ့ကို အခုရောက်နေတာ ဖွားမြေးလေးပေါ့၊ မြေးလေး ... ဖွားမြေးလေး ... အဟင့် ... ဟင့်ဟင့် ..."

ခက်မာတစ်ကိုယ်လုံးကို အားရပါးရ သိမ်းကျုံးပွေ့ဖက်ပြီး တဟင့်ဟင့်နဲ့ရှိုက်ငိုနေတဲ့ ဖွားမြတ်ထိပ်ထား။ အခု ... အဲလိုတွေဖြစ်ပြီး အချောင်ချမ်းသာတော့မယ့်ကိစ္စတွေကို မေကြီးသိလို့လား။

"ဒါ ... ဒါဆို ... ဒေါ်မြတ်ထိပ်ထားဆိုတဲ့ သူဌေးမကြီးကို သခင့်အယောင်ဆောင်ပြီး ... ညည်းက လိမ်လာတာပေါ့၊ ညည်းကိုယ်ညည်း ဒီဆွဲပြားလေးအချောင်ဆွဲခွင့်ရသွားတာနဲ့ သူဌေးမကြီးရဲ့မြေးအရင်းဖြစ်ချင်သွားပြီပေါ့ ... ဒါကြောင့် သခင်ဒုက္ခရောက်ပြီး ဒီအသိုင်းအဝိုင်းထဲကနေ ပျောက်ကွယ်သွားအောင် မိုက်ရိုင်းဆိုတဲ့ လမ်းပေါ်ကကောင်လေးနောက်ကို ညည်းတမင်ထည့်လိုက်တာ"

"ဟား ... ခက်မာချမ်းသာရင် အမေလည်းချမ်းသာမှာလေ၊ ဒီကိစ္စမှာ အမေကိုယ်တိုင်လိမ်ပေးမှဖြစ်မယ်၊ ခက်မာကိုသံလမ်းပေါ်က ကောက်ရတဲ့ကလေးပါဆိုပြီး အမေပြောလိုက်ရင် ဖွားမြတ်ထိပ်ထားကယုံသွားမှာ ... အခုလည်း အမေ့ကိုခေါ်ပြီး တိုးတိုးတိတ်တိတ်ပြန်လာခဲ့ပါလို့ ဖွားကမှာလိုက်တယ်၊ ဒီကိစ္စကို လျှို့ဝှက်ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့မြေးလေးကို ဖျောက်ဖျက်လူစားလဲခဲ့တဲ့ တရားခံတွေကိုမြေ လှန်ပြီး ဖွားကရှာတော့မှာ ... ဒါပြီးတာနဲ့ အမေ့သမီးခက်မာက ဖွားမြတ်ထိပ်ထားရဲ့မြေးဖြစ်သွားပြီ ... ဟား ... ဟား အဲဒီအခါကျ တော့မှ နောက်ဆုံးပေါ်ကားကြီးတွေစီးပြီး လက်မထောင်ပြမယ်ကွ ဟား ... ဟား ... ”

အိမ်ရှေ့ခန်းမှာပင် ကိုယ်လေးကိုတစ်ပတ်လှည့်ရမ်းကာ ခက်မာပျော်နေသည်။ ဆင်းရဲတဲ့ဘဝကနေ ဒီလိုတိုက်ကြီးခြံကြီးထဲ ကို ခဏလေးနဲ့ရောက်သွားရတယ်ဆိုတာ ဟိုဘဝတုန်းက ကောင်းမှု ကုသိုလ်တွေ ခက်မာအများကြီးလုပ်ထားခဲ့လို့ပဲ ဖြစ်မှာပေါ့။

ဒီလိုဖြစ်ဖို့ လွယ်သလား။

ရွှေခြေနင်းနဲ့ စကြာယဉ်က ခက်မာအတွက် မိုးပေါ်ကနေ ကျလာတာ။

ဟွန်း ... သခင်ဆိုတဲ့ ဟိုဟာမလေးအတွက်တော့ စိတ် မကောင်းပါဘူး။ သူ့ထိုက်နဲ့သူ့ကံပေါ့ ... မိုက်ရိုင်းနောက်ကိုလိုက် သွားလို့ လမ်းပေါ်မှာ ဒုက္ခရောက်၊ အစားဆင်းရဲအနေဆင်းရဲနဲ့ ဟိုမှာ လိုက်တောင်း ဒီမှာလိုက်တောင်း ... လမ်းပေါ်မှာ တပိန်ပိန်တလိမ် လိမ်နဲ့ မွဲခြောက်ပြားကပ်ပြီးတော့ အသေဆိုးနဲ့သေ။

ဟား ... ဟား ...

“ညည်း ... ညည်း ... သခင့်ကို မတရားမလုပ်နဲ့နော် ခက်မာ ညည်းပြောသလိုလည်း ငါလိုက်မလိမ်နိုင်ဘူး ... ညည်းချမ်းသာရင် အမေကိုတောင် အကပ်ခံမှာမဟုတ်တဲ့မိန်းမ ... ညည်းတော်တော် ရက်စက်တဲ့မိန်းမ ... ညည်းကို တက္ကသိုလ်တက်ပါစေဆိုပြီး ဟိုက ပါးရိုက်၊ ဒီကပါးရိုက်နဲ့ နှိပ်စက်သမျှခံ ပန်းကန်တွေဆေးနေရတဲ့





ကောင်မလေးတစ်ယောက်ကိုတောင် ငဲ့ညှာသနားစိတ်လေးနဲ့ ကိုယ်ချင်းစာပြီး ... ညည်းတစ်ချက်လေးလှည့်ကြည့်ခဲ့လို့လား”

ခက်မာလုပ်ခဲ့သမျှတွေကို မခံစားနိုင်တော့လို့ ဒေါ်နုဝေ စိတ်နာနာနဲ့ပြောလိုက်မိတာပါ။ တကယ်လည်း မိဘအပေါ်မှာ ရက် စက်ခဲ့တဲ့သမီးအရင်းပါ။ ကိုယ့်လောဘ၊ ကိုယ့်အတ္တတစ်ခုထဲကို ရှေ့ တန်းတင်ပြီး အမေဝတ်နေတဲ့အဝတ်အစားတွေကိုပေါင်ပြီး မိတ်ကပ် ဝယ်လိမ်းခဲ့တဲ့မိန်းမ။

ဒါကိုတောင် အရှက်မရှိတဲ့မျက်နှာနဲ့ ဒေါ်မြတ်ထိပ်ထားရှေ့ ကို နုဝေဆိုတဲ့မိန်းမက လိုက်ထောက်ခံပေးရမယ်တဲ့လား။ ဟွန်း ဝေးသေးတယ်ခက်မာ ... ညည်းသာ ချမ်းသာသွားလို့ကတော့ လူ တွေလည်းစိတ်ဆင်းရဲ၊ နတ်တွေလည်းစိတ်မချမ်းသာ။ သမီးငယ် လေးသခင်ချမ်းသာသွားတာကမှ လူတွေလည်းပြုံး၊ နတ်တွေလည်း ပြုံး။

“အမေ ... အမေနော်၊ ကိုယ့်သမီးအရင်းကို အမေမပြောနဲ့ နော်၊ ခက်မာကတော့ သခင်ချမ်းသာသွားတာ၊ မကြည့်ချင်လို့ ကိုယ့်ကိုကိုယ်ပဲ ဆွဲကြိုးချသတ်သေပစ်လိုက်မှာ ... သခင်ဆိုတဲ့ ဟာမလေးကို ချမ်းသာအောင် အမေလုပ်မလား၊ သမီးအလောင်း ကို အမေကြည့်မလား ... နှစ်ခုထဲက တစ်ခုကြိုက်တာ အမေရွေး”

ခက်မာ အကြပ်ကိုင်သည်။

ထိုအချိန်မှာ ရိုင်းနဲ့သခင်ကတော့ ...

“အို ... ရိုင်းရယ် ကြည့်ပါဦး ... ကိုယ်တွေခြစ်ခြစ်တောက် ပူနေလိုက်တာ ... ”

“ဟင်း ... ဟင်း ... ”



www.burmeseclassic.com

www.burmeseclassic.com



"ရိုင်း ... "

တဟင်းဟင်းနဲ့ညည်းနေတဲ့ ရိုင်းကိုကြည့်ကာ ငိုသံပါပါလေးနဲ့ ရိုင်းကိုခေါ်မိ၏။ တိုက်ပျက်ကြီးထဲမှာသိပ်ထားရလို့ သခင့်ကိုစိတ်မချဘူးဆိုပြီး နံရံလေးကျောကပ်မှီကာ တစ်ညလုံးမအိပ်ဘဲစောင့်ခဲ့တဲ့ရိုင်း။

ခုတော့ ... နဖူးလေးမှာ တရှိန်ရှိန်နဲ့အပူတွေတက်ပြီး ရိုင်းဖျားခဲ့ရပြီ။

ပိုဆိုးတာက လက်ဖှေ့ထိုးရင်းရခဲ့တဲ့ ဒဏ်ရာလေးတွေက ရိုင်းကိုဒုက္ခပေးခဲ့တာပဲနေမှာပါ ... အဲဒါ ... သခင့်ကြောင့်ပါ။

သခင့်ကို ဒေါ်ထက်ထိပ်ဖျားလို ရက်စက်တဲ့မိန်းမတစ်ယောက်လက်ထဲကနေ ကယ်တင်ခဲ့ချင်လို့ ... သူများတွေရဲ့အထိုးအကြိတ်ကိုခံပြီး ပိုက်ဆံရအောင် ရိုင်းရှာခဲ့တာ။

ကြည့်ပါဦး ...

နေလောင်ထားလို့ ရွှေဝါရောင်လေးသမ်းချင်နေတဲ့ ရိုင်းဆံပင်ရှည်ရှည်လေးတွေက ပခုံးလေးပေါ်မှာ ဖရိုဖရဲ။ နှုတ်ခမ်းလေးတစ်ဖက်ကကွဲလို့ ... မျက်ခုံးတန်းထူထူလေးတစ်ဖက်ပေါ်မှာလည်း ဒဏ်ရာကြောင့် ဖူးရောင်ထလို့။

ရိုင်းနဖူးလေးပေါ်က ဆံပင်လေးတွေကို ကြင်ကြင်နာနာလေး ထိတွေ့သပ်တင်ပေးမိတာ မြတ်နိုးမှုတွေ အနန္တနဲ့ပါ ရိုင်းရယ်။

နဖူးလေးကို ရေပတ်ကလေးနဲ့ပါ သခင်က အုပ်ပေးမိသည်။

"ဟင်း ... ဟင်း ... "

"အို ... မထနဲ့လေ ... ရိုင်း ... "

"မင်း ... မင်း ... ဘာလုပ်တာလဲဟင် ... ငါ့ကို ... "





သခင့်လက်တွေကို ခပ်ဆတ်ဆတ်လေး ရိုင်းပုတ်ထုတ်ချပစ်သည်။

လက်ထဲက ရေပတ်အဝတ်စကလေးပင် အောက်ကိုလွတ်ကျသွားရ၏။ သခင့်မျက်တောင်လေးပင့်ရင်း ရိုင်းမျက်နှာလေးကို အသက်ရှူမှားစွာကြည့်မိသည်။

"ရှင် ... ရှင် ... အရမ်းဖျားနေလို့ ရေပတ်ကလေးအုပ်ပေးနေတာ၊ ရှင်ပြန်လှဲနေလိုက်ပါ ... ခဏနေရင် ရှင်ဆေးသောက်ရမယ်"

"ဟား ... "

ရိုင်း ... ခွေခနဲပြန်လဲကျသွားတာကိုကြည့်ပြီး သခင်ရင်နင့်သွားသည်။

ဒါ ... အဖျားရှိန်အရမ်းပြင်းနေလို့ ရိုင်းပြန်လဲကျသွားတာ။

သခင်ဘာလုပ်ရမလဲ။ သောက်စရာဆေးကလည်း သခင့်ဆီမှာ မရှိပါ။ ဝယ်စရာပိုက်ဆံကလည်း ဝေလာဝေး။ သခင်တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိဖြစ်ကာ တိုက်ပျက်လေးထဲမှာ စိတ်ဓာတ်ကျနေမိတော့၏။

သို့သော် ... ဘာပဲဖြစ်ဖြစ် ရိုင်းအတွက် တစ်ခုခုကိုတော့ သခင်လုပ်ရပါမည်။

အရေးထဲကျမှ တိုက်ပျက်ကြီးဘေးခြံမှာနေတဲ့ ဦးလေးမြနဲ့ ကြီးကြီးခက်ကလည်း ခြံတံခါးသော့ပိတ်ကာ ဘယ်ကိုသွားနေကြမှန်းမသိ။

သခင် ဘယ်သူ့ကိုအကူအညီတောင်းရမလဲ။

ယောင်ချာချာလေးနဲ့စိတ်တွေထူပူပြီး သခင်ထွက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးပေါ်မှာ သခင်တစ်ယောက်တည်း။

ဆေးဆိုင်တစ်ခုခုကိုလည်း မျက်လုံးဝေ့ကာဝေ့ကာ ကျစ်ဆံမြီးရှည်ကြီးတယမ်းယမ်းနဲ့ သခင်လိုက်ရှာနေမိ၏။ သခင့်အခက်အခဲကိုပြောပြပြီး ဆေးဆိုင်လေးမှာ ခြေသလုံးပဲဖက်ရဖက်ရ သောက်ဆေးလေးရဖို့ အကူအညီတောင်းရမှာပါ။

"ကျွဲ ..."

"အမလေး ..."

အနားကို ကားတစ်စီးထိုးရပ်သွားတာမို့ သခင်ကြည့်လိုက်တော့ ...

"အို ..."

တည်ရတုသူငယ်ချင်း ဝေဖြာလေ။

သူက သခင့်ကိုမမျှော်လင့်ဘဲတွေ့သွားတော့ ကားပေါ်ကနေ ကြောင့်ကြောင့်မှော့မှော့လေး ဆင်းလာသည်။

"သခင် ... မင်းတစ်ယောက်တည်းလားဟင် ကို ... ကိုမိုက်ရှိုင်းရော ..."

ဝေဖြာကလည်း တစ်ယောက်တည်း။

သခင် ... ရှေ့မျက်နှာလေးနောက်ထားကာ တည်ရတုသူငယ်ချင်းဝေဖြာဆီကပဲ အကူအညီတောင်းရတော့မည်။

"ဟို ... ဟိုလေ ကိုဝေဖြာ ... ရှိုင်း ... ရှိုင်းဖျားနေတာ၊ သောက်စရာဆေးမရှိလို့ သခင်တစ်ယောက်တည်းထွက်ဝယ်တာ"

ဝေဖြာ ဘာလုပ်ရမလဲ။

သူကလည်း မောင့်သခင်ဆိုတဲ့ကောင်မလေး ရှိုင်းနောက်ကိုပါသွားတာသိလို့ ဒုက္ခရောက်နေမှာစိုးရိမ်ပြီး လိုက်ရှာနေမိတာပါ။





ပြောရရင် ... သခင်ဆိုတဲ့ကောင်မလေးဟာ မိုက်ရှိုင်းလိုကောင်စားလေးနဲ့ တန်လို့လား။

နှုတ်ခမ်းလေးတွန့်ကာ ဝေဖြာပြုံးမိ၏။

"ဟွန်း ... မိုက်ရှိုင်းနောက်ကိုလိုက်သွားတာ မင်းအခု ဒုက္ခရောက်နေပြီမို့လား ... ကိုယ်မင်းကို တစ်ခုပဲပြောမယ်သိလား သခင် ... မင်းအခုချက်ချင်း ကိုယ့်ကားပေါ်ကိုတက်လိုက် ..."

"ဘာ ... ဘာပြောတယ် ..."

သခင် ထိတ်လန့်စွာ မျက်တောင်လေးတွေ ကော့တက်သွားသည်။

"ကိုယ် ... ကိုယ်မင်းကိုချစ်လို့ပြောနေတာသိလားသခင်၊ ကိုယ်မင်းကိုနှမြောတယ်၊ မင်းနဲ့ရှိုင်းဘာမှမဖြစ်နိုင်သေးဘူးဆိုတာ ကိုယ့်စိတ်ထဲက အလိုလိုသိနေတယ် ... ကိုယ်ချမ်းသာပါတယ်၊ တိုက်နဲ့ကားနဲ့တင့်တောင်းတင့်တယ် မင်းကိုကိုယ်ထားနိုင်တယ်၊ ကိုယ်နောက်ကိုလိုက်ခဲ့ရင် အားလုံးကိုရင်ဆိုင်ပြီး ကိုယ်မင်းကို လက်ထပ်မယ် ... ဘယ်လိုလဲ ... မင်းတစ်ခါတည်းဆုံးဖြတ်လိုက်"

"ဘုရားရေ ... ရှင် ... ရှင်က ကျွန်မကို လက်ထပ်ချင်တယ်ဟုတ်လား ..."

"ဘာလဲသခင် ... မင်းကမယုံလို့လား၊ ကိုယ်မင်းကို တကယ်ချစ်လို့ခေါ်နေတာပါကွာ ... လိုက်ခဲ့ပါ ..."

"ဟင် ..."

ပြောပြောဆိုဆို လက်သွက်တဲ့ဝေဖြာက သခင်ပခုံးလေးကို လှမ်းဖက်လိုက်ပြီ၊ သခင် ... ရုန်းလိုက်ပေမယ့်မရတော့တာမို့။

"ဖြန်း ..."



www.burmeseclassic.com

www.burmeseclassic.com



ဝေဖြာ့ပါးတစ်ဖက်ကို လက်ကုန်လွှဲရိုက်ချလိုက်တာက သခင်လက်ဖဝါးတစ်ခုလုံး ကြိမ်းစပ်ပူလောင်သွားရတဲ့အထိပါပဲ။ သို့သော် … ဝေဖြာက အလျှော့မပေးပါ။ သခင်တစ်ကိုယ်လုံးကို ဇွေ့ခနဲ ကောက်ပွေ့ကာ ကားနောက်ခန်းထဲပစ်တင်လိုက်တာ သခင် … အော်ချိန်တောင်မရလိုက်။

ဒေါက်ခနဲ … ဒေါက်ခနဲ ကားတံခါးလော့တွေကို ပိတ်ချပစ်လိုက်သံက မိုးကြိုးတွေ ဝေါခနဲ ဒိုင်းခနဲ ပစ်ချလိုက်သလို။

အဟွန်း … အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးလေ မောင့်သခင်ရဲ့ …

ကိုယ်က မင်းကိုပိုင်ဆိုင်ချင်တာ။

နှစ်ယောက်အတူ မက်ရမယ့်အိပ်မက်တွေထဲမှာ အဆုံးအစမဲ့ ရှင်သန်ချင်တာပါကွ။

"ဟား … ဟား … "

"ဟော့ကောင် … ကားကို အခုရပ်လိုက်စမ်း … "

"ခွမ်း … "

"ဝုန်း … "

သွားပါပြီ။

လမ်းမအလယ်မှာ အုတ်ခဲကျိုးကြီးကိုင်ပြီးပေါ်လာတာ မိုက်ရိုင်း …

ဝေဖြာကားမှန်လည်း အစိတ်စိတ်အမွှာမွှာကွဲသွားပြီး ဝေဖြာတစ်ကိုယ်လုံးတုန်လှုပ် ကားကိုထိုးရပ်လိုက်ရ၏။

"မင်း … မင်းဘာလုပ်တာလဲ ဝေဖြာ … "

ဝေဖြာကို ဂုတ်ကနေကိုင်ကာ ဆွဲထုတ်ရင်း မိုက်ရိုင်းကမေး





သည်။

"ကျွန်တော် … ကျွန်တော် … သခင့်ကိုချစ်လို့ … "

"အဟင့် … ဟင့် … "

သခင့် ရှိုက်သံလေးကိုတော့ ရိုင်းကလည်း မကြားရက်ပါ။

"ဟော့ကောင် … အချစ်ဆိုတာ၊ မင်းမှာပိုက်ဆံရှိတိုင်း လက်ဆွဲပခုံးဖက်နဲ့ ကားပေါ်ကိုအတင်းပစ်တင်ပြီး တောင်းလို့ရသလား၊ အဲဒါ … မင်းတို့ပိုက်ဆံချမ်းသာတဲ့ကောင်တွေ အချစ်ကိုတောင်းတဲ့ ပုံစံလား၊ မင်း … ပြောစမ်း ဟော့ကောင် … "

ရိုင်းလက်ထဲမှာ ယက်ကန် ယက်ကန်ဖြစ်နေတာ ဝေဖြာပါ။

ရိုင်းလို … မိုက်ကန်းကန်း ကောင်လေးတစ်ယောက်ကို ဝေဖြာ … ဒီလိုစိမ်ခေါ်လို့ရမလား။ ဘယ်သူ့ကိုမှ မဟုတ်တာမလုပ်သလို ကိုယ့်ကိုလုပ်လာရင်လည်း မိုးကောင်းကင်ကြီးပွင့်သွားအောင် အနိုင်ယူတိုက်ခိုက်ပစ်မယ့်ရိုင်း။

"ဟား … ဟား … မင်း … မင်းသိပ်ရယ်ရတယ်သိလား ဝေဖြာ၊ အခု … ငါမေးတာ မင်းမဖြေနိုင်တော့ဘူးမို့လား၊ ဒီမှာ … ရိုးသားဖြူစင်တဲ့မိန်းကလေးတစ်ယောက်ရဲ့ စစ်မှန်တဲ့အချစ်ကိုလိုချင်ရင် မင်းကိုယ်ပေါ်မှာရှိတဲ့ ရွှေတွေ၊ ငွေတွေ၊ ဂုဏ်ပကာသန အဆောင်အယောင်တွေကို ချွတ်ပုံချပြီးတော့မှ ရိုးရိုးသားသား တောင်းရတယ်ကွ နားလည်လား … ခုတော့ … မင်းက မိန်းကလေးတစ်ယောက်ကို လမ်းပေါ်မှာ ဆွဲလားရမ်းလားနဲ့ … ဟော့ကောင် မင်းငါ့ကို ပြန်မော့မကြည့်နဲ့ … မိုက်ရိုင်းကိုစိမ်ခေါ်တဲ့မျက်လုံးတွေနဲ့ စစ်ကြေငြာဖို့ လုံးဝမစဉ်းစားနဲ့ … သွား … သွား ငါ့ရှေ့ကနေ မင်းအခုထွက်သွား … "



www.burmeseclassic.com

www.burmeseclassic.com



မိုက်ရိုင်း ... ဆောင့်တွန်းတော့ ကားဘေးမှာ ဝေဖြာကပ်သွားသည်။

"အဟင့် ..."

ရိုင်းလက်မောင်းတွေကို ပြေးဖက်မှီတွယ်ပြီး ဟင့်ခနဲငိုချလိုက်တာ သနင်ရယ်ပါ။ ဝေဖြာက တွန့်ဆုတ်တွန့်ဆုတ်နှင့် ကားပေါ်ပြန်တက်ထိုင်ပြီး စက်နိှုးသည်။ ရိုင်းမျက်လုံးတွေကို မကြည်သလိုလေး လှမ်းကြည့်တော့ ...

"ဘာလဲ ... ဝေဖြာ ... မင်းကားမှန်တွေ အစိတ်စိတ်အမွှာမွှာကွဲသွားလို့ မကျေနပ်သလို မင်းငါ့ကိုကြည့်နေတာလား၊ မကျေနပ်ရင် ခေါ်ဘဏီတပ်ကြီးနဲ့ချီပြီးလာခဲ့ ... လမ်းပေါ်မှာ မိုက်ရိုင်းအမြဲရှိတယ်၊ လမ်းပေါ်မှာပဲ မိုက်ရိုင်းအမြဲနေတယ်"

"မင်း ... တွေ့မယ် မိုက်ရိုင်း ..."

"ဝေါ ..."

ဒါပဲပြောပြီး ဝေဖြာကားကို ဝေါခနဲ မောင်းထွက်သွားပြီ။ ရိုင်းနှုတ်ခမ်းလေးတွန့်သွားကာ နာကျင်ခြင်းတွေနဲ့။

* * *

## အခန်း (၁၉)

"မြေးလေး ... ခက်မာ ..."

"ဟာ ... အမေရေ၊ ဒီမှာ ... ဒီမှာ ... ဖွားမြတ်ထိပ်ထားသမီးတို့အိမ်ကိုလိုက်လာပြီအမေရဲ့ ... ဖွားက ... ဖွားက အကောင်းစားကားကြီးနဲ့သမီးတို့အိမ်ကို လိုက်လာတာအမေ၊ စိန်တွေ ... စိန်တွေ တစ်ကိုယ်လုံးဝတ်ထားတာလည်း အိစက်နေတာပဲ"

ခက်မာ ... ဣန္ဒြေမဆယ်နိုင်ပါ။

ကားရပ်ထားတဲ့ အိမ်ရှေ့မြေကွက်လပ်လမ်းမပေါ်ကို အူလျားဖားလျားပြေးဆင်းသွားသလို ဖွားမြတ်ထိပ်ထားကိုလည်း ဝမ်းသာအားရ ပြေးကြိုသည်။

"ဒါ ... ဒါ ... ဖွားမြေးလေး နေခဲ့ရတဲ့အိမ်လေးလား"

"ဟုတ် ... ဟုတ်တယ်လေ ... ဖွားရဲ့ ..."

"ဖွားမြေးလေး ... တော်တော်ဆင်းရဲခဲ့တာပဲ၊ ဖွား ... ဖွားစိတ်မကောင်းလိုက်တာ ဖွားပြန်ရင် ဖွားနဲ့အတူ မြေးလေးတစ်ခါတည်းလိုက်ခဲ့တော့ ... ဖွားက မြေးလေးကိုလာခေါ်တာလေ"

"ရှင် ... ဖွား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကိုရောက်တာနဲ့ ရှေ့နေတွေ တရားသူကြီးတွေပါခေါ်ပြီး ဖွားရဲ့အမွေတွေအားလုံး မြေးလေးကိုလွှဲမယ် ..."

"ဖွား ... ဖွားတကယ်ပြောတာ ဟုတ်လား ... ဟား ..."

ခက်မာ ရင်တွေတုန်ပြီး ဝမ်းသာသွားကာ ... ခြေထောက်နဲ့ မြေကြီးပင် ထိတယ်လို့မထင်ရ။

"အိမ် ... အိမ်ပေါ်တက်ပါဦးဖွား ..."

"တက်မယ် ... တက်မယ် ..."

ခက်မာ ဖွားလက်ကို အတင်းတွဲသည်။

"အမေရေ ... ဒီမှာလေ သမီးပြောတဲ့ ဖွားမြတ်ထိပ်ထား ဖွားက အရမ်းချမ်းသာတာ ... အမေရဲ့ ... ဟိုမှာလေ ဖွားစီးလာတဲ့ ကားကြီးကို အမေကြည့်ပါလား ..."

"ဟွန်း ..."

အမေက ပြုံးလည်းမပြုံးဘဲ ... အိမ်အဝမှာ လက်ကိုပိုက်ရပ်လျှက်။

"ဒါ ... ဒါ ... မြေးလေးကို မွေးစားခဲ့တဲ့ နုနုဝေဆိုတာလား"

"ဟုတ်တယ်လေဖွား ... မေကြီးက စက်ချုပ်တာ"

"သြော် ... သြော် ..."

"ခက်မာကပြောလို့ ဖွားမြတ်ထိပ်ထားအကြောင်းကို ကျွန်မ သိနေပါပြီ၊ ထိုင်ပါနော် ဖွား ... ထိုင်ခုံတွေ၊ ဆက်တီတွေမရှိလို့ ဖျာလေးပေါ်မှာထိုင်ခိုင်းရတာကို ကျွန်မအားနာပါတယ်"

"ဟာ ... မလိုဘူး၊ မလိုဘူး ... ဖွားအတွက် အဲဒါတွေမလိုဘူး"

ဖွားက မထိုင်ပါ။





အိမ်ပေါ်ရောက်တာနှင့် တစ်အိမ်လုံးအနှံ့ကို မျက်လုံးလေး ဝေ့ကာဝဲကာ ဖွားကစိတ်ဝင်တစားလိုက်ကြည့်သည်။ နောက်ဖေး မီးဖိုခန်းအထိလည်း လျှောက်သွား၏။

"အို ... ကြည့်ပါဦး ... ဒီနောက်ဖေးခန်းလေးထဲမှာ အိပ်ရာလေးတစ်ခု ... ခေါင်းအုံးလေးကဟောင်းပြီး ... စောင်ကလေးက ပြဲနေလိုက်တာ၊ ဒါ ... ဒါ ... ဘယ်သူ့အိပ်တဲ့အိပ်ရာလေးလည်းဟင် ဖွားမြေးလေးအိပ်ခဲ့ရတဲ့ အိပ်ရာလေးလား ... ဒီအိမ်ရာနွမ်းနွမ်းလေးနဲ့ ဒီနောက်ဖေးချောင်ကလေးထဲမှာ ဖွားမြေးလေး အိပ်ခဲ့ရတာလား"

တော်တော်လျှင်တဲ့ဖွား ...

ဒီအိပ်ရာလေးပေါ်မှာ ဖွားမြေးလေးအိပ်ခဲ့ရတာလားတဲ့။

"ဟုတ် ... ဟုတ်တယ်ဖွား ... ဒါ ... ဒါခက်မာအိပ်တဲ့အိပ်ရာလေးပါ ဖွားရယ်၊ အဟင့် ... ဟင့် ... ဟင့် ... ဒီတန်းပေါ်က အင်္ကျီအစုတ်လေးတွေကလည်း ခက်မာဝတ်ခဲ့ရတဲ့ အင်္ကျီအစုတ်လေးတွေပါ ဖွားရဲ့ ..."

"ဖွားမြေးလေး ... ဖွားမြေးလေး ... တော်တော်ဆင်းရဲဒုက္ခရောက်ခဲ့ရတာပဲ ... ဟင်း ... ဟင်း ... အိမ်ရှေ့ခန်းမှာ အကျယ်ကြီးရှိနေတာတောင် ဖွားမြေးလေးက ကြွပ်ခိုးမျှင်တွေစွဲနေတဲ့ ဒီနောက်ဖေးခန်းလေးထဲမှာ အိပ်ခဲ့ရတယ်ဆိုတော့ ... ဒါပေါ့လေ ဒီအိမ်မှာ ဖွားမြေးလေးကို အမြဲနှိပ်စက်ခဲ့တဲ့ အပြိုင်ရွယ်တူမိန်းကလေး တစ်ယောက်ရှိခဲ့လို့ပဲ ဖြစ်မှာပေါ့ ..."

"ဟင် ..."

ဖွား ဘယ်လိုပြောလိုက်တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖွားမြေးလေးကို နှိပ်စက်ခဲ့တဲ့ အပြိုင်ရွယ်တူ မိန်းကလေးတဲ့။ ဖွားပြောတော့ ... ခက်မာလိပ်ပြာမလုံတော့ဘဲ တစ်ကိုယ်လုံးထူပူသွားသည်။ စကားတွေကလည်း ထစ်ထစ်ငေါ့ငေါ့တွေ ဖြစ်ကုန်၏။

"ဟို ... ဟိုလေ ... ဖွား ..."

"ဟင် ... ဘာလဲ မြေးလေးရဲ့ ..."

"ဒါတွေ လျှောက်ကြည့်နေရင် ဖွားစိတ်တွေပင်ပန်းပြီး မောသွားလိမ့်မယ်၊ လာ ... လာ ... အိမ်ရှေ့ခန်းမှာပဲထိုင်ပြီး မေကြီးနဲ့စကားပြောမယ် ... ဟိုလေ ... မေကြီးနဲ့ပြောရင် တယောပုံဆွဲပြားလေးအကြောင်း သေသေချာချာမေးနော်ဖွား ... အဲဒါမှ ဖွားစိတ်ထဲမှာ တစ်ခါတည်းရှင်းသွားမှာသိလား ..."

"အမလေး ... မေးမှာ ... မေးမှာ ..."

ခက်မာ မျက်နှာပျက်ပျက်နဲ့ မေကြီးကိုလှမ်းကြည့်တော့ မေကြီးက နှုတ်ခမ်းလေးတွန့်ကာ ပြုံးလျှက်။

ဖွားမြတ်ထိပ်ထားကတော့ တကယ်ပဲ စိန်တွေညွတ်သီးနေအောင် ဝတ်ထားလို့ပါ။ ကိုယ်မှာ ဆင်မြန်းလာတဲ့အဝတ်အစားကလည်း အိစက်တောက်ပြောင်နေတဲ့ အကောင်းစားပါတိတ် ဝမ်းဆက်ကြီးနဲ့မို့ ... အသက်ကြီးပေမယ့် ဝင်းဝါစိုပြေဆဲ အသားအရည်နဲ့ ဖွားပုံစံက တည်ခန့်လို့။

"နဝေ ..."

"ရှင် ... ဖွား ..."

"ဖွား ... အခုပြောမယ့်စကားတွေကို မင်းရော ခက်မာပါ သေသေချာချာနားထောင်နော်၊ ဒါတွေအားလုံး တစ်ခုမကျန်ရှင်းပြချင်လို့ မင်းတို့အိမ်ကလေးကို ဖွားလိုက်လာခဲ့တာ"





"ဟုတ်ကဲ့ဖွား ... ဖွားရင်ထဲမှာ ခံစားလာခဲ့ရတဲ့ ခံစားချက်တွေအားလုံး ကျွန်မကလည်း သိချင်ပါတယ် ... မချွင်းမချန်ဖွားအကုန်ပြန်ပြောပါ ..."

"အမေနော် ... သမီးပြောတာတွေ ဖွားကိုပြန်ပြောဖို့မမေ့နေဦးမယ်နော် ..."

"ညည်း ... အသာနေစမ်း ..."

အမေမျက်နှာထားတည်တည်နဲ့အော်တော့ ဇက်ကလေးပုကာ ခက်မာငြိမ်သွားသည်။

"ဒီလိုလေ ... နဝေ ... ဖွားတို့က ဆွေစဉ်မျိုးဆက် ချမ်းသာလာတဲ့အသိုင်းအဝိုင်းတွေထဲက ပေါက်ဖွားလာတဲ့မိသားစုတွေပါ၊ ချမ်းသာတာနဲ့ ကြီးကျယ်မြင့်မြတ်တာတွေကိုပါ ခေတ်အဆက်ဆက်ပိုင်ဆိုင်ခဲ့ကြတယ် ... ဖွားအိမ်ထောင်ကျတော့ သမီးလေးတစ်ယောက်ပဲ ဖွားကမွေးခဲ့တယ် ... သူ့နာမည်ကိုလည်း မြဆံနွယ်လို့ ဖွားကပေးခဲ့တယ် ... မြဆံနွယ်က ဖွားမိဘတွေက အမွေရခဲ့တဲ့ ကျောက်မြက်လုပ်ငန်းတွေ၊ စက်ရုံလုပ်ငန်းတွေ၊ နိုင်ငံခြားသွင်းကုန်ထုတ်ကုန်လုပ်ငန်းတွေကရတဲ့ အကျိုးအမြတ်ငွေပုံကြီးပေါ်မှာထိုင်ပြီး စိတ်တိုင်းကျထင်သလို သုံးဖြုန်းခဲ့တယ် ... မာနကြီးပြီး ဘဝင်မြင့်တာကလည်း ခေါင်နိုက်လို့ပေါ့၊ အိမ်မှာ ခိုမှာ ထားသမျှအိမ်ဖော်တွေ၊ အလုပ်သမားတွေဆိုလည်း အဆင့်အတန်းခွဲပြီး အမျိုးမျိုးနှိပ်စက်ခဲ့လို့ အလုပ်သမားတွေအားလုံးက ရှေ့မှာကြောက်ပြီး နောက်ကွယ်မှာ အမုန်းကြီးမုန်းခဲ့ကြတယ် ..."

ဖွားက ... ပြောလက်စ စကားကိုရပ်ပြီး နဝေမျက်နှာကို လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေဝကတော့ … ခေါင်းကလေးငုံ့ကာ ဖွားမြတ်ထိပ်ထား ပြောတာကိုပဲ နားထောင်နေသည်။

"အဲဒီလို မှန်းကြတဲ့အထဲမှာ ထမင်းချက်မိန်းမ မမကြီးက အတူးခါးဆုံးနဲ့ အနာကျင်ဆုံးဖြစ်အောင် မြဆံနွယ်ကိုမုန်းခဲ့တော့ အိမ်ထောင်ကျမီးဖွားရင်း မြဆံနွယ်ဆုံးသွားတဲ့အချိန်မှာ မြဆံနွယ် မွေးထားခဲ့တဲ့ ဖွားမြေးကလေးကို ရထားလမ်းပေါ် ရက်ရက်စက်စက်စွန့်ပစ်ပြီး … မေပျိုဖြစ်လာမယ့် မြေးမလေးတစ်ယောက်ကို အစားထိုးပြီး ဖွားလက်ထဲကိုအပ်ခဲ့တာလေ … ဖွားဆီက အမွေတွေအားလုံးကို အစားထိုးထည့်လိုက်တဲ့ မြေးမလေးရအောင်လို့တဲ့"

ပြောရင်း … ဖွားမျက်လုံးတွေက အရောင်တဖျတ်ဖျတ် လက်လာသည်။

ခက်မာကတော့ ဖွားဘာတွေဆက်ပြောမလဲဆိုတာ နားထောင်ရင်း ရင်တထိတ်ထိတ်နဲ့ …

"ခုတော့ … တရားခံလည်းပေါ်ပြီ၊ မေပျို့ကိုမွေးခဲ့တာ မမကြီးရဲ့ညီမ … အညိုကမွေးခဲ့တာ၊ မမကြီးက မေပျိုဖြစ်လာမယ့်ကလေးကို ဖွားလက်ထဲထည့်တယ်၊ ပြီးတော့မှ သူ့ညီမအညို့ကို ကလေးထိန်းဆိုပြီး ဖွားခြံထဲကိုဆွဲသွင်းခဲ့တာ၊ မေပျိုလေး သုံးလေးနှစ်သမီးရောက်လာတော့ ဖွားမသင်္ကာတော့ဘူး … ဘယ်နှယ့်ကွယ် မေပျိုလေးရုပ်က ဖွားနဲ့လည်းမတူသလို၊ မြဆံနွယ်နဲ့လည်း တစ်ခြားစီ၊ သူဆုံးသွားတဲ့သူ့အဖေနဲ့ဆို ဝေလာဝေး … ခုတော့ … ဒီနေ့မနက်ဘဲ မေပျိုနဲ့သူ့အမေ အညို့ကို ထိုက်သင့်တဲ့အမွေ နည်းနည်းပါးပါးပေးပြီး အိမ်ပေါ်က ဆင်းခိုင်းလိုက်ပြီ … "

"ဟင် … မေပျို့ကို အိမ်ပေါ်ကဆင်းခိုင်းလိုက်ပြီ၊ ဟုတ်





လားဖွား … ဒါ … ဒါဆို မေပျိုနေခဲ့တဲ့ အပေါ်ထပ်က အကောင်းစားမွေ့ယာကြီးနဲ့ မွေးကြိုင်နေတဲ့ အခန်းကြီးက လွတ်သွားပြီပေါ့"

"ဟုတ်တယ်လေ … "

"ဒါဆို … အဲဒီအခန်းမှာ ဘယ်သူနေမှာလဲ … "

"ဖွားမြေးအစစ်ကလေးနေမှာ … တယောပုံဆွဲပြားလေးကို ပိုင်တဲ့ ဖွားမြေးအစစ်လေးကို ဒီထက်ကောင်းအောင် ခမ်းခမ်းနားနားလေးပြင်ပြီး ထားတော့မှာ … "

တယောပုံဆွဲပြားလေးကိုပိုင်တဲ့ ဖွားမြေးအစစ်လေးကို ထားမှာတဲ့။

ဒါဆို … ခက်မာပေါ့။

ဟား … ဟား … မေပျိုရယ် … နင့်ကိုချမ်းသာတယ်ဆိုပြီး ဟိုတုန်းက ငါကအတင်းလိုက်ပေါင်းခဲ့ရတာလေ။ ဘယ်လောက်အောက်ကျခဲ့ရတယ်မှတ်လဲ … အခု … နင့်နေရာကို မိုးနတ်မင်းတွေပေးလိုက်သလို ငါကရောက်ရတော့မှာလေ … ဟွန်း … နင့်လောက်ကို ခက်မာတို့က အရမ်းသနားသွားပြီသိလား … သခင်ဆိုတဲ့ ဟာမလေးကိုလည်း ငါတအားမုန်းတယ်၊ ဝေဖြာက သခင်ရဲ့ ကျစ်ဆံမြီးရှည်ကြီးတွေကို သဘောကျပြီး တဖက်သတ်ကြိုက်နေတာ … သခင့်ကို ငါတအားမုန်းသွားခဲ့တာ။

နင်တို့မယုံရင် စောင့်ကြည့်လိုက် …

ငါအရမ်းချမ်းသာသွားတဲ့တစ်နေ့ကျမှ သခင့်ဆံပင်ရှည်ကြီးတွေကိုဖြတ်ပြီး ဖိနပ်လုပ်စီးပြမယ်။

ငှါနာမည် ခက်မာမာ။

ဖွားမြတ်ထိုပ်ထားရဲ့ … တစ်ဦးတည်းသော မြေးမလေး



www.burmeseclassic.com

www.burmeseclassic.com



ခက်မာမာအဖြစ်နဲ့ ဒီနေ့ကစပြီး သရုပ်ဆောင်တော့မှာလေ။ ဘယ်သူကမေးမေး အဖြစ်မှန်ကိုမဖြေဘဲ ဖွားကချစ်လို့ခေါ်ထားတာပါလို့ပဲဖြေမယ်။

တော်ကြာ ... ခက်မာအကြောင်းကိုသိနေတဲ့ သူတွေက ဖွားကိုသွားထောင်လိုက်ရင် ဘယ်လိုလုပ်မလဲ။ ဘယ်သူမှ မထောင်ရဲအောင် အားလုံးကိုနှုတ်ပိတ်ပစ်မယ်။

"အဲဒီတော့ ... နုဝေ ... "

"ရှင် ... ဖွား ... "

"ဖွားကို မင်းအမှန်အတိုင်းဝန်ခံပါ ... ခက်မာလည်ပင်းမှာ ဆွဲထားတဲ့တယောပုံလေးပါတဲ့ မဟူရာဆွဲပြားလေးဟာ ဖွားမြေးလေးကို ကောက်ရတဲ့အချိန်က ပါလာတဲ့ဆွဲပြားလေးလား ... "

နုဝေကလည်း နှုတ်ခမ်းလေးကိုတစ်ချက်တွန့်ပြီးတော့မှ ဖြေလိုက်ပါသည်။

"ဟုတ်ပါတယ်ဘွား ... ကလေးရဲ့လက်ကလေးမှာ ပတ်လျှက်သားလေးပါလာခဲ့တဲ့ မဟူရာဆွဲပြားလေးပါ၊ ဒီဆွဲပြားလေးကို အနီရောင်ပိုးကြိုးလေးနဲ့ ဆွဲထားတာပါ ... "

"ကြည့်စမ်း ... အနီရောင်ပိုကြိုးလေးတဲ့၊ သေချာပြီ ... ဒါ ဒါ ... ဖွားမြေးအစစ်လေးဆိုတာ သေချာပြီ ... "

"အမလေးဖွားရယ် ... ဒါကြောင့်မို့ ဖွားကိုခက်မာပြောတာပေါ့ ... ဒီအကြောင်းတွေကို သေသေချာချာသိဘာ အမေတစ်ယောက်တည်းရှိပါတယ်လို့ ... အဲဒီမနက်တုန်းက အမေက ပဲပြုတ်ရောင်းဖို့သွားရင်း ကောက်ရခဲ့တာနော်အမေ ... "

ခက်မာမှာတော့ အမေ့ကိုလည်း မျက်နှာချိုသွေးရ ...





ဖွားကိုလည်း ပြုံးပြရနဲ့ ...

ရင်တွေတုန်ကာ တစ်ကိုယ်လုံး အေးစက်လာရပြီ။

"နုဝေ ... "

"ရှင် ... "

ဖွားကတော့ နုဝေမျက်နှာကိုပဲ မျက်တောင်မခတ် စိုက်ကြည့်နေတော့တာပါ။

ဒါကို ... နုဝေကလည်း သိပါသည်။

"ဖွားကို သစ္စာရှိရှိနဲ့ အမှန်အတိုင်းဝန်ခံလိုက်စမ်းပါ၊ ဒီဆွဲပြားလေးကို ဆွဲထားတဲ့ခက်မာက ဖွားမြေးအစစ်လား ... "

အမေ ဘယ်လိုဖြေမလဲ။

ရင်တထိတ်ထိတ်နဲ့ အမေ့မျက်နှာကို ခက်မာလှမ်းကြည့်နေတာ အသက်တောင်မရှုရဲ။

"မဟုတ်ပါဘူး ... ဖွားမြေးအစစ်လေးက ကြပ်ခိုးစွဲနေတဲ့ နောက်ဖေးအခန်းထဲမှာဖြစ်သလိုလေး အိပ်ခဲ့ရတဲ့ကောင်မလေးပါ၊ သူ့နာမည်လေးက မောင့်သခင်လို့ခေါ်ပါတယ် ... "

"ဒါဆို ... မင်းက ဖွားကိုလိမ်ခဲ့တာပေါ့ဟုတ်လား ခက်မာ"

"အဟင့် ... "

အမေက အမှန်အတိုင်းဝန်ခံလိုက်ပြီမို့ ခက်မာရှက်ပြီး အင့်ခနဲငိုချလိုက်တာက အသံလေးပါ ကျယ်လောင်သွားရသည်။

"ဟွန်း ... မင်းအခုမှ ရှက်မနေပါနဲ့၊ မင်းက ချမ်းသာချင်လို့ ဖွားမြေးဖြစ်ချင်ခဲ့တာမှန်ပေမယ့် ... ကံကြမ္မာက မင်းဘက်မှာမရှိဘူးလေ၊ ဒီဆွဲပြားလေးကို တွေ့လိုက်ရတဲ့နေ့ကတည်းက ဒီရပ်ကွက်ထဲကို ဖွားရဲ့လူယုံတော်တွေလွှတ်ပြီး စုံစမ်းနိုင်းခဲ့တာ၊ ခက်မာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဒေါ်နုဝေရဲ့သမီးအရင်းဖြစ်ပြီး သိပ်ကိုသနားဖို့ကောင်းခဲ့တဲ့ မောင့်သခင်ဆိုတဲ့ကောင်မလေးတစ်ယောက်သာ နုဝေကောက်ရလို့မွေးစားခဲ့တဲ့ သမီးလေးဖြစ်တယ်ဆိုတာ ... နောက်ဖေးမှာအိပ်ခဲ့ရတဲ့ အိပ်ရာအဲဟောင်းလေးက ဖွားကိုသက်သေခံခဲ့ပြီလေ ... နုဝေရဲ့ရိုးသားဖြူစင်မှုကို ဖွားကအသိအမှတ်ပြုပါတယ် ... မြေးလေးကို စောင့်ရှောက်ပေးခဲ့တဲ့ကျေးဇူးတရားကို တုန့်ပြန်ဖို့လည်း ဖွားမှာအစီအစဉ်ရှိတယ် ... ကဲ ... အခုလောလောဆယ်အရေးကြီးတာ သမီးရင်းခက်မာမာ တက္ကသိုလ်တက်နိုင်ဖို့ ဖွားမြေးလေး မောင့်သခင်ကို ငွေတစ်သိန်းနဲ့ပေါင်ပြီး ပန်ကန်ဆေးခိုင်းခဲ့တဲ့ ထက်ထိပ်ဖျားထမင်းဆိုင်ကို ဖွားသွားချင်တယ် ... မျက်ရည်စက်လက်လေးနဲ့ အမြဲငိုခဲ့ရတဲ့ ဖွားမြေးလေးရဲ့မျက်နှာကို ဖွားမြင်ချင်တယ် ... ”

တိကျလိုက်တဲ့ ဖွားမြတ်ထိပ်ထား ...

“အဲဒါ ... မင်းတို့လိုက်ပို့ကြ ... ”

နုဝေ ... နုဝေ ... ဖွားမြတ်ထိပ်ထားကို ဘယ်လိုပြောရမလဲ။

ခက်မာကရော ဘယ်လိုရှင်းပြမှာလဲ။

ဖွားမြတ်ထိပ်ထားတွေ့ချင်လို့ လိုက်လာတဲ့သခင်က အခုလောက်ဆိုရင် ပေပေတေတေ ရိုင်းရိုင်းစိုင်းစိုင်း မိုက်ရိုင်းဆိုတဲ့ ကောင်လေးနဲ့ လမ်းပေါ်မှာ။ သခင့်ဘဝလေး ပျက်သွားအောင် မိုက်ရိုင်းနောက်ကို ထည့်လိုက်တာလည်း ကိုယ့်သမီးရင်း ခက်မာမာက ထည့်လိုက်တာမို့ သမီးငယ်လေးကို လမ်းပေါ်မှာ ခြေတိုအောင်လိုက်ရှာရင်း မျက်ရည်ပေါက်ပေါက်ကျအောင် ငိုရှိုက်ခဲ့တဲ့နုဝေ အတွက်ကတော့ ဒီမေးခွန်းကို ဖြေနိုင်ပါတော့မလား။

“ကဲ ... သွားမယ်လေ နုဝေ ... ထက်ထိပ်ဖျားဆိုတဲ့ထမင်း





ဆိုင်ဘယ်မှာလဲ ... ”

“ဟွန်း ... ”

နှုတ်ခမ်းမဲ့မဲ့လေးနဲ့ပဲ မျက်ရည်တွေသုတ်ပစ်လိုက်တာ ခက်မာမာပါ။

“ဘာလဲဟင်ဖွား ... ဖွားက ဖွားမြေးမကို သိပ်အထင်ကြီးနေသလား၊ သမီးတို့က စီးပွားရေးမပြေလည်လို့ ဝင်ငွေလေးရအောင် ထမင်းဆိုင်မှာ ခဏသွားထားတာကို အိမ်ခြေယာခြေမရှိတဲ့ ခပ်ဆိုးဆိုးခပ်ပေပေ မိုက်ရိုင်းဆိုတဲ့ကောင်လေးနဲ့ လိုက်ပြေးသွားတယ်လေ ... ”

“ဘာ ... ဘာပြောတယ် ... ”

ဒီလိုပြောလိုက်တာလည်း ခက်မာမခံချင်လို့ပါ။

ကိုယ်မစားရလို့သဲနဲ့ပက်တာ ဘာဖြစ်လဲ ... သခင် နင်ဘယ်တော့မှ ငါတို့ထက်မသာစေရဘူး။ နင်ဘယ်တော့မှ ငါတို့ကိုလက်မထောင်သွားမယ့်အထိ မချမ်းသာစေရဘူး ငါကခက်မာမာပါ။

“အဟင်း ... အခု ... သူတို့နှစ်ယောက်ကို ဖွားလိုက်ရှာလည်းအပိုပဲ ... ခါးပိုက်နှိုက် ဖဲသမားသားမိုက်ရိုင်းက ဖွားမြေးကို အဝေးထိခေါ်သွားပြီး ရက်စက်တော့မှာ၊ ဖွားမြေးကလည်း ဒီလိုစုတ်ပြတ်သတ်နေတဲ့ ကလေကချေကောင်လေးကိုမှ အထင်တွေကြီးပြီးလိုက်သွားတာလေ ... ခါးပိုက်နှိုက်ဖဲသမားသား လူဆိုးလူမိုက်လေးကမွေးလာမယ့် မြေးမြစ်တီကျွတ်တွေအထိလိုက်ပြီး ဖွားက တာဝန်ယူချင်သေးလို့လား ... ဟား ... ဟား တစ်သက်လုံးက ခေါင်းမော့လာခဲ့တဲ့ ဖွားရဲ့ဂုဏ်သိက္ခာတွေကို ဒီမြေးမနဲ့ကျမှ ထို



www.burmeseclassic.com

www.burmeseclassic.com



တကာခြေနင်းပတ်ရောက်အောင် ပစ်ချလိုက်တော့မလို့လားဖွားရဲ့ ဟား ... ဟား ... ”

ခက်မှာ ... ရုတ်တရက်ရယ်ချရင်း ပြောလိုက်တာ အရူးမလေးတစ်ယောက်လိုပါ။ မခံချင်လို့ပြောလိုက်တာလေ သခင့်ကို ဖွားလိုက်ရှာနေမှာစိုးလို့။

“ဖွား ... ဖွားလက်မခံဘူး၊ ဒီလိုအခြေအနေမျိုးကိုလည်း ဖွားအသိအမှတ်မပြုနိုင်ဘူး၊ ဖွားမြေးလေးကို မတွေ့တွေ့အောင် လိုက်ရှာပြီး သူတို့နှစ်ယောက်ကို ဖွားပြန်ခွဲမယ် ... ဖွားမြေးလေး ဆင်းရဲဒုက္ခတွေခံပြီး ကျခဲ့ရတဲ့မျက်ရည်တွေကို ဖွားအဆုံးသတ်မယ်”

“ဟင်း ... စိတ်ကူးမယဉ်ပါနဲ့တော့ဖွားရယ် ... ဖွားမြေးမက အခုလောက်ဆိုရင် နေစရာအိမ်မရှိတော့တဲ့ဘဝနဲ့ စုတ်ပြတ်သတ်ပြီး လမ်းပေါ်မှာ လျှောက်သွားနေလောက်ပြီ ... ဖွားလိုက်ရှာလည်း တွေ့မှာမဟုတ်တော့ပါဘူး ... ”

“ကောင်လေး ... ကောင်လေး နာမည်က ဘယ်သူ ... ”

“မိုက်ရိုင်းလေ ... နာမည်နဲ့လိုက်အောင် အရမ်းမိုက်ပြီး အရမ်းရိုင်းတဲ့မိုက်ရိုင်း ... ”

“ဘုရားရေ ... ”

မိုက်ရိုင်းတဲ့ ...

မိုက်ရိုင်းဆိုတာ ဘယ်လိုပုံစံလေးလဲ။

သူတို့နေတာလည်း လမ်းပေါ်မှာတဲ့။

ဖွားမြတ်ထိပ်ထား စိတ်ပူခဲ့ရပြီ။

ဒီလိုနဲ့ပဲ ... ရပ်ကွက်ထဲက လမ်းတွေပေါ်ကို ဒေါ်မြတ်ထိပ်ထားရောက်သွားသည်။ တွေ့သမျှ လူတိုင်းကို ဒေါ်မြတ်ထိပ်ထား





လိုက်မေးသည်။ တစ်ဆင့်ပြီးတစ်ဆင့် ... မေးရင်းစမ်းရင်းနဲ့ပဲ ဆန်ဂိုထောင်တွေဘက်ကို ရောက်သွား၏။

“ဟိုလေ ... ဒီနားမှာ မိုက်ရိုင်းဆိုတဲ့ကောင်လေးကို တွေ့မိသလားလို့ ကျွန်မ မေးတာပါ ... ကောင်လေးက ခပ်ဆိုးဆိုးဂျစ်တစ်တစ်ကောင်လေးလေ ... ဂုတ်ထောက်ဆံပင်ရှည်ရှည်လေးနဲ့ ... ”

“ဟာ ... တွေ့တယ် ... တွေ့တယ် အဲဒီကောင်လေးက ဟိုရှေ့နားက ဦးဝကြီးဂိုထောင်မှာ ဆန်ထမ်းနေတာ၊ ကောင်လေးကမိန်းမရသွားတာ ... တစ်ရက် နှစ်ရက်ပဲရှိသေးတယ်လေ ... အဲဒါ သူယူလိုက်တဲ့ကောင်မလေးကို ရှာကျွေးချင်လို့ ဒီမှာ ... ဆန်အိတ်တွေလာထမ်းနေတာ ... ”

“ဘုရား ... ဘုရား ... ”

မြေးလေး ... ဒုက္ခရောက်နေတာကိုသိပြီး ဒေါ်မြတ်ထိပ်ထား ဘုရားတမိရပြီ။

ဒီလိုကောင်ဆိုးလေး၊ ဒီလိုပေပေတေတေ ကြုံရာကျပန်းလုပ်စားနေရတဲ့ကောင်လေးမျိုးနဲ့တော့ မြေးလေးဘဝကို ဒေါ်မြတ်ထိပ်ထား အပျက်မခံနိုင်ပါ။ အားလုံးက ပြောကြတာက မြေးလေးမောင့်သခင်ဟာ ဝင်းဝင်းနှစ်နှစ်ကလေးနဲ့ သိပ်ကိုမှ စွဲမက်ချင်စရာမိန်းကလေးတဲ့။ ဒါကို ... လမ်းပေါ်မှာ ပေတေလေလွင့်နေတဲ့ မိုက်ရိုင်းလို ကလေကချေလေးနဲ့ မြေးလေးကို ထားခဲ့ရမလား။

တွေးမိလိုက်တိုင်း ရင်တွေတစ်စစီ ပြိုအက်လာသလို ခံစားလာရ၏။

မေးလိုက်မိတဲ့ အဝတ်အစားနွမ်းနွမ်း ဆင်းဆင်းရဲရဲမိန်းမကြီးက ကားပေါ်ထိတက်လိုက်လာကာ ကားထဲကနေ ဆန်အိတ်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ မိုက်ရိုင်းကို လက်ညှိုးထိုးပြသည်။

"ဟိုမှာ ... ဟိုမှာ ... ပခုံးလေးပြနေတဲ့ အနက်ရောင်တီရှပ်လေးကိုဝတ်ထားတာ မိုက်ရိုင်း ... ဗလတောင့်တောင်နဲ့လူတစ်ယောက်နောက်မှာ ရပ်နေတဲ့ ဂုတ်ဝဲဆံပင်ရှည်လေးနဲ့လေ"

"ဟင် ... "

ဒေါ်မြတ်ထိပ်ထား တစ်ကိုယ်လုံးအေးစက်သွားသည်။

ဒါ ... မိုက်ရိုင်းတဲ့လား။ ဒီလိုမျက်နှာထားမာမာတင်းတင်းလေးနဲ့ ဖရိုဖရဲဆံပင်ရှည်တွေကို ပိုင်ထားတဲ့ကောင်လေးတစ်ယောက်ဟာ မြေးလေးမောင့်သခင်ကို မတန်မရာ ယူပစ်လိုက်တဲ့ကောင်လေးတဲ့လား။

ဟွန်း ... ဘယ်လိုပဲကြည့်လိုက် ... ကြည့်လိုက် ...

အထင်ကြီးစရာ တစ်စက်မှမရှိတဲ့ကောင်လေး။

အပေါ်မှာ ပခုံးပြတီရှပ်လေးကို လျော့တိလျော့ရဲလေးဝတ်ထားသလို အောက်က ဂျင်းဘောင်းဘီ ခပ်နွမ်းနွမ်းလေးကပါ ဆေးရောင်ကပြယ်ပြီး ... အနားစလေးတွေကပါ ဖွာထွက်ချင်နေသည်။ ဆံပင်ရှည်တွေက နဖူးပြင်လေးထက်မှာ ကပိုကရိုလေးနဲ့ အုပ်ခဲ့ဝဲကျချင်နေ၏။ ပိုဆိုးတာက ပျော့ပျော့နွဲ့နွဲ့ ဒယီးဒယိုင်ကိုယ်လုံးလေးနဲ့ ဆန်အိတ်တွေကို ထမ်းနေတာဖြစ်သည်။

ဗလတောင့်တဲ့လူက ရှေ့ကနေ ... ဇွတ်ခနဲထမ်းသွားသလောက် ...

မိုက်ရိုင်းဆိုတဲ့ကောင်လေးကျတော့ ခွေခွေယိုင်ယိုင်။

"မိုက်ရိုင်းရေ ... မင်းထမ်းတာ အရမ်းများနေပြီနော်"

"ရပါတယ်ဗျ ... ဦးဝကြီးရ ... "





"ကြည့်လည်းလုပ်ပါမိုက်ရိုင်းရာ ... ကောင်မလေးချောချောကို မတန်မရာ ရထားတာနဲ့ပဲ အလုပ်တွေ ဇွတ်ကြိုးစားမနေနဲ့၊ မိုးနတ်မင်းကြီးက ပေးလို့ ဒီကောင်မလေးကို မင်းရတာ ... ဟားဟား ... "

ဦးဝကြီးပြောတာကိုကြားပြီး ဆန်ထမ်းနေတဲ့အလုပ်သမားတွေအားလုံး တဟားဟားနဲ့ ဝိုင်းရယ်တော့ မိုက်ရိုင်းရှက်သွားသည်။

အားလုံးကို မျက်နှာပူပူလေးနဲ့ပဲ လှည့်ကြည့်ကာ ...

"ကျွန်တော်နဲ့မတန်ဘူးဆိုတာ ... သိပါတယ်ဦးဝကြီးရာ၊ ဒါပေမဲ့ ... ဒါကို သတ်မှတ်ပေးလိုက်တာ၊ မမြင်ရတဲ့ ဖူးစာရှင်နတ်မင်းက သတ်မှတ်ပေးလိုက်တာလေဗျာ ... အခု ဆန်အိတ်တွေလာထမ်းတာလည်း မီးဖိုချောင်မှာသုံးရမယ့် အိုးကလေးတွေ၊ ခွက်ကလေးတွေ ဝယ်ချင်လို့ ... လာထမ်းတာဗျ ... "

"ထမ်းပါ ... ထမ်းပါ ... ခါးရိုးတွေကျိုးသွားမှ၊ မှတ်သွားမယ့်ကောင်လေး ... "

"ဟား ... ဟား ... "

ဒီလို လှောင်ကြ၊ ပြောင်ကြ၊ ဝိုင်းဟားကြလုပ်နေတာကိုတော့ မိုက်ရိုင်းမခံစားနိုင်ပါ။ သို့သော် ... ဒီနေ့အတွက် အရေးကြီးနေတာက ငွေလေ။ မိုက်ရိုင်း စိတ်ကူးထားတာက ဆန်အိတ်ထမ်းလို့ ပိုက်ဆံလေးရတာနဲ့ လိုတဲ့အိုးခွက်ပန်းကန်လေးတွေကိုဝယ်မည်။ ညနေစာအတွက် ဆီကလေး၊ ဆန်ကလေးနဲ့ သားငါးလေးတစ်ခုခုက ပါမသွားလို့မရ။

သခင်မျှော်နေတော့မှာကိုသိလေ ဒီဆန်အိတ်တွေကုန်အောင်ထမ်းပြီး တိုက်ပျက်ကြီးရှိရာကို ပြန်ပြေးချင်လေ။ မိုက်ရိုင်းဖြစ်နေသည်။ သခင်ရယ် ... မင်းကြောင့် ငါ့ကိုအားလုံးက ဝိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ လှောင်ပြောင်ရယ်မောနေကြပြီလေ။ ဒီရယ်မောသံတွေကို ဆန့်ကျင်နိုင်တဲ့အင်အားတွေ ငါ့ဆီမှာ မရှိတော့ပါဘူး။

ဒါပေမယ့်ကွာ ... ငါ့ရင်ထဲမှာ အမြဲရှိနေမယ့် မာနတွေကတော့ ...

"ဟိတ် ... ကောင်လေး ... မင်းခဏနေဦး ... "

"ဟင် ... "

အသံကြားလို့ နောက်ကို ချာခနဲလှည့်ကြည့်လိုက်တော့ မိုက်ရိုင်းဆီကို တည့်တည့်လျှောက်လာနေတဲ့ အဖွားကြီးတစ်ယောက်က အကောင်းစားလက်ပွေ့အိတ်ကြီးကို တခမ်းတနားကိုင်လို့။

"ဗျာ ... ဘယ်သူ့ကိုခေါ်တာလဲ ... "

"မင်းကိုခေါ်တာလေ ... မိုက်ရိုင်းဆိုတဲ့ကောင်လေးကိုခေါ်တာ ... "

"ဟာ ... မိုက်ရိုင်းဆိုတာ ကျွန်တော်ပဲလေ၊ ဖွားရဲ့ ... ဘာဖြစ်လို့လဲ ... "

မိုက်ရိုင်း ဘာမှန်းမသိလို့ မျက်ခုံးလေးကြုံ့ကြည့်ပြီးတော့မှ လက်ပွေ့အိတ်ကြီးကိုင်ထားတဲ့ အဖွားကြီးကိုမေးလိုက်တာပါ။ မဟုတ်မှလွဲရော ... ဟိုနောက်မှာရပ်ထားတဲ့ အိစက်လက်ပြောင်နေတဲ့ကားကြီးပေါ်ကနေ ဒီအဖွားကြီးဆင်းလာတာပဲနေမှာ။ ပြောရရင် ... ဒီအဖွားကြီးကို မိုက်ရိုင်းမသိပါလား။

ဘယ်က အဖွားကြီးလဲ ...

တစ်ကိုယ်လုံးမှာ ဝတ်ထားသမျှ စိန်တွေကပါ အဖွားကြီးရဲ့ မျက်ဝန်းထဲက အရောင်တွေလို တဖျတ်ဖျတ်ခါလို့။

"ဟွန်း ... ဘာဖြစ်ရမှာလဲ၊ မင်းကိုတွေ့ချင်လို့ ငါလိုက်ရှာနေတာ ... "





"ဗျာ ... "

မင်းကိုတွေ့ချင်လို့ ငါလိုက်ရှာနေတာတဲ့။

ဦးဝကြီး အပါအဝင်အားလုံးကပါ ဒီအဖွားကြီးကိုပဲ နားမလည်သလို ခပ်ကြောင်ကြောင်လေး ငေးကြည့်နေကြသည်။ အဖွားကြီးက စ,ဝင်လာကတည်းက လေသံမာမာလေးနဲ့ဝင်လာတာမို့ ဘာဖြစ်တာလဲဆိုတဲ့အကြည့်နဲ့ ဦးဝကြီး ကြည့်နေမိ၏။

"ကျွန်တော့်ကို ... ကျွန်တော့်ကိုတွေ့ချင်လို့ လိုက်ရှာနေတာ ဟုတ်လားဖွား ... "

"ဟွန်း ... မင်းဘာမှအပိုတွေ ပြောမနေနဲ့မိုက်ရိုင်း၊ ငါ မင်းကို လိုက်ရှာနေတာ၊ မင်းခေါ်ပြီး ဖျက်ဆီးလိုက်တဲ့ ငါ့မြေးလေး မောင့်သခင်ကို တွေ့ချင်လို့လိုက်ရှာနေတာ၊ ငါ့မြေးလေး မောင့်သခင်ဘယ်မှာလဲ ... ငါ့မြေးလေးကို မင်းဘယ်မှာဖွက်ထားသလဲ"

"မောင့် ... မောင့်သခင်က ဖွားမြေး ... ဟုတ်လား ... "

"နင် ... နင်လို အကောင်စားလေးက ငါ့မြေးလေးကို ခေါ်သွားစရာလားဟင် ... မိုက်ရိုင်းရဲ့၊ ဒီလို ဆံပင်ရှည်တွေဖရိုဖရဲနဲ့ ကလေကချေရုပ်ပေါက်နေတဲ့ နင့်လိုအကောင်စားလေးလက်ထဲမှာ ငါ့မြေးလေးကို မထားနိုင်လို့ ငါပြန်လာခေါ်တာ ... "

"ကျွန်တော် ... "

မထင်မှတ်ဘဲ ဖြစ်လာရသည့်အဖြစ်အပျက်တွေက ဘာမှန်းမသိတာမို့ လူကြီးပီပီ ကြားထဲကို ဦးဝကြီး ဝင်လိုက်ရသည်။

"ဟိုလေ ... ဖွား၊ ကျွန်တော်က ဒီဆန်ဂိုထောင်ပိုင်ရှင်ပါ၊ မိုက်ရိုင်းဆိုတာ ကျွန်တော့်ဂိုထောင်မှာ ဆန်လာထမ်းနေတဲ့ကောင်လေးပါ၊ ဖွားပြောသလိုပဲ ... ဟုတ်တယ် ... ဒီကောင်လေးက ဒေါ်ထက်ထိပ်ဖျားထမင်းဆိုင်က မောင့်သခင်ဆိုတဲ့ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်သွားတာလည်းမှန်တယ် ... ကျွန်တော်တို့သိထားတာ ဒီကောင်မလေးဟာ မွေးစားသမီးလို့ပဲသိထားတာ၊ အခုမှ ဘယ်လိုဖြစ်လို့ ဖွားမြေးဖြစ်နေရတာလဲ ...”

ဒါကို ... အဖြစ်အပျက်အစအဆုံး ဒေါ်မြတ်ထိပ်ထားရှင်းပြလိုက်တော့ ဦးဝကြီးမျက်လုံးပြူးသွား၏။

“တွေ့လား မိုက်ရိုင်း ... ဒီအဖွားရှင်းပြနေတာ ဟုတ်တာပေါ့ ... ဒီအဖွားဘက်က တွေးကြည့်တော့လည်း သူ့မြေးမလေးကို မင်းလက်ထဲမှာ ဘယ်လိုမှ ဆက်မထားနိုင်တော့တာ သေချာနေတာပေါ့ ... ပျောက်သွားတဲ့မြေးမလေးကို ပြန်တွေ့ရတော့မယ်ဆိုတော့ ဒီအဖွား စိတ်တွေတအားလှုပ်ရှားနေတာလေ ... ပြောရရင် ဒီကောင်မလေးဟာ မင်းနဲ့မတန်တော့ပါဘူးမိုက်ရိုင်းရာ ... ကောင်မလေးကို သူ့အဖွားလက်ထဲ မင်းပြန်ထည့်ပေးလိုက်ပါကွာ”

“ဗျာ ... ဦးဝကြီး၊ ကျွန်တော် ... ကျွန်တော် သခင့်ကိုပြန်ထည့်ပေးလိုက်ရမယ် ဟုတ်လား ... သခင်က လိုက်မှာမဟုတ်ဘူး၊ သခင်က ကျွန်တော်နဲ့ပဲနေတော့မှာ ...”

“ဟေ့ကောင် ... မိုက်ရိုင်း ... ကောင်မလေးက မင်းနဲ့နေစရာလား ...”

“မင်းနဲ့နေရင် ဒုက္ခရောက်သွားမှာပေါ့ ...”

“ဟုတ်တယ် မိုက်ရိုင်း ... ငါတို့အားလုံးပြောတာကို မင်းစဉ်းစား ... မင်းတောင် နေစရာ၊ စားစရာမရှိလို့ လမ်းပေါ်မှာ ဒီလောက်ဘဝပျက်နေတာ၊ ကိုယ်နဲ့မတန်တာကို မင်းလုံးဝမမှန်းနဲ့”

“မင်းက လမ်းပေါ်ကကောင် ...”

ဒေါ်မြတ်ထိပ်ထား အားလုံးကိုလှမ်းကြည့်ကာ ...

“ဟုတ်တယ် ... သူတို့ပြောတာ အကုန်မှန်တယ်၊ ဒီလို





ကလေးကချေလေးနဲ့ ဖွားမြေးလေးကို သဘောမတူနိုင်ဘူး၊ ကဲ ... မိုက်ရိုင်း ဖွားမြေးမောင့်သခင်ကို မင်းအေးအေးဆေးဆေးပြန်အပ်မလား၊ ဒါမှမဟုတ် ရဲစခန်းမှာ အမှုဖွင့်လိုက်ရမလား”

“ဟား ... ဟား ...”

ကိုယ်ကလေးကို တစ်ပတ်လှည့်ကာ တဟားဟားနဲ့မိုက်ရိုင်း အော်ရယ်ချလိုက်ပြီ။

“ဟာ ... ဟေ့ကောင်၊ မင်းမရယ်နဲ့လေ ... မင်းနဲ့ဆက်နေရင် ဒီကောင်မလေး ဒုက္ခရောက်တော့မှာကိုသိလို့ ငါတို့အားလုံးဝိုင်းထားနေတာ အခုလိုက်လာတဲ့အဖွားက အရမ်းချမ်းသာတယ်”

“ဟား ... ဟား ... အဲဒါ ကျွန်တော်ဂရုစိုက်စရာလား ဦးဝကြီးရ ... ခင်ဗျားတို့အားလုံးက ကျွန်တော်နဲ့မတန်ဘူးပြောနေလို့ ကျွန်တော် ဟားတိုက်ရယ်ပစ်လိုက်တာ ... ဘာလဲဟင် ဖွား၊ ဖွားမြေးမောင့်သခင်က မိုးတိမ်ပေါ်မှာ စံပျော်ရတော့မယ့်ဘဝကို ရောက်တော့မှာဆိုတော့ ဖွားမြေးကို ဒီလိုအကျႌအစုတ်လေးဝတ်ပြီး ဆန်အိတ်ထမ်းနေရတဲ့ကောင်လေးနဲ့ ဖွားကသဘောမတူတာလား”

“ဒါကတော့ မင်းဟာမင်းပဲ စဉ်းစားကြည့်လေ ... မိုက်ရိုင်း စိန်စီတဲ့ကတ္တီပါဖိနပ်ကို ပိုင်ထားမှတော့ နေပူထဲမှာလျှောက်ပြနေစရာလိုသလား၊ ရွှံ့ဗွက်ထဲမှာ နင်းချလိုက်ရမယ့်ဘဝမျိုးကို ရောက်သွားစရာ အကြောင်းရှိသလား ...”

“ဒါဆို ... ဖွားမြေးကို မိုက်ရိုင်းဆိုတဲ့ကောင်က စိန်နဲ့ယက်တဲ့ ပုခက်ကြိုးနဲ့မိုးပေါ်ကို ဆွဲတင်ပေးနိုင်မှ ဖွားကသဘောတူမယ်ဆိုတဲ့ အဓိပ္ပာယ်လား၊ ဒါဆို ... မိုက်ရိုင်းလုပ်မပြနိုင်ဘူးထင်လို့ မိုက်ရိုင်းကို ရှုံ့ချကန့်ကွက်နေကြတာလား၊ ပြောပါ ... ဖွားရဲ့၊ မိုက်ရိုင်းကို အားမနာပါနဲ့ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဒီအဖွားက အဲလိုတောင်းတော့ရော မင်းက ပေးနိုင်မှာမို့လို့လား၊ ဟွန်း ... အိပ်တော့မီးကင်းတဲ၊ စားတော့လမ်းဘေးထမင်းဆိုင်၊ ထမ်းတော့ ငါးစိမ်းတောင်း ..."

"ခင်ဗျား ... ခင်ဗျား ... ကျွန်တော့်ကို လျှော့မတွက်နဲ့နော် ဦးဝကြီး ..."

မိုက်ရိုင်း အသည်းဆတ်ဆတ်ခါ နာရပါပြီ။

ခေါင်းပေါ်က ဆံပင်တွေကိုလည်း မိုက်ရိုင်း ဆတ်ခါသည်။

နှုတ်ခမ်းတွေကိုလည်း ဟွန့်ခနဲ တွန့်ပစ်သည်။

"ဒီမှာ ... ဖွား ..."

"ပြောလေ ... မင်း ဘာပြောချင်လို့လဲ ..."

"မောင့်သခင်ကို ပြန်မထည့်ပေးလို့ အမှုဖွင့်မယ်ဆိုရင် ကြိုက်တဲ့ပုဒ်မတပ်ပြီး အမှုဖွင့်လိုက်ပါ။ ထောင်ထဲကို ရဲရဲကြီးမိုက်ရိုင်းဝင်သွားမယ်၊ ဖွားတစ်ခုပဲသိထားရမှာက မိုက်ရိုင်းရေးခဲ့တဲ့ပန်းချီကားတစ်ချပ်ဟာ နှလုံးသွေးရဲ့ရေးခဲ့တာပါ ... ဘယ်သူမှ ပြန်ဖျက်လို့မရနိုင်တဲ့ အကြွင်နာမေတ္တာ၊ ပိုးကြိုးမျှင်ပါးပါးလေးတွေနဲ့ မိုးကောင်းကင်ကြီးပေါ်မှာ ကဗ္ဗည်းတင်ထားခဲ့တာ၊ ဟုတ်ပြီနော် ... ဖွား ... ကဲ ... ကျွန်တော် သွားတော့မယ် ..."

"မင်း ... မင်း ... မသွားနဲ့လေ မိုက်ရိုင်း ..."

ပခုံးစွန်းနှစ်ဖက်ပေါ်မှာ ဆံပင်ရှည်တွေ ဖွာလန်ကြဲသွားအောင် ကိုယ်ကိုလှည့်ပစ်ရင်း ... မိုက်ရိုင်းထွက်လာခဲ့တာ တစ်လောကလုံးကို နာကျင်သွားခဲ့လို့ပါ။

ဘာပဲပြောပြော ... တကယ်ဖြစ်သင့်တာက ... ။

## အခန်း (၂၀)

"ဖယ်စမ်း သခင် ... မင်းငါ့လက်ကိုမကိုင်နဲ့ ..."

"ဟင် ... ရိုင်း ... ဘာဖြစ်လို့လဲ ..."

"မင်းကို မုန်းလို့ပြောနေတာကွ ... နားလည်လား ..."

"မုန်းလို့ ..."

ရိုင်း ... ရိုင်း ဘာဖြစ်လာတာလဲ။

တိုက်ပျက်ကြီးရဲ့အပေါ်ကိုတက်လာပြီး သခင့်မျက်နှာကိုလည်း ရိုင်းကမကြည့်။ သခင်ရှိနေတဲ့နေရာလေးကိုလည်း ရိုင်းကမလာ။ ဝါကျင့်ကျင့်ဆံပင်ရှည်တွေကို ဖျတ်ခနဲယမ်းခါရင်း ပြတင်းပေါက်တွေဘက်ကို ဆက်လျှောက်သွားတော့ ဘာဖြစ်မှန်းမသိလို့ ရိုင်းနောက်ကို ခြေဖွနင်းရင်း လိုက်သွားမိတဲ့သခင် ...

ရိုင်းလက်ကလေးကို လှမ်းဆွဲလိုက်မိစဉ်မှာပဲ ...

ရိုင်းပုတ်ချပစ်လိုက်တာက နာကျင်သော မျက်ဝန်းလေးနှင့်ရယ်ပါပဲ။

"ရှင် ... ရှင်က ကျွန်မကိုမုန်းတယ် ဟုတ်လား ... နေ့...

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နေပါဦး၊ ရှင် ... ရှင်ဖျားနေလို့ ပြုစုခဲ့တဲ့ရက်တွေတုန်းကတောင် ရှင်နဲ့ကျွန်မကြားမှာ ဘာပြဿနာမှ မရှိခဲ့တဲ့ဥစ္စာ၊ အခုမှ အပြင်က ပြန်လာပြီး ရှင်ဘယ်လိုဖြစ်လာတာလဲ ...”

“မင်း ... မင်းကြောင့် ငါ့စိတ်တွေ အရမ်းပေါက်ကွဲပြီးတော့ ပြန်လာခဲ့တာကွ၊ ငါအစကတည်းက မင်းကိုပြောတယ် ... ငါ့နောက်ကို မလိုက်ခဲ့နဲ့ဆိုတာ အခုကြည့်စမ်း ... ငါကျင်လည်ခဲ့တဲ့ ပတ်ဝန်းကျင်တစ်ခုလုံးက ငါ့ကိုစုတ်ပြတ်သတ်နေအောင် ဝိုင်းရှုံ့ချနေကြပြီလေကွာ”

“ဟင် ... ရှင့်ကို ဘယ်လိုရှုံ့ချနေကြလို့လဲ ...”

“မင်းနဲ့ငါ့ကို မတန်လို့တဲ့ ...”

“ဩော် ... ဖြစ်မှဖြစ်ရလေ ...”

သခင် အံ့ဩခြင်းများစွာနဲ့ စုတ်သပ်ပြီးညည်းမိသည်။

“ပြီးတော့ရော ... ဘာတွေဝေဖန်ပြောကြသေးလဲ”

“ပြောတာကတော့ စုံနေတာပဲ ... ဟွန်း ... ငါကလည်းသိပါတယ်၊ မင်းနဲ့ငါနဲ့မတန်ဘူးဆိုတာ ငါ့နောက်ကို မင်းပြေးလိုက်လာကတည်းက ကန့်ကွက်ရှုံ့ချသံတွေနဲ့ ညံနေအောင် နောက်မှာကျန်ခဲ့တာ ... အဆိုးဆုံးက တည်ရတုနဲ့ဝေဖြာတို့အဖွဲ့ပေါ့၊ ကဲ ... ပြောပါဦး၊ မင်းကရော ... ငါ့နောက်ကို ဘယ်အထိလိုက်ပြီး ဒုက္ခပေးနေဦးမှာလဲ ...”

“အို ... ရိုင်း ...”

ရိုင်းမျက်နှာလေးကို အသက်ရှူမှားစွာ သခင်ကြည့်လိုက်မိရပါပြီ။

ရိုင်းရယ် ... ကျွန်မကို ရှင်ဘယ်လိုပြောလိုက်တာလဲ။





“အကောင်းဆုံးက ငါ့အနားကနေ မင်းထွက်သွားတော့ ... ဒီနေ့က ငါတို့နှစ်ယောက်ရဲ့ဘဝကို အဆုံးသတ်ပစ်လိုက်ရမယ့်နေ့ပဲ”

“ကျွန်မ ထွက်မသွားနိုင်ဘူး ရိုင်း ...”

“ဘာပြောတယ် ...”

“အပြစ်မရှိအပြစ်ရှာပြီး ... ကျွန်မကို မောင်းထုတ်ဖို့ရှင်မကြိုးစားနဲ့ ...”

သခင် ... ခပ်ပြတ်ပြတ်ပဲ ပြောချသည်။

“ကျွန်မရှင့်နောက်ကို စလိုက်လာကတည်းက ရှင်နဲ့အတူ လမ်းပေါ်မှာနေဖို့ ဆုံးဖြတ်ပြီးလိုက်လာတာ ... ရှင့်ရင်ခုန်သံတွေနဲ့ အနီးဆုံးမှာ ကျွန်မနေချင်တယ်၊ ရှင့်ကိုလမ်းပေါ်မှာ ဒီအတိုင်းထားခဲ့ပြီး ကျွန်မထွက်သွားဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး ... ပတ်ဝန်းကျင်ရဲ့ဝေဖန်ရှုံ့ချသံတွေ ဘယ်လောက်ပဲညံနေ ... ညံနေ ရှင့်အရိပ်ရှိတဲ့နေရာမှာ ကျွန်မအရိပ်ပါရှိနေမယ် ... ရှင်ကျွန်မကို ကြိုက်သလိုမုန်းပါ၊ နီကြောင်ကြောင် ဆံပင်ရှည်လေးတွေနဲ့ လူဆိုးလေးတစ်ယောက်ပါလို့ ရှင့်ကိုဘယ်သူတွေကပြောပြော ကျွန်မကတော့ချစ်တယ်”

“သေစမ်းကွာ ...”

“ဟား ...”

ခါးကိုမတ် ကိုယ်ကိုဆန့်လျှက် ... ပြတင်းပေါက်ဘောင်ကို ဖြောင်းခနဲရိုက်ချကာ ရိုင်းကိုယ်လေးတစ်ပတ်လည်ထွက်သွား၏။ ပြီးတော့မှ ... သခင့်မျက်ဝန်းတွေကို တလက်လက်ဖြာတောက်နေအောင် စက္ကန့်ပေါင်းများစွာ ရိုင်းစိုက်ကြည့်လိုက်တာ ဘဝမှာပထမ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးအဖြစ်အပျက်ပါပဲ။

"မင်း ... မင်းက ငါ့ကို ... ချစ်တယ်ဟုတ်လားသခင် ... ဟား ... ဟား ..."

"ဟား ... ဟား ..."

"ဟား ... ဟား ..."

ရုတ်တရက်မေးပြီးတော့မှ ခွက်ထိုးခွက်လန်ရိုင်းက အော်ရယ်ချနေပြီ။

ရိုင်းဘာဖြစ်သွားသလဲဆိုတာ သခင်မတွေးနိုင်ပါ။ ရိုင်းရယ်အခုမှ ရှင်ဘာတွေဖြစ်လာတာလဲ ... ရီဝေဝေမျက်ဝန်းလေးတွေနဲ့ ကျွန်မကိုစိုက်ကြည့်ပြီးတော့မှ ရှင်ဘာဖြစ်လို့ ရယ်ချလိုက်ရတာလဲ။

"ငါ ... ငါက ... အရိုင်းအစိုင်းလမ်းပေါ်က ကောင်လေးတစ်ယောက်ပါ သခင်ရဲ့ ... ငါ့မှာမင်းကို ပေးနိုင်တာတွေ ဘာမှမရှိဘူး၊ မင်းစီးရမယ့် ရွှေခြေနင်းနဲ့စကြာယဉ်ဆိုတာလည်း ငါဖန်တီးပေးနိုင်မှာမဟုတ်ဘူး ... မင်းက ... မင်းက ..."

"ဟား ..."

ပင့်သက်ရှည်ကြီးကိုချကာ ပြတင်းပေါက်တွေဘက်ကို ရိုင်းကိုယ်လေးလှည့်သွားရပြန်ပြီ။ ပြောရရင် ... မနက်ကမှ ရိုင်းကို သတိပေးစကားပြောခဲ့တဲ့ ဘမုန်းချစ် ... ပတ်ဝန်းကျင်ရဲ့ ဝေဖန်ပြောစကားတွေကို တစ်ဆင့်ပြန်ဖောက်သည်ချခဲ့တဲ့ ဘမုန်းချစ်။

"ငါလည်းမယုံနိုင်အောင် ခံစားလိုက်ရလို့ မင်းကိုပြန်ပြောရတာပါ ... ကောင်လေးရာ ... အခု ... သူ့မြေးမလေးကို ပြန်လိုက်ရှာနေတဲ့ သခင့်အဖွား ဒေါ်မြတ်ထိပ်ထားက နောက်ဆုံးပေါ်ကား





တွေ၊ သုံးလေးစီးနဲ့ကို လူအင်အားသုံးပြီး မင်းတို့နှစ်ယောက်ကို ပတ်ရှာနေတာ ... သတင်းပေးနိုင်တဲ့သူကိုလည်း ဆုတွေအများကြီးပေးမယ်တဲ့ ... အပြောင်းအလွဲတွေက အိပ်မက်လိုပဲ ဒဏ္ဍာရီဆန်နေတာမျက်လှည့်ပြလိုက်သလိုပဲ ..."

"အဲဒါ ... အဲဒါ ... ကျွန်တော် ဘာလုပ်ရမလဲ ဘမုန်းချစ်"

"သူ့အဖွားနောက်ကို ပြန်ထည့်ပေးလိုက်ရင် ကောင်မလေးဘဝက တင့်တင့်တယ်တယ်လေးနဲ့ ပြန်ကောင်းစားသွားမှာပေါ့ကွာ မင်းဘဝနဲ့ကတော့ အဝေးကြီးပါ ... ဒါကြောင့်မို့ ဟိုးအစကတည်းက ငါ ... မင်းကိုပြောခဲ့တာ ..."

"ဗျာ ..."

"မင်းနဲ့မတန်ပါဘူးလို့ ..."

"ကျွန်တော် ... ကျွန်တော် သခင့်ကို စွန့်လွှတ်လိုက်ရမယ်ဟုတ်လား ဘမုန်းချစ် ..."

"ဟေ့ကောင် ... မင်းဘဝနဲ့မင်းပုံစံလေးကိုပဲ ပြန်ကြည့်ဦးလေ ... မင်းကြောင့် သခင်ဆိုတဲ့ကောင်မလေး ဂုဏ်တက်သွားမယ်ထင်သလား၊ ငါ့ဆိုက်ကားဂိတ်မှာ ရွှေတွေစိန်တွေ ညွတ်သီးနေအောင်ဝတ်ပြီး အဖွားကြီးလာမေးတော့ ငါကလည်း ပြောလိုက်ပါတယ် ... မိုက်ရိုင်းနောက်ကိုလိုက်သွားတာမှန်ပေမယ့် မိုက်ရိုင်းက ခင်ဗျားမြေးကိုလက်ဖျားနဲ့တောင် တို့မှာမဟုတ်ဘူးလို့၊ ဒီကောင်လေးစိတ်ဓာတ်ကို ကျွန်တော်ယုံတယ်လို့ ... အခုတော့ မင်းတို့နှစ်ယောက်ကို မြေလှန်ပြီးလိုက်ရှာနေကြပြီ ... မင်းကို အထင်သေးပြီး သူ့မြေးတစ်ခုခုဖြစ်သွားမှာ စိတ်မချတာလည်း ပါတာပေါ့ကွာ"

"ဟွန်း ..."



www.burmeseclassic.com

www.burmeseclassic.com



ဘမုန်းချစ် ဒီလိုပြောလိုက်လို့ ခံစားနာကျင်နေတဲ့အချိန်မှာပဲ ဖွားမြတ်ထိတ်ထားနဲ့ပါ ထိပ်တိုက်တွေ့ခဲ့ရလို့ တိုက်ပျက်လေးဆီကို ခေါင်းလေးငိုက်စိုက်ချပြီး … ရိုင်းပြန်လာခဲ့တာပါ။ ဘာပဲပြောပြော ချစ်တတ်တဲ့နှလုံးသားလေးဟာ … ရိုင်းဆိုတဲ့ ကောင်လေးတစ်ယောက်ရဲ့ရင်ထဲမှာ ရှိနေသင့်သလား။

နောက်ဆုံးမှာတော့ ဒီအဖြေဟာ တစ်ခုတည်းပါ။

လိုက်ရှာနေတဲ့ သူ့အဖွားလက်ထဲကို ပြန်ထည့်ပေးလိုက်ဖို့။

နာကျင်နေတဲ့နှလုံးသားတွေနဲ့ပဲ … သခင့်ကို ရိုင်းစွန့်လွှတ်လိုက်ရပါတော့မည်။

ရိုင်း သခင့်ဘက်ကို ပြန်လှည့်သည်။

ဆံပင်လေးတွေ ပခုံးစွန်းပေါ် ပုံကျငြိမ်သွားတော့မှ …

"ဒီမှာ … သခင်၊ မင်းဘာပဲပြောပြော ငါကမင်းကိုချစ်ခဲ့တာမဟုတ်ဘူး … ချစ်တတ်တဲ့ နှလုံးသားလည်း ငါ့ရင်ထဲမှာ မရှိဘူး"

"အဲဒါ … ကျွန်မ မယုံဘူး …"

သခင်ကလည်း ဒါကိုလက်မခံပါ။

"ဒီမှာ … အခုမှ ဒီစကားတွေ ရှင်လာပြောမနေနဲ့၊ ရှင်သမင်းစားမယ်မို့လား … ကျွန်မရှင်ပြန်လာတာနဲ့စားလို့ရအောင် အားလုံးအဆင်သင့်လုပ်ထားတယ် … ဒါက ပဲပင်ပေါက်၊ ပဲပြားကြော်၊ ဒါက ကုလားပဲလေးနဲ့ကြာဇံလေး … ဒါက ငါးပိရည်နဲ့တို့စရာ …"

"ဟင် … ဒါတွေ မင်းဘယ်မှာသွားချက်လာတာလဲ"

"တိုက်ပျက်ကြီးရဲ့နောက်က မြေကွက်လပ်မှာ မီးလေးဖိုပြီးကျွန်မချက်လိုက်တာ …"

"ဟွန်း … ငါမစားတော့ပါဘူး …"





"ဟာ … ရှင်မစားလို့မရဘူးနော် ရိုင်း … ဟိုတစ်ခါ နေမကောင်းဖြစ်ပြီးကတည်းက ဖြူဖတ်ဖြူလျော်လေးနဲ့ ရှင်အားနည်းနေတာ … ထမင်းမစားရင်တောင် ပဲကြာဇံဟင်းချိုကလေးကိုတော့ ရှင်သောက်ပါ …"

"မင်းကို … မစားဘူးလို့ ငါဘယ်နှစ်ခါပြောရမလဲ …"

"ရိုင်း …"

"သွားစမ်းကွာ …"

"ဖြောင်း …"

"ဒေါင်း …"

"အို …"

ကြည့်စမ်း …

သခင်ပြင်ထားတဲ့ ထမင်းဝိုင်းကလေးကို ရိုင်းအကုန်မှောက်ချပစ်လိုက်တာ။

ဟင်းတွေလည်း မှောက်ကျ … ဟင်းချိုတွေလည်း ကြမ်းပြင်ပေါ်မှာ ဖိတ်စင်စိုရွှဲပြီး … ထမင်းတွေလည်း ပြန့်ကျဲကာ အားလုံးတစ်ခုစီ တစ်ခြားစီ …။

ရိုင်း … ဘယ်လိုဖြစ်နေတာလဲ။

သခင့်ကိုလည်း မချစ်ဘူးတဲ့။

ချစ်တတ်တဲ့နှလုံးသားလည်း ငါ့မှာမရှိဘူးတဲ့။

"ရိုင်းရယ် … ရိုင်းဘယ်လိုတွေဖြစ်လာတာလဲ၊ သခင့်ကိုပြောပါဦး … သခင့် … သခင် ရိုင်းနောက်ကိုလိုက်လာတာ အားကိုးတကြီးလိုက်လာတာပါ … သခင့်ကို အဲလိုကြီးတော့ မရက်စက်ပါနဲ့"

"အဟင့် …"



www.burmeseclassic.com

www.burmeseclassic.com



သခင်စိတ်ထိခိုက်သွားရတော့ မျက်ရည်စက်လေးက ချက်ချင်းပဲပြုတ်ကျလာသည်။

ရိုင်းကတော့ … သခင့်ကိုလှည့်မကြည့်ပါ။ အခန်းထောင့်က သခင့်အဝတ်အစားတွေထည့်ထားတဲ့ ကျောပိုးအိတ် အပေါင်းကလေးကို ရိုင်းက ကောက်ကိုင်သည်။

“လာ … အောက်ကိုဆင်းမယ် …”

“ဟင် … ရိုင်းဘာလုပ်မလို့လဲ …”

“ဟော့ကောင် … မိုက်ရိုင်း၊ မင်းမလှုပ်နဲ့နော် အဲဒီမှာရပ်နေစမ်း …”

“ဟာ … ရဲတွေ …”

တိုက်ပျက်လေးအပေါ်ထိ တက်လာတဲ့ ယူနီဖောင်းဝတ်ရဲတွေ။

ရဲတွေရဲ့နောက်မှာ ရိုင်းကိုဒုက္ခပေးဖို့လိုက်လာတဲ့ဝေဖြာ။

“အဲဒီကောင်ပဲ စခန်းမှူးကြီး … ကျွန်တော့်ကားမှန်ကို အုတ်ခဲနဲ့ထုပြီး ဘလိုင်းကြီး သောင်းကျန်းသွားတာ”

ဝေဖြာ … မျက်ထောင့်နီနဲ့ကြည့်ကာ ရိုင်းကို လက်ညှိုးထိုးပြလျှက်။

ရဲက … ရိုင်းကို ချက်ချင်းလက်ထိပ်ခတ်သည်။

“စခန်းရောက်မှ ရှင်းတော့ကွာ … ညီလေး သူကအမှုလာဖွင့်လို့ တာဝန်အရ အရေးယူရတာပါ …”

နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ရိုင်းပြုံးလိုက်တာ သိပ်ကိုနာကျင်သွားလို့လား။

ဝေဖြာနောက်မှာ တည်ရတု၊ တည်ရတုနောက်မှာ ခက်မာ





ခက်မာနောက်မှာ ဒေါ်ထက်ထိပ်ဖျား။

“အဲဒါ … မင်းက နာမည်နဲ့လိုက်အောင် မိုက်ရိုင်းသွားတာကိုးကွ … ဒါပေါ့ကွာ … နောက်ဆုံးတစ်နေ့ကျတော့ မင်းလို ကောင်စားလေးထောင်ထဲရောက်သွားတာနဲ့ပဲ ဒီဇာတ်လမ်းကို အဆုံးသတ်လိုက်ရတော့မှာပေါ့ …”

“ဟာ … မဟုတ်ဘူးနော် … မဟုတ်ဘူး … ဒီကိစ္စက ရိုင်းမှာ ဘာအပြစ်မှမရှိဘူး … ရိုင်းကိုမဖမ်းပါနဲ့ စခန်းမှူးကြီးရယ်၊ ဝေဖြာက သခင့်ကို အတင်းလက်ဆွဲခေါ်လို့ ဒီအမှုကို ရိုင်းကျူးလွန်မိသွားတာပါ …”

“အဲဒါ … တရားရုံးကိုရောက်မှ ဥပဒေအရ ရင်ဆိုင်ဖြေရှင်းကြပါ … ခုလောလောဆယ်တော့ … ဟော့ … မိုက်ရိုင်းကို ကားပေါ်တင်ပြီး စခန်းကိုခေါ်သွားကြတော့ …”

စခန်းမှူးကြီးက သူ့ရဲဘော်တွေကို အမိန့်ပေးလိုက်ပြီ။

“ရိုင်း …”

ရိုင်းနောက်ကို သခင်ပြေးလိုက်ဖို့ ကြိုးစားလိုက်ပေမယ့် မရတော့ပါ။

တိုက်ပျက်ကြီးရှေ့က လမ်းမကြီးပေါ်ကို ထိုးရပ်လာတဲ့ ကားတွေကလည်း တစ်စီးပြီးတစ်စီး။

“ဘာဖြစ်တာလဲဟင် …”

“မိုက်ရိုင်းလေ … ဖဲဝိဇ္ဇာ ခါးပိုက်နှိုက်ကြီးရဲ့သား … အရမ်းဆိုးတဲ့ဟိုကောင်လေး … သူများရဲ့အကောင်းစားကားမှန်ကြီးကို အုတ်ခဲနဲ့ထုခွဲလိုက်လို့ ရဲတွေကလာဖမ်းတာ …”

“ဘုရားရေ …”

ဒေါ်မြတ်ထိပ်ထားတို့အဖွဲ့ကို ဦးဆောင်ခေါ်လာတဲ့ …



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုဝေတစ်ယောက် မိုက်ရိုင်းနဲ့သခင်ပုန်းနေတယ်ဆိုတဲ့ တိုက်ပျက်ကြီးရှေ့ကိုအရောက်မှာပဲ မျက်လုံးပြူးခဲ့ရပါပြီ။

"ဟို ... ဆံပင်နီကြောင်ကြောင် ရှည်ရှည်လေးနဲ့ လက်ထိပ်ခတ်ထားတာ မိုက်ရိုင်းလားဟင်နုဝေ ... ဖွားမြေလေးကို ခေါ်သွားတဲ့ကောင်လေးက ဒီကောင်လေးလေ ..."

"ဟုတ်တယ်လေ ... အရမ်းဆိုးတဲ့မိုက်ရိုင်းဆိုတဲ့ကောင်လေးက အဲဒီကောင်လေး ..."

"သိတယ် ... သိတယ် ..."

"ဟိုမှာ ... ဟိုမှာ ... ကျစ်ဆံမြီးလေးနှစ်ခွနဲ့ကောင်မလေး"

"အို ... ကြည့်ပါဦးနုဝေရယ် ... ဖွားမြေလေးက ချစ်ဖို့ကောင်းလိုက်တာ၊ ဒါ ... ဒါ ... ဖွားမြေလေးလား၊ မြဆံနွယ်ငယ်ငယ်ကပုံစံလေးနဲ့ တစ်ထေရာတည်းတူတဲ့ ဖွားမြေလေး ..."

ကားပေါ်ကဆင်းလိုက်တာလည်း ဒေါ်မြတ်ထိပ်ထားသွက်လို့။

"အဟင့် ... ဟင့် ... ဟင့် ..."

"အဟင့် ... ဟင့် ..."

ရိုင်းအဖြစ်ကို မကြည့်ရက်လို့ ရှိုက်ငိုနေတဲ့သခင်တစ်ယောက်တစ်ချက်ရှိုက်လိုက်တိုင်းမှာ ရင်ညွှန့်လေးရှေ့မှာ ရောက်နေတဲ့ ကျစ်ဆံမြီးရှည်လေးတွေက တဖျတ်ဖျတ်လေးနဲ့ လှုပ်ရမ်းနေလို့ပါ။ သခင်မသိပါ။ တိုက်ပျက်ကြီးရှေ့က လမ်းမပေါ်ကို ထိုးရပ်လာတဲ့ကားတွေကိုလည်း သခင်စိတ်မဝင်စားပါ။

"ရိုင်းရယ် ... သခင့်ကို ရိုင်းဘယ်လောက်ထိ ချစ်ခဲ့တယ်ဆိုတာ သခင်သိပါတယ်၊ မိန်းကလေးတစ်ယောက်ရဲ့မျက်လုံးကိုရဲရဲဝံ့ဝံ့မကြည့်ရဲခဲ့တဲ့အထိ သိမ်ငယ်ခဲ့ရတဲ့ ရိုင်းရဲ့မျက်ဝန်းထဲက အချစ်





တွေကို သခင်မြင်နေရလို့ ရိုင်းကိုသခင်သနားခဲ့တာပါ ... ဘာပဲပြောပြော သခင်အနားကနေ မမျှော်လင့်ဘဲ ရိုင်းထွက်ခွာသွားခဲ့ရပေမယ့် ရိုင်းပြန်လာမယ့်နေ့ကို လမ်းပေါ်ကပဲ သခင်စောင့်နေမယ်နော် ... ရိုင်း ..."

"အဟင့် ..."

ရဲကားကြီး မောင်းထွက်သွားတာကိုကြည့်ပြီး ...

ဟင့်ခနဲ ထပ်ငိုချလိုက်မိတာ သခင်ရယ်ပါပဲ။

သခင့်အနားကို အရင်ဆုံးပြေးလာပြီး သခင့်ပခုံးလေးကိုဆုပ်ဖက်ပစ်လိုက်တာ တိုက်ပျက်ကြီးဘေးခြံက ကြီးကြီးခက်ပါ။

"မငိုပါနဲ့သမီးလေးရယ် ... သမီးလေးကို အမှန်အတိုင်းဝန်ခံရမယ်ဆိုရင် အနှီးထုတ်လေးနဲ့ပတ်ထားတဲ့ သမီးလေးကို မီးရထားသံလမ်းပေါ်မှာ ရက်ရက်စက်စက်စွန့်ပစ်ဖို့ ကြံစည်ခဲ့တဲ့အထဲမှာ ကြီးကြီးခက်လည်းပါခဲ့ပါတယ်၊ ဒါတွေအားလုံးကို အမှန်အတိုင်းရှင်းပြဝန်ခံပြီး သမီးလေးရဲ့အဖွား ဒေါ်မြတ်ထိပ်ထားကို ကြီးကြီးခက်ဖုန်းဆက်ခေါ်လိုက်လို့ အားလုံးရောက်လာကြပြီလေ ..."

"ရှင် ... ကြီးကြီးခက် ... ဘယ်က ... ဘယ်က ဖွားမြတ်ထိပ်ထားလဲ ..."

"အဲဒါ ... ဟိုမှာလေ၊ အခုကားပေါ်က ဆင်းလာနေတာသမီးလေးရဲ့အဖွား ... ဒေါ်မြတ်ထိပ်ထားတဲ့ ..."

"ဒေါ်မြတ်ထိပ်ထား ဟုတ်လား ... အဲဒါသခင့်ရဲ့အဖွား"

သခင့်မျက်တောင်လေးတွေ ကော့တက်သွားခဲ့ရသလိုသခင့်တစ်ကိုယ်လုံးလည်း အေးစက်လို့သွားခဲ့ရပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"အဟင့် … ဟင့် … "

"ရိုင်းကို သခင်မမုန်းပါရစေနဲ့နော် … ဖွား … "

"ရိုင်းကို သနားပါ ဖွားရယ် … "

"ဖွားဖြေရှင်းပေးလိုက်ရင် အချုပ်ထဲကနေ ရိုင်းပြန်လွတ်သွားနိုင်တာမှန်ပေမယ့် လွတ်သွားတာနဲ့ ခေါင်းငိုက်စိုက်လေးကျပြီး နီကြောင်ကြောင်ဆံပင်ရှည်လေးတွေနဲ့ လမ်းပေါ်မှာလျှောက်သွားနေမှာ၊ ပြီးတော့ … မီးကင်းတဲလေးမှာပဲ ခွေခွေလေး … ရိုင်းအိပ်နေတော့မှာ၊ သခင် ရိုင်းနဲ့တွေ့ပါရစေ … သခင် ရိုင်းနောက်ကို လိုက်သွားပါရစေဖွားရယ်"

ဖွား … ခြေဖမိုးလေးကို နဖူးလေးနဲ့ဝင်တိုက်ကာ ဝမ်းနည်းပက်လက်လေး သခင်တောင်းဆိုမိသည်။ ဒါဟာလည်း ဖွားပိုင်တဲ့သည်ခြံကြီးထဲကို စလိုက်လာတဲ့နေ့ကတည်းက တဟင့်ဟင့်လေးနဲ့ ရှိုက်ငိုရင်း သခင်လိုက်ခဲ့ရတာပါ။

ဒါကို ဖွားက … သောာ့တွေအထပ်ထပ်ခတ်၊ အစောင့်တွေ





အထပ်ထပ်ချကာ … ရိုင်းဆီကို ပြန်သွားမှာကြောက်လို့ တားဆီးခဲ့တာလေ။ သခင့်မှာတော့ သော့ခတ်ထားတဲ့ သံတံခါးကြီးကိုကိုင်ကာ မျက်ရည်စက်လက်လေးနဲ့။

"အဟင့် … ရိုင်းကို သနားလို့ပါနော် … "

"သခင့်အင်္ကျီလေးပြဲသွားတုန်းကလည်း သူမစားမသောက်ဘဲ သခင့်ကို အင်္ကျီလေးတစ်ထည်သူပြန်ဝယ်ပေးတယ် … သခင့်ကြောင့်လည်း လမ်းပေါ်မှာရန်ဖြစ်ပြီး အထိုးအကြိတ်ခံရတယ်၊ ထမင်းဆိုင်ကနေ သခင့်ကိုပြန်ရွေးဖို့ဆိုပြီး ဖြူဖပ်ဖြူလျော်လေးဖြစ်နေတဲ့ရိုင်းက ဆန်အိတ်တွေထမ်း၊ ငါးစိမ်းတောင်းတွေထမ်းနဲ့ နောက်ဆုံးမှာတော့ ပိုက်ဆံမြန်မြန်ပြည့်အောင်ဆိုပြီး … နဖူးတွေပေါက်၊ နှုတ်ခမ်းတွေကွဲ၊ မျက်လုံးတွေယောင်လာတဲ့အထိ လက်ဝှေ့စင်ပေါ်တက်ပြီး ခပ်မိုက်မိုက်ပိုက်ဆံရှာခဲ့တာ၊ အဲဒါ … သခင့်ကို ချစ်ခဲ့တဲ့ ရိုင်းရဲ့အချစ်တွေပါ … ရိုင်းသိပ်ချစ်တာကို သခင်သိလို့ ဖွားကိုတောင်းပန်နေတာပါ … ရိုင်းဆီကို သခင်သွားပါရစေ ရိုင်းနဲ့ သခင် … ခဏလေးဖြစ်ဖြစ် တွေ့ပါရစေဖွားရယ် … "

"ဟွန်း … "

မြေးလေးကိုကြည့်ကာ နှုတ်ခမ်းလေးမဲ့သွားအောင်တော့ ဒေါ်မြတ်ထိပ်ထား ပြုံးမိသည်။ ဒါတွေကိုသိလို့လည်း ရဲစခန်းကို ဒေါ်မြတ်ထပ်ထားကိုယ်တိုင်လိုက်သွားပြီး အမှုကိုကျေအေးပိတ်သိမ်းသွားအောင် ဝေဖြာဆိုတဲ့ကောင်လေးကို လျော်ကြေးပေးခဲ့သည်။

အချုပ်ခန်းထဲကနေ တည်တင်းနေတဲ့မျက်နှာထားမာမာလေးနဲ့ ပြန်ထွက်လာတဲ့ရိုင်းဆိုတဲ့ကောင်လေးကိုလည်း မြေးလေး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာနဲ့တွေ့ဖို့ ဒေါ်မြတ်ထိပ်ထား ကြိုးစားခဲ့၏။

"ရှိုင်း ... မင်း ပြန်လွတ်လာပြီနော် ... "

နဖူးလေးပေါ်ပြန့်ကြဲနေတဲ့ ဆံပင်တွေကိုဖယ်ကာ ဟုတ်လို့ပဲ ရှိုင်းက တစ်လုံးတည်းဖြေ၏။ ဒါကို ဒေါ်မြတ်ထိပ်ထားက ခင်ခင်မင်မင်ကလေးပြုံးကြည့်ကာ ...

"ဖွား ... ဖွားကို မင်း စိတ်ဆိုးနေလားဟင် ရှိုင်း ... "

ကိုယ်မှာဝတ်ထားတဲ့စိန်တွေ ဖျတ်ဖျတ်လက်နေတာကို တွေ့ပေမယ့် နှုတ်ခမ်းလေးတွန့်ပြီး ... ခေါင်းလေးခါလိုက်တာက တကယ့်ကို နာနာကျင်ကျင်ကလေး။

"ကျွန်တော် ... ခင်ဗျားနဲ့မတွေ့ချင်တော့ဘူး ... "

"အို ... ရှိုင်းရယ် မြေးလေးရယ် ... ဖွားကိုတောင် မင်းတွေ့ချင်တော့ဘူးလားဟင် ... "

ဖွားမြတ်ထိပ်ထားလို ကျိုကျိုတက်ချမ်းသာတဲ့ အဖွားကြီးကိုတောင် မကောင်းတတ်လို့ အားနာလို့ ပြန်ပြောနေရတဲ့ မျက်နှာထားမျိုးနဲ့ နဖူးပြင်လေးကြားထဲ လက်ချောင်းလေးတွေထိုးသွင်းကာ ဖရိုဖရဲဆံပင်လေးတွေကို ရှင်းလင်းပြီးတော့မှ မျက်နှာလေးမော့လျှက် ... ရှိုင်းက ဖြေသည်။

ဒေါ်မြတ်ထိပ်ထားမျက်နှာ ပျက်သွား၏။

"မင်း ... မင်းက ဖွားကိုမတွေ့ချင်ဘူးဆိုတော့ ဖွားကိုစိတ်နာသွားလို့လား မြေးလေးရယ် ... "

ပြန်မေးလိုက်တာ လျှော့တိလျှော့ရဲ ခပ်ဖျော့ဖျော့အပြုံးကလေးနဲ့ပါ။ ကိုယ့်မြေးလေး သိပ်ကိုတမ်းတခဲ့ရတဲ့ကောင်လေးတစ်ယောက်မို့ မာနတွေကိုဘေးချပြီး ... ဒေါ်မြတ်ထိပ်ထားက





အပြုံးလေးတစ်ပွင့်ကို ကြိုးစားဖန်ဆင်းထားခဲ့ရတာ။

ဒါကိုတောင် ... ကြည့်ပါဦး ...

ဖရိုဖရဲ ဆံပင်ရှည်တွေနဲ့ ရှိုင်းဆိုတဲ့ကောင်လေးက ...

နှုတ်ခမ်းလေးတွန့်ပြီး ပြုံးလိုက်တာ။

"အဟွန်း ... ဝမ်းနည်းပါတယ် ... ပိုက်ဆံချမ်းသာတဲ့လူတွေကို ကျွန်တော် ငယ်ငယ်လေးကတည်းက စိတ်မဝင်စားတတ်လို့ပါ ... "

"ဟင် ... ဒါဆို ဝေဖြာတို့ တည်ရတုတို့ ခက်မာတို့ပြောတာကျတော့ သခင့်ကိုအရမ်းချမ်းသာတဲ့ ဖွားတစ်ယောက်ရဲ့မြေးမလေးမှန်း ... မင်းက ကြိုသိနေလို့ စိမ်းခက်ဆိုတဲ့ငါ့အိမ်က အလုပ်သမားဟောင်းနဲ့ပေါင်းပြီး အပိုင်ချိုင်ဖို့ မင်းကကြိုးစားခဲ့တာဆို၊ ခေါ်သွားတာတောင် အဲဒီခြံဘေးက တိုက်ပျက်ကြီးထဲကို ခေါ်သွားခဲ့တာဆို အခုကျတော့ ... ဘယ်လိုလဲ ... မင်းက ... "

"အဲဒါ ... ဖွား ကျွန်တော့်ကို အထင်သေးတာ၊ ဒီလိုအထင်သေးလို့လည်း ဝေဖြာတို့တည်ရတုတို့နဲ့ ဖွားကပေါင်းပြီး ကားမှန်ရိုက်ခွဲမှုနဲ့ ထောင်ထဲကိုပက်ပက်စက်စက်ပို့ဖို့ အမှုဖွင့်ခဲ့ကြတာ၊ ဘာလည်းဟင်ဖွား ... ကျွန်တော့်ကို လမ်းဘေးအမှိုက်ပုံမှာ အပစ်ခံခဲ့ရလို့ မွေးစားခဲ့ရတဲ့ အဖေကလည်း ခါးပိုက်နှိုက်၊ ဖဲဝိုင်ရှာ၊ အဖွားကလည်း မျက်မမြင်ဒုက္ခိတတစ်ယောက်မို့ ပေပေတေတေဘဝလေးနဲ့ ကိုယ့်ကျေးဇူးရှင်အဖွားစားဖို့ လမ်းပေါ်ထွက်ခဲ့ရတဲ့ကောင်လေးတစ်ယောက်ကို ဖွားက အထင်သေးနေတာလားဗျာ ... ဟား ... ဟား"

မျက်နှာလေးမော့ကာ ... ရှိုင်းက ရယ်ချလိုက်ပြီ။

"ကိုယ့်မိဘတွေမှာ ပိုက်ဆံမရှိလို့ ဆင်းရဲနိမ့်ကျလို့ ကျောင်းကထွက်ပြီး လမ်းမပေါ်တက်ခဲ့ရတဲ့ ကောင်လေးတွေကို အထင်



www.burmeseclassic.com

www.burmeseclassic.com



သေးရှုံ့ချတဲ့ မျက်လုံးတွေနဲ့ကြည့်ပြီး စုတ်ပြတ်သတ်သွားအောင် မစော်ကားချင်ပါနဲ့ဖွားရယ် ... ကျွန်တော် တောင်းပန်ပါတယ်"

"ဒါ ... ဒါဆို ... မင်းက သူတို့ပြောသလိုမဟုတ်ဘူးပေါ့"

ဖွားဒီလိုပြောလိုက်တာကိုတော့ ရိုင်းကလည်းမခံစားနိုင်ပါ။

"ဘာလည်းဟင်ဖွား ... ဖွားထင်ထားတာက မိုက်ရိုင်းဆိုတဲ့ လမ်းပေါ်က ပေပေတေတေမဟုတ်မခံ ဖတ်ဖတ်ကြဲလူမိုက်လေးက ဖွားမြေးလေးကို သွေးဆောင်ဖျားယောင်းခေါ်သွားပြီး၊ ယုတ်မာတဲ့စိတ်ဓာတ်တွေ အောက်တန်းကျတဲ့စိတ်ဓာတ်တွေနဲ့ နှမချင်း မစာမနာ တိုက်ပျက်ကြီးထဲမှာ စော်ကားခဲ့တယ်လို့ ထင်နေလို့လား ဒီမှာ ... ဖွားနားလည်အောင် ပေါ်တင်ပဲမိုက်ရိုင်းလုံးဝကြေငြာမယ်၊ ဖွားမြေးလေးကို တိုက်ပျက်ကြီးထဲခေါ်သွားပြီး လက်ဖျားလေးနဲ့ ထိခဲ့ပါတယ်ဆိုရင်တောင် ကြိုက်တဲ့ပုဒ်မတပ်ပြီး မိုက်ရိုင်းကို ကြိုးစင် ပေါ်တင်ပစ်လိုက် ... "

"ဟင် ... "

"အဲဒါ ... လမ်းပေါ်က မိုက်ရိုင်းဆိုတဲ့ ကောင်လေးရဲ့မာနပဲ"

"မင်း ... မင်း ... "

"ကျေးဇူးတင်ပါတယ်ဖွား ... ကျွန်တော်သွားတော့မယ်"

ဆံပင်ရှည်လေးတွေ ဖွာထွက်သွားအောင် မိုက်ရိုင်း ချာခနဲ လှည့်ထွက်ခဲ့တော့ ... ရိုင်းရဲ့လက်ကလေးကို လှမ်းဆွဲလိုက်တာ ဒေါ်မြတ်ထိပ်ထားပါ ... "

"နေ ... နေပါဦးမြေးလေး ... မင်းမသွားပါနဲ့ဦး၊ မင်းက လမ်းပေါ်မှာနေရတဲ့ကောင်လေးပေမယ့် ဘွားမြေးလေးဘဝကို ဖြူစင်တဲ့မေတ္တာကလေးနဲ့ ကာကွယ်စောင့်ရှောက်ပေးခဲ့တာကို ကျေးဇူးဆပ်တဲ့အနေနဲ့ မင်းကို သိန်းငါးဆယ်တိတိ ဘွားပေးခဲ့ချင်တယ်"





"ဗျာ ... ဖွား ... သိန်းငါးဆယ် ဟုတ်လား ... "

"ဟား ... ဟား ... "

ဖွားကိုလှည့်မကြည့်ဘဲနဲ့ ... ရိုင်း အရူးလေးတစ်ယောက်လို ရယ်လိုက်မိရပြန်ပါပြီ။

"ဖွား ... ဖွားက ကျွန်တော့်ကို ခုထိအထင်သေးနေတုန်း ပဲလားဟင် ... ဖွား သဘောမတူတဲ့ ကောင်လေးတစ်ယောက်က နန်းတော်တမျှ လှပခမ်းနားနေတဲ့ ဖွားတို့တိုက်ကြီးရဲ့ ခြံတံခါးဝက သံတိုင်ကြီးတွေကိုကိုင်ပြီး မတန်မရာလာမှန်းမယ်ထင်လို့ သိန်းငါးဆယ်နဲ့အပြတ်ဖြတ်ဖို့ ကြိုးစားလိုက်တာလားဗျာ ... ဖွားတို့လို ပန်းနဲ့ဆောက်တဲ့နန်းတော်ဆိုတာ လမ်းပေါ်မှာ ဘယ်တော့မှမရှိနိုင်ပေမယ့် မိုက်ရိုင်းဆိုတဲ့ကောင်လေးအတွက်ကတော့ မာနနဲ့ဆောက်တဲ့နန်းတော် ... လမ်းပေါ်မှာ အမြဲရှိနေမှာပါ ... "

"အဲဒါ ... ပိုက်ဆံချမ်းသာတဲ့ အသိုင်းအဝိုင်းတွေကို မိုက်ရိုင်း လုံးဝအောက်ကျမခံချင်လို့ပါ ... ရှင်းတယ်နော် ဖွား ... ကျွန်တော့်ကို သွားခွင့်ပြုပါ ... "

"အို ... မြေးလေးရယ် ... မင်း ... မင်း ... "

ခုတော့ ... ကြည့်ပါဦး ...

အဲလို မာနကြီးတဲ့ကောင်လေးကိုမှ ကိုယ့်မြေးမလေးက တွေ့ချင်နေတယ်ဆိုတော့ ဒေါ်မြတ်ထိပ်ထား ဘာလုပ်ရပါတော့မလဲ။

ရှာရင်လည်း ကောင်လေးကို လမ်းပေါ်မှာပဲ လိုက်ရှာရတော့မှာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟား ... ဟား ... ဟား ..."

ရှိုင်း ခေါင်းမော့ရယ်လိုက်တော့ ပခုံးစွန်းနှစ်ဖက်ပေါ်က ဆံပင်ရှည်တွေက တဖျတ်ဖျတ်ယမ်းခါနေသည်။ ရှိုင်းမျက်ဝန်းလေးထဲမှာတော့ နာကျင်ခြင်း၊ ကြေကွဲခြင်းနှင့် ရင်နင့်ရခြင်းတွေက ... တလက်လက် ဖိတ်စင်ပြည့်လျှံကာ ခံစားချက်တွေက အတိုင်းအဆမဲ့ ပေါက်ကွဲရတော့လေမည့်နှယ်။

"ဟား ... ဟား ..."

လမ်းပေါ်မှာတွေ့သမျှ စီးကရက်ဗူးခွံတွေ၊ ဘီယာဗူးခွံတွေကို ခြောင်းခနဲ ... ခြောင်းခနဲပိတ်ကန်ပစ်ရင်း ... လျှောက်လာသမျှ ခြေလှမ်းတိုင်းမှာ နာကျင်ခြင်းတွေက အရိပ်လို တွယ်ငြိပါလာခဲ့သည်မို့ ရှိုင်းရယ်သံလေးက သွေ့ခြောက်အက်ကွဲလျှက်။

ထိုမဆုံးနိုင်သော ရယ်သံလေးတွေက ပျော်ရွှင်မှုတွေကို သယ်ဆောင်လာခဲ့သည့် ရယ်သံမျိုးတွေမဟုတ်ခဲ့သည့်တိုင် ရင်မှာ





လိုက်၍ ဖြေနိုင်စွမ်းမဲ့ခဲ့သော လှောင်ပြောင်ရယ်မောခြင်းများဖြစ်နေခဲ့သည်က သေချာနေခဲ့ပါသည်။

"ကောင်လေးရေ ..."

"အရှိုင်းလေး ..."

"ကလင် ... ကလင် ..."

"ဟင် ..."

ခေါ်သံလေးနဲ့အတူ ဆိုက်ကားဘဲလ်သံလေးကို ကြားလိုက်ရ၍ နောက်ကိုလှည့်ကြည့်လိုက်တော့ ရွှင်လန်းအားရနေသည့်မျက်နှာထားဖြင့် ပိုက်လာနေသော ဘမုန်းချစ်ကို ရှိုင်းတွေ့လိုက်ရသည်။

"ဘ ... ဘမုန်းချစ် ... ကျွန်တော့်နောက်ကို လိုက်လာတာဟုတ်လား ..."

"မင်း ... မင်းအချုပ်ထဲက လွတ်တော့မယ်ဆိုလို့ မင်းကို ဘမုန်းချစ်လာကြိုတာ ကောင်လေးရယ် ... မင်းပြန်လွတ်လာတာ ဘမုန်းချစ် ဝမ်းသာလိုက်တာကွာ၊ ကြည့်ပါဦး ... တစ်ပတ်နှစ်ပတ်လောက်လေးနဲ့ မင်းမျက်နှာလေး ချောင်ကျသွားလိုက်တာ"

ဆိုက်ကားပေါ်ကဆင်းကာ ရှိုင်းကိုဖက်လှဲတကင်းပင် ဘမုန်းချစ်က ပွေ့ဖက်ထား၏။ ပြီးတော့မှ ... ရှိုင်းပခုံးလေးနှစ်ဖက်ကို ခပ်ဆဆလေးတွန်းကာ ပြန်ခွာလျှက် ရှိုင်းမျက်ဝန်းတွေကို ဘမုန်းချစ် စိုက်ကြည့်သည်။

"ဘာလဲဟေ့ကောင် ... အချုပ်ခန်းထဲက မင်းပြန်ထွက်လာတော့ ဟို ... ဟိုက်ဘော့စ်အဘွားကြီး ခေါ်မြတ်ထိပ်ထားနဲ့ ရင်ဆိုင်ခဲ့ရတာတွေ၊ မင်းငါ့ကိုပြောချင်နေလို့လား ... အဲဒါ ... ငါသိတယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၊ မင်းတို့နှစ်ယောက် အေးအေးဆေးဆေးဖြေရှင်းကြပါစေဆိုပြီး ငါတမင်လွှတ်ပေးလိုက်တာ ... မင်းတို့နှစ်ယောက်ပြောနေတာတွေ အားလုံးကိုလည်း တမာပင်အရိပ်အောက်လေးမှာထိုင်နေတဲ့ငါက အကုန်ကြားတယ် ... ကောင်လေးရာ မင်းအတွက် ... ငါတကယ်စိတ်မကောင်းဘူးကွာ၊ အဲဒါလေ ... တည်ရတုတို့ ဝေဖြာတို့အဖွဲ့နဲ့ပေါင်းပြီး ဒေါ်မြတ်ထိပ်ထားက အမှုဖွင့်ဖို့အကြံပေးလိုက်တာ၊ ဒါမှ ... သခင်နဲ့မင်းကို ခွဲလို့ရမှာလေ ... ”

“ဟွန်း ... ကျွန်တော်ကလည်း ဒါကိုသိပါတယ်ဗျာ၊ ရဲတွေရောက်လာတာကိုမြင်နေရတာတောင် ကျွန်တော်ထွက်မပြေးဘဲတမင်အဖမ်းခံလိုက်တာ ... ဒါမှ သခင်နဲ့ကျွန်တော် ဝေးသွားမှာ၊ အခုတော့ ... အဆင့်အတန်းခွဲလွန်းတဲ့ လောကကြီးကို ကျွန်တော်မုန်းသွားပြီ ... ဘမုန်းချစ်ရာ ... ”

ကောင်လေး ခေါင်းငိုက်စိုက်ကျသွားတာလေးကို တွေ့တော့လည်း ဘမုန်းချစ် ... ရင်ထဲမှာ နင့်နေအောင် ခံစားလိုက်ရသည်။

“ကဲပါကောင်လေးရာ ... စိတ်မကောင်းစရာတွေ ပြောမနေပါနဲ့တော့ ... ခုလောလောဆယ်အရေးကြီးတာ ငါ့ဆိုက်ကားပေါ်မင်းတက်လိုက် ... ”

“ကျွန်တော် ... ကျွန်တော် မလိုက်တော့ဘူး ဘမုန်းချစ်”

“ဟင် ... မင်းက ဘယ်သွားမလို့လဲ ... ”

ရိုင်း ... ခေါင်းလေးခါပြင်းလိုက်တော့ ...

တအံ့တဩ မော့ကြည့်လိုက်တာ ဘမုန်းချစ်ရယ်လေ။

“ဒီ ... ဒီဆင်ခြေဖုံးမြို့သစ်လေးရဲ့ အဝေးဆုံးနေရာကို ကျွန်





တော်ထွက်သွားတော့မှာလေ ဘမုန်းချစ် ... ”

“ဟေ ... ”

“ဘမုန်းချစ်ကို ကျွန်တော် ကန်တော့ခဲ့ပါတယ်ဗျာ ... ”

ပြောလည်းပြော မြေပြင်ပေါ်မှာ ဒူးထောက်ထိုင်ချလျက်ဘမုန်းချစ်ကို ရိုရိုသေသေလေး လက်အုပ်ချီကန်တော့လိုက်တာရိုင်းပါ။ ဒါကိုမြင်ရတော့ ဘမုန်းချစ် မျက်ရည်တွေဝဲလာသည်။

“ဘာ ... ဘာလဲဟင်ကောင်လေး ... မင်းနဲ့ဘဝတွေ အများကြီးခြားသွားတဲ့သခင်ဆိုတဲ့ကောင်မလေးကို မင်းအမြဲသတိရနေမှာစိုးလို့ ဒီပတ်ဝန်းကျင်ကနေ မင်းရှောင်ထွက်သွားဖို့ ကြိုးစားနေတာလား ကောင်လေးရာ ... သခင့် ... သခင့်ကို မင်းသိပ်ချစ်ခဲ့လို့လား ... ဘ ... ဘမုန်းချစ်မေးတာကို မေးဖြေစမ်း ဟေ့ကောင်သခင့်ကိုလေ ... မင်း ... ”

ဒူးထောက်ကန်တော့နေတဲ့ရိုင်းကို ပခုံးကနေကိုင်ပြီး ခပ်ကြမ်းကြမ်းဆွဲထူပစ်လိုက်တာ ဘမုန်းချစ်ပါ။ တစ်ကိုယ်လုံးကိုလှုပ်ပြီးတော့လည်း ဘမုန်းချစ်မေးသည်။ ရိုင်းမျက်ဝန်းတွေကိုလည်းစူးစိုက်ပြီးတော့ ... ဘမုန်းချစ်ကြည့်၏။

မေးလိုက်တာလည်း ငိုသံပါကြီးနဲ့။

ရိုင်းမဖြေနိုင်ပါ။

“ဟေ့ကောင်ရိုင်း ... ဘမုန်းချစ်မေးတာကို မင်းဖြေလေကွာ၊ ခေါင်းငုံ့မထားနဲ့၊ မင်းငါ့မျက်လုံးတွေကို သေသေချာချာမော့ကြည့်ပြီးဖြေစမ်း ... မင်းသတ္တိမရှိဘူးလား ... မိန်းကလေးတစ်ယောက်ကို ချစ်ပါတယ်လို့ ပြောရဲတဲ့စွမ်းအားတွေ မင်းမှာမရှိတော့ဘူးလား ... ဒီမှာ မင်းကိုငါပြောမယ်ကောင်လေး၊ ရှင်ဘုရင်ပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူများနိုင်းတာလုပ်ရတဲ့ကျွန်ပဲဖြစ်ဖြစ်၊ ချစ်တတ်တဲ့အသည်းနှလုံးဆိုတာ လူတိုင်းမှာရှိကြတာချည်းပဲ ... မင်းအားငယ်ပြီးတော့ မပြောရဲရင် အချစ်က မင်းကိုချန်ထားစွန့်ခွာသွားမှာ ... ငါပြောတာ ဟုတ်ရဲ့လားဟင် ... ကောင်လေး ... သခင်နဲ့ပတ်သက်ပြီးတော့ မင်းသိပ်အားငယ်နေလို့လား ... ”

“ကျွန်တော် ... ကျွန်တော် ... ဟင့် ... ”

“ဟာရိုင်း ... မင်းငိုတယ် ... ကြည့်စမ်း ... ”

ရိုင်းမျက်နှာနဲ့ ရိုင်းပါးပြင်လေးပေါ်ကျလာတဲ့ မျက်ရည်စက်လေးကိုကြည့်ကာ ဘုမုန်းချစ် အံ့သြတုန်လှုပ်ရလေပြီ။ ပြောရရင် ဒီကောင်လေးဟာ ငယ်စဉ်ကလေးဘဝသာသာလေးကတည်းက မျက်မမြင်အဖွားကို လုပ်ကျွေးချင်လို့ လမ်းပေါ်တက်ခဲ့ရတဲ့ကောင်လေး ... ဆိုးသွမ်းပေတေနေတဲ့ မွေးစားအဖေက ထောင်ခဏခဏကျလို့ အဖွားနဲ့နှစ်ယောက်တည်းလိုလို အမြဲနေခဲ့ရတာ။ အဖွားဆုံးသွားလို့ ဈေးရှေ့ကိုရောက်လာတော့လည်း ကောင်လေးအိပ်ခဲ့ရတာက မီးကင်းတဲလေးလေ။

ကြည့်စမ်း ... အဲလိုအသည်းမာမာနဲ့ လမ်းပေါ်မှာနေခဲ့ရတဲ့ ကောင်လေးက ဟင့်ခနဲ ရှိုက်သံလေးထွက်ပြီးတော့တောင်ငိုသတဲ့။

“မင်း ... မင်းကွာ ... မင်းရင်ထဲက အချစ်တွေကို ဒီမျက်ရည်လေးတွေနဲ့ သက်သေပြလိုက်တာလားကောင်လေးရာ၊ မင်းကိုကြည့်ပြီးတော့ ... မယုံနိုင်အောင်လည်း ငါခံစားရတယ်၊ မင်းငါ့ကို အမှန်အတိုင်းဝန်ခံစမ်းကောင်လေး ... ဒီကြေကွဲစရာဇာတ်လမ်းလေးထဲမှာ မင်းကိုယ်မင်း သိပ်အားငယ်သွားလို့လား ... ”

“ကျွန်တော် ... ကျွန်တော် မဖြေချင်ဘူး ဘုမုန်းချစ်ရာ ...





ဒီမေးခွန်းကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ မဖြေပါရစေနဲ့၊ သခင်နဲ့ဝေဖြာကလည်း လူကြီးတွေရဲ့အတင်းအကြပ်စီစဉ်မှုတွေနဲ့ မကြာခင် လက်ထပ်ကြတော့မှာဆိုတော့ ... ဘုမုန်းချစ်တစ်ခါက ကြိုတင်နိမိတ်ဖတ်ခဲ့သလိုပဲ ကျွန်တော်က လမ်းပေါ်မှာပဲ ကျန်ခဲ့ရတော့မှာပါဗျာ ... ”

“ကောင်လေးရာ ... မင်းဒီလောက်ပြောရင် ဘုမုန်းချစ်နားလည်ပါပြီ၊ ဒီပတ်ဝန်းကျင်နဲ့ လုံးဝမပတ်သက်တဲ့နေရာလေးတစ်ခုကို မင်းထွက်သွားတော့မှာကိုလည်း ဘုမုန်းချစ်လက်ခံလိုက်ပါပြီ”

“ဒါ ... ဒါဆို ကျွန်တော်သွားတော့မယ်နော် ဘုမုန်းချစ်”

“အေး ... နောက်ဆုံးတစ်ခုအနေနဲ့တော့ မင်းကို ဘုမုန်းချစ်မှာလိုက်မယ်၊ လောကကြီးထဲမှာ ကိုယ်ဘယ်လောက်ပဲ ပေးဆပ်ခဲ့ပေးဆပ်ခဲ့ ... ယူပိုင်ခွင့်မရှိလို့ စွန့်လွှတ်လိုက်ရတာကို ဘယ်တော့မှ နောင်တမရနဲ့ ... ဟုတ်ပြီလား၊ မာနနဲ့တိုက်ရင် တစ်ကမ္ဘာလုံးကိုတောင် သိမ်းပိုက်နိုင်တယ် ... ”

“ဗျာ ... ”

ဘုမုန်းချစ် နောက်ဆုံးပြောလိုက်တဲ့ လက်ဆောင်စကားလေး။

မာနနဲ့တိုက်ရင် တစ်ကမ္ဘာလုံးကိုတောင် သိမ်းပိုက်နိုင်သတဲ့လား ဘုမုန်းချစ်ရာ။

ကျွန်တော် ... လမ်းပေါ်မှာ ရှင်သန်လာခဲ့တာလည်း ဘုမုန်းချစ်ပြောတဲ့ မာနတွေနဲ့ပဲ အကောင်းဆုံးရှင်သန်ရပ်တည်လာခဲ့တာပါ။ အတ္တကြီးတဲ့လူတွေ၊ ဂုဏ်သိက္ခာအဆင့်အတန်းကို တန်ဖိုးဖြတ်ပြီး ခွဲခြားသတ်မှတ်ချင်ကြတဲ့သူတွေကို အောက်ကျမခံချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လက်နက်မချခဲ့တာပါ။

"ဘ ... ဘမုန်းချစ်ပြောတာကို မင်းသဘောပေါက်တယ်နော် ကောင်လေး ..."

"ဟွန်း ... ကျွန်တော် သဘောပေါက်ပါတယ် ဘမုန်းချစ်ရာ၊ နောက်ဆုံးအနေနဲ့ ဘမုန်းချစ်ကို ကျွန်တော်တစ်ခုပဲမှာခဲ့ချင်တာက မတော်တဆပဲဖြစ်ဖြစ် အကြောင်းတိုက်ဆိုင်လို့ပဲဖြစ်ဖြစ် ဘမုန်းချစ်ဆီကို သခင်ရောက်လာခဲ့ရင် ကျွန်တော့်ကိုယ်စား ဘမုန်းချစ်တစ်ခုပဲပြောပေးပါ ..."

"ဟင် ... ဘမုန်းချစ် ဘာပြောပေးရမှာလဲ ..."

"ပန်းနဲ့ဆောက်တဲ့ နန်းတော်ဆိုတာ လမ်းပေါ်မှာ ဘယ်တော့မှမရှိနိုင်လို့ မိုက်ရိုင်းအဝေးကို ထွက်သွားတာပါလို့ မိုက်ရိုင်းဆောက်နိုင်တာ မာနတွေ၊ မခံချင်စိတ်တွေ၊ နာကျင်မှုတွေနဲ့ ဆောက်ရတဲ့ လမ်းပေါ်ကနန်းတော်ပါပဲ၊ အဲဒီနန်းတော်လေးထဲမှာ ကျွန်တော်အမြဲရှိနေမှာပါ ... အဲဒါလေးကိုတော့ သခင်ရောက်လာရင် ဆက်ဆက်ပြောပေးပါနော် ... ဘမုန်းချစ် လမ်းပေါ်ကနန်းတော်လေးမှာ ကျွန်တော်အမြဲရှိနေမယ်နော် ..."

"ဟာ ... ကောင်လေး ..."

ပြောပြီးတာနဲ့ ရိုင်း ... ချာခနဲလှည့်ထွက်ခဲ့ပြီ။

သည်လို လှည့်ထွက်လိုက်တော့ မေးဖျားစွန်းကလေးပေါ် စီးကျလာတဲ့ နောက်ဆုံးမျက်ရည်စက်လေးတစ်စက်က လွင့်ခနဲ။

အခန်း(၂၃)

"ဟင် ... "

ဆိုက်ကားဂိတ်ရှေ့မှာ မမျှော်လင့်ဘဲထိုးရပ်လာတဲ့ အိစက်တောက်ပသော အနက်ရောင်ကားသစ်ကြီးကိုကြည့်ကာ ဘမုန်းချစ် အံ့ဩသွားသည်။ ထိုအချိန်မှာပဲ ကားတံခါးချပ်လေး ထပ်ခနဲပွင့်သွားကာ မြေပြင်ပေါ်ကို အရင်ဆုံးထွက်ကျလာတာ အိစက်သော ရွှေရောင်ကြိုးသိုင်းဒေါက်အိအိလေးနဲ့ ဝင်းနှစ်သော ခြေဖမိုးလေးတစ်ဖက်။

ထူးခြားတာက ခြေသလုံးဝင်းဝင်းနှစ်နှစ်ကလေးဆီမှာ လျှော့ရဲရဲဟန်ကလေးနဲ့ စိန်ဖုချိန်းလေးတစ်ခုကလည်း ပတ်စည်းထားလို့။

"ဟော ..."

တန်ဖိုးကြီး ခေတ်မှီတဲ့ အဖြူရောင်အကောင်းစား ဇာဂါဝန်ဖောင်းဖောင်းအိအိလေးနဲ့ ကားပေါ်ကနေ ကောင်မလေးတစ်ယောက်ဆင်းလာနေတာ ... ကိုယ်နဲ့မဆိုင်တာမို့ အကြည့်လေးကို



www.burmeseclassic.com

www.burmeseclassic.com



မသိမသာလှဲဖယ်ရင်း လက်ထဲက ဂျာနယ်လေးကိုပဲ ဘမုန်းချစ် ဆက်ဖတ်နေလိုက်မိသည်။

ဒီလို နောက်ဆုံးပေါ်အိစက်နေတဲ့ ကားကို စီးနိုင်တဲ့လူတန်းစားတွေဟာ ဘမုန်းချစ်လို လမ်းဘေးက ဆိုက်ကားသမားတစ်ယောက်ကို ဘယ်သူက လာပတ်သက်မှာလဲ။ သူ့အကြောင်းနဲ့သူ ကားပေါ်က ဆင်းလာတာပဲနေမှာပေါ့။

ဒီလိုပဲတွေးရင်း ဂျာနယ်လေးကို ဖတ်နေခိုက် ...

"ဒေါက် ... ဒေါက် ..."

"ဟင် ..."

အနားကိုအရောက်မှာ ဖျတ်ခနဲရပ်သွားတဲ့ ဒေါက်ဖိနပ်အသံလေးကြောင့် ဒုတိယအကြိမ်အံ့ဩကာ ခေါင်းကလေးကိုမော့အကြည့်။

"ဘ ... ဘမုန်းချစ် ..."

"အောင်မလေးဗျာ ... ကြည့်စမ်း ... မင်း ... မင်း ..."

"သခင်လေ ... ဘမုန်းချစ်၊ သခင့်ကိုတွေ့တာတောင် ဘမုန်းချစ် မမှတ်မိတော့ဘူးလား"

"မင်း ... မင်းက ဒီပုံစံလေးနဲ့ ..."

"သခင် ... သခင် ရိုင်းကို လာရှာတာပါဘမုန်းချစ်ရယ်၊ ရိုင်းကို သခင်အရမ်းတွေ့ချင်နေလို့ပါ ... ရိုင်းအခုဘယ်မှာလဲဟင် ဘမုန်းချစ် ... မီးကင်းတဲလေးမှာလည်း ရိုင်းကိုမတွေ့ပါလား"

သခင့်နောက်မှာပါလာတာလည်း ဒေါ်ထက်ထိပ်ဖျားထမင်းဆိုင်က ရင့်ကျူးဆိုသော ကောင်မလေး။

"ပြောပြလိုက်ပါ ဘမုန်းချစ်ရယ် ... ရင့်ကျူးပြောတာကို





သခင်ကမယုံလို့ ရိုင်းအကြောင်းကိုသိတဲ့ ဘမုန်းချစ်ဆီကို ရင့်ကျူးခေါ်လာတာ ..."

"ရိုင်း ... ရိုင်းက ဒီမှာမှမရှိတော့တာ ..."

"ရှင် ..."

သခင့်နှုတ်ခမ်းလေး ဝိုင်းဟသွားသလို မျက်တောင်လေးတွေကပါ ကော့တက်သွားခဲ့ပြီ။ သခင့်ပုံစံလေးကိုကြည့်ကာ ဘမုန်းချစ် အံ့ဩနေမိပါသည်။ ထမင်းဆိုင်မှာနေတုန်းကနဲ့မတူတော့ဘဲ အသွင်အပြင်လေးတွေက အလှပဆုံးလေးနဲ့ တခမ်းတနားလေးဖြစ်နေအောင် သခင့်ကိုပြောင်းလွဲပေးလိုက်ပြီကိုး။

ဖွားမြတ်ထိပ်ထား ဆင်ပေးထားတဲ့ စိန်တွေဆီက အရောင်တွေ၊ သခင်ကိုယ်လေးပေါ်မှာ တဖျတ်ဖျတ်လေးလင်းလက်လို့ ဒါကိုကြည့်ကာ ... ရင်နင့်စွာပဲ ဘမုန်းချစ် နှုတ်ခမ်းလေးတွန့်ကာ ပြုံးလိုက်မိပါသည်။

"ကဲ ... ရင့်ကျူး မပြောဘူးလားသခင်၊ အချုပ်ထဲက ရိုင်းပြန်လွတ်လာကတည်းက ဒီမီးကင်းတဲကလေးကို ပြန်မလာတော့ဘူးဆိုတာ ..."

"ရိုင်းရယ် ... အဟင့် ..."

သခင် မျက်ရည်ကျရပါပြီ။

ရင့်ကျူးက မျက်နှာငယ်ငယ်လေးဖြင့် ဘမုန်းချစ်ကို လှမ်းကြည့်ကာ ...

"ဘမုန်းချစ်ရယ် ... သခင်ကလေ သူ့အဘွားဆီက ခွင့်ပြုချက်ရလို့ ရိုင်းကိုပြန်လာရှာတာ၊ အရာအားလုံးမြေးလေးစိတ်တိုင်းကျ လုပ်ခွင့်ပေးလိုက်လို့ သူငယ်ငယ်လေးကတည်းက အစက်



www.burmeseclassic.com

www.burmeseclassic.com



ကယ်စောင့်ရှောက်ကျွေးမွေးလာတဲ့ မွေးစားအမေ ဒေါ်နုဝေရဲ့အိမ်ကိုလည်း နှစ်ထပ်တိုက်အသစ်ကြီး ဆောက်ပေးတော့မှာ ... ခက်မာတို့ ဒေါ်ထက်ထိပ်ဖျားတို့ကလည်း သခင်ကိုတွေ့တော့ သူတို့ရက်စက်မိခဲ့တာတွေကို ဝိုင်းတောင်းပန်ကြတယ် ... ရင့်ကျူးကိုလည်း သူနဲ့အတူနေဖို့ သခင်ကလာခေါ်တာ၊ အဲဒါလေ ... သခင်အတမ်းတဆုံးက ရိုင်းဆိုတဲ့ကောင်လေးကိုပဲ ဝေဖြာနဲ့ကိစ္စကတော့ သခင်အပြတ်ငြင်းလိုက်လို့ ရိုင်းကိုပြဿနာရှာမယ်ဆိုပြီး ဝေဖြာတို့ တည်ရတုတို့က အပြတ်ကြိမ်းနေကြတာ ... အဲဒါ ... လမ်းပေါ်မှာပဲ ရိုင်းဆက်ရှိနေရင် တည်ရတုတို့က ရိုင်းကိုဒုက္ခပေးကြတော့မှာလေ မစားရတဲ့အမဲကို သဲနဲ့ပက်မလို့တဲ့ ...”

“အဲဒါ ... အဲဒါ ဘမုန်းချစ်က ဘာလုပ်ပေးရမလဲဟင်”

“ရိုင်း ... ရိုင်းရှိတဲ့နေရာလေးကို ဘမုန်းချစ်ပဲသိမှာပါ”

“ခက်တယ်ကွာ ...”

ခေါင်းကိုပဲ ဖြည်းဖြည်းလေး ဘမုန်းချစ်ယမ်းခါနေမိသည်။

“ဟင် ... ဒါ ... ဒါဆို ဘမုန်းချစ်က ရိုင်းရှိနေတဲ့နေရာကို မသိဘူးလားဟင်၊ သိရင် ရင့်ကျူးတို့ကိုကူညီပါ ... ဘမုန်းချစ် ရယ်၊ ဖွားမြတ်ထိပ်ထားက ရိုင်းကိုရှာလို့တွေ့တာနဲ့ ရိုင်းရဲ့ဒီဇိုင်းလေးကို အကုန်ပြောင်းပေးပြီးတော့ စီးပွားရေးပညာတွေ တတ်အောင်သင်ပေးတော့မှာ ... ရိုင်းအချုပ်ထဲကထွက်လာတဲ့နေ့က ရိုင်းပြောသွားတဲ့စကားလေးတွေနဲ့ ရိုင်းမာနလေးကို ဖွားမြတ်ထိပ်ထားက အရမ်းသဘောကျသွားတယ်လေ ...”

ရင့်ကျူးကပဲဦးဆောင်ကာ အခြေအနေတွေအားလုံး ဘမုန်းချစ်ကို ရှင်းပြသည်။

ဖိုးလပြည့်စာပေ



“ရိုင်း ... ရိုင်းဘယ်မှာနေသလဲဆိုတာ မသေချာပေမယ့် တွေ့လာတဲ့သူတွေရဲ့စကားကို ပြောရမယ်ဆိုရင် ရိုင်းက ... ရိုင်းက သူငယ်ငယ်လေးကတည်းကတတ်ထားတဲ့ ပန်းချီပညာကလေးနဲ့ မြို့ထဲက လမ်းဘေးပလက်ဖောင်းမှာ ပန်းချီကားလေးတွေရေးပြီး ထိုင်ရောင်းနေတာတဲ့ ...”

“ရှင် ... ဘမုန်းချစ်၊ ရိုင်း ... ရိုင်းက ပန်းချီကားလေးတွေကို ...”

သခင် ... ရင့်ကျူးကိုပါခေါ်၍ ... မြို့ထဲကလမ်းမတွေပေါ်မှာ ရိုင်းကို လိုက်ရှာခဲ့ရပြီ။

“ဟို ... ဟိုလေ ... အန်တီ၊ အန်တီတို့ ဒီနားမှာလေ ဟိုလေ အန်တီရယ် ... ပန်းချီပုံလေးတွေဆွဲတဲ့ကောင်လေးတစ်ယောက်လေ ... နေလောင်ထားသလိုဖြစ်နေတဲ့ အဝါရောင်ဆံပင်ရှည်ရှည်လေးတွေနဲ့ အသားလေးကဖြူဖြူလေး ... အဲဒီ ... အဲဒီကောင်လေးကို တွေ့မိလားဟင် ...”

“အသားဖြူဖြူလေး ဟုတ်လား ...”

“ဟုတ်တယ် ... ဟုတ်တယ် အန်တီ ... သူက ပန်းချီပုံလေးတွေရေးပြီး လမ်းဘေးမှာထိုင်ရောင်းနေတာလေ၊ သူ့မျက်နှာထားလေးက အရမ်းလည်းတည်တယ်လေ၊ အဲဒါ ... အဲဒါ သူ့ကိုတွေ့ချင်လို့ သမီးတို့ လိုက်ရှာနေတာပါအန်တီရယ် ...”

“ဟဲ့ ... ညီညီ ...”

“ဟမ် ... ဘာလဲအမေရဲ့ ...”

ဆိုင်ရှေ့ကနေ ဆိုင်နောက်ဘက်ကို လှမ်းအော်မေးတော့ အထဲက ပြန်ဖြေလိုက်တဲ့အသံကို ကြားလိုက်ရသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... ကောင်မလေးနှစ်ယောက်လာမေးနေတယ်၊ ဒီနားက လမ်းဘေးပလက်ဖောင်းမှာ ပန်းချီကားလေးတွေထိုင်ရေးပြီးရောင်းတဲ့ ကောင်လေးတစ်ယောက်ကို တွေ့မိလားတဲ့၊ အသားဖြူဖြူ ဆံပင်ရှည်ရှည်လေးတဲ့ ... "

"ဟာ ... တွေ့တယ်လေအမေ၊ အဲဒီကောင်လေးက ဟိုရက်ကတောင် မီးပွိုင့်ထိပ်နားမှာ ပန်းချီကားလေးတွေရေးပြီး ထိုင်ရောင်းနေတာ ဆံပင်ရှည်တွေ ပခုံးပေါ်မှာ ဖရိုဖရဲနဲ့ မျက်လုံးပြာပြာ၊ အသားဖြူဖြူ မေးရိုးချွန်ချွန်လေးနဲ့ ဘယ်သူ့ကိုမှ ရယ်ပြုံးနှုတ်ဆက်တာမျိုးမလုပ်ဘဲ ခပ်တည်တည်လေးပဲ ပန်းချီကားလေးတွေထိုင်ရေးနေတာ ... အခုကျတော့ ... ဘယ်ရောက်သွားမှန်းမသိတော့ဘူး ... ဒီနေရာကိုလည်း ပြန်မလာတော့ဘူးလေအမေရဲ့"

"ကြားတယ်နော် မိန်းကလေး ... "

စိတ်ပျက်လက်ပျက်လေးနဲ့ပဲ ကားပေါ်ပြန်တက်ခဲ့ရတဲ့ သခင်နဲ့ရင့်ကျူး။

မြို့ထဲက လမ်းမကြီးတွေပေါ်မှာ ရှာတော့လည်းမတွေ့။

ကြည့်မြင်တိုင်၊ စမ်းချောင်း၊ မြေနီကုန်း၊ ရွှေဂုံတိုင်၊ ကမာရွတ်လှည်းတန်း၊ နေရာတွေစုံပြီး ခြေကုန်လက်ပမ်းလေးသာ ကျသွားသည်။

ရိုင်းအရိပ်လေးက ပျောက်နေဆဲပါ။

"ရင့်ကျူးရယ် ... ရိုင်းအခုလို ထွက်သွားတာ သခင်သိပါတယ်၊ သခင်နဲ့မတန်တော့လို့ ရိုင်းထွက်သွားတာ ဘွားက သနားလို့ သိန်းငါးဆယ်ပေးမယ်ပြောတာကို ရိုင်းအရမ်းစိတ်နာသွားတယ်နဲ့ တူတယ်"





"တီ ... တီ ... "

"ဟင် ... "

ပိုက်ဆံအိတ်လေးထဲမှာ ထည့်ထားတဲ့ ဟန်းဖုန်းလေးက အသံမြည်လာတာမို့ သခင်ဖွင့်ကာ နားထောင်လိုက်ရသည်။

"ဟဲလို ... မမလေးလားခင်ဗျာ ... "

"ဟုတ်ပါတယ် ... ကျွန်မ မောင့်သခင်ပါ ... "

"ဟိုလေ ... မမလေးရှာခိုင်းထားတဲ့ ကိုရိုင်းဆိုတဲ့လူကို ရန်ကင်းစင်တာရှေ့က လမ်းဘေးပလက်ဖောင်းမှာတွေ့ထားလို့ အကြောင်းကြားတာပါ၊ နာမည်မေးတာကို သူကမပြောပေမယ့် မမလေးမှာထားတဲ့ပုံစံနဲ့ တစ်ပုံစံတည်းတူနေလို့ အမြန်လာကြည့်ဖို့ ဖုန်းဆက်တာပါ ... "

"အို ... "

သခင် ကားကိုအမြန်မောင်းခိုင်းပြီး ရန်ကင်းစင်တာရှေ့ကို လိုက်သွားတော့ ...

"ရိုင်းရယ် ... "

တွေ့ပါပြီ။

ဖုန်းထဲမှာ ဘွားကုမ္ပဏီက ဝန်ထမ်းတွေပြောခဲ့သလို ဆံပင်ဖွာလန်ကြဲကလေးနဲ့ ပန်းချီကားလေးတွေ ထိုင်ဆွဲနေတဲ့ရိုင်း။ ကလေးတစ်အုပ်က ရိုင်းဘေးမှာ။

ရိုင်းကတော့ သူ့ဘဝလေးနဲ့သူ ကလေးတွေကြားမှာပျော်လို့။

ရင့်ကျူးလက်ကလေးကိုဆွဲပြီး ကားပေါ်ကပြေးဆင်းလာတဲ့သခင်တို့နှစ်ယောက်ကိုလည်း ရိုင်းက မော့မကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟား … ဟား … ဦးဦးက လိပ်ပြာပုံလေး ဆွဲပေးရမှာလားကွ၊ ဟွန်း … ရပါတယ်ကွာ၊ သားလိုချင်ရင် ဦးဦးဆွဲပေးမှာပေါ့၊ ဦးဦးထမင်းစားဖို့တော့ သုံးရာပဲပေးနော် … "

"လိပ်ပြာလေးက နှစ်ကောင်နော် ဦးဦး … အထီးလေးနဲ့ အမလေး … "

"အေးပါကွာ … အေးပါ … "

ကောင်လေးကလည်း လက်ထဲမှာ ငါးရာတန်အခေါက်ကလေးကိုကိုင်လို့။

ရှိင်းရယ် … ကြည့်ပါဦး …

မျက်နှာလေးချောင်ပြီး ပိန်ကျသွားလိုက်တာ။

"ဟော့ … ဟော့ ဒီအန်တီတွေက ဦးဦးဆွဲတဲ့ပုံကလေးကို ဝယ်မလို့နဲ့တူတယ်ကွ … "

သခင်တို့နှစ်ယောက်ကိုမြင်တော့ ခပ်သွက်သွက်လေးနေတတ်ပုံရသည့် ကောင်လေးတစ်ယောက်က ကျန်ကလေးတွေကြားအောင် လှမ်းအော်သည်။

ဒါလည်း … ရှိင်းက သခင်တို့နှစ်ယောက်ကို မော့မကြည့်။

"ဝယ်ပါနော် အန်တီ … ဒီဦးဦးက အရမ်းသနားဖို့ကောင်းလို့ သားတို့က ပုံတွေအများကြီးဆွဲခိုင်းပြီး အားပေးနေတာ၊ သားဆွဲခိုင်းတဲ့ ဒီကျစ်ဆံမြီးလေးနှစ်ခွနဲ့ ကောင်မလေးတစ်ယောက်ရဲ့ပုံဆိုရင် ဒီပုံလေးကိုဆွဲနေရင်းနဲ့တောင် ဦးဦးက မျက်ရည်တွေဝဲကျလာတာ … ဒီမှာလေ မယုံရင် အန်တီကြည့်လိုက် … "

"အို … "

ပုံကလေးကိုယူကြည့်ရင်း သခင်အသက်ရှူမှားခဲ့ရပြီ။





ပုံကလေးထဲမှာ မျက်လုံးလေးကဝိုင်းဝိုင်း၊ မေးရိုးလေးကသွယ်သွယ်လေးနဲ့ ကျစ်ဆံမြီးလေးနှစ်ခွကို ဘယ်ညာလေးနှစ်ဖက်မှာ တွဲလောင်းလေးချထားတဲ့ကောင်မလေးတစ်ယောက်ဟာ အင်္ကျီလက်မောင်းလေးတစ်ဖက်က စုတ်ပြဲနေပြီး … မျက်ရည်လေးဝဲနေတာကို ရေးထားခဲ့တဲ့ ပန်းချီပုံလေးပါလား။

"ရှိင်း … ရှိင်းရယ် အဟင့် … "

ရှိင်းဘေးမှာ ပန်းချီပုံလေးကိုကိုင်ရင်း ဟင့်ခနဲရှိုက်ငိုချလိုက်တော့မှ … ရှိင်းက အထိတ်တလန့်လေး မော့ကြည့်ကာ …

"မင်း … မင်း … "

သခင့်ကိုတွေ့လိုက်တာနဲ့ ပန်းချီပစ္စည်းတွေကောက်သိမ်းကာ ရှိင်းဖျတ်ခနဲ ထရပ်လိုက်ပြီး …

"မင်းဘာဖြစ်လို့ ငါ့နောက်ကိုလိုက်လာတာလဲသခင် … မင်းကို ငါလက်မခံဘူးနော်၊ ငါ့ရှေ့ကနေ မင်းအခုထွက်သွားနော်"

"အဟင့် … သခင် … သခင် … ရှိင်းကိုတွေ့ချင်လို့ လိုက်ရှာနေတာပါ၊ သခင့်ကို မောင်းမထုတ်ပါနဲ့ … "

"ငါ … မင်းနဲ့မတွေ့ချင်တော့ဘူး … "

ရှိင်းအပြတ်ပြောပြီး စာရွက်တွေ ပန်းချီပစ္စည်းတွေ စုပြုံကောက်ထည့်လိုက်သည်။ ကျောပိုးအိတ်အဟောင်းလေးကို ကောက်လွယ်ကာ လှည့်ထွက်သွားဖို့ ခြေလှမ်းပြင်သည်။

"ဘာလဲသခင် … မင်းအဘွား ထိတ်ထိတ်ကြဲသူဌေးမကြီးက သိန်းငါးဆယ်ပေးပြီး စော်ကားခဲ့တာကိုအားမရလို့ နောက်ထပ်သိန်းတစ်ရာပေးပြီး စော်ကားချင်သေးလို့လား … "

"ဟာ … အဲဒါ မဟုတ်ဘူးလေ ရှိင်း … "



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ငါက ငါ့လုပ်အားနဲ့ငါ ပခုံးလေးစုတ်ပြဲအောင်ထမ်းပြီး ရတဲ့ချွေးနည်းစာပိုက်ဆံလေးနဲ့ မင်းဘဝလေးကို ကယ်တင်ချင်လို့ ကြိုးစားခဲ့ရတယ်။ မင်းကတော့ ... ငါဖျားနေတဲ့အချိန်မှာ ငါမသိအောင် တိုက်ပျက်ကြီးပေါ်က ခိုးဆင်းသွားပြီး ... လမ်းပေါ်မှာ ဝေဖြာနဲ့ချိန်းတွေ့နေခဲ့တာ ..."

"ဘာပြောတယ်ရိုင်း ..."

သခင်တစ်ကိုယ်လုံး အေးစက်သွားခဲ့သလို မျက်တောင်လေးတွေကပါ ကော့တက်လို့သွားခဲ့ရပြီ။

"ရှင် ... ရှင် ... ပြောတာ မဟုတ်ဘူးနော်ရိုင်း၊ တိုက်ပျက်ကြီးပေါ်ကဆင်းသွားတာ ရှင့်အတွက်ဆေးဝယ်စရာပိုက်ဆံမရှိလို့ ပိုက်ဆံပေးမယ့်သူကို ရှာဖို့ဆင်းသွားတာ၊ အဲဒါ ... လမ်းမှာဝေဖြာနဲ့တွေ့လို့ ရှင့်အတွက်ဆေးဖိုးရမလားဆိုပြီး ရပ်စကားပြောနေမိတာ၊ ရှင်အထင်မလွဲပါနဲ့ ... အခုလည်း ... ဘွားကိုအမျိုးမျိုးစည်းရုံးပြီး သခင့်ကို ဝေဖြာလာတောင်းတာ သခင်အပြတ်သားဆုံးငြင်းပြီးတော့မှ ရှင့်ကိုတွေ့ချင်လို့လိုက်ရှာနေတာလေ ... ဘွားကလည်း ရှင့်ကိုတွေ့ရင် ခေါ်လာခဲ့ပါတဲ့ ... ရှင့်မာနလေးကိုလည်း ဘွားက သဘောကျတယ်တဲ့ ..."

"ဟွန်း ... ငါက လမ်းပေါ်ကကောင်ပါ၊ ငါ့ကိုမွေးစားခဲ့တဲ့ ငါ့အဖေ ထောင်ထဲကပြန်ထွက်လာပြီး ဒုစရိုက်အလုပ်ဟောင်းတွေ လုပ်နေတယ်ဆိုလို့ ... အဖေ့ကိုပြန်လိုက်ရှာနေတာ၊ မွေးခဲ့တဲ့အဖေက ဘယ်လိုပဲစွန့်ပစ်ခဲ့ စွန့်ပစ်ခဲ့ ... ကျွေးခဲ့တဲ့အဖေက ငါ့ရဲ့ကျေးဇူးရှင်ပဲ ... ဒီကျေးဇူးတွေဆပ်ချင်သေးလို့ လမ်းပေါ်မှာ ငါဆက်နေ နေတာ ... အခုနေသာ ငါ့မွေးစားအဖေ ခါးပိုက်နှိုက်ကြီးကို ငါပြန်





တွေ့ခဲ့ရင် ..."

"ခါးပိုက်နှိုက်ဟေ့ ..."

"ခါးပိုက်နှိုက် ... ခါးပိုက်နှိုက် ..."

"ဟိုမှာ ... ဟိုမှာ ကားပေါ်နေ လမ်းပေါ်ကိုဆင်းပြေးသွားပြီ ..."

"လိုက် ... လိုက် ..."

"ဟာ ..."

ကြည့်ပါဦး။ အခုမှပြောနေတုန်းရှိသေး။

ပြေးလာတဲ့သူကို ရိုင်းကြည့်လိုက်တော့ ...

အဖေ ... ရိုင်းလိုက်ရှာနေတဲ့အဖေ၊ ရိုင်းကိုမွေးစားခဲ့တဲ့ အဖေ။

အဖေဟာ လမ်းမကြီးပေါ်က ပလက်ဖောင်းအတိုင်း သက်စွန့်ဆံဖျားပြေးလို့ လိုက်လာသည့်လူအုပ်ကြီးကလည်း နည်းနည်းနှောနှောမဟုတ်။

ရိုင်း ... ဘာလုပ်ရမလဲ။

ရိုင်း ဘာလုပ်ရမလဲ။

ရိုင်း ကျောပိုးအိတ်လေးကို စလွယ်သိုင်းလေးလွယ်ကာ လူအုပ်ကြီးရှေ့ကို ပြေးဝင်လိုက်သည်။

"အဖေ ... အဖေ ..."

"ဒါ ... ကျွန်တော့်ရဲ့အဖေပါ ..."

"မလုပ်ပါနဲ့ဗျာ ... အဖေ့ကို မရိုက်ကြပါနဲ့ဗျာ"

သခင် အံ့ဩသွားရတာက ရုတ်တရက် ပြောင်းလဲသွားတဲ့ အခြေအနေကိုပါ။ အဖေတဲ့ ... လူအုပ်ကြီးထဲက ရိုင်းပြေးဝင်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



ကာလိုက်လို့ ထွက်ပြေးလွတ်မြောက်သွားတဲ့ လူကြီးတစ်ယောက်ဟာ ရှိုင်းကိုမွေးစားခဲ့တဲ့ ရှိုင်းအဖေတဲ့ ...

ကြည့်ပါဦး ... ရှိုင်းအနားမှာ လူတွေဝိုင်းနေပြီ။

"ဟော့ကောင် ... ခါးပိုက်နှိုက်ကြီးက မင်းအဖေဆိုတော့ မင်းလည်းခါးပိုက်နှိုက်ပေါ့ ... ရိုက်ကွာ ဒီကောင့်ကိုလည်းရိုက်"

"ဟုတ်တယ် ... ဒီကောင်လည်း ခါးပိုက်နှိုက် ..."

"ဒီကောင် ... ခါးပိုက်နှိုက် ..."

"ဒီကောင် ... ခါးပိုက်နှိုက် ..."

"ဟာ ... တည်ရတု ..."

ယုတ်မာလိုက်တာ ...

လူအုပ်ကြီးထဲမှာ ရောပါလာတာ တည်ရတုတို့ဝေဖြာတို့အဖွဲ့။

တစ်ချက်တည်းနဲ့ မစားရတဲ့အမဲ သဲနဲ့ပက်ဖို့ သူတို့ကြံစည်လိုက်ကြပြီ။

လူအုပ်ကြီးကြားမှာ မျက်နှာငယ်လေးနဲ့ရောက်နေတဲ့ရှိုင်းကို လက်ညှိုးငေါက်ငေါက်ထိုးကာ တည်ရတုတို့အဖွဲ့က ဒုက္ခရောက်အောင် တမင်စွတ်စွဲလိုက်တာဖြစ်သည်။

ဒါကိုကြည့်ပြီး ... သခင်နဲ့ရင့်ကျူး ပါးစပ်အဟောင်းသားကလေးနဲ့ ...

"ရိုက်ကြကွာ ..."

"ရိုက် ... ရိုက် ..."

"ဖြောင်း ..."

"ခွပ် ..."

ဖိုးလပြည့်စာပေ



"ဒုတ် ..."

"အမလေးရှိုင်းရယ် ... သေပါပြီ ..."

ရင့်ကျူးလက်ကိုဆွဲပြီး လူအုပ်ကြီးထဲကို ပြေးဝင်လာခဲ့တာ သခင်ပါ။

"အဟင့် ... မလုပ်ကြပါနဲ့၊ ကျွန်မတောင်းပန်ပါတယ်၊ သူက ခါးပိုက်နှိုက် မဟုတ်ပါဘူး ... လူကောင်းလေးတစ်ယောက်ပါ"

"ဟုတ်တယ် ... ဟုတ်တယ် ... ဒီဦးဦးက လမ်းဘေးမှာ ပန်းချီပုံလေးတွေ ထိုင်ဆွဲပြီးရောင်းနေတဲ့ဦးဦးပါ ... ခါးပိုက်နှိုက် မဟုတ်ပါဘူး ..."

"ဟုတ်တယ် ... ဒီဦးဦးက ခါးပိုက်နှိုက် မဟုတ်ဘူး"

ကလေးတစ်အုပ်ကလည်း ပြေးလာပြီး ဝိုင်းပြောသည်။

ညကလည်း မှောင်တော့မည်။

"ရှိုင်း ... လာ ..."

ရှိုင်းလက်ကလေးကိုဆွဲပြီး လူအုပ်ကြီးကြားက ပြေးထွက်လာခဲ့တာ သခင်ပါ။

နောက်ကိုလည်း သခင်ပြန်လှည့်မကြည့်တော့။

လက်က နာရီလေးကို မြောက်ကြည့်လိုက်တော့ အချိန်က ကွက်တိ။

သခင်က အတင်းလက်ဆွဲခေါ်လာလို့သာ ရှိုင်းပါလာခဲ့ရသည်။

ဘယ်နေရာတွေ ရောက်လာသလည်းဆိုတာကိုပင် ရှိုင်းက မသိတော့ပါ။

"ရှိုင်း ... လာ ... မြန်မြန်လာ ..."

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သခင် လက်ဆွဲပြီးပြေးဝင်လာတာ ရောင်စုံမီးတွေထွန်းထားသည့် ခြံဝန်းကျယ်ကြီးတစ်ခုထဲက မြက်ခင်းပြင်ကြီး။

"ဟေး ... ဟေး ..."

"ဖွားမြတ်ထိပ်ထားရဲ့ မြေးမလေး မောင့်သခင်ရောက်လာပြီ"

"HAPPY BIRTHDAY ပါ မောင့်သခင်"

"HAPPY BIRTHDAY"

"HAPPY BIRTHDAY"

"ဟေး ..."

"ရှီး ... ဖြောင်း ... ဖြောင်း ..."

ရုတ်တရက်မို့ နဖူးပြင်လေးပေါ်က ဆံပင်ရှည်လေးတွေကို ရုတ်ခနဲဖယ်သိမ်းကာ ရှိင်းက ပတ်ဝန်းကျင်တစ်ခုလုံးကို တအံ့တသြလေးလှည့်ကြည့်မိသည်။ လူတွေကလည်း ဝတ်ကောင်းစားလှတွေနဲ့ မြက်ခင်းပြင်ကြီးတစ်ခုလုံးကလည်း နှစ်ယောက်စလုံးကို လက်ခုပ်လက်ဝါးတီးကာ အော်ဟစ်ကြိုဆိုနေကြသလို။

မြင့်ခင်းပြင်ကြီးရဲ့ အပင်လျှောက်လမ်းဘေးဝဲယာနှစ်ဖက်စလုံးမှာလည်း ရောင်စုံပန်းခြင်းကြီးတွေကို အတန်းလိုက်စီကာ အိစက်နေအောင်ချထားသည်။

"HAPPY BIRTHDAY ပါ မောင့်သခင်တဲ့ ...

"သခင် ... ဒါ ... ဒါ ..."

သခင်က တွဲထားတဲ့လက်ကလေးကို ဖြုတ်မချသလို ဖရိုဖရဲလေးဖြစ်နေတဲ့ ရှိင်းမျက်နှာကလေးကို အပြုံးကလေးနဲ့မော့ကြည့်ကာ ...





"ဒါ ... ဘွားကိုယ်တိုင်စီစဉ်ပေးတဲ့ သခင့်ရဲ့မွေးနေ့ပွဲလေ၊ ဒီပွဲလေးမှာ ရှင့်ကိုပါစေချင်လို့ သခင်လိုက်ရှာနေခဲ့တာ ..."

"ဘာပြောတယ် ..."

ရှိင်းမျက်ဝန်းကလေးတွေ ဝိုင်းစက်သွားခဲ့ရပြီ။

ဒီပွဲလေးမှာ ရှင့်ကိုပါစေချင်လို့ လိုက်ရှာနေခဲ့တာတဲ့။

"ဟွန်း ... ဘွားမြေးလေးတွေရောက်လာပြီလား၊ ဘွားမှာတော့ စိတ်ပူလိုက်ရတာကွယ် ..."

ရှိင်းရှေ့တည့်တည့်နေရာလေးကနေရပ်ပြီး ... ရှိင်းတို့နှစ်ယောက်ကို ရှင်လန်းတက်ကြွသော အပြုံးကလေးနဲ့နှုတ်ဆက်လိုက်တာ ဘွားမြတ်ထိပ်ထားပါ ...။

ဘွားက တစ်ကိုယ်လုံးမှာ စိန်တွေညွတ်နေအောင် ဝတ်ထားသလို ခေတ်မှီအောင်ပြင်ထားတာလည်း အရွယ်နဲ့မမျှအောင် ခမ်းနားလို့နေပါသည်။

"ရှိင်း ..."

"ဗျာ ... ဘွား ..."

"မင်းဘယ်လောက်ပဲလမ်းပေါ်မှာ နေခဲ့ ... နေခဲ့ ... ဘွားမြေးလေးကို မင်းနဲ့သဘောတူလို့ မင်းကိုလိုက်ရှာဖို့ ဘွားကိုယ်တိုင်လွှတ်လိုက်တာ ... ဒီမှာလေ ... မင်းရောက်လာတာနဲ့ ဘွားဆောင်းပေးချင်တဲ့ မင်းအတွက် စိန်သရဖူလေး ..."

"ဗျာ ..."

ရှိင်း မယုံနိုင်ပါ။

မင်းအတွက် စိန်သရဖူလေးတဲ့။

"ဒီလောက်ဒုက္ခတွေအများကြီးကြားထဲက ပန်းလေးတွေအစုတ်အပြဲခံ၊ ကိုယ့်ကိုကိုယ် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံကြီးလို အသည်း



www.burmeseclassic.com

www.burmeseclassic.com



လေးတွေအနာခံပြီး စင်ပေါ်မှာထိုးသတ်နဲ့၊ ဘွားမြေးလေးအတွက် ပိုက်ဆံတွေရှာခဲ့တဲ့ မင်းရဲ့ဖြူစင်မွန်မြတ်တဲ့ အချစ်ကလေးကို ဘွားက တလေးတစားနဲ့ ဂုဏ်ပြုပေးချင်တာပါ ... ”

“ဘွားရယ် ... ကျွန်တော် ... ကျွန်တော်က ... ”

“ဟွန်း ... အဲဒါတွေ မင်းမပြောနဲ့တော့လေ ... ရိုင်း၊ ဒီလို သိန်းပေါင်းများစွာအကုန်အကျခံပြီး အကောင်းဆုံးပြင်ဆင်ထားတဲ့ ဘွားမြေးလေးရဲ့ အသက်ဆယ့်ကိုးနှစ်ပြည့် မွေးနေ့ညစာ စားပွဲလေးကို ဒီလိုဟောင်းနွမ်းနေတဲ့ အဝတ်အစားလေးတွေ နေလောင်ထားလို့ ခြောက်ကပ်ကပ်လေးဖြစ်နေတဲ့ ဆံပင်ရှည်လေးတွေနဲ့ မင်း ဘယ်လိုပဲရောက်လာရောက်လာ တည်ရတုတို့ဝေဖြာတို့လို မဟုတ်တဲ့မင်းရဲ့တော်ဝင်မြင့်မြတ်ပြီးတော့ ခမ်းနားလွန်းတဲ့ အသည်းနှလုံးကို အားလုံးက လက်ခုပ်တီး ဂုဏ်ပြုပေးကြမှာပါ ... ”

“ရိုင်းနော် ... ဘွားပြောနေတာကို ရှင်ကြားတယ်နော်၊ အဲဒါလေ ... ရှင့်ကို အားမငယ်စေချင်လို့ ဘွားကပြောနေတာ ... ”

“ကဲလာ ... ပြောနေတာကြာတယ် ... စင်မြင့်ပေါ်ကိုတက်ပြီး ဒီသရဖူလေးကို ဖွားကိုယ်တိုင် ဆောင်းပေးမယ်၊ နှစ်ယောက်စလုံးလိုက်ခဲ့ကြ ... ”

“ဟေး ... ဟေး ... ”

“HAPPY BIRTHDAY မောင့်သခင် ... ”

“ရှိုး ... ဖြောင်း ... ဖြောင်း ... ”

“ဟင် ... ဖွားမြတ်ထိပ်ထား လက်တွဲခေါ်သွားတဲ့ကောင်လေးက ဘယ်ကကောင်လေးလဲ ... ”

“ဟာ ... အဲဒါ မသိဘူးလား ပျောက်နေတဲ့သူ့မြေးမလေး မောင့်သခင်ကို ဆင်းရဲဒုက္ခရောက်နေတုန်းက ကူညီစောင့်ရှောက်ခဲ့





တဲ့ ရိုင်းဆိုတဲ့ကောင်လေးလေ ... သခင်ကလည်း အဲဒီကောင်လေးကို အရမ်းချစ်တာ ... ”

“အို ... ကြည့်စမ်း၊ ကောင်လေးက ဆင်းရဲလို့ ဖရိုဖရဲလေးဖြစ်နေပေမယ့် သေသေချာချာပြင်လိုက်လို့ရှိရင် ဖြူဖြူမြင့်မြင့်ကလေးနဲ့ သိပ်ကိုလိုက်ဖက်တဲ့ စုံတွဲလေးဖြစ်သွားမှာနော် ... ”

“ဟော ... ဟိုမှာ စင်ပေါ်တက်သွားပြီ ... ”

“သရဖူလေး ... စိန်သရဖူလေး ... ရိုင်းကို ဆောင်းပေးနေပြီဟေ့ ... ”

“ဟေး ... ဟေး ... ”

“ရှိုး ... ဖြောင်း ... ဖြောင်း ... ”

ရိုင်းအကြောင်းကိုသိထားတဲ့ ပရိသတ်တွေဆီက ညံတက်လာတဲ့ လက်ခုပ်သြဘာသံတွေက မဆုံးနိုင်အောင်ကိုဘဲ မြက်ခင်းပြင်ကြီးတစ်ခုလုံးကိုဖုံးသွားသည်။ ထိုအချိန်မှာပဲ ... စင်မြင့်ပေါ်က ဗိတ်ခေါ်သံနှင့်အတူ အဖြူရောင်Arrow Excellancy အနောက်တိုင်းဝတ်စုံကို သေသပ်ကျနစွာ တခမ်းတနားဝတ်ထားလျက် ဂုဏ်ပြုအမှာစကားပြောကြားပေးမည့် အထူးဧည့်သည်တော် စင်မြင့်ပေါ်တက်သွားတာ တွေ့လိုက်ရသည်။

ထိုအထူးဧည့်သည်တော်ကြီးကိုကြည့်ပြီး ... တစ်ကိုယ်လုံးအေးစက်သွားခဲ့ရတာရိုင်း ...

ရိုင်း ... အသက်ရှူမှားခဲ့ရပြီ။

www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါက နန်းတော်
(ဇာတ်သိမ်းပိုင်း)

အခန်း (၂၄)

"ဟုတ်ကဲ့ ... အားလုံးကို မင်္ဂလာပါလို့ပဲ ဒီနေရာကနေ ကျွန်တော် ဦးစွာနှုတ်ဆက်ပါရစေ ခင်ဗျာ ... ကျွန်တော်က ဆွစ်ဇာလန်မှာ အခြေစိုက်တဲ့ ROYAL STAR ကုမ္ပဏီက မန်းနေဂျင်းဒါရိုက်တာ ဦးထွန်းနိုင်စိုးဖြစ်ပါတယ် ... ကျွန်တော် ဒီမွေးနေ့ညစာ စားပွဲ အခမ်းအနားကိုတက်ရောက်ဖို့ ဖုန်းနဲ့တစ်သွယ်၊ အင်တာနက်၊ အီးမေးလ်နဲ့တစ်မျိုး၊ Message တွေ အမျိုးမျိုးပို့ပြီး ဒေါ်မြတ်ထိပ်ထားကိုယ်တိုင်တက်ရောက်ဖို့ ဖိတ်ကြားခဲ့တဲ့အတွက် ကျွန်တော်ရောက်လာခဲ့ရတာပဲဖြစ်ပါတယ်"

မိုက်ခရိုဖုန်းလေးကိုကိုင်ကာ မိတ်ဆက်စကားပြောကြားရင်း ခန့်ညားသောဥပမိရုပ်ပိုင်ရှင် Royal Star ကုမ္ပဏီရဲ့ မန်းနေဂျင်းဒါရိုက်တာ ဦးထွန်းနိုင်စိုးက အပြုံးလေးနဲ့ပဲ ပရိသတ်ကို နှုတ်ဆက်ပါသည်။

စားပွဲဝိုင်းတွေဆီက ပရိသတ်တွေကလည်း တိတ်ဆိတ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်ကာ ဦးထွန်းနိုင်စိုးရှိရာကိုပဲ ငေးမောကြည့်နေလျှက်။

စတိတ်စင်မြင့်ရှေ့ဆုံးတန်း စားပွဲမှာတော့ ...

ရှိုင်းရယ်၊ သခင်ရယ်၊ ရင့်ကျူးရယ်၊ ဒေါ်မြတ်ထိပ်ထားရယ်က ခေါင်းကလေးတွေ ကိုယ်စီငုံ့ကာထိုင်လို့ ...

"လေးစားရပါတဲ့ မွေးနေ့ပွဲလာ ဂုဏ်သရေရှိ ဧည့်ပရိသတ်အပေါင်းတို့ခင်ဗျာ ... ဒီလိုပျော်ရွှင်ဖွယ်ရာ ဂုဏ်ယူကျင်းပတဲ့မွေးနေ့ ဧည့်ခံပွဲကြီးမှာ ဒေါ်မြတ်ထိပ်ထားရဲ့တောင်းဆိုမှုအရ အမှတ်တရ စကားလေးကို ပြောခွင့်ရခဲ့တဲ့အတွက် ဒေါ်မြတ်ထိပ်ထားနဲ့တကွ ကြွရောက်လာတဲ့ ဂုဏ်သရေရှိ ဧည့်ပရိသတ်အပေါင်းကို အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာပထမ ကျွန်တော်ပြောကြားလိုပါတယ်၊ ဂုဏ်သရေရှိဧည့်ပရိသတ်အပေါင်းတို့ခင်ဗျား ... "

"ဒီညမှာ ... ကျွန်တော်အမှတ်တရ ... ပြောကြားလိုတဲ့ အကြောင်းအရာကတော့ ဒေါ်မြတ်ထိပ်ထားရဲ့ တစ်ဦးတည်းသော မြေးမလေး မောင့်သခင်နဲ့ ရှိုင်းလို့ပဲ အတိုကောက်လေးခေါ်ကြတဲ့ ဟောဒီစင်မြင့်လေးရှေ့က ခေါင်းကလေးငုံ့ပြီးထိုင်နေတဲ့ ... ကောင်လေးတို့နှစ်ယောက်အကြောင်းကို ကျွန်တော်ကပြောပြချင်တာပါ ... တကယ်တော့ မောင့်သခင်ဆိုတဲ့ ဒေါ်မြတ်ထိပ်ထားရဲ့ မြေးမလေးဟာ မွေးဖွားလာခဲ့ပြီး ရက်ပိုင်းလေးအတွင်းမှာပဲ မနာလိုသူ အိမ်ထိန်းအလုပ်သမားတွေ ရက်စက်ယုတ်မာမှုတွေအောက်မှာ ကလေးချင်းအလဲခံလိုက်ရလို့ ဆယ့်ကိုးနှစ်လုံးလုံးပျောက်ဆုံးသွားခဲ့





ရတဲ့ မြေးမလေးတစ်ယောက်ဖြစ်နေခဲ့ပါတယ် ... "

"အဟင့် ... "

ဒီစကားလေးအရောက်မှာ အတိတ်ကိုသတိရပြီး ... ဝမ်းနည်းစွာ ရှိုက်လိုက်တဲ့ သခင်ဆီက ရှိုက်သံလေးဟင့်ခနဲထွက်လာသည်။

"ဟာ ... သခင် မင်းမငိုနဲ့လေ ... "

ရှိုင်း ... သခင်လက်ကလေးကို ဆုပ်ကိုင်ကာ တားမိ၏။

"သခင် ... သခင်ဝမ်းနည်းလို့ပါ ရှိုင်းရယ် ... "

ဒါကို ရင့်ကျူးကသိပေမယ့် သခင့်ကိုတော့ မတားမိပါ။

သခင်ခံစားခဲ့ရတာကို ရင့်ကျူးကသိနေခဲ့တာပဲ။ ငိုပါစေလေ မမေ့နိုင်စရာ ဖြစ်ရပ်ဆိုးကြီးမို့ ဒါကိုပြန်ကြားလိုက်ရလို့ သခင်မျက်ရည်ကျရတာ ... ရင့်ကျူးက နားလည်ထားခဲ့သည် မဟုတ်လား။

"အဲဒီပျောက်ဆုံးသွားခဲ့ရတဲ့ မြေးမလေးကို ဆယ့်ကိုးနှစ်အကြာမှာ ပြန်ရှာတွေ့လိုက်တော့ ဒေါ်မြတ်ထိပ်ထားဟာ မယုံနိုင်လောက်အောင် ဝမ်းသာပျော်ရွှင်ပြီးတော့ ပြန်ရှာတွေ့ခဲ့ရတဲ့ သူ့မြေးမလေးမောင့်သခင်ရဲ့အကြောင်းတွေကို မျက်ရည်လည်ရွဲလေးနဲ့ ကျွန်တော့်ကို ရှင်းပြခဲ့ပါတယ် ... ဒီစကားတွေ ကျွန်တော့်ကိုရှင်းပြနေတဲ့အချိန်မှာ ကျွန်တော့်ရင်ထဲမှာလည်း တမြေ့မြေ့တနုံ့နုံ့ခံစားခဲ့ရတာကို ပြောပြချင်လို့ ဒီစင်မြင့်ပေါ်ကို ကျွန်တော်တက်ရောက်လာခဲ့ရတာပဲဖြစ်ပါတယ် ... "

မိုက်ခရိုဖုန်းလေးကိုကိုင်ရင်း ပရိသတ်ကို မျက်လုံးလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်ဇေကာ ဦးထွန်းနိုင်စိုးက ကြည့်ပါသည်။ ထိုအချိန်မှာ ရိုင်းက နှုတ်ခမ်းလေးတွေကိုဖိကိုက်ထားလျှက် မျက်တောင်မခတ်ဘဲ ခေါင်းငုံ့စိုက်ကြည့်နေမိတာက စားပွဲအောက်က မြက်ပင်စိမ်းနုနု လေးတွေလေ။

သည်မြက်စိမ်းပင်လေးတွေဟာ ...

ပူလောင်တဲ့နေကြောင့် စိမ်းခဲ့ရတာလား ...

အေးမြတဲ့ရေကြောင့် စိမ်းခဲ့ရတာလား ...

"ဟွန်း ... "

ရိုင်းနှုတ်ခမ်းလေးကို မဲ့လိုက်မိတာလည်း နာကျင်ရသော ခံစားချက်လေးနဲ့သာ။

"ကြွရောက်လာတဲ့ ဂုဏ်သရေရှိညှေ့ပရိသတ်အပေါင်းတို့ ခင်ဗျာ ... ဒီပွဲရဲ့မွေးနေ့ရှင်မလေးမောင့်သခင်ရဲ့အဘွား ဒေါ်မြတ် ထိပ်ထားနဲ့ အဖြစ်ချင်းခံစားချက်ချင်း တိုက်ဆိုင်စွာ ကျွန်တော့်မှာ လည်း ဒေါ်မြတ်ထိပ်ထားကို ခုချိန်ထိ မပြောဖြစ်သေးတဲ့ ဇာတ် လမ်းလေးတစ်ပုဒ်ရှိခဲ့တာကို ဒီစင်မြင့်ပေါ်ကပဲ ပရိသတ်ကြီးကို သက်သေထားပြီး ... ဒေါ်မြတ်ထိပ်ထားကို ပြောပြချင်ပါတယ်၊ ဒီလိုပါ ... ဒေါ်မြတ်ထိပ်ထားနဲ့ ပရိသတ်ကြီးခင်ဗျား ... "

"ဒေါ်မြတ်ထိပ်ထားက ပျောက်ဆုံးသွားတဲ့ မြေးမလေး မောင့်သခင်ကိုပြန်ရှာတွေ့လို့ ဝမ်းသာပျော်ရွှင်ခဲ့ရသလို ကျွန်တော် ကလည်း လွန်ခဲ့တဲ့လနည်းငယ်အတွင်းကပဲ ဆယ့်ကိုးနှစ်တိုင်တိုင်





ပျောက်ဆုံးခဲ့ရတဲ့ ကျွန်တော်ရဲ့တစ်ဦးတည်းသော သားကလေးကို ပြန်ရှာတွေ့ခဲ့ပါတယ် ... အဲဒီသားဟာ တခြားလူတော့မဟုတ်ပါဘူး ဒီမွေးနေ့ပွဲကျင်းပတဲ့ မြက်ခင်းပြင်ကြီးရဲ့တစ်နေရာမှာပဲ ... ကျွန် တော့်ရဲ့သားလေးရှိနေခဲ့ပါတယ် ... တကယ်တော့ ကျွန်တော်ဟာ မိဘဘိုးဘွားအစဉ်အဆက် ချမ်းသာခဲ့သလောက် ကျွန်တော်နဲ့ အကြောင်းပါပြီး ချစ်မြတ်နိုးခဲ့ရတဲ့ မိန်းကလေးတစ်ယောက်ဟာ သိပ်ကိုမှ နုံချာဆင်းရဲလှတဲ့ မိမဲ့ဖမဲ့ မိန်းကလေးတစ်ယောက်ဖြစ် နေခဲ့တာက ဒီကြေကွဲစရာ ဇာတ်လမ်းလေးကို ဖန်တီးပေးခဲ့တာပါ ပဲ ... နေရာတကာ လူ့အဆင့်အတန်းကို ဂုဏ်ပကာသနတွေနဲ့တိုင်း တာ အရှိန်အဝါကျော်စောမှုတွေနဲ့ဆုံးဖြတ်ပြီး ... တန်ဖိုးထားကန့် သတ်ခဲ့တဲ့ ကျွန်တော့်အဖေအမေနဲ့ အဘိုးအဘွားတွေဟာ ... ကျွန်တော် လက်ထပ်ယူခဲ့တဲ့မိန်းကလေးကို အိမ်ရိပ်အနင်းမခံဘဲ နှိမ်ချဆက်ဆံခဲ့တဲ့အပြင် မွေးလာတဲ့ကျွန်တော့်သားကလေးကိုပါ ရက်စက်စွာနဲ့ စွန့်ပစ်ခဲ့ကြလို့ ... စိတ်ထိခိုက်ပြီး သားကလေးရဲ့အမေ လည်းဆုံး၊ ကျွန်တော်လည်း သားကလေးနဲ့ ဆယ့်ကိုးနှစ်တိုင်တိုင် ဝေးကွာသွားခဲ့ရပါတယ် ... "

"အို ... ကြည့်စမ်း မောင်ထွန်းနိုင်စိုးမှာ သားကလေးတစ် ယောက်ရှိတယ်တဲ့၊ ဒီသားကလေးကိုတောင် ပြန်ရှာတွေ့နေပြီတဲ့"

"ဟို ... ဟိုလေ ဖွား ... အဲဒီသားက ဖွားဖိတ်ထားတဲ့ အန်ကယ်ဦးထွန်းနိုင်စိုးနဲ့ တစ်ဝိုင်းတည်းမှာထိုင်နေတဲ့ အရပ်မြင့်မြင့်



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ကောင်လေးကို ပြောတာထင်တယ် ... ရုပ်ချင်းကလည်း အန်ကယ်ဦးထွန်းနိုင်စိုးနဲ့ နည်းနည်းဆင်တယ်လေ ... ”

“ဟုတ်မှာ ... ဟုတ်မှာ၊ မောင်ထွန်းနိုင်စိုးကားပေါ်က ဆင်းလာကတည်းက အဲဒီကောင်လေးပါလာတာ ... ”

ဖွားကလည်း ထောက်ခံသည်။

BURMESE CLASSIC .com

တကယ်လည်း အဲဒီကောင်လေးက လက်ကလေးပိုက်ကာ စင်ပေါ်က စကားတွေကို စိတ်ဝင်တစား နားထောင်နေခဲ့တာပါ။

“ဟွန်း ... ဘာပဲပြောပြော၊ ဖွားနဲ့အဖြစ်ချင်းတူပြီးတိုက်ဆိုင်နေလို့ သူနဲ့သူ့သားအကြောင်းကို မောင်ထွန်းနိုင်စိုးက လွမ်းလွမ်းဆွေးဆွေးလေးပြောနေတာပဲနေမှာ၊ ဘယ်လောက်သံဝေဂရဖို့ကောင်းတဲ့ သူ့ဘဝအဖြစ်အပျက်တွေလည်းဆိုတာ ... ဒါကို သင်ခန်းစာယူပြီး ရက်စက်တဲ့နှလုံးသားရှိသူတွေ၊ ပြုပြင်နိုင်ရင်ကောင်းမယ်၊ ကြည့်ပါဦး ... စင်ပေါ်ရောက်မှပဲ မောင်ထွန်းနိုင်စိုးမှာ သားတစ်ယောက်ရှိမှန်းသိရတော့တယ် ... ပြောရရင် မောင်ထွန်းနိုင်စိုး ချမ်းသာတာ ဖွားတို့ထက်အများကြီးသာတယ်လေ ... ဖွားတောင် လုပ်ငန်းလုပ်တာ လက်မနိုင်ရင် မောင်ထွန်းနိုင်စိုးကို အကူအညီလှမ်းတောင်းရတယ် မြေးလေးရဲ့ ... ”

သခင်နဲ့ဖွားပြောနေတာတွေကို ရှိုင်းကကြားပေမယ့် စကားဝိုင်းထဲမှာတော့ ရှိုင်းက ဝင်မပါပါ။ တကယ်ဆို ဒီမွေးနေ့ဧည့်ခံပွဲကြီးမှာ ရှိုင်းက အားငယ်နေတော့မှာ။ သူ့မွေးစားအဖေကိုလည်း





ရှိုင်းက စိတ်ပူနေတော့မှာ။

ရှိုင်းရယ် ... အားလည်းမငယ်ပါနဲ့ စိတ်လည်းမပူပါနဲ့။

ရှိုင်းဘေးမှာ သခင်တစ်ယောက်လုံးရှိပါတယ်။

ရှိုင်းလက်ကလေးကို တအားဖြစ်ညှစ်ဆုပ်ကိုင်လိုက်မိတာလည်း ရှိုင်းကိုသခင်က သိပ်ချစ်လို့ပါ။

“အခု ... အဲဒီသားကလေးကို ကျွန်တော်ရှာပြီးသွားတွေ့တော့ သားကလေးက ကျွန်တော်နဲ့ ကျွန်တော့်မိဘအသိုင်းအဝိုင်းတွေကို တအားစိတ်နာပြီးတော့ ... ကျွန်တော့်ကိုတောင် အဖေလို့တစ်ခွန်းမခေါ်ခဲ့တာ၊ ကျွန်တော်အရမ်းချမ်းသာတာကို သိတာတောင် ... ကျွန်တော်နောက်ကိုပြန်မလိုက်ဘဲ မာနကြီးပြခဲ့တဲ့ သားကလေး ... ဆင်းရဲတာ အဆင့်အတန်းခွဲစရာလားတဲ့၊ လူတစ်ယောက်ကို လူတစ်ယောက်လို့မသတ်မှတ်နိုင်အောင် ချမ်းသာကြတဲ့သူတွေဟာ မိုးကောင်းကင်ကြီးပေါ်က ဆင်းလာကြလို့လားတဲ့၊ အဲဒီစကားတွေကို ဆံပင်ရှည်လေးတွေ တယမ်းယမ်းတခါခါနဲ့ သားကလေးပြောတာကို ကျွန်တော်နားထောင်ခဲ့ရတာပါ ... ပြောရရင် ဆင်းဆင်းရဲရဲလေးနေနေရပေမယ့် မဟုတ်မခံစိတ်ကလေးနဲ့ သိပ်ကိုမာနကြီးတဲ့သားကလေး ... ကျွန်တော်ချမ်းသာတာကိုသိပါလျှက်နဲ့ ကျွန်တော့်ဆီကိုလာပြီး တစ်ပြားတစ်ချပ်မှ လက်ဖြန့်ခံမတောင်းဘဲ ဒုက္ခရောက်နေဟဲ့ချစ်သူကိုကယ်ဖို့ဆိုပြီး ဆင်ခြေဖုံးမြို့သစ်တစ်ခုရဲ့ ဈေးထဲမှာ ဆန်တွေထမ်း၊ ငါးစိမ်းတောင်းတွေထမ်းပြီး ပခုံးလေး



www.burmeseclassic.com

www.burmeseclassic.com



စုတ်ပြဲနေအောင် အလုပ်လုပ်ပြီး မီးကင်းတဲပေါ်မှာ အိပ်ခဲ့ရတဲ့သား ကလေး ... ”

“ဘုရားရေ ... ကြည့်စမ်း ... ”

သခင် ... ရှိင်းမျက်နှာကလေးကို ချာခနဲလှည့်ကြည့်လိုက် မိရပြီ။ ဒါ ... ဒါ ... ရှိင်းကိုရည်ရွယ်ပြီး ပြောနေတာ ... မီးကင်းတဲ ပေါ်မှာ အိပ်ခဲ့ရတဲ့ သားကလေးတဲ့ ... ။

ရှိင်းကတော့ နှုတ်ခမ်းမဲ့မဲ့လေးနဲ့ မျက်ဝန်းပြာလေးတွေထဲ မှာ မျက်ရည်လေးတွေပါဝဲလို့။

“ဟုတ်တယ်လေ သခင် ... အဲဒါဘာဖြစ်လဲ၊ အဖေနဲ့ငါ ပြန် ဆုံခဲ့ရတာတွေကို ဘယ်သူ့ကိုမှမပြောဘဲ ငါ့မာနနဲ့ငါ လမ်းပေါ်မှာ ဆက်နေခဲ့တာ ... ဆင်းရဲတဲ့အမေ့ကို အဖေ့အသိုင်းအဝိုင်းတစ်ခု လုံးက နှိမ်စရာလား ... အဲဒီလို လူတန်းစားတွေရှိနေတဲ့နေရာကို မိုက်ရိုင်းလိုက်သွားမယ်ထင်နေသလား၊ မွေးခဲ့တဲ့အဖေဟာ အဖေ မို့လို့ အဖေ့ကို သားတစ်ယောက်အနေနဲ့ ... ငါထိုင်ကန်တော့ချင် ကန်တော့မယ်သိလားသခင် ... အဆင့်အတန်းခွဲတတ်တဲ့ အဖေ့ရဲ့ အသိုင်းအဝိုင်းတွေကိုတော့ ငါဘယ်တော့မှ ဦးညွတ်အလေးမပြုနိုင် ဘူး ... ”

“ရှိင်းရယ် ... ရှိင်းဘာဖြစ်လို့ ဒုက္ခတွေခံပြီး ... အဲလောက် မာနကြီးခဲ့ရတာလဲ ... အခုလည်း ရှိင်းနားလည်ခွင့်လွှတ်သွား အောင် အန်ကယ်ဦးထွန်းနိုင်စိုးက ခံစားချက်တွေအများကြီးနဲ့





ပရိသတ်ကြီးကို တိုင်တည်ပြီးရင်ဖွင့်ပြနေတာ ... နားထောင်ကြည့် ဦးရှိင်းရယ် ... အန်ကယ်ပြောနေတဲ့ ရင်ဖွင့်သံစဉ်အက်အက်တွေကို ရှိင်းခံစားနားထောင်ကြည့်ပါဦး ... ”

“အဲဒီသားကလေးဟာ တခြားသူတော့မဟုတ်ပါဘူး၊ စော စောက ပရိသတ်ကြီးမြင်ခဲ့ရတဲ့အတိုင်း တီရှပ်အဟောင်း၊ ဂျင်း ဘောင်းဘီအဟောင်းကလေးကိုဝတ်ပြီး ... ဖရိုဖရဲဆံပင်ရှည်လေး တွေနဲ့ မွေးနေ့ရှင် မောင့်သခင်လေးရဲ့လက်ကိုဆွဲပြီး ဟောဒီမြက် ခင်းပြင်ကြီးထဲကို ဝင်လာခဲ့တဲ့ရှိင်း ... ”

“စိန်သရဖူလေးနဲ့ ဒေါ်မြတ်ထိပ်ထားကိုယ်တိုင် ဂုဏ်ပြုချီး မြှင့်ခဲ့တဲ့ရှိင်း ... ”

“အဲဒါ ... ကျွန်တော့်ရဲ့သားလေး ရှိင်း ... ”

“ဟေး ... ဟေး ... ”

“ရှိုး ... ဖြောင်း ... ဖြောင်း ... ”

“မြေးလေး ... ”

“ရှိင်း ... ”

ဆူညံစွာ အော်ဟစ်အားပေးလိုက်တဲ့ လက်ခုပ်သံတွေ အောက်မှာ ဖွားအသံလေးက လှိုက်တုန်စွာပေါ်လာသည်။

“အဟင့် ... မြေးလေးရှိင်းရယ်၊ မင်း ... မင်းသိပ်မာနကြီး တာပဲ၊ အဲဒီမာနလေးကို ဖွားသိပ်သဘောကျတယ် ... အဲဒီမာန လေးကို ဖွားသိပ်ချစ်လို့ မြေးသခင်နဲ့ သဘောတူခဲ့တာ ခုတော့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါဦး ... မင်းဟာ မောင်ထွန်းနိုင်စိုးရဲ့သားတဲ့ ... ”

“ကျွန်တော်ကလည်း ဖွားကိုလေးစားပါတယ် ... ကျွန်တော်ချစ်တာလည်း ဖွားရဲ့အဲဒီလို အဆင့်အတန်းမခွဲဘဲ လိုက်လျောလက်ခံရဲတဲ့ စိတ်ဓာတ်လေးကိုချစ်ခဲ့တာ၊ အဲဒီအတွက် ဖွားနဖူးလေးကိုနမ်းပြီး ကျွန်တော်ဂုဏ်ပြုချင်ပါတယ် ... ”

“အမလေး ... မြေးလေးရယ် ... မင်းနမ်းရမှာ ဖွားမြေးလေးရဲ့ နဖူးလေးကို နမ်းရမှာလေကွာ ... ဟား ... ဟား ... ”

ခုတော့လည်း ... သခင်ဆုပ်ကိုင်ထားတဲ့ ရိုင်းလက်ကလေးက နွေးလို့။ မွေးနွေ့ညစာ စားပွဲကျင်းပနေတဲ့ မြက်ခင်းပြင်ကြီးထဲက ပြန့်လွင့်လာတဲ့ လက်ခုပ်သြဘာသံတွေကလည်း ညံလို့ ... ဘာပဲပြောပြော အိပ်မက်လား၊ တကယ်လား မသိရအောင် ရင်ခုန်သံတွေ ညံသွားရတဲ့ ခဏလေးမှာပဲ ရိုင်းခေါ်တဲ့ လမ်းပေါ်က နန်းတော်လေးကိုလိုက်ဖို့ သခင် အဆင်သင့်ဖြစ်ခဲ့ပြီ။

ရင်နှင့်လွှင့်ပါး ... နှလုံးသားမှာ ...

ခံစားစေမည်

လွန်းတမို

BURMESE CLASSIC .com

www.burmeseclassic.com